

www.burmeseclassic.com
NEW IDEA
စိတ်ကူးသစ်စာပေ
လေးမောင်
BURMESE CLASSIC
မြွေကြီးရှေဘုတ်
အပါအဝင်
မုဆိုးနှင့်သားကောင်ဝတ္ထုတိုများ
www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် – ၅၀၁၃၉၇၀၉၀၈
အဖုံးခွင့်ပြုချက်အမှတ် – ၅၀၁၃၉၃၁၀၀၈

စီစဉ်သူ ။ ကိုတင်ထွန်း

ပုံနှိပ်ခြင်း
ပထမအကြိမ် ။ ၂၀၀၈၊ ဒီဇင်ဘာလ
အုပ်ရေ ။ ၅၀၀
မျက်နှာဖုံး ။ မြတ်မင်းဟန်
ကွန်ပျူတာစာစီ ။ *Welfare*
အတွင်းဖလင် ။ *Quality*

ပုံနှိပ်သူ
ဦးမန်းနော်တင် (ပိုးကရင်ပုံနှိပ်တိုက်) (၀၂၈၀၁)
အမှတ်(၁၂၉)၊ မင်းရဲကျော်စွာလမ်း၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ
ဦးတင်ထွန်း ( မြ )(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

တန်ဖိုး – ၁၅၀၀ကျပ်

# မာတိကာ

| စဉ် | | စာမျက်နှာ |
|---|---|---|
| ၁။ | တောင်ဇလပ်ပန်းနှင့် စွယ်ကောဒေဝီ | ၁ |
| ၂။ | ကိုယ်မွေးတဲ့မီး ကိုယ်ငြိမ်း | ၂၀ |
| ၃။ | ကျုတ်တို့မာယာ | ၄၈ |
| ၄။ | မြွေကြီးရွှေဘုတ်နှင့် ကျွန်တော် | ၆၈ |
| ၅။ | ကိုယ်မမေ့သည်သာ | ၈၅ |
| ၆။ | မြီးလိမ်ဖင်စောင်း တောင်းကြရာဝယ် | ၁၀၃ |
| ၇။ | တစ်ဖက်လပ်မေတ္တာ | ၁၂၀ |
| ၈။ | မဟာမြိုင်မှဆိုးများ | ၁၄၁ |
| ၉။ | မဟာမြိုင်တောမှ မျောက်ညိုအုပ် | ၁၅၉ |
| ၁၀။ | တောတို့၏အန္တရာယ် | ၁၈၃ |
| ၁၁။ | မုဆိုးနဲ့သ[illegible]ကောင် | ၂၀၂ |
| ၁၂။ | ကျားတို့ပရိယာယ် | ၂၁၅ |
| ၁၃။ | ခရစ္စမတ်နေ့လေး အမှတ်ရသေး | ၂၃၉ |

❖

www.burmeseclassic.com



www.burmeseclassic.com

# တောင်ဇလပ်ပန်းနှင့် စွယ်ကောဒေဝီ

'ကြပ်မြောင်'

သည်ကြပ်မြောင်လျှိုကြီးအတွင်း ယခင်က ကျွန်တော်အမဲပစ်ခတ်ခဲ့ဖူးသဖြင့် အမဲသားကောင်များကို မကြာခဏရရှိခဲ့ဖူးသည်က အမှန်ပင်။

နာမည်နှင့် လိုက်ဖက်သည်။ တစ်ပြန့်တစ်ပြောကျယ်ဝန်းသော သစ်ရိုင်းပင်ကြီးများအကြားဝယ် ကြီးမားသောလျှိုမြောင်ကြီးအတွင်း အရှုပ်တောကြီးများ၊ ချုံတောကြီးများ၊ ကွက်နွယ်တော၊ ဒေါင့်ခလောင်တော၊ ဝါးသပွတ်တောများ၊ ကြခတ်ဝါးရုံတောကြီးများအပြင် နဘူးတော၊ ရှဉ့်မတက်တော၊ မြက်ရိုင်းတောကြီးများနှင့် ဝိန်းခံနေသဖြင့် သားကောင်တို့ ပုန်းခိုအိပ်စက်နားနေရာ ကောင်းလှသည့်အပြင် ပဲခူးရိုးမကြီးအတွင်း အနက်ရှိုင်းဆုံးသောနေရာမို့ သားကောင်များ အလွန်ပေါများသောနေရာတစ်ခုဖြစ်နေသည်က ရိုးမတောကြီး၏ဂုဏ်ကို 'ကြပ်မြောင်' ဟူသော စခန်းလေးက အားဖြည့်ထားသယောင်။

စခန်းဟုဆိုသော်လည်း အိမ်ခြေအားဖြင့် ဆယ်အိမ်ပင်မပြည့်





တတ်။ ပဲခူးရိုးမကြီးအတွင်းသို့ ဝင်ရောက်ကြပြီး သစ်ခုတ်၊ ဝါးခုတ်၊ လံထင်းခုတ်၊ မီးသွေးဖုတ်နှင့် စလူ၊ စန်း၊ ကြိမ်နွယ်ခုတ်သူများ၏ တစ် ထောက်နားစခန်းလေးတစ်ခုရယ်သာပင်။ အိမ်ခြေနည်း၍ စခန်းဟုဆို သော်လည်း အထင်အမြင်သေးလို့က မရ။ လိုချင်တာ အကုန်ရသည်။

ဝီစကီ (ဖြူ + နီ + နက်) မှအစ အရက်အမျိုးမျိုးနှင့် ရေခဲစိမ်ဘီယာမှ ချက်အရက်နှင့် ထန်းရည်အပြင် ရေခဲပလုတ်တုတ် (ရေခဲခြစ်) မှ ဖျော်ရည်မျိုးစုံနှင့် ရေခဲသုတ်အဆုံး (သူ့ရွေးနှင့်သူ) အပြင် တောကောင်သားဟင်းမျိုးစုံနှင့် ဗီဒီယို၊ ကာရာအိုကေအဆုံး ရသည့်နေရာ။

သည်ရွာစခန်းတွင်ပင် ကျွန်တော်၏ရွာခံမုဆိုး လေးယဉ်ကြိုင်တို့မိသားစုက အခြေစိုက်ရင်း မိသားစုတစ်ဝမ်းတစ်ခါးအတွက် မုဆိုးလုပ်ငန်းဖြင့် ရှင်သန်ရပ်တည်နေကြသည်မို့ သူတို့မိသားစုကို အားကိုးလျက် သည်တောပစ်ခရီးကို ထွက်ခဲ့ကြခြင်းဖြစ်ပေသည်။

ညနေခင်း သုံးမောင်းခေါက်ခန့်လောက်တွင် ကျွန်တော်နှင့် ဘကြီးကောင်း၊ ဉာဏ်ကျယ်တို့ မမျှော်လင့်ဘဲ ရောက်ရှိသွားကြသဖြင့် ရွာခံမုဆိုး ယဉ်ကြိုင်ကိုတော့ မတွေ့ရ။ ဇနီးဖြစ်သူမတင်အေးက မထင်မှတ်ဘဲ ရောက်ရှိလာကြသည့် ကျွန်တော်တို့အုပ်စုကို လှိုက်လှဲစွာကြိုဆိုသည်။ တအံ့တသြလည်း ဖြစ်နေသည်။

"လေးလေး၊ အဘကောင်းနဲ့ ကိုဉာဏ်တို့ အခုလိုရောက်လာကြတာ ဝမ်းသာလိုက်တာ။ ကိုယဉ်ကြိုင် သုတ်ကိုင်းထောင်ချောက်တွေဆီ သွားတယ်။ အေးမူရေ. . သမီး. . နင့်အဘတွေ လာတယ်။ ညနေစာ စားကြဖို့ စီစဉ်ကွယ်"

ပါလာသော လက်ဆောင်ပစ္စည်းများနှင့် ဆန်၊ ဆီ၊ ငါးပိ၊ ချော်၊ နှင့် ကြက်သွန်တို့ကို ထုတ်ပေးလိုက်ရင်း. .

"အေး. . ရုံးက ခွင့်ယူပြီး ထွက်လာခဲ့ကြတာ။ တစ်ပတ်



www.burmeseclassic.com

www.burmeseclassic.com



လောက်နေကြမယ်။ ဒါနဲ့ ဟိုကောင်သွားတာ ကြာပြီလား''

''မနေ့ကထောင်ထားတဲ့ လယ်တိုးကွင်းတွေဆီ သွားတာပါ။ ခွေးတွေလည်း ပါသွားတယ်။ ပြန်ရောက်ချိန်နီးပါပြီ လေးလေး''

ပါလာသောပစ္စည်းများကို တဲပေါ်သို့တင်လိုက်ပြီး ခေတ္တအပန်းဖြေကာ မဟူရာတောင်ကျချောင်းရေတွင် ရေဆင်းချိုးလိုက်ကြပြီး အဝတ်အစားများကိုလဲကာ ပါလာသောပုလင်းကို ဖွင့်လိုက်စဉ် ငါးသလဲတိုးကြော်နှပ်လေးကို မတင်အေးက အမြည်းအဖြစ် လာရောက်ချပေးသဖြင့် အမောပြေသောက်စားလိုက်ကြရင်း ရှာခံမုဆိုး ယဉ်ကြိုင်ကို တဲစခန်းမှ စောင့်စားနေလိုက်မိကြပေတော့သည်။

ခရီးစဉ်က ရန်ကုန်၊ ဖောင်ကြီး၊ ဥတို၊ ရေနက်ကြီးမှ ပဲခူးရိုးမကြီးအလယ်သို့။ မိုင်အားဖြင့် သုံးဆယ်ခန့် တိုးဝင်လိုက်ပါမှ ယခုရောက်ရှိစခန်းချနေရာ 'ကြပ်မြောင်' သို့ ရောက်ရှိခဲ့သောနေရာဖြစ်သည်။

တောင်ပံတဖြုန်းဖြုန်းနှင့် ဟိုအနားသည်အနားတို့ဆီမှ တောကြက်ဖငယ်တို့ရဲ့ အိပ်တန်းတက်တွန်သံမျာကိုပင် ကြားရစပြုပေပြီ။ ချောင်းဖျားဆီမှ ပိန်ညင်းငှက်ငယ်တကောင်ရဲ့ အထိတ်တလန့်ပျံပြေးထွက်သွားရင်း အော်ဟစ်လိုက်သံအပြင် ကန်အတွင်းရှိ ကျောက်ဖားငယ်တို့ရဲ့ အော်သံများကိုပင် ကြားရစပြုပေပြီ။ နက်ရှိုင်းလွန်းလှသောရိုးမတောကြီးပေမို့ စားပင်များဆီမှ ပြန်လာကြသော ကျေးငှက်သာရကာတို့က သူ့အုပ်စုနဲ့သူ ထိပ်တန်းအဆောက်အအုံများရှိရာဆီသို့ ပျံသန်းနေကြသလို ချေဟောက်သံများ နွမ်းစိုက်ခင်းများဆီမှ ကြားနေရသည်။ သားကောင်များ ပေါများလွန်းသဖြင့် ချေလို အချိန်တစ်ဆယ်လောက်အကောင်မျိုးက ပေါများလွန်းလို့ ရောက်ရှိလာကြသောဧည့်သည်များကို အိမ်မှာမွေးထားသည့်ကြက်ကို ရိုက်ချက်ကျွေးနေစရာမလို။ သေနတ်ကိုထမ်း၍ နောက်ဖေးခြံအပြင်ထွက်လိုက်ရုံနှင့် သေနတ်သံကြားလိုက်ရပြီး ချေကိုထမ်း၍ ပြန်လာကာ ဟင်းစားမပြတ်သောနေရာမျိုး။ သို့အတွက်





ကြောင့် ထိုနေရာတွင် ချေ၊ ယုန်၊ ကြောင်၊ ဖွတ်၊ ကြက်၊ ရစ်လို အကောင်ငယ်များကို 'ပဲလျှော်၊ မုဆိုးခရမ်းချဉ်' ဟု ခေါ်စမှတ်ပြုကြသည်။

ခပ်လှမ်းလှမ်းဆီမှ ခွေးဟောင်သံများကြောင့် အရက်သောက်နေကြရင်းမှ တဲရှေ့လူသွားလမ်းလေးအတိုင်း ခင်တန်းအကျော် ပြောင်း၊ နှမ်း စိုက်ခင်းများဆီမှ လှမ်းကြည့်လိုက်တော့ နှမ်းခင်းနှင့် ပြောင်းခင်းတို့ကြား လူသွားလမ်းကလေးပေါ်တွင် ဝါးတစ်လုံးကို ဆိုင်းထမ်းပိုးအသွင်နှင့် သားငှက်များကို ရှေ့နောက်မျှ၍ ပခုံးထက်တွင်ထမ်း၍ လှမ်းလာနေသော လူတစ်ဦးကို တွေ့လိုက်ကြရသည်။ မတင်အေးက. .

''ခွေးတွေရောက်လာကြပြီဆိုတော့ လေးလေးညီလည်း ရွာထိပ်ဟိုမှာ လှမ်းမြင်နေရတယ်။ တော်တော်များများ ဂွင်းတိုးပုံရတယ်''

မတင်အေးပြောလိုက်မှုကြောင့် တဲစခန်းဆီသို့ လျှောက်လှမ်းလာနေသော ယဉ်ကြိုင်ကို ကျွန်တော်တို့လှမ်းမျှော်ကြည့်ရင်း စောင့်စားနေလိုက်စဉ် တဲအတွင်းမှ လူစိမ်းနံ့ရသော အမဲလိုက်ခွေးများရဲ့ ဟောင်သံ၊ ဟိန်းသံ၊ မကျေနပ်စွာနဲ့ လှည့်ပတ်မာန်ဖီသံများ ဆူညံစွာကြားလိုက်ရသည်နှင့်အတူ မတင်အေး၏ ဟန့်တားမာန်မဲသံများအပြင် ရိုက်နှက်မှုပြုတော့မည့် လက်ထဲမှ ကိုင်ဆောင်ထားသော ကြိမ်လုံးတစ်ချောင်း၏အရှိန်ကြောင့် တဲပေါ်သို့မတက်ရဲကြဘဲ တဲအောက်မှ လှည့်ပတ်ဟောင်သံများကြောင့် ဆူညံနေပေတော့သည်။

ရရှိလာသော ကျေးငှက်များကို ဝါးတစ်လုံးတွင် ရှေ့နောက်မျှ၍ ပခုံးထက်တွင်ထမ်းကာ လာနေသော ယဉ်ကြိုင် တဲရှေ့သို့အရောက် ကျွန်တော်တို့ကိုလှမ်းကြည့်ရင်း တအံ့တသြနှင့်. .

''ဟာ. . လေးလေး။ ဘကြီးကောင်းနဲ့ ဥာဏ် မနက်ကထမင်းစားရင်း ငါးပိရည်ခွက် လက်ခဏာခဏာဆုံကတည်းက ဧည့်သည်တွေရောက်ကြတော့မယ်လို့ ထင်နေတာ''

အားရဝမ်းသာစွာပြောနေသော ယဉ်ကြိုင်က ရှိုလာခဲ့သော



www.burmeseclassic.com

www.burmeseclassic.com



သားငှက်များကို ကြည့်လိုက်တော့ ရစ်၊ ကြက်၊ ဘုတ်၊ ရေကြက်မများ အပြင် ဖြူတစ်ကောင်အပါအဝင် အကောင်နှစ်ဆယ်ကျော်ပင်။ လယ်တိုးကွင်းနဲ့ ထောင်တာဆိုတော့ သည်လောက်တော့ ရပေမပေါ့။

"မိန်းမရေ. . ဖြူသားချက်။ ရစ်နှစ်ကောင်ကို အရင်ကြော်ကွာ။ ကြက်သားက မာတယ်။ မလုပ်နဲ့. .။ မင်းသမီး ဘယ်သွားလဲ"

"သူ့ဦးမင်းတွေ ရောက်နေလို့ ထမင်းချက်နေတယ်။ နှင် ဘာမှစိတ်မပူနဲ့ ယောက်ျား။ ငါ့အစ်ကိုတွေရောက်တုန်း စိတ်ချမ်းသာဖို့အတွက် ငါ့တာဝန်။ ကိုညာဏ်ကျယ်လေး. . အိမ်သားတွေ နေထိုင်ကောင်းကြတယ်နော်"

"ကောင်းပါ့ဗျာ. . ကောင်းပါ"

"အေး. . မလစ်ဟင်းစေနဲ့ကွာ။ ဟိုအကောင်တွေ. . ထန်းသီးနဲ့ ရန်လုံ. . နာချင်ပြီနဲ့တူတယ်။ ငါ့ညီသည်တွေကွ။ ဘာဖြစ်နေကြတာလဲ"

တဲအောက်မှ လူစိမ်းများဖြစ်ကြသော ကျွန်ုပ်တို့အဖွဲ့ကို ကိုက်ခဲရန် လှည့်ပတ်ချောင်းမြောင်းရင်း အစာမကြေဖြစ်နေကြသော ခွေးနှစ်ကောင်ကို ဟောက်လိုက်ကာ ခါးပုံစအတွင်းမှ ထန်းလျက်ခဲနှစ်လုံးကိုထုတ်၍ တစ်လုံးစီပစ်ကျွေးလိုက်သဖြင့် အငမ်းမရထိုးဟပ်စားလိုက်ကြပြီးမှ ငြိမ်သက်သွားကြပေတော့သည်။

အရက်တစ်ခွက်ကို ရေအနည်းငယ်ရောလျက် အမောပြေ သောက်သုံးရန် ယဉ်ကြိုင်ကို လှမ်းပေးလိုက်ရင်း. .

"သားကောင်အခြေအနေလေးတွေကို ပြောစမ်းပါဦးကွ"

လှမ်းပေးလိုက်သောအရက်ကို ယူ၍ တစ်ရှိန်ထိုးမော့သောက်လိုက်ရင်း. .

"ဟာ. . ကောင်းသလား မမေးနဲ့။ ကောင်းမှကောင်း. .။ ခုတစ်လော အုန်းပင်လျှို၊ ကျွန်းပင်လျှို၊ ကြပ်မြောင်လျှိုတွေမှာ ဘယ်လိုကြောင့်လဲတော့ မသိဘူး။ ဝက်တွေ အုပ်လိုက်ချည်းပဲ။ သေနတ်မရှိ





တာ ခက်နေလို့"

ဟု ပြောလိုက်ရင်း အမြည်းကိုစားနေသည်။ ပြီးမှ မျက်လုံးပေကလပ်ပေကလပ်နှင့်. .

"ဒီအထဲမှာ အဘကောင်းက အသက်အကြီးဆုံးမို့ အတွေ့အကြုံလည်းများတော့ ကျွန်ုပ်တော်မသိတာကလေးတစ်ခု မေးစမ်းချင်တယ် အဘ"

ထူးထူးဆန်းဆန်း ပါးစပ်ထဲ လက်ညှိုးထည့်၍ပင် မကိုက်တက်သော ရှာခံမုဆိုးယဉ်ကြိုင်က အရက်ကလေးတစ်ခွက်ဝင်လာတော့ အာက ရွှင်လာပုံရသည်။ ဘာကိုရည်ရွယ်ပြီး နိဒါန်းပျိုးနေမှန်း မသိသည်မို့ ကျွန်ုပ်တော်နှင့်ညာဏ်ကျယ်က သူပြောမည့်စကားကို ငြိမ်၍နားစိုက်နေလိုက်သည်။

"ဘာမေးချင်တာလဲကွာ။ ငါသိတာဆို ဖြေမယ်"

ယာဉ်ကြိုင်က အရက်တစ်ခွက်ကို ထပ်မော့လိုက်ရင်းမှ. .

"ပရလောကဆိုတာ ရှိတာ၊ နာနာဘာဝ၊ ဝိနာဘာဝဆိုတာ တကယ်ရှိသလား အဘ"

"ဟိုက်. . မပြောတော့လည်း မပြော၊ ပြောတော့လည်း မြင့်လှချည်လားကွ ယဉ်ကြိုင်"

ညာဏ်ကျယ်က ကြားဖြတ်ပြောလိုက်ပြီး ဘကြီးကောင်းက. .

"အေး. . ရှိတာပေါ့ကွ။ မင်းသိအောင် အနီးစပ်ဆုံး ဥပမာပြရရင် တို့တစ်တွေ အမဲလည်ကြတော့မယ်ဆိုရင် ဦးဆုံး ကွမ်း၊ ဆေး၊ လက်ဖက်၊ ထန်းလျက်၊ ကြက်ဥ၊ အရက်နဲ့ ဆေးလိပ်တို့ကို တောလမိုင်း တောင်လမိုင်း တင်မြှောက်ပူဇော် ပသတောင်းခံပြီးမှ ပစ်ကြခတ်ကြတာ မဟုတ်လား။ ဒီလို တင်မြှောက်ပသ တောင်းခံပြီးမှ ပစ်ခတ်ကြလို့ သားကောင်တွေလည်းရတယ်၊ အန္တရာယ်လည်းကင်းတယ် မဟုတ်လား။ နောက်တစ်ချက်က ရှင်တော်မြတ်ဘုရားလက်ထက်က အလွန်တန်း



www.burmeseclassic.com

www.burmeseclassic.com



တွေ လုပ်ပြီးကြတဲ့အခါ အမျှဝေရင် ဝေပါနီကပြိတ္တာတွေကြားအောင် အဝေခိုင်းတယ်။ အမျှဝေသံကြားရင် သာဓုခေါ်ပြီး ကျွတ်တန်းဝင်ကြတယ်။ ဒါကြောင့် ဝိညာဉ်လောက၊ ပရလောက၊ နာနာဘာဝ ဝိနာဘာဝ ဆိုတာ ရှိတယ်လို့ ဆိုကြတာပေါ့"

"ကျွန်တော် ဒါမျိုးပြောတာ မဟုတ်ဘူး။ ကျွန်တော်သိချင်တာက လူဆိုရင် ကိုယ်စောင့်နတ်တွေရှိကြသလို တိရစ္ဆာန်တွေမှာ သူတို့ အစောင့်အရှောက်တွေ၊ သူတို့ရဲ့ ကိုယ်စောင့်နတ်. ."

ယဉ်ကြိုင့်စကားကြောင့် ဘကြီးကောင်းငိုင်ကျသွားသလို နားထောင်နေကြသော ကျွန်တော်နှင့် ဉာဏ်ကျယ်တို့ ဘယ်လိုပြန်ဖြေကြရမှန်း မသိတာက အမှန်။

"နေစမ်းပါဦး. . ။ မင်းသိချင်တာကို တို့နားလည်အောင် တည့်တိုးပြောစမ်းပါ။ ဘာကြောင့် ခုလို ထူးထူးဆန်းဆန်းစကားတွေနဲ့ မေးနေတာလဲ"

"ဒီလို အဘရဲ့။ ကြပ်မြောင်လျှိုကြီးထဲမှာ ဝက်တစ်အုပ်ရှိနေတယ်။ အကောင်ငါးဆယ်ထက် မအောက်ဘူး။ အဲဒီဝက်တစ်အုပ်လုံးကို စွယ်ကောဝက်ခါးပတ်ကြီးတစ်ကောင်က ဦးဆောင်သလို အဲဒီစွယ်ကောဝက်ခါးပတ်ကြီးအနီးမှာ ဆံပင်ဖားလျားနဲ့ အမျိုးသမီးငယ်တစ်ယောက်က အမြဲတမ်း စောင့်နေတယ်။ စောင့်ရှောက်နေတယ်လို့ ပြောကြတယ်။ ကိုယ်တွေ့တော့ မဟုတ်သေးဘူး။ ခု တကယ်ရှိနေပြီး ဒီတစ်ကြောမှာ နာမည်ကြီးနေတာက အမှန်ပဲ အဘရဲ့"

"အေးကွ. . ။ ဒါမျိုးတွေက အဆန်းတော့ အဆန်းသားကလား။ ငါ ကြားဖူး၊ ဖတ်ဖူး၊ မှတ်ဖူးသလောက်ကတော့ ညောင်ပင်ကြီးတွေ၊ သစ်ပင်ကြီးတွေမှာ ရုက္ခစိုးနတ်၊ သစ်ပင်စောင့်နတ်တွေ ရှိနေကြသလို ကွင်းတွေမှာလည်း ကွင်းပိုင်နတ်ဆိုတာ ရှိနေကြတယ်။ တောတွေ၊ တောင်တွေမှာလည်း တောစောင့်နတ်၊ တောင်စောင့်နတ်





တွေ ရှိနေကြပြန်တယ်။ ဒါကြောင့် တို့လို တောပစ်သမားတွေ မပစ်ခတ်ကြသေးခင် တောပိုင်၊ တောင်ပိုင်တွေဆီမှာ တောလမိုင်း၊ တောင်လမိုင်း တင်မြှောက်ပသ တောင်းခံပစ်ခတ်ကြတဲ့အတွက် သားကောင်တွေရရှိကြသလို အန္တရာယ်လည်း ကင်းကြတာကို မင်းလည်းသိပြီးသားတွေပဲ။ အခြားနိုင်ငံတွေမှာဆိုရင် ဖတ်ဖူး၊ မှတ်ဖူးခဲ့သမျှအရ အာဖရိကထင်စွယ်သိုက်၊ သဲကန္တာရလိုမျိုး၊ ဟိမဝန္တာလိုမျိုးရဲ့ ရတနာသိုက်တွေ၊ ဇကရီတစ်ဦးရဲ့ သရဖူသိုက်၊ ခေါ်လမွန်သိုက်၊ ဖာရိုသိုက်တွေလိုပဲ တို့နိုင်ငံမှာ ပိသနိုးသိုက်၊ ရခိုင်မင်းသမီး (စောမဲကျီ) သိုက်တို့၊ ရွှေကျိုးဖြူ မှုလခဲသိုက်တို့က သူ့အစောင့်အရှောက်တွေနဲ့သူ အထင်ကရနဲ့ ငြင်းမရအောင် ရှိနေကြတာကလား။ အထင်အရှားတွေပဲလေ၊ ဖြစ်နိုင်တာပေါ့ကွ"

"ဘကြီးကောင်းက ဆိုးတယ်. . ဆိုးတယ်. . နဲ့ သူများတွေမလိုလို့ ပြောနေကြတာပဲ၊ ခုလိုကျတော့ ဘယ်မှာဆိုးလို့တုံး။ ကိုယ်တွေ့ပဲချို့။ ယုံသွားပြီ"

ဉာဏ်ကျယ်က ထုံးစံအတိုင်း ဝင်စနေပြန်သည်။ ဘကြီးကောင်းကား ဘာမျှပြန်မပြောပေမယ့် မျက်စောင်းတစ်ချက်ကတော့ လှမ်းထိုးလိုက်သည်။ အဘကောင်းသာ နဂါးတစ်ကောင်ဖြစ်ခဲ့ပါမူ ဉာဏ်ကျယ်တစ်ယောက် ခုချိန်မှာ ပြာဖြစ်လောက်သည်။ ရှင်းပြရ၍ အာခြောက်သွားပုံရသည်၊ အရက်ခွက်ကို ကောက်ယူမော့လိုက်ပြီး အမြည်းကို ဝါးနေလိုက်သည်။ မူးနေကြသည်ဆိုသော်လည်း ယခုလို အဘကောင်းပြောဆိုရှင်းပြနေမှုသည် ယုတ္တိတန်နေသည်မို့ ကျွန်တော် ဘာတစ်လုံးမျှ ဝင်ရောက်ဆွေးနွေးခြင်းမပြုဘဲ ယဉ်ကြိုင်က သူသိလိုသည့်အချက်ကို သိရှိခွင့်ရသွားသဖြင့် ကျေနပ်သွားပုံနှင့် စမ်းချောင်းကလေးဆီသို့ ရေသွားချိုးအပြီး ညစာကို ဖြူသားချက်၊ ရစ်သားကြော်၊ ဖက်သန်းသီးပြုတ်အတို့နှင့် ငါးပိရည်ချိုတို့ကြောင့် မြိန်ရှက်စွာစားလိုက်ကြပြီး ညနေား

www.burmeseclassic.com



ယူလိုက်ကြပေတော့သည်။

ညဉ့်ငှက်များ၊ တောကောင်အချို့ရဲ့အော်မြည်သံများ၊ သစ်ရွက်လေတိုးသံများကား နားဝင်ချိုစရာသံစဉ်များအဖြစ် သတ်မှတ်လိုက်ရင်း ကျွန်တော့်အတွေးတို့ကား ယဉ်ကြိုင်ပြောကြားခဲ့သော ကြပ်မြောင်လျှိုကြီးအတွင်း စွယ်ကောကြီးအနီး အစောင့်အရှောက်ဖြစ်သော မိန်းကလေးဆီသို့ မှန်းမျှော်လိုက်ရင်း အိပ်ပျော်သွားခဲ့ပေတော့သည်။

လင်းအားကြီး တောကြက်ဖငယ်များ၏ တွန်သံများ၊ မျောက်အော်သံများ၊ ချေဟောက်သံ၊ ဆတ်တစ်သံများကို ခပ်လှမ်းလှမ်းဆီများမှ ကြားရစပြုနေသည်။ မျက်လုံးကိုဖွင့်၍ အိပ်ရာမှထလိုက်စဉ် ဘေးတွင်ယှဉ်အိပ်နေသော ဘကြီးကောင်းကားမရှိ။ ဉာဏ်ကျယ်တစ်ဦးသာ တခေါခေါနှင့် ဟောက်သံပေးရင်း စီးမျောနေသည်။ ဘကြီးကောင်း တောထိုင်သွားပုံရသည်အထင်နှင့် မျက်နှာသစ်လိုက်ချိန်တွင်..

"အဘကောင်းနဲ့ ကိုယဉ်ကြိုင် နှမ်းခင်းဘက်က ဆတ်တစ်သံကြားလို့ တောပုန်းချောင်း သွားကြတယ်"

"ဟော..တောပုန်းချောင်းသွားကြတယ်"

မီးဖိုခန်းထဲမှ ချက်ပြုတ်ကြော်လှော်နေသော မတင်အေး၏ အပြောကို အမေးနှင့် နိဂုံးသတ်လိုက်ကာ ဖြူသားဟင်းနှင့် ထမင်းကြော်တို့ကို စားသောက်လိုက်ရင်း စောင့်စားနေလိုက်ချိန် တအီးအီး တအဲအဲနှင့်





အပျင်းကြောကိုဆန့်ရင်း ဉာဏ်ကျယ်နိုးထလာသည်။

"ဘူး..ဘူး..ဝပ်ထရိန်း"

"မယ်ဇက်ကယ်ကို ဈေးရောင်းလိုက်ပါဦး။ တစ်ခွက်ဖိုး"

တဲခေါင်းရင်းဘက်ဆီမှ မြင့်မားစွာပေါက်နေသော ကျည်းပင်ကြီးကို တွယ်တက်ပေါက်နေသော သပွတ်သိန်ချုံနွယ်ပင်ကြီးထက်မှ သပွတ်သိန်သီးများကို စားသောက်နေကြသော ငှက်နွား (ပိန်းတူးမ) တစ်အုပ်နှင့် ငှစိမ်းတစ်အုပ်တို့ လူကဲ့သို့ ပီပီသသတေးဆိုနေသံနှင့် နွားသိုးတစ်ကောင် နာမှုတ်လိုက်သံများကို ကြားလိုက်ရသဖြင့် မျက်နှာသစ်တော့မည့်ဆဲဆဲ ဉာဏ်ကျယ်က ရေခွက်ကိုချကာ ပွိုင့်တူးတူးသေနတ်နှင့် ကျည်ခါးပတ်ကိုဆွဲ၍ ဆင်းသွားသည်။ ငှက်နွားဆိုတာမျိုးက တစ်ကောင်လျှင် သုံးဆယ့်ငါးကျပ်သား၊ သုံးကောင်တစ်ပိဿာမို့ မက်လောက်စရာပင်။ ခြံပြင်သို့အရောက်..

"ဒိန်း..ဒိန်း.."

"ဝေါ..ဝေါ.."

သေနတ်သံကြီးနှစ်ချက်ကို နှမ်းစိုက်ခင်းများဘက်ဆီမှ ဆင့်ကာဆင့်ကာ ကျယ်လောင်စွာ ထွက်ပေါ်လာသံနှင့်အတူ သပွတ်သိန်သီးများ စားသောက်နေကြသော ငှက်နွားနှင့် ငှအုပ်တို့မှာ တထိတ်တလန့်နှင့် ပျံပြေးထွက်သွားသံကြီးတို့ကို အတိုင်းသား ကြားလိုက်ရပေသည်။

မှန်းချက်နှင့် နှမ်းထွက်မကိုက်သော ဉာဏ်ကျယ်မှာ ကြားလိုက်ရသော သေနတ်သံနှစ်ချက်ကြောင့် အချည်းနှီးမဖြစ်တော့ဘူးဆိုတာကို သိရှိထားသူမို့ နောက်ကျောတဲဆီသို့ ပြန်လှည့်လိုက်ချိန် ရန်လုံနှင့်ထန်းသီး အမဲလိုက်ခွေးနှစ်ကောင်မှာ သေနတ်သံများပေါ်ထွက်လာရာ နှမ်းစိုက်ခင်းများဆီသို့ တဲပေါ်မှ တစ်ဟုန်ထိုးပြေးဆင်း လိုက်သွားကြသည်ကို တွေ့လိုက်ရပေတော့သည်။

www.burmeseclassic.com



မကြာမီ ရွာဖျား နှမ်းစိုက်ခင်းများဆီမှ ခွေးဟောင်သံများကို ဆူညံစွာ ကြားလိုက်ရသည်နှင့်အတူ သေနတ်များကို စလွယ်သိုင်း၍ ချေတစ်ကောင်စီထမ်း၍ ပြန်လာကြသော အဘကောင်းနှင့် ယဉ်ကြိုင်တို့အပြင် ခွေးနှစ်ကောင်ကိုပါ တွေ့လိုက်ကြရပေတော့သည်။

ကြပ်မြောင်လျှိုကြီးကား သစ်ရိုင်းပင်ကြီးများအောက် မြယာပင်၊ ဓမငယ်ပင်၊ ချုံတော၊ ဖျိုက်တော၊ ကိုင်းတောများအောက်ခြေ အရှုပ်တောများအတွင်းမှ ဘေးတိုက်အနေအထားနှင့် စွယ်ကောဝက်ကြီး(ခါးပတ်ကြား) က ကျွန်တောဝက်များရှေ့တွင် ထောင်ထားသော နားရွက်နှစ်ဖက်ကို ဘယ်ညာ ရှေ့တိုးနောက်ငင် ယိမ်းထိုးလှုပ်ရှားရင်း နှာခေါင်းတရှုံ့ရှုံ့နှင့် ရန်သူ၏အနံ့အသက်ကို အမြီးတိုကလေးကို ခါယမ်းရင်း နားစွင့်အကဲခတ်နေပုံရသည်။

ကျွန်တော်တို့လေးဦးသား လျှိုကြီး၏ တစ်ဖက်အစွန်းတစ်နေရာ ပင်လုံးကျွတ်မျှ ရဲရဲနီနေသော ထူးခြားစွာ ပွင့်ဖူးဝေဆာနေသည့် တောင်ဇလပ်ပန်းပင်ကြီး တောင်ကုန်းမို့မို့လေးကို အကာအကွယ်ယူရင်း စွယ်ကောဝက်ခါးပတ်ကြီးကို ချောင်းမြောင်းကြည့်ရှုနေကြသည်။ ကျွန်တော်တို့အုပ်စုမှာ လေအောက်မှဖြစ်နေ၍ တော်ပေသေးသည်။ ထိုစဉ် လေတစ်ချက်အဝေ့လိုက်တွင် မွှေးကြိုင်သောအနံ့တစ်ခုကို ရှူရှိုက်လိုက်မိသည်။ ပန်းရနံ့မဟုတ်၊ အမွှေးတိုင်အနံ့လည်း မဟုတ်သဖြင့် စဉ်းစား





လိုက်ရာ 'လော်ပန်' နံ့ပေပင်။

"ဘကောင်း၊ ဉာဏ်နဲ့ ယဉ်ကြိုင်. . ဘာနံ့ရကြသလဲ"

"ပန်းနံ့ရတယ်။ တောင်ဇလပ်ပန်းနံ့လေ"

"ငါက လော်ပန်နံ့ ရနေတယ်ကွာ"

"ဟ. . ဘယ်လိုဖြစ်တာလဲ"

"ဘာဖြစ်တာလဲတော့ ငါမသိဘူး။ ငါ့နှာခေါင်းထဲမှာ လော်ပန်နံ့ ရနေတာ အမှန်ပဲ"

စွယ်ကောဝက်ခါးပတ်ကြီးမှာ ရှေ့လက်နှစ်ဖက် လက်ပြင်၏ နောက်ဘက်ရှိ တစ်မိုက်သာသာခန့်တွင် တစ်ကိုယ်လုံးကို ရစ်ပတ်ထားသော အဖြူစင်းကြီးက မည်းနက်သောကိုယ်ပေါ်တွင် ပေါ်လွင်ထင်ရှားနေသည်။ ရှေ့သို့ကားထွက်နေသော ကြီးမားသည့်အစွယ်ကြီးကြောင့် မြင်တွေ့နေရသော ကျွန်တော်တို့မှာ ကြောက်စိတ်များပင် လွှမ်းမိုးလာပေသည်။ စွယ်ကောကြီးမှာ အရာရာကို စိတ်ချသွားဟန်နှင့် နှုတ်သီးဖြင့် မြေပြင်ကိုတူးဆွရင်း သစ်ဥသစ်ဖုများကို အားပါးတရ ထိုးကော်စားသောက်နေသည်။

လျှိုကြီးအောက်တွင် ဘေးတိုက်အနေအထားနှင့် သစ်မြစ်၊ သစ်ဥများကို တူးဆွထိုးကော်စားသောက်နေသော စွယ်ကောဝက်ခါးပတ်ကြီးကား ကျွန်တော်တို့အဖွဲ့၏ ပစ်မှတ်ပင်။

ရှေ့တွင်ရှိနေသော တောင်ကုန်းမို့မို့လေးပေါ် သေနတ်ကို ပြောင်းခင်းလျက် ရှေ့ချိန်သီးက ကန့်ကလျန့် တစ်လှမ်းချင်းလှမ်းရင်း မြေကြီးကိုထိုးကော်နေသော ဝက်ကြီး၏ ရှေ့လက်ပြင်နောက် အဖြူပတ်ကြီးအနီး နှလုံးသားဆီသို့ နောက်ချိန်ခွက်နဲ့ တစ်ဖြောင့်တည်းတန်းနေချိန်တွင် သေနတ်၏မောင်းခလုတ်ကို ဖြုတ်ချတော့မည့်အလုပ် ကျွန်တော့်မျက်စိထဲတွင် မြင်လိုက်ရသည်က စွယ်ကောဝက်ကြီးမဟုတ်တော့ဘဲ နက်ရှည်လျားသော ဆံကေသာများကို ပိုင်ဆိုင်ထားသော မိန်းမငယ်

www.burmeseclassic.com



တစ်ဦး။

အမြင်များမှားလေရော့သလားရယ်လို့ ပစ်ခလုတ်ကို ဆွဲမညှစ်သေးဘဲ သေနတ်ချိန်ခွက်မှခွာ၍ မျက်လုံးကို အကြည်တတ်ယူလိုက်ပြီး တစ်ဖန်ပြန်ချိန်လိုက်ပြန်တော့သည်။ နက်သောဆံကေသာများရဲ့ပိုင်ရှင် မိန်းမငယ်မှာ ကျွန်တော်ရှိရာဘက်ဆီသို့ မျက်နှာမူလာသည့်မို့ သေချာစွာကြည့်လိုက်တော့ ခေါင်းထက်တွင် အရောင်တလဲ့လဲ့တောက်နေသော မကိုဋ်ကိုဆောင်းလျက် ပခုံး၊ လက်များတွင် ချွန်ထက်နေသော စည်းပုံခါးတောင်တို့နဲ့ အထက်အောက် ခရမ်းရောင်ဝတ်စုံကို ဝတ်ဆင်လျက် မိန်းမငယ်တစ်ဦးကို အသေအချာပင် တွေ့လိုက်ရပြန်သည်။

တစ်ခုခုတော့ မှားနေပြီအထင်နှင့် အသိတရားများကို ပြန်လည်စုစည်း၍ မိန်းမငယ်လေး၏ မျက်နှာကို သေချာစွာကြည့်လိုက်တော့ စိမ်းဖန့်သောမျက်ဝန်း၊ ချွန်မြသောနှာတံ၊ ဖူးရွှနီထွေးသော နှုတ်ခမ်းတစ်စုံထက်မှ ပန်းရောင်ထနေသော ပါးတစ်စုံ၊ နက်ကျောသော လခြမ်းသဏ္ဌာန် မျက်ခုံးတစ်စုံနှင့် ကြည်လင်အေးငြိမ်းသော မျက်လုံးတို့ကို ရယူပိုင်ဆိုင်ထားသော မိန်းမငယ်တစ်ဦး ဖြစ်နေသည့်အပြင် လက်ထဲတွင် နှင်တံတစ်ချောင်းကို ကိုင်ဆောင်ထားသည့်မို့ ပစ်ခလုတ်ကို ဆွဲမညှစ်သေးဘဲ ငေးစိုက်ကြည့်ရှုနေလိုက်စဉ်အတွင်း ကျွန်တော့်ကို တံတောင်နှင့်တို့ထိပြီး ပစ်ခတ်ရန် အဘကောင်းက သတိပေးနေပြန်သည်။

တံတောင်နှင့်တို့ထိသတိပေးနေသော အဘကောင်းကို အသာခေါင်းညိတ်ပြလိုက်ပြီး ပစ်မှတ်ကို ထပ်မံကြည့်လိုက်သည်။ တွေ့မြင်အလိုက်ရသည်က စွယ်ကောဝက်ခါးပတ်ကြီးမဟုတ်။ ခရမ်းရောင်ဝတ်မိန်းမပျိုတစ်ဦးကိုသာပင်။

အနီးရှိကျွန်တော် စွယ်ကောဝက်ခါးပတ်ကြီးကို ပစ်ခတ်ချိန်ကို စောင့်ကြည့်နေကြသော ဉာဏ်ကျယ်နှင့် ယဉ်ကြိုင်တို့ကလည်း ပစ်ခတ်ရန် တောင်းဆိုနေကြပြီမို့ စွယ်ကောဝက်ကြီးကို ပစ်ခတ်ရန် ပြောင်းခင်း





ထားသောသေနတ်ကို ပြောင်းပြန်လှန်၍ လက်နှစ်ဖက်နှင့်ကိုင်ပြီး အပေါ်သို့မြှောက်တင်လိုက်ကာ သေနတ်ကို မ,ကိုင်ထားသော လက်နှစ်ဖက်ကြားမှ အနီးရှိ ဘကြီးကောင်းအား စွယ်ကောဝက်ခါးပတ်ကြီးကို ကြည့်နိုင်းလိုက်ရာ. .

“ဟ. . မိန်းကလေးတစ်ယောက်ပါလား”

လက်နှစ်ဖက်ကြားမှ ဝက်ကြီးကိုကြည့်နေသော ဘကြီးကောင်းထံမှ တအံ့တဩနှင့် အသံများပင် ထွက်လာသလို ဉာဏ်ကျယ်နှင့် ယဉ်ကြိုင်တို့ပါ သေနတ်ကို ပြောင်းပြန်လှန်၍ အပေါ်ထောင်ထားသော လက်နှစ်ဖက်အောက်မှ ကြည့်လိုက်ကြရင်း တိုးညင်းစွာ အသံထွက်လာသည်။

“မှောက်ပြီနဲ့တူတယ်”

စွယ်ကောဝက်ကြီးနှင့် အခြားဝက်တို့မှာ အမျိုးသမီးမိန်းမငယ်လေးကြောင့် အနှောင့်အယှက်ဖြစ်သွားပုံမရဘဲ သူတို့၏ နှုတ်သီးများဖြင့် မြေကြီးများကို ထိုးဆွတူးဖော်၍ သစ်မြစ်၊ သစ်ဥတို့ကို အစားမပျက်၊ ထိတ်လန့်ကြောက်ရွံ့ကြပုံ မရှိသည်မှာ အံ့ဩစရာပင်။

ထိုစဉ်ပင် ဆံပင်ဖားလျား စည်းပုံဆောင်းထားသော မိန်းမငယ်သည် ကျွန်တော်တို့ရှိရာ လျှိုအထက်သို့ လှမ်းကြည့်လိုက်ပြီး ဖြေးဖြေးလျှောက်လှမ်းတက်ရောက်လာရင်း ဝါးတစ်ရိုက်လောက်အကွာတွင် ရပ်တန့်လိုက်၍ ကျွန်တော်တို့ကို လက်ညှိုးထိုးကာ. .

“နင်တို့ ဘယ်သူတွေလဲ”

“ငါတို့ လူတွေပေါ့”

“ပါဏာတိပါတကောင်တွေမဟုတ်လား”

“အေး. . တကယ်တော့ ငါတို့ဟာ မုဆိုးတွေပဲ”

“အလိုလေး. . ရှင်တော်ဘုရားက ‘အနုတ္တရော ပုရိသ ဓမ္မ သာရထိ’ ဆိုတဲ့ ဘုရားရှင်ဆုံးမစကားထဲမှာ ဒီလူမျိုးတွေ မပါကြဘူး



www.burmeseclassic.com

www.burmeseclassic.com



လား မသိ''

ကျွန်တော်တို့ကို လက်ညှိုးထိုးရင်း ပြောနေသည်မို့ အဘကောင်းက. .

''မင်း ဘာတွေပြောနေတာလဲ သူငယ်မ''

''အေးလေ. . နင်တို့ ဘယ်သိကြပါ့မလဲ။ ပါဏာတိပါတကောင်တွေပဲ။ မှတ်ထားကြ. .။ ပုရိသဝမ္မ = ဆုံးမထိုက်သော သတ္တဝါများကို၊ သာရထိ = ဆုံးမပူဝယ်၊ အနုတ္တရော = အတုမရှိ အသာဆုံးဖြစ်တော်မူသော မြတ်စွာဘုရားတဲ့ကွယ့်''

''မိန်းကလေးက ဘယ်သူလဲ။ ဘယ်မှာနေတာလဲ။ ဘာကြောင့် ဦးတို့ရဲ့လုပ်ငန်းကို နှောင့်ယှက်နေရတာလဲ''

''အေး. . နင်တို့မေးတာကို ငါဖြေမယ်။ ငါ နင်တို့နောက်ကျောမှာ ပေါက်နေတဲ့ တောင်ဇလပ်ပင်ကြီးမှာ နေတယ်။ ဟောဟိုမှာ နင်တို့ ရန်ပုံခွင်းလက်နက်နဲ့ပစ်မယ့် တန်ခိုးရှင်နဲ့ အပေါင်းအပါတွေကို ငါစောင့်ရှောက်နေတယ်။ နင်တို့အကောင်တွေ သေရည်တွေသောက်စားမူးယစ်နေကြပြီး ငါနေတဲ့ တောင်ဇလပ်ပန်းပင်ကြီးတစ်ပင်လုံးကို ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို ကပ်လှူပူဇော်လိုက်တော့ ငါအပင်မှာနေလို့မရဘဲ ဒီလျှိုထဲကို ဆင်းပြေးလာခဲ့ရတယ်။ ငါစောင့်ရှောက်နေတဲ့ သတ္တဝါတွေကို နင်တို့ ပစ်ရဲရင် ပစ်ကြည့်။ ငါ့အကြောင်း နင်တို့ ခုပဲ သိရမယ်''

မိန်းကလေးရဲ့ ခက်ထန်မာကျောသောစကားများကြောင့် ကျွန်တော်တို့မှာ အမှန်ပင် အံ့ဩထိတ်လန့်သွားကြပေတော့သည်။ ပစ်ခတ်ရရှိပြီးသော ချေနှစ်ကောင်ကို အရေခွာ၊ ဝမ်းတွင်းသားများကို အရင်ချက်၍ အရက်များဖြင့် နံနက်စာကို မြိန်ရှက်စွာစားသောက်၍ပြီးကြကာမှ သည်လျှိုကြီးဆီသို့ ထွက်လာခဲ့ကြသည် မဟုတ်ကြပါကလား။

လျှိုကြီးဆီကို ရောက်ပြန်တော့ မထင်မှတ်ဘဲ ပင်လုံးကျွတ်ရဲရဲနီကာ ဝေဆာစွာဖူးပွင့်မွှေးကြိုင်နေသော မြင်ရခဲ၊ တွေ့ရခဲသည့် တောင်





ဇလပ်ပန်းပင်ကြီးကို အမှတ်မထင်တွေ့မြင်လိုက်ကြရသော်လည်း တောဝက်များကို ပစ်ခတ်ဖို့အရေးသာ အာရုံရှိနေသည်မို့ ယခု မိန်းကလေးပြောကြားနေသည့်စကားတွေနှင့် ဘယ်လိုမှ မပတ်သက်၊ မဖြစ်နိုင်။ မည်သူများဖြစ်နိုင်သည်ကို သိရှိလိုသဖြင့် အဖွဲ့သားများရှိရာ နောက်သို့လှည့်ကြည့်လိုက်တော့. .

''မိန်းကလေးပြောတာ ဟုတ်တယ်။ တောင်ဇလပ်ပန်းတွေတစ်ပင်လုံးဝေဝေဆာဆာပွင့်နေတာကိုကြည့်ပြီး စိတ်ကြည်နူးလွန်းလို့ တစ်ပင်လုံးကို ကျွန်တော် ဘုရားရှင်ကို ကပ်လှူပူဇော်လိုက်မိတယ်''

''ဟိုက်. . ဗုဒ္ဓေါ. .''

ဉာဏ်ကျယ်က ဝင်ရောက်ရှင်းပြလိုက်မှုကြောင့် ကျွန်တော်၊ ဘကြီးကောင်းနှင့် ယဉ်ကြိုင်တို့နှုတ်ဖျားမှ အာမေဍိတ်သံများပင် ထွက်သွားလိုက်မိကြပေသည်။ ဘကြီးကောင်းက. .

''ကဲ. . မိန်းကလေး။ ဒီလိုဖြစ်ရပ်မျိုးကို တစ်ခါဖူးမျှ မကြုံဆုံခဲ့သေးပါဘူး။ ဒါကြောင့် ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို ဇလပ်ပင်ကြီးတစ်ပင်လုံး ကပ်လှူပူဇော်လိုက်မိပါတယ်။ ဒီလုပ်ရပ်ကြောင့် မိန်းကလေးမှာ ခုလိုဒုက္ခရောက်ရတယ်ဆိုရင် မိန်းကလေး ကျေနပ်၊ အဆင်ပြေသွားအောင် ဦးတို့ ဘယ်လိုပြန်တောင်းပန်ပေးရမလဲဆိုတာ ပြောပြပေးပါကွယ်။ တစ်ကြိမ်တစ်ခါ မသိလို့ မှားခဲ့မိတာကို ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ်''

အဘကောင်း၏ အနူးအညွတ် မေတ္တာရပ်ခံ တောင်းပန်နေမှုကြောင့် မိန်းမငယ်၏ မူလတင်းမာခက်ထန်နေသော မျက်နှာလေးသည် ပြုံးယောင်သမ်းလာပြီး နှုတ်ကလည်း. .

''ဘုရားရှင်ကို ပန်းတစ်ပင်လုံး ကပ်လှူပူဇော်ထားတာကို မသိလို့ မိုက်မဲခြင်းနှင့်အတူ ကပ်လှူပူဇော်မိပါကြောင်း တောင်းပန်ရင်း ပြန်လည်စွန့်ကြဲဖို့ တောင်းခံပြီး သင်တို့ လှူဒါန်းပူဇော်လိုတဲ့ဆန္ဒ အမှန်



www.burmeseclassic.com

www.burmeseclassic.com



ရှိခဲ့ရင် ပန်းသုံးခက်ချိုးယူပြီး ဘုရားရှင်ကို ဆက်ကပ်လှူဒါန်းပူဇော်ရင်း ငါ့ကို မေတ္တာပို့ အမျှဝေပေးပါ''

''စိတ်ချပါ မိန်းကလေး။ မိန်းကလေးရဲ့ဆန္ဒအတိုင်း ဦးတို့ စီစဉ်ဆောင်ရွက်ပေးပါ့မယ်။ မိန်းကလေးရဲ့ အမည်နာမလေးကို ဦးတို့ သိခွင့်ရှိမယ်ဆိုရင် သိပါရစေကွယ်''

အဘကောင်းစကားတို့ကြောင့် မိန်းမငယ်လေးက ပြုံးလိုက်ရင်း. .

''ကြပ်မြောင်လျှိုရဲ့ စွယ်ကောဒေဝီလို့သာ မှတ်ထားလိုက်ပါ''

''ကဲ. . ညောင်။ ဘုရားရှင်ကို တစ်ပင်လုံး နင်လှူထားတဲ့ ပန်းပင်ကြီးကို တောစောင့်နတ်၊ တောင်စောင့်နတ်တွေကို တိုင်တည်ပြီး ပြန်လည်စွန့်ကြဖို့ တောင်းခံပါ။ ပြီးရင် ပန်းသုံးခက်တက်ခူးပေတော့။ ဘုရားရှင်ကို ဆက်ကပ်လှူဒါန်းပူဇော်ပြီး မိန်းကလေးအတွက် တို့တွေ အမျှဝေလိုက်ကြရအောင်''

ညောင်ကျယ်မှ တောကြီးအတွင်းသို့ လက်အုပ်ချီမိုး၍ တောင်းပန်ဟိုးလျှိုးနေလိုက်ချိန်တွင် ယဉ်ကြိုင်က တောင်ဇလပ်ပန်းပင်ကြီးပေါ်သို့ တက်ရောက်ကာ ပန်းခိုင်သုံးခိုင်ကို ချိုးယူနေလိုက်ပေတော့သည်။

ညောင်ကျယ်တစ်ယောက် လက်အုပ်ချီမိုး ရှိခိုးတောင်းပန်နေမှုသည် မည်သည့်အတိုင်းအတာအထိ တာသွားသည်ကိုတော့ မသိ။ မိန်းမငယ်လေး၏မျက်နှာသည် အတန်ငယ်တင်းမာနေရာမှ ပြေလျော့သွားသည့်ပုံရိပ်သို့ ပြောင်းလဲသွားသည်နှင့်အတူ နှုတ်မှလည်း. .

''ငါမှာတာတွေကို မမေ့ကြနဲ့။ ငါ ဒီဘဝမှာ အနေကြာခဲ့ပြီမို့ ငြီးငွေ့လှပြီ။ ငါ့ကိုကူညီကြတဲ့ကျေးဇူးကြောင့် တစ်နေ့နေ့တစ်ချိန်ချိန်မှာ နင်တို့ ကောင်းကျိုးချမ်းသာ ရရှိကြမှာပါ။ ရတနာသုံးပါးကိုတော့ မမေ့ကြနဲ့ ကွယ်တို့''

မိန်းမငယ်၏နှုတ်မှ ပြောဆိုမှာကြားလိုက်ရင်း မူလ သူမကို





တွေ့မြင်ခဲ့ရသော စွယ်ကောဝက်ခါးပတ်ကြီး ရပ်နေရာဆီသို့ ကျွန်တော်တို့ကို ကျောခိုင်းထွက်ခွာခဲ့ပေတော့သည်။ သူမသွားရာလမ်းသည်ကား လျှိုကြီး၏အောက်ဘက်။ မြရာတောများ၊ ချုံတော၊ ဖျိုက်တောများဆီ အရောက်တွင် ကျွန်တော်တို့အား သမင်လည်ပြန် လှည့်ကြည့်လိုက်သည်။ ပိုမို၍ထူးဆန်းနေသည်က သူမ၏နောက် စွယ်ကောဝက်ခါးပတ်ကြီးနှင့် ဝက်အုပ်ကား တအီးအီးတအူးအူးအော်လိုက်ရင်း သံစုံပေးကာ အိမ်မွေးတိရစ္ဆာန်များက သူတို့ရဲ့သခင်နောက်သို့ အစာကျွေးမည့်အခါ စိတန်း၍လိုက်နေကြသလို တန်းစီ၍လိုက်ပါသွားကြရင်း ချုံတောကြီးများအတွင်း တိုးဝင်ပျောက်ကွယ်ကာ အသံများပင် လုံးဝမကြားရတော့ခြင်းပင်။

မိန်းမငယ်၊ စွယ်ကောဝက်ခါးပတ်နှင့် အခြားဝက်များအားလုံး မြင်ကွင်းအတွင်းမှ ပျောက်ကွယ်သွားကြသည်ကို ကျွန်တော်တို့လေးဦးသား တအံ့တသြနှင့် ကြည့်နေကြရုံမှတစ်ပါး ချိုးယူထားခဲ့သော တောင်ဇလပ်ပန်းသုံးခိုင်ကိုသာ တဲစခန်းသို့အရောက် ရှင်တော်ဘုရားကို ဆက်ကပ်လှူဒါန်းပူဇော်ကြရင်း မိန်းမငယ်လေးအတွက် အမျှပေးဝေလိုက်ကြရုံမှတစ်ပါး အခြားမရှိတော့ပြီ။

ဪ. . ယခုတစ်ခေါက် အမဲလည်ရင်း တဲစခန်းသို့ပြန်ရသည့် ခရီးစဉ်သည် နွမ်းလှပေစွ။ ။

❖

www.burmeseclassic.com

www.burmeseclassic.com




# ကိုယ်မွေးတဲ့မီး ကိုယ်ငြိမ်း

လတစ်ခြမ်းကွေးလေး၏ အလင်းရောင်ကြောင့် မှုန်ဝါးဝါးသစ်ရိပ်ဝါးရိပ်တို့အောက်ဝယ် ဝိုးတဝါးလင်းလက်သလိုရှိနေသည်ဟု ထင်ရပေမယ့် 'ဥနဲ့ပင်စခန်း' တစ်ဝိုက်တွင် ပိန်းပိတ်အောင် မှောင်မည်းနေသည်ကတော့ အမှန်ပင်။

ည၏အရိပ်သည် စိမ့်အေးချမ်းမြလှသည်။ လေပြည်တစ်သုတ် ညင်းညင်းညှံ့ညှံ့တိုက်ခတ်လိုက်မှုကြောင့် သစ်ရိုင်းပင်ကြီးများပေါ်ရှိ နွေရွက်ခြောက်များ၏ ပွတ်တိုက်သံတို့က နွေတေးတစ်ပုဒ်ကို လွှမ်းမောဖွယ်ရာ ကျူးရင့်နေသယောင်ပင်။

တောကြီးသည် ပုရစ်သံ၊ ပုစဉ်းရင်ကွဲတို့အော်သံ၊ ဖားပျံကလေးတို့၏ အော်လိုက်ကြသံများမှအပ ပကတိ တိတ်ဆိတ်လျက် အိပ်မောကျနေသယောင်ပင် ထင်ရသည်။

သည်လိုအချိန်မျိုးနှင့် ညချမ်းမျိုးကို လက်ချိုးရေတွက် စောင့်စားလာခဲ့ကြသော ကျွန်တော်နှင့်ဝါသနာတူ အစ်ကိုကြီးဦးသိန်းငွေတို့အတွက်တော့ အချိန်ကောင်းဖြစ်နေကြသဖြင့် လက်နှိပ်ဓာတ်မီးတစ်လက်



www.burmeseclassic.com

www.burmeseclassic.com



နှင့် သေနတ်တစ်လက်ကိုဆွဲ၍ ရာသီပင်များဖြစ်သော နှမ်းခင်း ဖရဲခင်းများနှင့် ငရုတ်ခင်းများ၏ အညွန့်အခက်ကလေးများကိုမှ တစိုက်မတ်မတ်နှင့် စားသောက်တတ်ကြသော ဆတ်၊ ဒရယ်၊ ချေများကို အပိုင်ပစ်ခတ်နိုင်ကြမည် မဟုတ်ပါလား။

ကျွန်တော်က လက်နှိပ်ဓာတ်မီးကိုကိုင်ရင်း အလင်းရောင်ချို့တဲ့အားနည်းလှသော တောကြီးအတွင်း လူသွားလမ်းကလေးပေါ်မှဖြတ်၍ ရှေ့မှ မီးထိုးရှာဖွေရင်း ဦးဆောင်သွားနေသလို ဒသမ ၃၀. ၀၆ (စပရင်းဖီးလ်) ဝင်ချက်စတာအမဲပစ်ရိုင်ဖယ်ကို ကိုင်ဆောင်ထားသော အစ်ကိုကြီးဦးသိန်းလွင်က ကျွန်တော့်နောက်နားဆီမှ ကပ်၍ လိုက်ပါလာခဲ့သည်။

တစ်နေ့ရာအရောက်တွင် ခေတ္တရပ်နားလိုက်ကြရင်း သားကောင်များ၏ လှုပ်ရှားမှုအခြေအနေကို ဘေးဘယ်ညာ မျှော်မှန်းတွေးဆကြည့်နေလိုက်ကြပေသည်။

မကြာမီ ကျွန်တော်က ကိုင်ဆောင်ထားသောဓာတ်မီးကို ရှေ့တွင် မှုန်ဝါးဝါးလရောင်အောက် လှမ်း၍တွေ့မြင်နေရသော ကိုင်းတောကြီးရှေ့ ဖရဲခင်းဟုထင်ရသော နေရာဆီသို့ လှမ်း၍ မီးကိုထိုးလိုက်သည်။

အမှောင်တွင်းဝယ် ဓာတ်မီးရောင်က ထိုးဖောက်၍ စူးရှထိန်လင်းစွာဖြင့် ဖရဲခင်းကိုကျော်လျက် ဟိုမှာဘက် ကိုင်းတောကြီးအစတွင် မီးအလင်းတန်းက အဆုံးသတ်သွားသည်နှင့်အတူ ရဲခနဲတွေ့မြင်ရသော မျက်လုံးတစ်စုံကို အံ့ဩဖွယ်လှမ်း၍တွေ့မြင်လိုက်ကြရတာနှင့်အတူ သေနတ်ကိုကိုင်ဆောင်ထားသော အစ်ကိုကြီးဦးသိန်းလွင်ကလည်း ဓာတ်မီးရောင်အောက်တွင် မှဆိုးထိုင်ဝင်ထိုင်လိုက်ရင်း သားကောင်ကို အသင့်ပစ်ခတ်ရန် အသင့်နေရာယူပြီး ဖြစ်နေပေတော့သည်။

မျက်လုံးရဲရဲနှင့် သားကောင်က အစာရှာဖွေရင်း ကိုင်းတောကြီးအတွင်းမှ တိုးထွက်အလာ ကျွန်တော်လှမ်းထိုးလိုက်သော ဓာတ်မီးရောင်နှင့် ဆုံစည်းသွားဟန် ဖြစ်ပုံရသည်။





တွေ့မြင်လိုက်ရသော မျက်လုံးများမှာ မီးကျီးခဲလို ရဲရဲတောက်နေသည်မို့ အသားစားသတ္တဝါတစ်ကောင် ဖြစ်သည်နှင့်အညီ အချိန်မရွေး လူတွေကိုလည်း အန္တရာယ်ပေးနိုင်သည့် သတ္တဝါဖြစ်မှန်းကို သိရှိထားကြသူများမို့ ကိုယ်ကပင် စတင်လက်ဦးမှုရယူထားဖို့က လိုအပ်သည်မဟုတ်ပါလား။

တွေ့မြင်လိုက်ကြရသော မျက်လုံးရဲရဲပိုင်ရှင်က ကျွန်တော်လှမ်းထိုးထားသော ဓာတ်မီးရောင်ကို စူးစူးစိုက်စိုက်ပင်ကြည့်လိုက်ပြီး မိမိတိုးထွက်လာခဲ့ရာ ကိုင်းတောကြီးအတွင်းသို့ အဆောတလျင်ပြန်လှည့်ဝင်သွားရန်အကြံနှင့် နောက်ကျောဆီသို့ ပြန်လှည့်လိုက်သည့်အချိန်လေးအတွင်း အစ်ကိုကြီးဦးသိန်းလွင်ကိုင်ဆောင်ထားသည့်သေနတ်က ပစ်ပြီးသွားပေတော့သည်။

"ဒိုင်း. ."

ဒသမ ၃၀. ၀၆ (စပရင်းဖီးလ်) ဝင်ချက်စတာရိုင်ဖယ်က အောင်မြင်ခန့်ညားသော ပေါက်ကွဲသံကြီးကိုပေးလျက် သူ့တာဝန်ပိုင်းကို သူကျေပွန်စွာထမ်းဆောင်ပြီးခဲ့ပြီမို့ မျက်လုံးရဲရဲပိုင်ရှင် သားကောင်မှာ မြေပြင်ပေါ်သို့ နိမ့်ခနဲပစ်ကျသွားကာ လူးလှိမ့်လိုက်ရင်းမှ စူးရှနက်ကျော စွာ အော်ဟစ်ညည်းတွားလိုက်သံကြီးများကြောင့် သစ်ဆင်ကြီးပါလားရယ်ဟူသောအသိက နှစ်ဦးစလုံး သိရှိလိုက်ကြသည်။ ထိုနေရာတွင်ပင် အပြီးအပိုင်စခန်းသိမ်းလိုက်ကြရန်အတွက် ကျည်သစ်တစ်တောင့် ပြောင်းရင်းအတွင်းသို့ ထိုးသွင်းနေရာပေးထားလိုက်ပြီး အသင့်အနေအထားမျိုးနှင့် နေရာယူထားလိုက်ကြပေတော့သည်။

သားကောင်ကြီးမှာ သေနတ်ကျည်ဆန်ဒဏ်ရာကြောင့် မြေပြင်ဆီသို့ ပုဆစ်တုပ်လျက် ဝပ်ကျသွားသည်။ မြေပြင်တွင်ပင် ဒေါသသံ၊ နာကြည်းသံ၊ ရန်လိုသံအပြင် မာန်သွင်းဟိန်းဟောက်နေရင်း လူးလှိမ့်နေသည်။ ဘေးတိုက်အနေအထားမျိုးနှင့် ပစ်ခတ်လိုက်ရသည်မို့ ကျည်ဖူးက



www.burmeseclassic.com

www.burmeseclassic.com



ရှေ့လက်နှစ်ဖက်နောက်နားဆီရှိ နှလုံးသားတည်ရှိရာကို ဖြတ်ဖောက်သွားမည်က မလွဲ။ ပေါက်ကွဲသံကြီးနှင့်အတူ လူးလိမ့်အော်ဟစ် မာန်သွင်းနေသံကြီးကသာ တိတ်ဆိတ်နေသော တောကြီးကို နိုးထသွားစေသည်။

မြေပြင်တွင် လူးလိမ့်ရင်း နာကျင်၍တစ်မျိုး၊ ဒေါသကြောင့်တစ်ဖုံ ပါးစောင်ကိုဖြဲလျက် ဟဲခနဲ ဟဲခနဲ ဟိန်းနေသံကြီးသည် မြေတုန်ခမန်းပင် ရှိနေသည်။

သားကောင်ကြီးရှိရာဆီသို့ နှစ်ဦးသား သတိကြီးစွာထား ရင်ဘောင်တန်း၍ တစ်လှမ်းချင်းတိုး၍ ချဉ်းကပ်လိုက်ကြစဉ်အတွင်း ကျွန်တော်တို့နှစ်ဦး အာရုံစူးစိုက်ခြင်းခံထားရတဲ့ မြေပြင်တွင် လူးလိမ့်နေသောသစ်ဆင်ကြီး၏နောက်ဘက် ကိုင်းတောကြီးအတွင်းမှ အသံကြီးတစ်သံကို အမှတ်မထင် ကြောက်ခမန်းလိလိနှင့် ကြားလိုက်ရပေသည်။

"ဦ၊ . . ဖွဖွ . . ဦ၊ဖွဖွ . . "

တောလုံငှက်တစ်ကောင်၏ ရူးရူးဝါးဝါး အော်ဟစ်ပျံသန်းပြေးထွက်သွားသံပင်ဖြစ်သည်။ အော်ဟစ်လိုက်သံကြီးက ငှက်အော်သံနှင့်မတူ။ ထိုစဉ် ရုတ်တရက်တိုက်ခတ်လိုက်သော လေအေးကြောင့်လားတော့မသိ၊ ကြက်သီးများပင် ဖြန်းခနဲ ထသွားလိုက်မိကြတာကတော့ အမှန်ပင်။

အသံကြီးကြားလိုက်ကြရာဆီသို့ အထိတ်တလန့်နှင့် နှစ်ဦးစလုံးကြည့်လိုက်ကြရင်း ဖရဲပင်များအကြားမှ တိုးဝေ့ကာ သားကောင်ကြီးလူးလိမ့်နေရာ ကိုက်တစ်ရာခန့်ဆီသို့ အဆောတလျင်သွားနေကြသောကျွန်တော်တို့အဖို့ အနားသို့ရောက်မှပင် ဟယ်ခနဲဖြစ်သွားကြရပေတော့သည်။

ကြီးမားတုတ်ခိုင် သန်စွမ်းလှသော သစ်ဆင်ကြီးသည် ဒဏ်ရာနှင့် မြေပြင်တွင် လူးလိမ့်နေရာမှ ဆတ်ခနဲ ကျုံးထ၍ ပြေးထွက်သွားပြီးနောက် အုပ်ဆိုင်းနေသော ကိုင်းတောကြီးအတွင်းသို့ ခုန်လွှားသွားခဲ့ပေတော့သည်။





တစ်ဖက်အကျတွင် ဒဏ်ရာကြီးနှင့်မို့ ကောင်းစွာကျဟန်မတူ။ ဗုန်းခနဲ ဖွဲအိတ်ကြီးကို ပစ်ချခံလိုက်ရသလိုမျိုး အသံကြီးကို ကြားလိုက်ရပြီး တစ်ခဏအတွင်း ကိုင်းတောကြီးအတွင်းသို့ ပြေးလွှားဝင်ရောက်သွားရင်းမှ ပြေးလွှားသံများ ပျောက်ကွယ်သွားပေသည်။

"အစ်ကိုကြီး ဟိုကောင် တစ်ချိုးတည်း လစ်ချသွားပြီ။ ထိချက်သိပ်မကောင်းဘူးနဲ့တူတယ်။ ဒဏ်ရာကြီးနဲ့ဆို လူသူကွဲနွားတွေကို ဆက်ပြီးအန္တရာယ်ပေးနိုင်တယ်။ သူ့ကို အပြတ်ရှင်းစခန်းသိမ်းနိုင်မှ ဖြစ်မယ်။ ဘယ်လိုလုပ်ကြမလဲ။ သွေးစက်ခံရင်း လိုက်ကြရအောင်"

"အေးကွ . . ဒီကောင်ကြီး ဝင်မွေနေလို့ တို့ဘာတစ်ကောင်မှမတွေ့ကြရတာ။ သူ့ကို လန့်ပြီး ရှောင်ပြေးနေကြတဲ့ အကောင်တွေကိုလိုက်ရှာရင်း တို့နဲ့ထိပ်တိုက်တိုးတာဆိုတော့ သူကံဆိုးသွားတာပေါ့။ တို့ညီအစ်ကိုတစ်တွေ ကံကောင်းကြမှာပါ။ စခန်းပြန်ရောက်ရင် အဖွဲ့သားတွေနဲ့ တိုင်ပင်ကြတာပေါ့။ စခန်းပြန်လိုက်ကြရအောင်"

ညသည် ပိန်းပိတ်အောင် မှောင်နေဆဲပင်။ ဉာနဲ့ပင်စခန်းဆီသို့ပြန်ရောက်ကြတော့ အရုဏ်တက်ချိန်။ တောကြက်ငယ်ကလေးတို့၏ တွန်ကျူးကြသံများအပြင် ကျေးငှက်သာရကာတို့၏ တီတီတာတာအော်မြည်နေကြသံများကိုပင် ကြားနေရပေပြီ။

စခန်းရှေ့ ဖိုထားသော မီးပုံကြီးအနီးတွင် အဖွဲ့သားများကဝိုင်းထိုင်ရင်း မီးလှုံနေကြသည်။ အဖန်ရည်သောက်နေကြသလို ယမကာများကိုလည်း တချို့သုံးစွဲနေကြသည်။ အချို့က ဆတ်ကို အရေချနေကြသည်နှင့်အတူ အဖွဲ့ထဲမှ အသက်အကြီးဆုံးသော မဆိုးကြီးအဘကောင်းကို အသက်အငယ်ဆုံးဖြစ်သည့် ဉာဏ်ကျယ်က နောက်ပြောင်ကျီစယ်ရင်းစနေသည်။

"အဘကောင်းက အချင်းချင်းတွေတောင် ကြားစရာမရှိသလာကြားနေတယ်။ ငယ်ငယ်တုန်းက ကျောင်းမှာစာတော်လို့ စကောလားရှစ်



www.burmeseclassic.com

www.burmeseclassic.com



ရခဲ့ဖူးတယ်ဆိုရင် ကျွန်တော် အလွယ်ကူဆုံး သချာမေးခွန်းတစ်ခုမေးမယ်။ ဖြေနိုင်ပါ့မလား''

''လုပ်လိုက်လေ ကြားသလားလို့။ ငါက အမှန်အတိုင်း မင်းတို့ကို ပြောပြနေတာပဲ။ မင်း ငါပြောတာကို မယုံဘူးဆိုရင် စမ်းလိုက်ပေါ့ကွ။ အလကားကြေး မဟုတ်ဘူးနော်''

''ဘာကြေးလဲ။ အဘပြော''

''ဟေ့ကောင်. . မင်းရှုံးရင် တစ်ပွဲပဲကျွေး။ ငါရှုံးရင် နှစ်ပွဲကျွေးမယ်''

ဉာဏ်ကျယ်ကား မှုံးမှုံးနှင့် အဘိုးကြီးကို ရစ်နေပြီဆိုတာကို ကျွန်တော်သိလိုက်သော်လည်း ဘာတစ်ခွန်းမှဝင်မပြောဘဲ အသာစောင့်ကြည့်နေလိုက်မိသည်။ အဘိုးကြီးကား ဒေါသထွက်နေသဖြင့် ရှူးရှူးရှဲရှဲဖြစ်နေသည်။

''အားလုံးအကြားနော်။ သူရှုံးရင် နှစ်ပွဲတဲ့. . နှစ်ပွဲ''

''အေးကွာ။ စကားများမနေနဲ့။ မေးမှာကိုသာ မေးတော့''

''တကယ်နော်။ လွယ်လွယ်ကလေးမေးမယ်။ လွယ်သမှ သိပ်လွယ်။ အဟင်း. . အဟဲ. . ဘဲဥတစ်လုံးပြုတ်ရင် ငါးမိနစ်ကြာမယ်။ ငါးလုံးပြုတ်ရင် ဘယ်လောက်ကြာမလဲ။ ဒါပဲ. . လွယ်လွယ်လေး''

''ငါ့လခွီးမှပဲ။ နှစ်ဆယ့်ငါးမိနစ် ကြာတာပေါ့ငပေါရဲ့။ ဒါလေးများ''

ဉာဏ်ကျယ်မေးလိုက်သော မေးခွန်းကို အလောသုံးဆယ်နှင့် ပြန်လည်ဖြေကြားလိုက်သော ဘကြီးကောင်း၏ အဖြေကြောင့် အဖွဲ့သားအားလုံးနှင့် ရွာခံများပါမကျန် ဝါးခနဲ ပွဲကျသွားကြသည်။ သူတို့အနီးသို့ ရောက်နေပြီဖြစ်သော ကျွန်တော်ပင်လျှင် ရယ်မောလိုက်မိပေတော့သည်။

ကျွန်တော်တို့အားလုံး၏ ဝိုင်း၍ရယ်မောလိုက်ကြမှုကြောင့် အလောသုံးဆယ်ဖြေလိုက်မှုသည် မှားသွားပြီဖြစ်ကြောင်း သိသွားရှာသော





ဘကြီးကောင်းမှာ ရှက်ကိုးရှက်ကန်းနှင့် ဉာဏ်ကျယ်ကို ကျိန်ဆဲရင်း စခန်းပေါ်သို့ တက်ပြေးပေတော့သည်။

''အဘကောင်း. . အဘကောင်း စိတ်ဆိုးနေတာလေးကို ခဏထားပြီး အရေးကြီးတဲ့ကိစ္စလေးကို ညှိနှိုင်းတိုင်ပင်ကြဖို့ရှိလို့ သည်းခံနားထောင် စဉ်းစားပေးပါဦး''

အစ်ကိုကြီးဦးသိန်းလွင်လှမ်းတားလိုက်မှုကြောင့် ပါးစပ်မှ ပွစိပွစိနှင့် ဉာဏ်ကျယ်ကို မေတ္တာပို့ရင်း ထွက်သွားတော့မည်လုပ်နေသော ဘကြီးကောင်းကား ဆက်မသွားတော့ဘဲ နေရာတွင်ပင် ပြန်ထိုင်လိုက်ကာ ဉာဏ်ကျယ့်လက်ထဲမှ သောက်တော့မည့် အရက်ဖန်ခွက်ကို လုယူလျက် ဂွပ်ခနဲမော့ချလိုက်သည်။

သူ၏မကျေနပ်ချက်ကို တုံ့ပြန်ကလဲ့စားချေလိုက်ဟန်က တကယ့်ချစ်စရာ ကလေးဆိုးကြီးအသွင်မျိုးပင်။

အဖွဲ့သားများနှင့် ရွာခံမုဆိုးများက ကျွန်တော်တို့နှစ်ဦးကို ဝိုင်းကြည့်နေကြပြီး ပြောလာမည့်စကားများကို နားထောင်နေကြသည်မို့ ကျွန်တော်က. .

''ကဲ. . အရေးကြီးတဲ့အချိန်ကို ရောက်နေပြီမို့ အရေးကြီးတဲ့စကားကို ခုပြောမယ်။ နားထောင်ပြီးရင် ဒီကိစ္စကို လေးလေးနက်နက်စဉ်းစားမယ်။ ဆုံးဖြတ်ကြမယ်။ အဲဒီဆုံးဖြတ်ချက်ကို မဖြစ်မနေ အကောင်အထည်ဖော်မယ်''

ရဲဘော်တွေကို ပြောချင်တာက မုဆိုးလုပ်သူတိုင်းက သားကောင်တွေကို ပစ်ခတ်သတ်ဖြတ်ကြသူချည်းပါပဲ။ အပစ်ခံရတဲ့ သားကောင်ဆိုတာကလည်း အမျိုးမျိုးရှိကြတယ်။

ဒဏ်ရာကြောင့် ပစ်ခတ်သူ မုဆိုးကို တုံ့ပြန်ရန်မူ[illegible] သားကောင်မျိုးတွေလည်း ရှိကြတယ်။ ရရှိထားတဲ့ ဒဏ်[illegible]ကို အပြင်းအထန်ခံစားပြီးကာမှ တွေ့ရာလူသား၊ ကျွဲ၊ [illegible]တွေကို



www.burmeseclassic.com

www.burmeseclassic.com



အန္တရာယ်ပြန်ပေးတတ်တဲ့ သားကောင်မျိုးတွေလည်း ရှိတယ်။

မုဆိုးလုပ်သူဆိုတာက အရာရာတိုင်းကို ချင့်ချိန်နိုင်းဆတတ်ကြရမှာမို့ မိမိကိုယ်တိုင် မုဆိုးကောင်းတစ်ယောက်ဖြစ်ဖို့က သိပ်လိုအပ်တယ်။

ခု ကျွန်တော်တို့တွေ့ကြုံရတဲ့အဖြစ်မျိုးကို ယခင်က ကျွန်တော်တစ်တွေ ရင်ဆိုင်မကြုံတွေ့ခဲ့ရသေးဘူး။ ခု ကြုံတွေ့ခဲ့ကြရပြီ၊ ဘယ်လိုကြုံတွေ့ခဲ့ရတယ်ဆိုတာကိုတော့ အစ်ကိုကြီးဦးသိန်းလွင်က ဆက်ပြောလိမ့်မယ်။ အားလုံး ဝိုင်းစဉ်းစားကြပါ။ အကြံပြုပါ။ ပြီးရင် ဆုံးဖြတ်ကြမယ်။ နောက်ဆုံးပြောချင်တာက ဆုံးဖြတ်ချက်အတိုင်း အကောင်အထည်ဖော်သွားကြမှာမို့ အချိန်ကြာနိုင်တယ်။ မလိုက်နိုင်ကြရင်လည်း ဘယ်လိုမှ သဘောမထားဘူး။ ကျွန်တော်ကတော့ ကိုယ်မွေးတဲ့မီး ကိုယ်ငြိမ်းမယ်။ မဖြစ်မနေ ဆောင်ရွက်သွားပါ့မယ်''

ရင်ဆိုင်ကြုံတွေ့ခဲ့ရသော အခြေအနေများကို အစ်ကိုကြီးဦးသိန်းလွင်က အဖွဲ့သားများကို ပြည့်စုံအောင် ရှင်းလင်းပြလိုက်တော့ အားလုံးက သဘောညီစွာ ဆုံးဖြတ်ချက်က သစ်ဆင်ကြီးကို အနှံ့ခံခွေးများနှင့် လိုက်လံစခန်းသိမ်းကြရန်အတွက် ဆုံးဖြတ်ချက်က အတည်ဖြစ်သွားပေတော့သည်။



နံနက်ခင်း လင်းအရုဏ်၏ လန်းဆန်းသန့်စင်မှုသည် ကျွန်တော်အပါအဝင် မုဆိုးတစ်ဖွဲ့လုံးအား ချမ်းမြေ့ကြည်နူးစေသည်။ ဥန္နဲပင်စခန်းဆီမှ သစ်ဆင်ကြီးကို ကျွန်တော်တို့နှစ်ဦး ပစ်ခတ်ခဲ့သောနေရာသည် (၇) မိုင်နီးပါး ခရီးရှိသည်။ ထိုခရီးကို ကျွန်တော်တို့အဖွဲ့ သက်သောင့်သက်သာနှင့် လှည်းစီး၍ သွားနေကြခြင်းဖြစ်သည်။

အုံတုံမင်စခန်းသည် လူနှစ်ရပ်စာခန့်ရှိ ကိုင်းတော၊ ဝါးတော၊ ကျူတောတို့နှင့်ပြီးသော ဖုန်းဆိုးတောသာဖြစ်ပြီး ထိုအထဲတွင် ရွာခံမုဆိုးတင်သိန်း၏ ဖရဲခင်း၊ နှမ်းခင်း၊ ငရုတ်ခင်းနှင့် ပြောင်းခင်းတို့က ရှိနေသည်။

ယခုလိုလမျိုး (တပေါင်း၊ တန်ခူး) နွေရာသီကာလများတွင် တောမီးတို့က လောင်တတ်ပြီး ဖါဆို၊ ဝါခေါင်လိုလမျိုးတွင် ကိုင်းတော၊ ကျူတော၊ မြက်တောများ ထူထပ်သိပ်သည်းပြီး စားကွင်းစားကွက်ကပေါသည်။ ရွာသားများက ကွင်းပြန့်များသို့ သိပ်ပြီးသွားသွားလာလာမရှိကြ။ လူသူလေးပါး ကင်းရှင်းသည့်အတွက်လည်း စားကျက်များအတွင်း အမဲသားကောင်များ ခိုအောင်းကျက်စား ပေါ်များလှသည်။

လမိုက်သောညများတွင် မီးထိုးရှာရင်း ပစ်ခတ်ပါက ကောင်လုံးပေါ် ဆတ်၊ ဒရယ်၊ ချေနှင့် တောဝက်တို့ ခုနစ်ကောင်၊ ရှစ်ကောင်လောက်ထိ ရတတ်သည်။

သဲဖြူမွမွကလေးများအပေါ် တောင်ကျရေတို့က ဖြတ်သန်းစီးဆင်းသွားမှုကြောင့် ကြည်လင်အေးမြသော သဲပေါ်စမ်းချောင်းကလေးကသည်စားကျက်ကြီးအဝန်းအဝိုင်းအတွင်းမှ အမဲသားကောင်များအတွက် သောက်သုံးရေကို ဖန်တီးထားသလို ဖြစ်နေသည်။

''ကဲ. . သစ်ဆင်ကြီးပြေးတဲ့နောက် သွေးစက်ခံလိုက်မှာက တစ်ဖွဲ့။ ကျန်အဖွဲ့က ခွေးတွေနဲ့ ခြေရာကောက်ပြီး လိုက်ကြမယ်။ သဲဖြူခြိအတိုင်း အောက်ကိုစုန်ဆင်း။ တွေ့တဲ့အဖွဲ့က အမဲကို လှဲပြီးစောင့်နေ။



www.burmeseclassic.com

www.burmeseclassic.com



သေနတ်သံကြားမှ ဆုံကြမယ်။ သစ်ဆင်ကောင်ကလွဲရင် ကျန်တာ ဘာကောင်ကိုတွေ့တွေ့ မပစ်ကြရဘူး။ ကြားကြရဲ့လား''

ဘကြီးကောင်းက အဖွဲ့သားများကို မှာကြားပြောဆိုနေသည်မှာ သင့်မြတ်သည့်ကိစ္စမို့ ကျွန်တော် ဘာကိုမှ ဝင်ရောက်မပြောတော့။

''အောက်အီးအီးအွတ်''

သေးသွယ်ရှည်လျားသော အသံများနှင့်လည်းကောင်း၊ သံပြတ်များနှင့်လည်းကောင်း တောကြက်ဖငယ်အချို့က ဝါးရုံတောကြီးများ အတွင်းမှ တွန်သံပေးနေကြသလို ငှက်ဝါးယောင်းတစ်အုပ်ကလည်း သူတို့အော်ဟစ်လိုက်ကြသော အသံစာစာများနှင့်မို့ နံနက်ခင်းသည် ကြည်နူးစရာကောင်းနေသည်။

သစ်ဆင်ကြီး ဒဏ်ရာနှင့် လူးလိမ့်သွားခဲ့သောနေရာကို ချင်းခွေးသုံးကောင်ဖြစ်သည့် ဖိုင်ယာ၊ ဘွတ်ပလုံနှင့် ဘို့မယ်တို့အား မြေကြီးကိုဖြုတ်ပေးလိုက်တော့ ခွေးများကား သူတို့၏နှာခေါင်းများကို တရှုံ့ရှုံ့လုပ်ကာ အနံ့ခံရင်း ဟောင်သံများညံအောင်ပေးလျက် ဒဏ်ရာနှင့်ပြေးထွက်သွားရာ သားကျောင်ကြီးဆီသို့ ကိုင်းတောကြီးများအောက်မှ ပြေးလိုက်သွားကြပေတော့သည်။

ချင်းခွေးသုံးကောင် ဟောင်သံများကြောင့် အစာကောက်နေကြသော ကြက်သားအုပ်မ မိသားတစ်စုက ကတောက်သံ ညံအောင်ပေးရင်း တထိတ်တလန့် ပျံသန်းပြေးထွက်သွားကြပေတော့သည်။

ခွေးဟောင်သံများ တစ်စတစ်စ ဝေးကွာသွားသည်နှင့်အညီ ကျွန်တော်တို့အဖွဲ့သည် သားကောင်ကြီးထွက်လာပါက အသင့်ပစ်ခတ်နိုင်ရန် ခွေးများတိုးဝင်သွားရာ ကိုင်းတောကြီးအတွင်းသို့ သတိကြီးစွာထား၍ ရင်ဘောင်တန်း၍ တစ်လှမ်းချင်းတိုးဝင်လိုက်ကြပေတော့သည်။

အုံတုံမင်ကိုင်းတောကြီးကို တစ်ဖြတ်ပြီးတစ်ဖြတ် ပိုင်း၍ သစ်ဆင်ကြီးကို ရှာဖွေကြသော်လည်း မတွေ့။ ကျန်အမဲသားကောင်များကို





တော့ မပစ်ခတ်ကြတော့ဘဲ စခန်းရှိရာဆီသို့ ညနေစောင်းမှ ပြန်ဝင်ကြပေတော့သည်။

အိပ်တန်းတက်ကျေးငှက်တို့၏ အသံစာစာများကို နားစွင့်ရင်းမှ ဥဏ်ကျယ်၊ မွန်၊ အာလူးနှင့် ကုလားကြီးသန်းညွန့်တို့ ပစ်ခတ်ကြသဖြင့် ရရှိထားခဲ့ပြီးသော ဆတ်၊ ချေ၊ ဒရယ်တို့၏ မိုးခိုသားများကို ကြော်ထားသည့် အသားတုံးများနှင့် အရက်များကို စားသောက်နေလိုက်ကြရင်း အနားယူနေလိုက်မိပေသည်။

အနားယူနေလိုက်ကာမှပင် အတွေးတို့က ဝင်လာသည်။ ထိုအတွေးတို့က စိုးရိမ်စိတ်များနှင့်အတူ သောကအဖြစ် ပြောင်းလဲဖန်တီးလာပြန်သည်။ စခန်းပေါ်တွင် လူကလည်း အစုံရှိနေကြသည်မို့ ရွာခံမုဆိုးတင်စိုးကို စကားစလိုက်မိသည်။

''ကဲ. . တင်စိုး။ ဒဏ်ရာရသွားတဲ့ သစ်ဆင်ကြီးကို စခန်းမသိမ်းနိုင်ခဲ့ကြရင် ရွာခံတွေအတွက် စိုးရိမ်ရတယ်။ ဘယ်လိုဆက်လုပ်ကြမလဲ။ ဝိုင်းစဉ်းစားကြပါဦး''

ကျွန်တော့်စကားတို့ကြောင့် အားလုံးတွေဝေသွားကြသည်။ ဘကြီးကောင်းတစ်ယောက်ကသာ ပြောရှာသည်။

''တင်စိုး. . ဒီကောင်တွေ ဘယ်လိုနေရာမျိုးတွေမှာ ခိုအောင်းနိုင်သလဲဆိုတာကို စဉ်းစားစမ်းကွာ။ တို့က တောမကျွမ်းတော့ ခက်နေတယ်''

အဘကောင်းစကားကြောင့် အဖွဲ့ဝင်မုဆိုးအားလုံးတို့၏အကြည့်က ရွာခံတင်စိုးထံ ရောက်သွားသည်။ အတန်ကြာတော့ တင်စိုးက တွေးတွေးဆဆ ချင့်ချိန်ဟန်ဖြင့်. .

''ကျွန်တော့်အထင်တော့ အုံတုံမင်ရဲ့နောက်ကျော ချောင်းခြေထောက်ကိုကျော်ရင် ဖုန်းဆိုးတောကြီးရှိတယ်။ ဒီအကောင်ကြီးရဲ့ ခြေစက်ကိုခံပြီး လိုက်ကြတုန်းက အဲဒီဘက်ကို ဦးတည်နေတယ်လို့ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ထင်တယ်။ မဟုတ်မှလွဲရော။ ဒီကောင်ကြီး အဲဒီမှာရှိဖို့ များတယ်လို့ ထင်တယ်''

တင်စိုးစကားကြောင့် ကျွန်တော်က လှမ်းမေးလိုက်မိတယ်။

''အဲဒီ အုံတုံမင်နောက်ကျော ညောင်ခြေထောက်က ဖုန်းဆိုးတောရှိတဲ့နေရာကို မင်းတို့ရွာက ဘယ်သူ့ကျွမ်းသလဲ တင်စိုး''

''ရွာဖျားမှာ ကရင်မုဆိုး ဒိန်ဆိုတာတော့ ရှိတယ်။ သူက အဲဒီဘက်မှာ သားကောင်ကြီးတွေကို ထောင်ချောက်နဲ့ ဖမ်းနေတာပဲ။ ခဏခဏလည်း သားကောင်ကြီးတွေ ရတယ်။ သူက ဒူးလေးသမား''

''ဘာကွ. .။ သူ့နာမည်က ဒိန်တဲ့လား။ ဘာလူမျိုးလဲကွ''

အစ်ကိုကြီးဦးသိန်းလွင်မှ ကြားဖြတ်မေးလိုက်တော့ တင်စိုးက. .

''သူ့နာမည်အရင်းကတော့ ကုလားဒိန်တဲ့။ ဒါပေမဲ့ ရွာသားတွေအားလုံးက ဒိန်လို့ပဲ သူ့ကိုခေါ်ကြတယ်။ ဖအေက ကရင်၊ မအေက ကုလား''

''အေး. . တင်စိုး။ အခု မင်း သူ့ဆီသွား။ မနက်ဖြန်မနက် တို့အဖွဲ့ အဲဒီကို သွားမယ်။ လမ်းပြအတွက် သူတောင်းသလောက်ပေးမယ်ဆိုပြီး ခေါ်ခဲ့။ ကဲ. . အဖွဲ့သားတွေကိုလည်း ပြောလိုက်မယ်။ မနက်ဖြန်စောစော ခရီးဆက်ထွက်မယ်။ စီစဉ်ထားကြ''

ဟုပြောကြား စီစဉ်နိုင်းလိုက်ရင်း ညနေစာထမင်းကို စားလိုက်ကြကာ အိပ်စက်လိုက်ကြသည်။



မလိုက်နိုင်ကြသူများကို စခန်းတွင်ထားခဲ့ပြီး ကျွန်တော်၊ ဘကြီးကောင်း၊ ဦးသိန်းလွင်၊ ဉာဏ်ကျယ်၊ မွန်၊ ကုလားကြီးသန်းညွန့်၊ အာလူးတင်စိုးနှင့် ဒိန်တို့ သေနတ်များ ကိုယ်စီကိုင်ဆွဲကြလျက် မနက်စောစောပင် သည်ခရီးကို စတင်လိုက်ကြသည်။ လမ်းပြမုဆိုး ကုလားဒိန် (ခ) ဒိန်က လမ်းပြမည်။ ဒိန်ဆိုသည့် မုဆိုးကို လှမ်းအကဲခတ်လိုက်သည်။ ရှိလှမှ အသက်အားဖြင့် သုံးဆယ်ဝန်းကျင်၊ ဆံပင်အရှည်ကို နောက်တွင် စုစည်းထားပြီး ပိုနီတေးပုံစံနှင့် မြားကျည်တောက်ကို နောက်ကျောတွင် သိုင်းလွယ်ကာ ဒူးလေးကိုထမ်းရင်း ကွမ်းကို အဆက်မပြတ်ဝါးနေသည်ကို တွေ့နေမိသည်။

အတန်ကြာသွားလိုက်မိသော် သူက စတင်၍ စကားပြောလာသည်။

''ဟော့အကောင်. . ဟော့အကောင်. .''

ရှေ့မှသွားနေသော ကျွန်တော့်ကို ခေါ်လိုက်မှန်းသိသဖြင့် သွားလက်စကို ရပ်တန့်ရင်း သူခေါ်ရာနောက်ကို လှည့်ကြည့်စဉ် သူပြောလိုက်ပုံက. .

''ငါတို့ တောပစ်ထွက်ခဲ့ကြတာတော့ ဟုတ်ပါပြီ။ ခု နင်တို့ ဘယ်ကိုသွားပြီး ဘာအကောင်တွေ ပစ်ကြမှာတုန်း''

ပြောလာသော စကားကိုက ကရင်သံဝဲဝဲနှင့် ဒူးလေးကြီးကို လက်မှာကိုင်၊ ရိက္ခာထုပ်များကို နောက်ကျောတွင် လွယ်ပိုးရင်း ကွမ်းတံတွေးကို ပျစ်ခနဲထွေးကာ မေးလာပြီမို့. .

''အုံတုံမင်နောက်ကျောညောင်ခြေထောက်ကိုကျော်ရင် ဖုန်းဆိုးတောကြီးရှိတယ်လေ။ အဲဒီကို သွားမှာ။ ညက တင်စိုး နင့်ကိုမပြောဘူးလား''

''ပြောတယ်ဟ။ နင့်အကောင်က မှူးနေတယ်လေ။ ဒါကြောင့် ဟုတ်၊ မဟုတ်ကို ငါထပ်မေးတာပေါ့။ ညောင်ခြေထောက် ဖုံမှာဘက်



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းဆိုးတောကြီးဆီကို သွားကြမှာလား''

''ဟုတ်ပ. . ဟုတ်ပ. .''

''တို့ရွာနားကို လာလာပြီး နွားတွေ၊ ကျွဲတွေကို ဝင်ဆွဲနေတဲ့ အကောင်ကို ပစ်ပါလား။ ဒုက္ခခံလို့ကွာ''

''အဲဒီအကောင် မလာတာ ကြာပြီလေ။ အရင် လာဆွဲနေတဲ့ အကောင်ကလည်း ညောင်ခြေထောက်ကပဲမို့လား''

''အောင်မယ်. . အဲဒီကကောင် ဆိုရအောင် နင့်ကို သူက လိပ်စာပေးခဲ့လို့လား''

ကျွန်တော်တို့အားလုံးမှာ ဒိန်ပြောလိုက်သော စကားကြောင့် ဝိုင်း၍ရယ်မောလိုက်ကြရင်း. .

''ဟုတ်တယ် ဒိန်ရဲ့။ ဒီအကောင်တွေ ခရီးဝေးသိပ်သွားနိုင်ကြတာ။ ဒီနေရာမျိုးလို သစ်ပင်ကြီးတွေ မိုးထိုးပြီး အမှောင်ဖုံးနေကြတဲ့ တောနက်ကြီးတွေမှာ သူတို့ မနစ်သက်ကြလို့ မနေကြဘူး။ သက်ငယ်တော၊ ကိုင်းတော၊ ကျူတောနဲ့ ဖုန်းဆိုးတောတွေမှာသာ အနေများကြတယ်''

ကျွန်တော်၏အပြောကြောင့် ဒိန်က. .

''ဒီပဲခူးရိုးမနယ်ပယ်တစ်ဝိုက်မှာ အဲဒီညောင်ခြေထောက်ဖုန်းဆိုးတောဟာ အကျယ်ဆုံးနဲ့ လူတွေအရောက်အပေါက်အနည်းဆုံး နေရာပဲကွ။ နင်တို့ ဟိုကိုရောက်မှတော့ တွေ့ရမှာပါ။ အန္တရာယ် သိပ်များတယ်လေ''

ညောင်ခြေထောက်တောဟု တောသူတောင်သားများက ခေါ်ဆိုနေသည့်နေရာက အုံတုံမင်နောက်ကျော ဖုန်းဆိုးတောကြီး၏အစတွင် ညောင်မှတ်ဆိတ်ပင်ကြီးကို အစွဲပြုခေါ်ဆိုကြခြင်းဖြစ်သည်။ ထိုညောင်ပင်ကြီးကား လွတ်လပ်စွာနှင့် ဖုန်းဆိုးတောနားတွင် ပေါက်နေသဖြင့် ကြီးထွားချင်တိုင်း ကြီးထွားနေပြီး သူ၏ခွဆုံကိုင်းများမှ ဖြာကျနေသော





ညောင်မှတ်ဆိတ်များမှာ ခပ်လှမ်းလှမ်းမှ မြင်လိုက်ရလျှင် လူတစ်ဦး မှတ်ဆိတ်ဖွားဖွားနှင့် ရပ်နေသည့်အသွင်မျိုးမို့ လွယ်လွယ်ကူကူပင် တောသူတောင်သားများက ညောင်ခြေထောက်ဟု ခေါ်ဝေါ်သမုတ်ကြဟန် ရှိသည်။

သည်ခရီးကို မထွက်ခင် သစ်ဆင်ကြီးနောက်ကို တောခွေးများနှင့် လိုက်လံရှာဖွေကြစဉ်ကတည်းက ကျွန်တော့်ကို အစာမကြေဖြစ်နေသော ဉာဏ်ကျယ်မှာ ယခု သည်ခရီးကို ထွက်တော့လည်း လမ်းခရီးတွင် ရိက္ခာအတွက် ဆန်၊ ဆား၊ လက်ဖက်ခြောက်၊ ငရုတ်တို့ကို လွယ်ပိုးခဲ့ကြရန် မှာကြားထားသည်။ သို့သော် သူက ပြောစကားကို နားမထောင်ဘဲ အသားခြောက်အစော်များများကို မပါပါအောင် နိုးထည့်လာခဲ့သည့်အပြင် ကျွန်တော်တို့ ယခုထွက်လာခဲ့သည့် ခရီးစဉ်သည် သစ်ဆင်ရှိရာကို သွားရောက်ပစ်ခတ်ကြမည့် ရည်ရွယ်ချက်ကြောင့် လမ်းခရီးတွင် သေနတ်သံကို တစ်ချက်မှမပေးရဟု ပြဌာန်းလိုက်သော အမိန့်ကိုလည်း သူက သိပ်ပြီး အစာမကြေ၊ မကြည်လင်။ လမ်းတစ်လျှောက်လုံးတွင် ကျွန်တော့်ကို နှုတ်လှန်ထိုးနေပြန်သည်။

''ဒီမှာ. . ဒီမှာ ဘိုလေး''

ရှေ့မှ လမ်းအတိုင်း ခဲရာခဲဆစ်သွားနေကြရစဉ် နောက်မှ လှမ်းခေါ်နေသဖြင့် လှည့်ကြည့်လိုက်တော့ ကျွန်တော့်ကိုလှမ်းခေါ်နေသူမှာ ဉာဏ်ကျယ်ရယ်သာမို့. .

''ဘာတုန်းကွ ဉာဏ်ရ၊ မင်းဘာပြောချင်လို့တုံး''

''ဟိုလေ. . ဟို. . လမ်းမှာ သေနတ်တစ်ချက်မှ မပစ်ရဘူးဆိုတော့ တကယ်လို့များ လမ်းမှာ ဆင်အုပ်တို့၊ ပြောင်အုပ်တို့နဲ့ တိုးရင်ကော ဘာလုပ်ကြမလဲ''

ဟု မျက်လုံးကလေးပေကလပ်ပေကလပ်နှင့် မရဲတရဲ မေးနေသည်။ ကျွန်တော်က သူ့အထာကို နောကျေထားသူတစ်ယောက်မို့



www.burmeseclassic.com

www.burmeseclassic.com



ခပ်ပြတ်ပြတ်ပင် အဖြေပေးလိုက်သည်။

"အေး. . အဲဒါလည်း မပစ်ရဘူး"

ကျွန်တော့်အဖြေကို သူမကျေနပ်။ သို့အတွက် အထွန့်တက်လိုက်ပြန်သည်။

"တက်နင်းရင်ကောဗျာ"

သူရစ်နေမှန်း သိသဖြင့် အနီးရှိ နားထောင်နေကြသူများအတွင်းမှ အဘကောင်းက စိတ်မရှည်စွာနှင့် ဝင်ပြောလိုက်သည်။

"အေး. . နင့်ပထွေးတွေနဲ့တွေ့ရင် တက်မနင်းအောင် အရင်ဆုံးရှိခိုးတောင်းပန်ကြည့်ပေါ့။ တောင်းပန်လို့ မရရင် အသေသာခံလိုက်"

အဘကောင်း၏ စိတ်မရှည်စွာနှင့် ဝင်ရောက်ပြောလိုက်သောစကားကြောင့် စိတ်ပျက်အားငယ်သွားပုံရသည်။ လိုက်လာမိတာ မှားလေခြင်းဟူသော အတွေးမျိုး ရှိနေပုံရသဖြင့် ကျွန်တော်က သနားသွားမိပြန်သည်မို့ ဝင်ရောက်ဖျောင်းဖျလိုက်မိသည်။

"ဟုတ်တယ် ဉာဏ်ရေ၊ ရည်ရွယ်ချက်တစ်ခုကို ဖျက်ပြားစေမယ်ဆိုရင် အသက်နဲ့ လဲတာန်လဲရမယ်။ မင်း အခု သေနတ်တစ်ချက်ဖောက်လိုက်ရင် ဖွိုအကောင်တွေ ကြားသွားပြီး ပြေးကြရောပေါ့။ ဒီတော့ တို့လာခဲ့တဲ့ရည်ရွယ်ချက် ပျက်ရောပေါ့။ ဒါကြောင့် တားနေတာပါကွာ"

ကျွန်တော့်စကားတို့က သူငြင်းမရအောင် မှန်နေသည်မို့ ဘာတစ်ခွန်းမှ ပြန်မပြောနိုင်။ သေနတ်ကို စလွယ်သိုင်း၊ ကျောပိုးအိတ်ကိုကောက်ယူလွယ်ပိုးလိုက်ရင်း လျှောက်လှမ်းနေပေတော့သည်။

ဉာဏ်ကျယ့်အဖြစ်ကို ကျွန်တော်တို့အဖွဲ့သားများအားလုံး ကြည့်လိုက်ကြရင်း ခပ်ပါးပါးကလေး ရယ်မောလိုက်မိကြသော်လည်း ပတ်တုတ်လို့မရအောင် ဟားတိုက်ရယ်မောနေသူက လမ်းပြဒိန်ရယ်ပါ။

တောဆိုတာကလည်း အခက်သားပါကလား။ နှုတ်ခမ်းမွေးဆို





သည်က ကျားကိုခေါ်ခြင်းဖြစ်သည်။ မုဆိုးများကမူ တောကောင်၊ ဟင်းမျိုး၊ နားရွက်တို၊ ခေါင်းဝိုင်းဟူ၍ နာမ်နိမိတ်ပြီး ခေါ်ကြသည်။ ကျားဟုခေါ်လိုက်မိကြလျှင် အခေါ်ခံလိုက်ရသော ကျားသည် ကျားကျားယားယားနှင့် ရဲစိတ်ဝင်တတ်သဖြင့် အန္တရာယ်ပိုကြီးနိုင်သည်ဟု ယူဆကြကာ နာမ်နိမိတ်၍ ယခုကဲ့သို့ ခေါ်ကြခြင်းဖြစ်သည်။

တောလမ်းကြမ်းခရီးစဉ်အတိုင်း ခက်ခက်ခဲခဲနှင့် လျှောက်လှမ်းကြရင်း ညနေပိုင်း နေဝင်ဆည်းဆာအချိန်တွင် စိုင်တစ်အုပ်ကို ရှားရှားပါးပါး တွေ့လိုက်ရသည်။ ရေကန်ထဲကို စိုင်အုပ်က ရေသောက်ရန်ဆင်းအလာ ကျွန်တော်က တောင်ကုန်းပေါ်အတက်ပင်။ စိုင်အုပ်ကိုကြည့်၍ ဉာဏ်ကျယ်ကို ကျွန်တော်သနားလာသည်။ သူ့အငေါ်တူးခဲ့သောစကားတို့ကိုလည်း ကြားယောင်နေမိသည်။

စိုင်ဆိုသည့် သတ္တဝါမျိုးက အိမ်မွေးတိရစ္ဆာန် နွားများအရွယ်အစားထက် နည်းနည်းပိုပြီးကြီးသည်။ ညိုတိုတိုအသွေးနှင့် လှရေးကြွယ်သလို ခြေထောက်လေးဖက်က ခြေအိတ်အဖြူစွပ်ထားသည့် ပုံဏ္ဍာန်တူ၊ ပုံစံခပ်ဆင်ဆင်ရှိသော်လည်း သေသေချာချာကြည့်က ကွဲပြားသည်။

ကျွန်တော်ကိုယ်တိုင်ပင် လက်ယားလှသော်လည်း စိုင်အုပ်ကိုရှောင်ကွင်းခဲ့ပြီး ဆင်၊ ကျား၊ ကျားသစ်နှင့် မြွေတို့ပေါများလွန်းလှသောတောကြီးအတွင်းမှာပင် အထိုင်ကောင်းသော သစ်ပင်မြင့်ကြီးတစ်ပင်ပေါ်တက်လိုက်ကြရင်း တစ်ညတာ ကုန်လွန်စေခဲ့သည်။ မိုးစင်စင်လင်းပါမှ ညောင်ခြေထောက်အလွန် ဖုန်းဆိုးတောကြီးဆီသို့ ခရီးဆက်ခဲ့ကြပြန်သည်။

တောင်ကြီးတစ်တောင်ပေါ်မှ လှမ်းမြင်နေရသည်ကပင် အောက်ခြေရှိ ဖုန်းဆိုးတောကြီး၏ ကွင်းပြင်ကြီးသည် ချောက်ချားဖွယ်ရာအတိ ရှိနေသည်ကို တွေ့မြင်လိုက်ရသည်။ ကျွန်း၊ ပျဉ်းမ၊ အင်ကြင်းနှင့် သစ်ဂျုပင်ကြီးများ ကျိုးတိုးကျဲတဲပေါက်ရောက်နေကြပြီး အောက်ခြေတွင်



www.burmeseclassic.com

www.burmeseclassic.com



သက်ငယ်၊ ကိုင်းပင်၊ ကျူပင်ကြီးများတို့က ထူထပ်စွာဖြင့် ပိတ်ညှပ်နေကြသည်။

ကိုင်းပွင့်ဖြူဖြူတို့က လေအဝှေ့တွင် ယိမ်းနွဲ့နေကြပြီး ကျောက်တုံးကျောက်ဆောင်တို့လို ထိုးထိုးထောင်ထောင်ပေါ်နေသော ကုန်းကမူအချို့ကို ဟိုသည်တစ်ခုစနှစ်ခုစတွေ့ရပြီး ကြီးမားလွန်းလှသည့် သစ်ပင်ကြီးများကလည်း ကျိုးတိုးကျဲတဲ။

ကုန်းထိပ်တွင် ကပ်ပေါက်နေသော အပင်ငယ်များကို ကိုင်၍နောက်ပြန်ဆင်းလိုက်ကြပြီး ကွက်သာတစ်ခုတွင် စခန်းချကြသည်။ ကုန်းထိပ်တွင် ကုလားကြီးသန်းညွှန့်နှင့် အာလူး မွန်တို့က သေနတ်များကို အသင့်ကိုင်ရင်း ကင်းစောင့်နေကြသလို ကျွန်တော်တို့က စားဖို့အတွက် ချက်ပြုတ်ကြသည်။

ချက်ပြုတ်ကြသည် ဆိုတာကလည်း ထွေထွေထူးထူးမဟုတ်။ ဝါးကျည်တောက်အတွင်း ဆန်နှင့် လမ်းမှခူးလာကြသော စားလို့ကောင်းမည့်အရွက်များ ရောထည့်ထားသောအရာကို ရေနှင့်ရော၊ ဆားခတ်ပြီး ပြုတ်လိုက်ရုံပင်။ ဉာဏ်ကျယ်နို့းလာခဲ့သော အသားခြောက်တွေကို စဉ်းပြီး ရောထည့်လိုက်သဖြင့် ညစာကိုပင် အနိုင်နိုင်ချန်ရအောင် စား၍ကောင်းနေကြပြန်သည်မို့ အစ်ကိုကြီးဦးသိန်းလွင်က. .

''ဉာဏ်ကျယ်လေးတစ်ယောက် ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ မိန်းမလှလှလေးကို ရပါစေ''

ဟု ဆုပေးရသည့်တိုင်အောင်ပင်။

ဩော်. . ဉာဏ်ကျယ်တို့ကျေးဇူး ကြီးမားလှပေစွ။ အဖွဲ့သားအားလုံးတို့က မမောနိုင်မပန်းနိုင်၊ အောချလိုက်ကြတော့ ထုံးစံအတိုင်း မြောက်ကြ မြှောက်ကြ။

''ဉာဏ်လေးရယ်၊ ဆတ်သားခြောက်ကြီးပဲ ခိုးထည့်လာခဲ့ရသလား။ ဟိုဟာလေးပါ ခိုးထည့်လာရင် ပိုမကောင်းဘူးလား။ နှင်လေ





နည်းနည်းမှ အသုံးမကျဘူး''

အစ်ကိုကြီးဦးသိန်းလွင်က ပြောလိုက်သောကြောင့် ကုလားကြီးသန်းညွှန့်က ကြားဖြတ်ဝင်ပြောလိုက်ပုံက. .

''အချိန်ကျရင် ရောက်လာမှာပါလေ။ မပူပါနဲ့ အစ်ကိုကြီး'' တဲ့။

☯ ☯ ☯

နေ့လယ်ခင်း နေကျဲကျဲပူတော့မှ တောင်ထိပ်ကနေပြီး ကိုင်းတောကြီးရှိရာဆီသို့ ဆင်းလိုက်ကြသည်။ အောက်ကိုရောက်ကြတော့ တောကြီးကို အနီးကပ်ကြည့်လိုက်တော့ ကိုင်းတောကြီးအတွင်းရှိ ကိုင်းပင်များသည် တုတ်ခိုင်သန်စွမ်းပြီး လူနှစ်ရပ်နီးပါး မြင့်မား ရှည်လျားကြသည်ကို အံ့သြဖွယ်ရာ တွေ့မြင်ကြရသည်။

ဆေးပေါ့လိပ်ကို မီးညှိပြီး မီးခိုးငွေ့တွေကို မိုးပေါ်သို့မော့ပြီး မှုတ်ထုတ်လိုက်ရာ ကိုင်းတောကြီးဘက်ဆီသို့ မီးခိုးများ လွင့်ပါမသွားကြောင်း တွေ့လိုက်ကြရသဖြင့် ကိုင်းတောကြီးကိုပတ်ကာ သေနတ်များကို အသင့်ပစ်ခက်ရန် ဖွင့်ထားလိုက်ကြသည်။

သွားနေရာလမ်းကြောင်းတွင် ကျား၊ ကျားသစ်ခြေရာ လတ်ဆတ်ဆတ်များနှင့် အချို့ခြေရာများတွင် စွပ်ကြောင်းကြီးများပါ တွေ့မြင်ရပြီး တစ်ခါတစ်ခါ ပုပ်အဲ့အဲ့အနံ့တို့ကိုပါ ရနေသည်။ ထိုနေရာကို လှမ်းကြည့်လိုက်မိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မြင်လိုက်ရသည်က ကိုင်းတောကြီးအတွင်းသို့ ဝင်ထွက်ရာ လမ်းကြောင်းကြီးတစ်ခုကို တွေ့လိုက်ရသလို ထိုလမ်းကြောင်းပေါ်တွင် သွေးစက်အတော်များများနှင့် ထိုအထဲသို့ တိုးဝင်သွားသော စွပ်ကြောင်းကြီးတစ်ခုကိုလည်း ပြတ်သားထင်ရှားစွာ တွေ့မြင်လိုက်ကြရသည်။

မြင်ကွင်းအရ တွက်ဆကြည့်လိုက်တော့ သည်ကိုင်းတောကြီးအတွင်းမှာပင် သစ်ဆင်ကြီးရှိတာ သေချာလောက်ပေပြီ။ အုပ်မိုးယှက်သန်းနေသော ကိုင်းပင်များပေါ်ရှိ သက်ငယ်ပင်များနှင့် အရွက်များကြောင့် လမ်းကြောင်းများသည် လိုဏ်ဂူသဏ္ဍာန်မျိုးဖြစ်နေပြီး လူဝင်မည်ဆိုပါက လေးဖက်ထောက်ပြီးဝင်မှ ရမည့်ပုံစံမျိုး။

လမ်းကြောင်းနှင့် မနီးမဝေး ကိုင်းပင်ပါးရာနေရာများတွင် တောကောင်လမ်းကြောင်း ဖုံဖုံကလေးများကိုလည်း မြင်နေရပြီး လတ်လတ်ဆတ်ဆတ်ခြေရာများကိုလည်း တွေ့မြင်ကြရပြန်သည်။

ကျွန်တော်တို့အဖွဲ့ ရပ်တန့်နေကြသောနေရာသည် ကျောက်တုံးကျောက်ခဲ၊ သစ်ငုတ်များ ထူထပ်သဖြင့် ကိုင်းပင်နှင့် ကျူပင်၊ မြက်ပင်ရှည်တို့မှာ ဒူးဆစ်ခန့်သာသာလောက်သာ ရှည်ကြသည်မို့ ပစ်ခတ်ကြတော့မည်ဆိုပါက ပစ်ကွင်း (သတ်ကွင်း) က ကောင်းနေသည်။

ဝါးနက်ဝါးကို အဆစ်တစ်ထွာခန့်ချန်၍ လှေကားလုပ်ရန် ခုတ်ကာ ပျဉ်းမပင်ကြီးတစ်ပင်ပေါ်တွင် အားလုံးတက်ရောက်နေရာယူရင်း လင့်ထိုင်လိုက်ကြသည်။ မြေပြင်မှ ပေနှစ်ဆယ်ခန့်မြင့်သောနေရာ ခွဆုံကိုင်းတွင် နေထိုင်ရန် သင့်တော်မည်ဖြစ်သော လင့်တစ်ခုကို ဆောက်လုပ်ကြပြီး သားကောင်တို့၏ ဝင်လမ်း၊ ထွက်လမ်းနှင့် ကိုင်းတောကြီးကို အပေါ်စီးမှ နေရာအသီးသီးကို ယူထားကြသော ကျွန်တော်တို့အုပ်စု ကိုင်းတောကြီး၏အခြေအနေများကို အကဲခတ်ကြည့်ရှုလေ့လာ သုံးသပ်နေလိုက်ကြသည်။ ညနေစာကို လင့်ထက်ဘွင်ပင် စားလိုက်ကြပြီး အမှောင်ဖုံးလာတော့ တစ်ဦးကိုတစ်ဦး စကားမပြောကြဘဲ နေလိုက်ကြပေသည်။





တောကြီးစိမ်းစိမ်းမို့ အမှောင်ထုက သိပ်သည်းလာသည်နှင့် အမျှ အအေးဓာတ်ကလည်း ပိုလာသည်။ မျက်စိအောက်ရှိ ကိုင်းတောကြီးမှာလည်း ရှေ့တွင်ပင် ချောက်ချားဖွယ်အတိ ဖြစ်လာတော့သည်။

ဘာဘူ (ခ) ကုလားကြီးသန်းညွန့်က သူ့ခိုးထည့်ယူလာခဲ့သော အရက်ကို အနည်းငယ်စီ မော့လိုက်ကြတော့မှပင် သွေးတို့က ပူနွေးလာသည်။

ညသည် ပိန်းပိတ်အောင် မှောင်နေသည်။ ဟိုအနား သည်အနားများမှ ကျားဟိန်းသံများ၊ ကျားတစ်သံများကို ကြားလာရသလို ချိုးချိုးချွတ်ချွတ်အသံများကလည်း မျိုးစုံထွက်ပေါ်လာသည်။ အချို့အသံများသည် အပင်အောက်နီးနီးလောက်မှ ထွက်ပေါ်လာကြသဖြင့် ကျွန်တော်တို့ လန့်ဖျပ်ပြီး အောက်ကိုပြုတ်ကျမသွားစေရန် အားတင်းသတိထားနေရသည်။

ညဉ့်အတော်နက်တော့ ကြားနေရသောအသံတို့ တော်တော်ပါးသွားသည်။ အစာထွက်ရှာကြသဖြင့် အဝေးဆီများသို့ ရောက်ကုန်ကြပြီထင့်။ ဒါတောင် ကိုင်းတောကြီးအတွင်းမှ ဟိန်းသံ၊ မာန်ဖီသံ တစ်ချက်နှစ်ချက်ကြားနေရသေးသည်။ မီးမထိုးရဲ၊ စကားမပြောရဲကြသဖြင့် ဆိတ်ငြိမ်နေကြရာ အတန်ကြာမှပင် မေးခန့် အိပ်ပျော်သွားမိသည်။

မေးခန့်ဆိုပေမယ့် အချိန်မည်မျှကြာသွားသည်ကိုတော့ မသိ။ ဖျတ်ခနဲ သတိရလိုက်တော့ အရှေ့တက်အလင်းရောင် မှုန်ဝါးဝါးပင်လာနေပေပြီ။ အဖွဲ့သားများကို လှုပ်နှိုးလိုက်မိသည်။ အဖွဲ့သားများ ကမူးရှူးထိုးနှင့် အိပ်ပျော်နေကြရင်းမှ ထထိုင်လိုက်ကြသည့်အချိန်၊ လင့်စင်အောက်မှ ရင်တုန်လောက်အောင်ကပ်၍ ထွက်ပေါ်လာသော ကျားဟိန်းသံကြီးတစ်သံကြောင့် အားလုံး ဝရုန်းသုန်းကားဖြစ်သွားကြသော အခြေအနေတို့ကြောင့် အောက်တွင်ရောက်ရှိနေသော ကျားကြီးက မြင်တွေ့သွားဟန်တူသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ကိုင်ဆောင်ထားသောနှစ်လုံးပြူးကို သစ်ပင်အောက် သားကောင်ကြီးရှိရာဆီကို ချိန်ရွယ်လိုက်ရင်း လုံခြုံရေးမောင်းထိန်းခလုတ်ကို ရှေ့သို့တွန်းပို့လိုက်သလို အောက်မှသားကောင်ကြီးကိုလည်း အလျှင်စလိုရှာဖွေနေလိုက်မိသည်။

တွေ့ပေပြီ၊ ကျွန်တော်တို့တက်ရောက်နေရာယူထားသော ပျဉ်းမပင်ကြီးအောက် မလှမ်းမကမ်းတွင် ကိုင်းပင်များအကြား ရုံးတိုးရိပ်တိတ်မို့ ပစ်ကွင်းက မသာသေး။ ကျွန်တော့်နည်းတူ အဘကောင်း၊ ဦးသိန်းလွင်၊ ဉာဏ်ကျယ်၊ အာလူး၊ မွန်နှင့် တင်စိုးတို့ကလည်း ကိုင်ဆောင်ထားပြီးကြသော သေနတ်များနှင့် အပင်အောက်ရှိ သားကောင်ကြီး၏ လှုပ်ရှားမှုကို လိုက်လံချိန်ရွယ်နေကြသလို လမ်းပြမုဆိုး ဒိန်က သူ့လက်စွဲတော် ဒူးလေးကြီး၏ လေးညို့ကို ဆွဲတင်၊ မြားလမ်းကြောင်းအတွင်း မြားတံသွင်းပြီး အသင့်။

အစာရှာရာမှ ပြန်လာသော ဟင်းမျိုးကြီးသည် နေ့လယ်ခင်းက ကျွန်တော်တို့ရပ်နေခဲ့သောနေရာမှာ သူ၏ဒူးဆစ်လောက်ရှိ မြက်ရိုင်းရှည်များကြားမှ သူ၏ကိုယ်ထုံးကို တစ်ဝက်လောက်ပေါ်နေပြီး ကျွန်တော်တို့ရှိရာ သစ်ပင်ကြီးထက် လင့်ပေါ်မှ လူများကို လှမ်းမျှော်ကြည့်နေရင်း တအံ့တဩဖြစ်နေပုံရသည်။ ပါးစပ်ကြီးကို အစွမ်းကုန်ဖြဲပြီး ဟိန်းလိုက်သဖြင့် ဝါညစ်ညစ်အစွယ်ကြီးနှစ်ချောင်းကိုပင် အတိုင်းသား ကြောက်ခမန်းလိလိ တွေ့လိုက်ရသည်။ အကောင်က သေးသေးမဟုတ်။ ခုနစ်တောင်၊ ရှစ်တောင်ခန့် ရှိမည်ဟု ခန့်မှန်းရသည်။

"ဒိန်း . . ဒိန်း . . ဒိန်း . ."

ပေါက်ကွဲသံကြီးတို့က ဟိန်းထွက်သွားသည်။ လင့်ပင် တုန်ခါသွားသည်ထင့်။ ကိုင်းပင်၊ မြက်ပင်ရှည်များကြားမှ ဟင်းကောင်ကြီးမြောက်ခနဲ ဆယ်ပေလောက် အထက်သို့ခုန်တက်သွားပြီး အောက်သို့ပြန်ကျတော့ မြေပြင်တွင် ကျွမ်းထိုးကာ ပတ်ချာလည်နေသည်။





ထိုအဖြစ်ကို တွေ့မြင်သွားသော နောက်တစ်ကောင်က ကိုက်ဖျံလာသောအစာကို ချ၍ အပေါ်ကိုမော့ကြည့်ရင်း မာန်ဖီဟိန်းဟောက်ကာ ကိုင်းတောကြီး၏ ဝင်လမ်းကို ဖြတ်ပြေးသွားသည်။

"ဒိုင်း . . ဒိုင်း . . ဒိုင်း . ."

ဘကြီးကောင်း၊ ဦးသိန်းလွင်နှင့် ဉာဏ်ကျယ်တို့လက်မှ ကိုင်ဆောင်ထားကြသော သေနတ်များက တာဝန်ပိုင်းကို အတိအကျပင် ထမ်းဆောင်လိုက်ကြသည်။ ကျားကြီး၏ လည်တိုင်၊ လက်ပြင်နှင့် ကိုယ်လုံးကြီးကို ထိသွားပုံရသည်။ လေးဝါးပတ်လောက် မြေပြင်တွင် လူးလိမ့်လိုက်ရင်း ကိုင်းတောကြီးအတွင်း တိုးဝင်ပျောက်ကွယ်သွားသည်။

"ဒိုင်း . . ဒိုင်း . ."

ကျားပေါက်တစ်ကောင် ကုလားကြီးသန်းညွန့်နှင့် အာလူးတို့ထံမှ သေနတ်သံများနှင့်အတူ လဲကျသွားသည်။ မြေပြင်တွင် လူးရင်းလိမ့်ရင်းမှ နီးရာပါရာတို့ကို ကုတ်ဖဲ့ကိုက်ခဲရင်း ဒယီးဒယိုင်နှင့် ထပြေးသဖြင့် . .

"ဒေါင် . ."

ဒိန်၏ လေးညို့ကို လွှတ်လိုက်သံနှင့်အတူ ရှေ့လက်နှစ်ဖက်ကို ချုပ်၍ မြားတံက ကျောတွင် အဆုံးထိတိုင် တာဝန်ကျေသွားပြီး မြေပြင်သို့ ဘေးတိုက်ပစ်လဲကာ သစ်မြစ်ဆုံပိုင်းကြီးကို ကိုက်ခဲရင်း အသက်ပျောက်သွားသည်။

နောက်ထပ် ဟင်းမျိုးနှစ်ကောင်ကို ကိုင်းပင်၊ မြက်ပင်၊ ကျူပင်များကြားမှ ရိပ်ခနဲ ရိပ်ခနဲ ဖြတ်ပြေးသွားကြသည်ကို တွေ့မြင်လိုက်ကြသော်လည်း ပစ်ကွင်းမသာသည့်အတွက် တစ်ဦးမျှ လိုက်လံမပစ်ခတ်လိုက်ကြရဘဲ လက်လွှတ်လိုက်ကြရသည်။

ဖုန်းဆိုးတောကြီးကား ယမ်းနံ့၊ သွေးနံ့တို့နှင့်အတူ ငြိမ်သက်သွားခဲ့သည်။ သားကောင်များကို ရေတွက်ကြည့်လိုက်တော့ ကျွန်ုပ်



www.burmeseclassic.com

www.burmeseclassic.com



ကောင် အသေ သတ်ကွင်းသို့ရောက်ပြီး ပစ်ကွင်းမရလိုက်သဖြင့် ပြေးလွှားပျောက်ကွယ်သွားသည်က နှစ်ကောင်၊ တစ်ကောင်က သေနတ်ဒဏ်ရာသုံးချက်နှင့် ကိုင်းတောထဲသို့ တိုးဝင်ပျောက်ကွယ်နေသည်။

ပထမဦးဆုံးပစ်လိုက်ရသော အကောင်ကြီးမှာ နေရာတွင်ပင် ဆန့်ငင်ဆန့်ငင်နှင့် လှုပ်ရှားမှုရှိနေပေမယ့် နောက်ထပ်စခန်းသိမ်း၍ ဘာမလိုတော့။

အရှေ့ဆီမှ နေလုံးကြီးသည် မြွေဟောက်တောင်ကြီးအထက် တော်တော်မြင့်မြင့်ဆီတွင် စူးစူးရဲရဲဖြစ်လာချိန်မှ လင့်ထက်က ဆင်းလိုက်ကြပြီး ကျားသေကြီးနှစ်ကောင်ကို ကြည့်ရှုစစ်ဆေးလိုက်ကြသည်။ ပထမအကောင်ကြီးက လက်ပြင်၊ လည်တိုင်၊ ဦးခေါင်းတို့ကို ထိပြီး ကိစ္စတုံး။ ဒုတိယအကောင်က လည်တိုင်နှင့် နောက်ခြေထောက်နှစ်ချောင်း သွင်သွင်ကျိုးပြီး ဘယ်၊ ညာလက်တို့၏အထက် လက်ပြင်ရင်းတွင် ချုပ်လျက် အဆိပ်လူးမြားတံက အဆုံးထိတိုင် စိုက်ဝင်လျက်သား။

အဖွဲ့သားများအားလုံးက သေနတ်များကို အရေးရှိက အသင့်ပစ်ခတ်နိုင်ကြရန် အဆင်သင့်ချိန်ရွယ်လိုက်ကြရင်း ကျူတောနှင့် ကိုင်းဘောကြီးကို ဝိုင်းပတ်၍ ဒဏ်ရာရသားကောင်ကြီးကို ရှာသည်။ တုတ်၊ မြေကြီးခဲမျိုးစုံတို့နှင့် ချုံကြီးများအတွင်းသို့ ခြောက်လှန့်ပစ်ပေါက်ထုတ်လိုက်တော့ ကိုင်းတောကြီးအတွင်းမှ ဖင်တစ်ပိုင်းကိုတရွတ်ဆွဲ၍ ရှေ့လက်နှစ်ဖက်ကို ရှက်မိုးလျက် ထွက်လာသော ကြောက်ခမန်းလိလိ ဒေါသသံ၊ နာကြည်းသံ၊ ရန်လိုသံတို့နှင့်အတူ မာန်သွင်းဟိန်းဟောက်ကာ ကျွန်တော်တို့ကို ကျဉ်နာခဲခဲရန် ထွက်လာသော သားကောင်ကြီးတစ်ကောင်၏ အဖြစ်ကို အံ့သြထိတ်လန့်စွာနှင့် ငေးငေးငူငူကြည့်နေလိုက်ကြစဉ်အတွင်းမှာပင်. .

"ဒေါင်. ."

လေးညို့မှ လေးလွှတ်လိုက်သံကြီးနှင့်အတူ အရှိန်အဟုန်ပြင်း





စွာနှင့် ပြေးထွက်သွားသော မြားတံတစ်ချောင်းက မာန်ဖီရန်လိုနေသော သားကောင်ကြီး၏ မျက်လုံးနှစ်လုံးကြားတွင် အဆုံးစိုက်ဝင်နစ်မြုပ်သွားသည်ကို တွေ့မြင်လိုက်ရပေတော့သည်။ သားကောင်ကြီးမှာ ကိုင်းတောများအတွင်း သုံးလေးပတ်လောက် လူးရင်းလိမ့်ရင်းမှ ငြိမ်ကျသွားပေသည်။

အသက်ပျောက်နေပြီဖြစ်သော သားကောင်ကြီးကို သေချာစွာကြည့်လိုက်တော့ ကျွန်တော်တို့ လိုက်လံစခန်းသိမ်းနေသော သစ်ဆင်ကြီးတစ်ကောင်ဖြစ်နေကြောင်း အံ့သြစွာဖြင့် တွေ့မြင်လိုက်ကြရပေတော့သည်။

ထိုစဉ်. .

ဝေါင်းခနဲ မြေတုန်ဟည်းလိုက်သော ကျားဟိန်းသံကြီးတစ်သံကို လက်ျာဘက် ကျူတောကြီးအတွင်းမှ စူးရှကျယ်လောင်စွာ ကြားလိုက်ရသဖြင့် လျှပ်တစ်ပြက်ပင် အသံကြီးကြားလိုက်ရာ နေရာဆီသို့ သေနတ်များကို ပြောင်းခင်းထားလိုက်ကြပေတော့သည်။ ဒဏ်ရာရထားသော သားကောင်ကြီးသည် ရှေ့လက်နှစ်ဖက်ကို အားပြုကာ ကျူတောကြီးအတွင်းမှ တိုးထွက်လာနေသည်ကို တွေ့မြင်လိုက်ကြရသဖြင့်. .

"ဒိုင်း. . ဒိုင်း. . ဒိုင်း. . ဒိုင်း. . ဒိုင်း. ."

ဟူသော ပေါက်ကွဲသံကြီးများနှင့်အတူ ကျွန်တော်တို့ ဝိုင်း၍ ကိစ္စတုံးလိုက်ရပေတော့သည်။ ကျားကြီးသုံးကောင်နှင့် ကျားသစ်ကြီးတစ်ကောင်တို့ သေပွဲဝင်နေကြပုံများကို အံ့သြထိတ်လန့်စွာနှင့် ဦးသိန်းလွင်က ကြည့်ရင်း မှတ်ချက်ပြုလိုက်တာကတော့. .

"တော်ပါသေးရဲ့။ သစ်ဆင်ကြီးကိုပါ ရလိုက်လို့ပေါ့။ မရရများ မရခဲ့ရင် ရွာသားတွေအတွက် ခက်များခက်ရချေရဲ့" . . တဲ့။



www.burmeseclassic.com

www.burmeseclassic.com



သံပြွတ်နှင့်တွန်နေသော တောကြက်ဖယ်တို့၏ အသံများ အပြင် ကျေးငှက်သံတစာစာတို့မှတစ်ပါး တစ်တောတစ်တောင်လုံးသည် ငြိမ်သက်နေသည်။ မြူငွေ့များကို သယ်ယူလာသော လတ်ဆတ်သည့် လေအေးတို့သည် အောက်ခြေမှ မြွေဟောက်တောင်မကြီးပေါ်ဆီအထိ တိုက်ခတ်ဝေ့ဝဲလာသည်။

သည်နေ့မှ မြွေဟောက်တောင်မကြီးသည် ခါတိုင်းနေ့တွေထက် ပိုပြီးသာယာနေသယောင်ပင်။ သူ၏အောက်ခြေ ကျားရဲပေါ်သော ကိုင်း တောကြီးသည်ပင် တောင်မကြီးပေါ်မှ စီးကြည့်နေသော ကျွန်တော်တို့ အဖို့ ရွှေကော်ဇောကြီးတစ်ချပ် ဖြန့်ခင်းထားသလို နူးအိညံ့သက်လျက် သူ့ရင်ခွင်တွင် အန္တရာယ်များမရှိတော့သယောင် မာယာဆောင်နေဆဲ ရယ်လားလို့ တွေးတောမိရင်း အားပြည့်သော လေအေးကို တအားရှူ သွင်းလိုက်ကာ ဖုန်းဆိုးတောကြီးကို နှုတ်ဆက်အကြည့်များနှင့် လူသား မှဆိုးကိုးဦးသား ဆီး၍ကြည့်နေလိုက်ကြမိသည်။

ကျားသုံးကောင်နှင့်ကျားသစ်တစ်ကောင်တို့ကို လူကိုးဦး မနိုင် ကြသဖြင့် သားရေကိုခွာပြီး ဦးခေါင်းအပါအဝင် ရှေ့နောက်လက်ပြင်နှင့် ပေါင်သားတစ်ဆယ့်ခြောက်ချောင်းကို အရယူ၍ ထမ်းပိုးတန်းနှင့် မျှဝေ ထမ်းထားကြသော ဒိန်၊ ဉာဏ်ကျယ်၊ တင်စိုး၊ အာလူး၊ မွန်၊ ကုလားကြီး သန်းညွန့်တို့ လူငယ်ခြောက်ဦးက အောင်မြင်မှုအထိမ်းအမှတ်နှင့် ဝမ်း ပန်းတသာ တရှိက်ဖက်မက် တစ်ဦးချင်းကို လိုက်လံဖက်ယမ်းနမ်းရှုပ် နေသော အစ်ကိုကြီးဦးသိန်းလွင်ရဲ့ ဝမ်းသာပီတိ တုန်ခါနေမှုကို ကျွန် တော်နှင့် အဘကောင်းတို့က စူးစူးစိုက်စိုက်ကြည့်နေရင်း အမှတ်ရလိုက် မိသည်က. .

"လုပ်ငန်းတွေ များလွန်းလို့ ညီလေးတို့အဖွဲ့နဲ့ တောပစ်မလိုက် ရတာ ကြာပြီကွာ။ တို့ညီအစ်ကိုတွေ အေးအေးဆေးဆေးအနားယူရင်း ကဲလိုက်ကြရအောင်။ ခုလို အလုပ်ပါးနေတုန်း တစ်ခေါက်လောက်ထွက်





လိုက်ကြရအောင် စီစဉ်စမ်းပါဦးကွာ"

ရယ်လို့ ဆိုလာခဲ့သူ အစ်ကိုကြီးဦးသိန်းလွင်၏ဆန္ဒများ ရာ နှုန်းပြည့်အောင်မြင်မှုကြောင့် ပီတိဝေဖြာနေမှုအဖြစ်ကို ကြည့်နေရင်းမှ ကျွန်တော်ကျေနပ်နေမိသည်။

အစ်ကိုကြီးဦးသိန်းလွင်မှာ ရထားပြီးဖြစ်သော သားကောင် များ၏ ဦးခေါင်း၊ သားရေ လက်နှင့် ပေါင်များကို ထမ်းပိုးများနှင့် ရှေ့ နောက်မျှဝေထမ်းထားကြသော လူငယ်ခြောက်ဦးတို့ကို နှစ်လို အားရွှင် မြူးစွာနှင့် တစ်ဦးချင်းစီ သိုင်းဖက်နမ်းရှုပ်လိုက်ရင်းက သူ့လက်စွဲတော် (၁၃. ၁၃) ဝင်ချက်စတာသေနတ်ကို ညာလက်မှ ဆုပ်ကိုင်မြှောက်တင်လိုက် ရင်း ဖုန်းဆိုးတောကြီးကို နှုတ်ဆက်နေလိုက်ပုံက. .

"တို့သွားကြတော့မယ်ဟေ့။ တို့ရွာသူရွာသားတွေနဲ့ ကျွဲနွားတွေ ကို မင်းတို့ ဒုက္ခပေးခဲ့ပေါင်း များခဲ့ကြပြီ။ ဒီတစ်ခါ ထပ်ပြီး ရွာသူရွာ သားတွေကို ဒုက္ခပေးခဲ့ရင် တို့အဖွဲ့ နောက်တစ်ခါပြန်လာခဲ့ဦးမယ်ဟေ့"

ဟု အော်ဟစ်ကြုံးဝါးလိုက်ရင်း စခန်းရှိရာဆီသို့ ဦးတည်လိုက် ကြသည်။ အပြန်ခရီးကား မျက်နှာပန်းလှပစွာနှင့် အဆုံးသတ်လိုက်ကြ ပေသည်။ ။

❖

www.burmeseclassic.com

ကျွတ်တို့မာယာ



# ကျွတ်တို့မာယာ

ကျွန်တော်တို့အဖွဲ့ တောတောင်များအတွင်း လှည့်လည်၍ အမဲသားကောင်တို့ကို ပစ်ခတ်နေကြစဉ်အတွင်း 'ကျွတ်' များနှင့်ပတ်သက်ပြီး တွေ့ကြုံခဲ့ရဖူးသည်က နှစ်မျိုးနှစ်စားပင်။

တစ်မျိုးက သင်းခွေချပ်လို ခြေ လက် လေးချောင်းရှိသော အကောင်မှိုနှင့် နောက်တစ်မျိုးက နာနာဘာဝလို ဂမ္ဘီရဆန်ဆန် ကျွတ်နှစ်မျိုးကို တွေ့ခဲ့ရသည်။

ထိုနှစ်မျိုးလုံးသည် ကျွန်တော်နှင့်မစိမ်း။ ရင်းနှီးကြပြီးသားရယ်သာ။ ထိုနှစ်မျိုးစလုံးကိုပင် အမဲပစ်ခရီးတစ်ခုအတွင်းမှာပင် ကြုံတွေ့ခဲ့ရသည်။

ကြုံတွေ့ခဲ့ရပုံက. .

သိပ်ဝေးဝေးခရီးတော့ မဟုတ်။ 'ရေပြာစမ်း' စခန်းတွင်ရယ်သာ။ ထိုစခန်းက ဆင်စခန်းတစ်ခု။ ရန်ကုန်မှ မှော်ဘီ၊ မြောင်းတကာ၊ ဖူးကြီးနှင့် တိုက်ကြီးတို့အလွန်တွင်ပင်။ ပဲခူးရိုးမကြီးအတွင်း ပြေးသည်။ မြဝတီရုပ်မြင်သံကြားမှ တောဆင်ရိုင်းတို့ကို မောင်းနှင်ထုတ်ပစ်လိုက်

www.burmeseclassic.com



သည်တို့ကို ရိုက်ပြသောနေရာ)

နိုင်ငံတော်၏ သစ်ထုတ်လုပ်ရေးတွင် အဓိကကျသော စခန်းတစ်ခုဖြစ်သည်။ ကျွန်တော်က ထိုစခန်းရှိ ဆင်အုပ်ကြီးဦးသန်းမောင်နှင့် ခင်မင်ရင်းနှီးခဲ့သည်မှာ ကြာပြီဖြစ်သည့်အလျောက် မကြာခဏ သူ့ထံသို့ အပဲလည်ရန် ဇိတ်ခေါ်ခြင်းကို ခံရသည်ဖြစ်သော်လည်း အကြောင်းအမျိုးမျိုးတို့ကြောင့် မရောက်ဖြစ်ခဲ့။

ဆင်အုပ်ကြီးဦးသန်းမောင်မှာ ထောင်ထောင်မောင်းမောင်းနှင့် ဖလံကောင်းသူဖြစ်သည်။ အသက် ၁၂ နှစ်သားလောက်ကပင် ဆင်ပဲ့ချိတ်၊ ပဲ့စီး၊ ဦးစီးဆင်ခေါင်း၊ ဆင်အုပ်နှင့် ဆင်အုပ်ကြီး စသည်ဖြင့် လုပ်ကိုင်လာခဲ့ရာ ယခုအချိန်တွင် အသက်လေးဆယ်ကျော်အရွယ်ပင်။ ဦးသန်းမောင်တို့ မျိုးရိုးစဉ်ဆက်မှာ ဆင်သမားမျိုးရိုးဖြစ်သည်။ ဆင်နှင့် ပတ်သက်ပြီး မျိုးစုံလုပ်ကိုင်ခဲ့ဖူးရာ ယခုအချိန်တွင် သူသည် စခန်းတွင် အခြားစခန်းသို့ မပြောင်းရွှေ့မိ ရောက်အောင်လာခဲ့ရန် အတန်တန်မှာကြားနေခြင်းတို့ကြောင့်လည်း ဖြစ်သည်။

ကျွန်တော်တို့အုပ်စု သူ့စခန်းဆီရောက်တော့ ပျာပျာသလဲ ဆီးကြိုရှာသည်။ လွတ်လပ်စွာနေလိုကြသော ကျွန်တော်တို့မှာ သူ့စခန်းတွင် မနေဘဲ သူ့စခန်းပြင်ပရှိ သူ့မိတ်ဆွေ လင်းယုန်ကြီးနှင့် ဘုတိုမတို့တဲတွင် အထိုင်ချလိုက်ကြသည်။

သစ်၊ ဝါး၊ လံထင်း၊ မီးသွေး ဖုတ်သည်။ အမဲလိုက်ရာတွင် ဒူးလေးနှင့် မြားတို့ကို အသုံးပြုသည်။ (အဆိပ်ကို နားမလည်သဖြင့် မသုံး) ထောင်ချောက်နှင့် သုတ်ကိုင်းအမျိုးမျိုးတို့ကို ထောင်ထားလျက် သားကောင်တို့ကို ထောင်ဖမ်းသည်။ အထူးသဖြင့် ဖွတ်လိုက်ကောင်းသူဖြစ်သဖြင့် 'ဖွတ်လင်းယုန်' ဟုလည်း သူ့နာမည်ကို ထိုတစ်ဝိုက်က တင်စားခေါ်ဝေါ်ကြသည်။

သူပိုင်ခွေးများတို့နှင့် လိုက်၍ရသော ဖွတ်များကို သူနေထိုင်





ရာတဲ၏ အောက်ခြေတိုင်များတွင် ဖွတ်မြီးနှင့် ဖွတ်များကိုကို မြန်ချည်ထားသည်မှာ အချို့သော ထိုတိုင်များတွင် ကိုးကောင်လောက်အထိ ရှိနေကြသည်ကို တွေ့မြင်ရသည်။ အချို့သော တောသူတောင်သားများတို့က အလှူအတန်းများ ပြုလုပ်ကြရာတွင် ဖွတ်သားနှင့် ညှော်ခံကျွေးမွေးလိုသူများမှာ သူ့ထံတွင်ပင် လိုသလောက်မှာယူက ရနိုင်သည်ဟူ၍လည်း ဆိုကြသည်။ အမြင်အားဖြင့်လည်း ဟုတ်နေသည်ကို တွေ့မြင်နေရသည်။

ဖွတ်အမျိုးအစားတို့ကား ထိုနေရာတွင် လေးမျိုးရှိသည့်အနက် ရုန်းဖွတ်၊ ခပ်ချိုဖွတ်၊ ဖွတ်ကျားနှင့် ဖွတ်ညှင်းခံ စသည့် လေးမျိုးစလုံးကို သူနေထိုင်ရာတဲ၏ အောက်ခြေတိုင်များတွင် တွေ့နေရသည်။

သူနေထိုင်ရာ ဝန်းကျင်တစ်ဝိုက် သားကောင်များ ပေါများသလို ကျေးငှက်သာရကာတို့ကလည်း အလွန်ပေါသည်။ ရေပြာစမ်းစခန်းတည်ရှိရာသည့် ရိုးမကြီးအတွင်း ဝင်ကြထွက်ကြသူများတို့အဖို့ လိုအပ်သောပစ္စည်းများတို့ကို စုံလင်စွာပင် ရနိုင်သည့်အနေအထားမို့ အထိုက်အလျောက်စည်ကားသည်။ ရိုးမကြီးအတွင်းပိုင်း ဝင်ရောက်အလုပ်လုပ်ကိုင်ကြမည့်သူတို့အတွက် အချက်အချာကျသော နေရာတစ်ခုလည်းဖြစ်သည်။ ထိုနေရာဆီမှ ရိုးမကြီးအတွင်းပိုင်းဆီသို့ တိုးဝင်လိုက်လျှင် ရေတိကောင်း၊ ဆင်စွယ်ပတ္တလား၊ တောင်ထန်းပုံ၊ ညောင်ပင်ဖွင့်၊ မဟာမြိုင်ကို လူကွဲမှုတစ်ဆင့် မဟာမြိုင် (ခေါ်) စိန်တောင်အောက်ခြေ တောနက်ကြီးအတွင်းဆီသို့။

အမှန်က ထိုနေရာကို မဟာမြိုင်ဟု ခေါ်ဆိုလိုက်လျှင်ပင် လုံလောက်မှုရှိနေသော်လည်း တောသူတောင်သားများတို့က နံနက်ခင်းအလင်းအရုဏ်တွင် ထွက်စပြုသောနေမင်း၏ အလင်းရောင်တို့ကြောင့် ထိုတောင်ကြီးတွင် ကပ်ငြိနေကြသော မြိုင်စိန်မြားတို့က ပြိုးပြိုးပြက်ပြက်နှင့် ပြန်လည်ရောင်ပြန်ဟပ်လိုက်မှုတို့ကြောင့် ထိုမြင်ကွင်းများကို နေ့



www.burmeseclassic.com

www.burmeseclassic.com



စဉ်တွေ့မြင်နေကြသော တောသူတောင်သားများတို့က စိန်တောင်ကြီး မှည့်ခေါ်နေကြသည့်အတွက် စိန်တောင်ဟု အမည်တွင်ခဲ့ရခြင်းပင်။

ရေပြာစမ်းစခန်းဆီမှ စိန့်တောင်ကြီးရှိရာဆီသို့ တစ်ပြန့်တစ် ပြော ကျယ်ဝန်းနက်ရှိုင်းလှသော ပဲခူးရိုးမတောကြီးအတွင်းမို့ ပေါက် ရောက်နေကြသော သစ်ရိုင်းပင်ကြီးများနှင့် သီးပင်စားပင်တို့ကလည်း မသေးလှ။

ကျွန်း၊ ပျဉ်းကတိုး၊ သစ်ရာ၊ အင်ကြင်း၊ ဘန့်ပွေးတို့မှအစ ကြွက်နွယ်တော၊ ဒေါင့်တလောင်တော၊ ထမသိုင်းတော၊ ဓါးဇတ်၊ ကပ် စေးနဲ့၊ နဘူး၊ ဒမငယ်၊ နွယ်ပေါက်တောကြီးတို့အပြင် တောင်တန်းတောင် သွယ်၊ ကျောက်ပြန့်အိုင်ကြီးများတို့ကလည်း ရှိနေကြပြန်သေးသည်။

တောဟျင်းနေ သားကောင်များတို့အဖို့ စားစရာသောက်စရာ၊ ပုန်းခိုအိပ်စက်နားနေစရာတွေ ပြည့်စုံနေလျှင် လုံလောက်နေပြီမို့ သား ကောင်တို့က ထိုနေရာဆီတွင် ပေါများနေကြသည်က အဆန်းတော့ မဟုတ်ပေ။

ကျွန်တော်က အရက်ခွက်ကို မော့သောက်လိုက်ပြီး ပန်းကန် ပြားအတွင်းမှ ငှက်ငန်းကြော်ကို နှိုက်ယူဝါးစားနေလိုက်သည်။ နွေ ကာလ၏ နံနက်ခင်းပင်ဆိုသော်လည်း ရိုးမတောကြီးအတွင်းမို့ အအေး ဓာတ်တို့က လွှမ်းမိုးမင်းမူနေဆဲ။ ပတ်ဝန်းကျင်ဆီတို့မှ ချေဟောက်သံ၊ တောကြက်များတွန်သံ၊ မျောက်အော်သံ၊ ဘုတ်အီသံ၊ ဂျစ်ဖကြီးတို့၏ အတောင်ခါသံများနှင့် အောင်လောင်ငှက်သံတို့ကိုလည်း ကြားနေရသည်။ ကျေးငှက်သာရကာတို့ကလည်း သူ့အုပ်စုနှင့်သူ စားပင်များရှိရာဆီသို့ ပျံသန်းသွားလာနေကြသည်။

ကျွန်တော့်အကြည့်တို့က ညပိုင်း မီးထိုးလျက် ရှာဖွေပစ်ခတ် ထားကြသော ဆတ်ကြီးနှစ်ကောင်၊ ဝက်တစ်ကောင်၊ ခွေးတူဝက်တူ တစ်ကောင်၊ ချေသုံးကောင်တို့ကို ဘောင်းဘီတိုကလေးများနှင့် အရေခွံ





အမွေးခြစ်ပြီး ခုတ်ထစ်ပိုင်းဖြတ်ကြဖို့ လုပ်နေကြသော အဖွဲ့သားလူငယ် တို့ကို လှမ်းကြည့်နေစဉ် နောက်ပိုင်း တဲထောင့်မှ. .

"ဘိုလေး. . ဘိုလေး. ."

"ဗျာ. ."

"ဒီတောကို ပိုင်စိုးတဲ့ အဘိုးတို့များ သားသမီးတွေကိုချစ် တော့ အပေးအကမ်း တယ်ရက်ရောတယ်နော် ဘိုလေး"

ရယ်လို့ ဉာဏ်ကျယ်က ဆိုလိုက်ရင်း အနီးသို့ရောက်လာပြီး အရက်နှင့် ငှက်ကြော်တို့ကို စားသောက်လိုက်ကာ ဆိုလာသည်။ ကျွန် တော်က ဘာမျှပြန်မပြောဘဲ ပြုံးနေလိုက်မိသည်။ ညဘက်က နှစ်ဆိုင်း ခွဲလျက် မီးထိုးရင်း သူတို့အမဲလည်ထားကြသဖြင့် ယခုတွေ့မြင်နေရ သော သားကောင်သေတို့မှာ သူတို့ပစ်ခတ်လာခဲ့မှုကြောင့်ပင်။

ကျွန်တော့်မှာ ငှက်ဖျားအခံကလည်း ရှိနေပြီး အတန်ငယ် လည်း မောပန်းလာသောကြောင့် ညက မီးထိုးပြီး အမဲရှာကြသည့်ခရီး တွင် ကျွန်တော်က မလိုက်။ ဆေးသောက်ပြီး တဲတွင် နားနေလိုက် သည်။ ယနေ့နံနက်ပိုင်းတွင် တောပုန်းချောင်းထွက်ရန် စီစဉ်ထားသော် လည်း ကိုယ်လက်များကိုက်နေသဖြင့် မထွက်သေးဘဲ အရက်နှင့်ငှက် ကြော်တို့ကို စားသောက်ရင်း သွေးပူလေ့ကျင့်ခန်းဆင်းနေချိန် ဉာဏ် ကျယ်က ပြောလိုက်သော စကားတို့ပင်။

ရေပြာစမ်းစခန်းကား ရိုးမတောရိုင်းကြီးနှင့် တဆက်တစပ် တည်းမို့ သီးပင်စားပင်တို့ကို မှီတွယ်၍ သားငှက်ပေါင်းစုံရှိကြသလို အောက်ခြေ မြေပြင်တွင်လည်း သားကောင်မျိုးတို့ကလည်း စုံသည်။ ထို့ကြောင့် သားကောင်ကြီးငယ်တို့ကို အမှတ်မထင် အချိန်အခါမရွေး တွေ့ကြုံရင်ဆိုင်နိုင်သဖြင့် (ဒေါင်း၊ သမင်၊ ကြံ့၊ လူဝံနှင့် မျောက်တို့ မရှိ) ၎င်းတို့၏ အန္တရာယ်ပေးမှုများတို့ကိုလည်း အချိန်အခါမရွေး ရင် ဆိုင်ကြုံတွေ့တတ်ကြသဖြင့် အပေါ့အပါးသွားကြသည်မှ၍ လက်နက်

www.burmeseclassic.com



တစ်ခုခုကို ယူဆောင်သွားကြရန် ဆင်အုပ်ကြီးဦးသန်းမောင်က အဖွဲ့သားတို့အား မခွာကပင် အထပ်ထပ်မှာကြားထားခဲ့ပြီးသား။

မြွေဆိုးများ ပေါများရာဖြစ်၍လည်း တောထိုင်ရန်နေရာကို တဲနောက်ဘက် ဝါးရုံတောကြီးတစ်ခုအတွင်း ရွေးချယ်စီစဉ်ထားပြီးလည်း ဖြစ်သည်။ ဆောင့်ကြောင့်ထိုင်ရန်ကောင်းသော ဝါးပင်နှစ်ပင်ကို ခါးဝက်လောက်ဆီမှ ညီတူဖြတ်၍ ထိုသို့ဖြတ်ထားသော ဝါးပင်ထက်ပေါ်သို့ တက်၍ ဆောင့်ကြောင့်ထိုင်ပြီး အခြားဝါးကိုင်းကို လက်နှင့်ကိုင်ဆောင်ရင်း ကိုယ့်ကိစ္စ ကိုယ်ဖြေရှင်းရသောနည်းပင်။

ယခုမှ အစာလည်းဝင်သွားသလို ရင်တွင်လည်း ပူနွေးသွား၍လားတော့ဖြင့် မသိ။ ဗိုက်က ဆန္ဒပြလာသည်။ လက်စွဲတော် နှစ်လုံးပြူးသေနတ်ကိုယူလျက် ဝါးပင်အကိုင်းတစ်ခုတွင် ချိတ်ဆွဲကာ ဝါးလုံးပြတ်နှစ်လုံးပေါ်တွင် ဆောင့်ကြောင့်ထိုင်လိုက်ရင်း ကိုယ့်ဝမ်းတွင်းကိစ္စကိုယ်ဖြေရှင်းနေလိုက်မိသည်။

ရောဂါသည် အစာနှင့်ရောထွေးပါသွား၍လားတော့ဖြင့် မသိ။ ကိုယ်ပိုင်အတွင်းပစ္စည်းများ ပြိုဆင်းသွားသည်နှင့်အတူ လူသည်လည်း ပေါ့ပါးလန်းဆန်းသွားသည်။ စိတ်သည်လည်း နံနက်ခင်း၏ နှင်းစက်ကလေးတို့နှင့်အတူ ကြည်နူးရိပ်သန်းလျက် ကိုယ်လက်ကိုက်ခဲမှုတို့ ပျောက်ကွယ်သွားကြသဖြင့် တောပုန်းချောင်းထွက်ရန်အတွက် စဉ်းစားနေလိုက်စဉ်အတွင်း . .

"ဘိုလေး . . ဟေ့ . . ဘိုလေး"

အတွင်းရောဂါတို့ကို ဖိမ်ယူညှစ်အားပေးနေစဉ်အတွင်း အလန့်တကြားထိတ်အသံမျိုးနှင့် နောက်ပိုင်းဆီမှ ကျွန်တော့်နာမည်ကို ခေါ်နေသံကြားလိုက်ရသဖြင့် အသံလာရာ နောက်ကျောဘက်ဆီသို့ ငဲ့စောင်းကြည့်လိုက်မိသည်။

နှင်းမြူတို့ အတန်ငယ်ကွဲနေပြီမို့ ကျွန်တော့်အမြင်တို့က မဝေ





ဝါးပါ။ မည်သူတစ်ဦးတစ်ယောက်ကိုမှ မတွေ့ရ။ မကျေနပ်သဖြင့် မျက်လုံးတို့ကို ကျွန်လက်ခုံနှင့် ပွတ်သပ်ကြည့်လိုက်ပြန်သည်။ ထိုအချိန်မှာပင် . .

"ဘိုလေး . . ဟေ့ . . ဘိုလေး"

ကျွန်တော့်နာမည်ကို ထပ်မံခေါ်နေသည်ကို ကြားလိုက်ရပြန်သည်။ အသံက ကုလားကြီးသန်းညွန့်အသံမျိုး။

လွဲမှားစရာ အကြောင်းမရှိ။ ကျွန်တော်တို့လို မုဆိုးစရိုက်ကိန်းအောင်းနေကြသူများအဖို့ အသံနှင့် အနံ့တို့က အလွန်ပင်အရေးပါကြသည် မဟုတ်ပါလား။ ကျွန်တော် မုဆိုးဘဝ ကျင်လည်ခဲ့ရသည့် ကာလတစ်လျှောက်လုံးတွင် ကျွန်တော့်အဖွဲ့သားတို့၏ အသံများကို မှတ်မိနေကြသလို သူတို့တစ်ဦးချင်းစီ၏ အသံတို့ကိုလည်း ကျက်မိသည်။ တောကြီးအတွင်း လူကိုမမြင်စေကာမူ အသံကိုကြားလိုက်သည်နှင့်ပင် မည်သူဆိုတာကို သိထားသည်။ ယုတ်စွအဆုံး သူတို့ပစ်လိုက်သော သေနတ်သံ ကြားလိုက်သည်ပင် မည်သူပစ်လိုက်သည့် သေနတ်သံဆိုသည်ကို သိနေသည်။ ယခုအသံကား ကုလားကြီးသန်းညွန့်အသံအစစ်ပင်။

ကျွန်တော်စဉ်းစားနေလိုက်မိသည်က ယခုကဲ့သို့ တောကြီးများအတွင်း အမဲလိုက်ကြရာတွင် ယခုကဲ့သို့ အမည်နာမများကို တစ်ဦးနှင့်တစ်ဦး မခေါ်ကြ။ ခေါ်ဝေါ်သုံးစွဲကြသည့် အလေ့အထမျိုးများ မရှိကြ။ ယခုမူ တောကြီးအတွင်းဆိုပေမယ့် ဖွတ်လင်းယုန်နှင့် ဘုတ်မတို့၏ အဝန်းအဝိုင်းအတွင်းရယ်သာ။ သို့အတွက် ကျွန်တော့်နာမည်ကို နောက်ကျောဘက်ဆီမှ ခေါ်နေသည်ဟု ထင်လိုက်မိသည်။ ကြည့်တော့လည်း လူကိုရှာမတွေ့သဖြင့် အကြောင်းကိစ္စတစ်ခုခုနှင့် ကုလားကြီးသန်းညွန့် လှမ်းခေါ်နေသည်အထင်နှင့် ဆောင်ရွက်ဆဲကိစ္စတို့ကို ဖြတ်တောက်လိုက်ပြီး ဝါးကိုင်းတွင်ချိတ်ဆွဲထားသောသေနတ်ကို ယူလျက် တဲဘက်ဆီသို့ လှမ်း



www.burmeseclassic.com

www.burmeseclassic.com



ထွက်တော့မည်အလုပ်. .

"ဗျော. . ရှော. . ရှော. . ရှော. ."

တောင်စွန်ပင်ကြီးထက်ဆီမှ အကောင်တစ်ကောင်၏ အသံမျိုးကို ကြားလိုက်ရသဖြင့် အသံကြားလိုက်ရာဆီသို့ သေနတ်နှင့်တိုးချိန်ရွယ်လိုက်ရင်း လှမ်းကြည့်လိုက်ရာ တောင်စွန်ရွက်ကြီးလေးငါးရွက်ကို အထုပ်လုပ်လျက် ကြီးမားသောခါချဉ်ထုပ်ကြီးမှာ သူတွယ်ကပ်ထားရာ သစ်ကိုင်းများဆီတို့မှ ပြုတ်ထွက်လျက် သစ်ကိုင်းတစ်ခု၏ထိပ်ဖျားတွင် အမှီအတွယ်ကင်းမဲ့စွာ တန်းလန်းကြီးအနေအထားမျိုးနှင့် ယိမ်းထိုးလှုပ်ရှားနေသည်ကို တွေ့မြင်လိုက်ရသလို ခါချဉ်ကောင်များမှာလည်း အောက်ဘက်မြေပြင်ဆီသို့ တဖွဲဖွဲကျနေသည်ကို တွေ့လိုက်ရသည်။

ခါချဉ်ထုပ် သစ်ကိုင်းများတွင် တွယ်ကပ်နေသည့် ပုံမှန်အနေအထားမျိုးမဟုတ်ဘဲ ထူးထူးခြားခြားဖြစ်နေသည့် မြင်ကွင်းမျိုးမို့ အခြေအနေကို လျှပ်တစ်ပြက်ပင် စဉ်းစားလိုက်ရာ ခါချဉ်ထုပ်ကြီးအတွင်း အကောင်တစ်ကောင်ရှိနေသည့်အဖြစ်ကြောင့်ဟု စဉ်းစားလိုက်ရင်း ကိုင်ဆောင်ချိန်ရွယ်ထားခဲ့ပြီးသော သေနတ်နှင့် ပစ်ချလိုက်မိပေတော့သည်။

ဒိုင်းခနဲ သေနတ်ပေါက်ကွဲသံကြီးနှင့်အတူ ခါချဉ်ထုပ်ကြီးမှာ ဖွဲ့အိတ်တစ်အိတ် မြေပြင်သို့ပစ်ချလိုက်သည့်အခါ ထွက်ပေါ်လာသော အသံကြီးမျိုးနှင့် ကျည်ခဲလုံးများတို့ဖြတ်သွားရာ အပေါက်များကြားတို့မှ ခါချဉ်ကောင်များ ရှစ်ရှစ်ထွက်လာကြသည့်အပြင် အထုပ်ကြီးမှာ ခုန်ဆွခုန်ဆွဖြစ်နေသည်ကို အံ့သြဖွယ်တွေ့လိုက်ရပေသည်။ ထိုစဉ်မှာပင် နောက်ကျောဆီမှ ဉာဏ်ကျယ့်အသံက ထွက်ပေါ်လာသည်။

"ဟား. . ဟား. . ဟား. . ခါချဉ်ထုပ်ကို သေနတ်နဲ့ပစ်ချရတယ်လို့ဗျာ။ လိုချင်ရင် ပြောရောပေါ့။ တက်ပြီး ချိုင်ပေးမှာပေါ့။ ကုလားကြီးနဲ့ အာလူး. . နဖူးကို သွားစမ်းကြည့်စမ်း။ ငှက်ဖျားပိုး ဦးနှောက်ထဲဝင်နေပြီလား မသိဘူး"





ဉာဏ်ကျယ်ပြောလိုက်သောစကားတို့ကြောင့် ဒေါ်ပွပွနှင့် ချူတို့ကိုလှမ်းကြည့်လိုက်တော့ လူလေးဦး သေနတ်များကိုကိုင်လျက်။ သေနတ်ပစ်လိုက်သံကြောင့် စိတ်မချသဖြင့် အတင်းလိုက်လာကြသည့် အသွင်မျိုးနှင့် တွေ့မြင်လိုက်ရသည်မို့ စိတ်ကိုလျှော့ချလိုက်ရင်း အထုပ် ကြီးဆီလက်ညှိုးထိုးပြလိုက်ရာ. .

"ဟာ. . ဟုတ်ပါရဲ့။ အထုပ်ကြီးထဲ ဘာကောင်ရောက်နေလဲ မသိဘူး"

ခုန်ဆွခုန်ဆွဖြစ်နေသေးသော အထုပ်ကြီးကို ကြည့်လျက် မွန်က ပြောနေသလို အာလူးက သူ၏ခါးတွင်ချိတ်ဆွဲထားသော ဖယ်ခုပ်ဓားကို ဖြုတ်ယူလိုက်ပြီး အထုပ်ကြီးအား လှမ်းပစ်လိုက်သည်။ ဓားသွားက အထုပ်ကြီးကို ခွဲလိုက်သလို ဖြစ်သွားပြီး အထုပ်ကြီးအတွင်းမှ အပြင်သို့ထွက်လာသည့်အကောင်ကို ငါးဦးသား ဝိုင်းကြည့်လိုက်ရာ. .

"ဟယ်. . သင်းခွေချပ်ကြီးပါလား"

ဖြစ်တောင့်ဖြစ်ခဲကိစ္စမျိုးမို့ ကျွန်တော်တို့မှာ အလွန်အမင်းအံ့သြသွားကြပေသည်။ သွေးအလူးလူးနှင့်၊ သေနတ်ဒဏ်ရာများနှင့်မို့ မြေပြင်တွင် လူးလိမ့်နေသည်။ အတန်ကြာတော့ ငြိမ်သက်သွားသည်။

ဖြစ်ပျက်ပုံအလုံးစုံကို ဆက်စပ်ပြန်လည်တွေးတောလိုက်မိတော့ သင်းခွေချပ်တို့သည် လူများကဲ့သို့ နာနည်းများကို အတုခိုးလျက် ခေါ်ဝေါ်တတ်ကြသည်။ တဲတွင် ဉာဏ်ကျယ်က ကျွန်တော့်နာမည်ခေါ်လိုက်သည်ကို ထိုသတ္တဝါကောင်သည် တစ်နေရာမှ ကြားသွားဟန်အသွင်တစ်မျိုးရှိပြီး အစာစားရန်အတွက် တောင်စွန်းပင်ကြီးပေါ်သို့ တက်ရောက်နေစဉ် ကျွန်တော်က သူ့အောက်မှဖြတ်ပြီး တောထိုင်သွားရာ သစ်ပင်ထက်ဆီမှ ကျွန်တော့်နာမည်ကို ခေါ်နေခြင်းပင်။ သူ့အသံအောအောကြီးနှင့်မို့ ကျွန်တော်က ကုလားကြီးသန်းညွန့် နောက်မှခေါ်နေသည်ဟု ထင်နေစဉ် ခါချဉ်ထုပ်ကို ဖောက်စားနေရင်းမှ အရှိန်လွန်ကာ အထုပ်



www.burmeseclassic.com

www.burmeseclassic.com



ကြီးအတွင်းသို့ ရောက်ရှိသွားပြီး သူ့ကိုယ်ခန္ဓာအလေးချိန်ကြောင့် အထုပ်ကသူ့ အောက်သို့ပြုတ်ကျပြီး သစ်ကိုင်းနှင့် တွဲလောင်းဖြစ်နေစဉ် ကျွန်တော်က ပစ်ချလိုက်ခြင်းကို ခံလိုက်ရသည့် အဖြစ်မျိုးပင်။

"အတော်ပဲ. .။ ဒီရာသီမှာ သူ့သွေးကို အရက်နဲ့ရောပြီး သောက်ရင် အားသိပ်ရှိတယ်။ လင်းယုန်ကြီးကို တိုက်ရမယ် အဘကောင်းရဲ့"

ဘုတ်မကာ လက်ဝယ်ပိုင်ပိုင်ရရှိထားပြီးသော သားကောင်များ တို့အပေါ် မမက်မောဘဲ ယခု ခါချဉ်ထုပ်ကြီးအတွင်းမှ ရလိုက်သော လင်းယုန်ကြီးကိုမှ တိုက်ချင်နေသည့်ကိစ္စကိုတော့ ကျွန်တော် 'ဘယ်လို အားတွေကောင်းတာလဲခင်ဗျာ' ရယ်ပွဲ ဆက်မမေးချင်တော့တာက အမှန် ရယ်ပါ။

ဒါက ကျွတ်နှင့်ပတ်သက်တာ တစ်မျိုးပါ။ နောက်တစ်မျိုး က. .

"ဒီနေ့အဖို့တော့ ရပြီးသားအကောင်တွေဖျက်၊ ဆားနယ်၊ ယမ်း စိမ်းပက်၊ နေလှန်းကြရတော့မှာမို့ အချိန်လည်းမရတော့ဘူး။ နားကြမယ်။ ညကိုတော့ ဘိုလေးနဲ့ကျွန်တော် လင့်သွားထိုင်မယ်။ အဘကောင်းပါ လိုက်ခဲ့ပါလား"

ဖွတ်လင်းယုန်ပြောလိုက်သောစကားတို့ကြောင့် အဘကောင်း က. .

"အေး. . ကောင်းသားပဲ။ ဘယ်မှာလဲ။ ဘာစားပင်လဲ"

"နေရာက ကျွတ်မြောင်။ စောင့်မှာက ကျွတ်တွင်း။ ဘာစား ပင်မှ မဟုတ်ဘူး"

ကျွတ်မြောင်ဆိုသည့်စခန်းက သရက်တိုးဘက်ဆီတွင်ပင်။ နက် လည်း နက်သည်။ ထိုနေရာတွင် ကျစ်တွင်း (၀) ဆားငန်တွင်း (၀) ကျွတ်တွင်းရှိသည်ကို အစွဲပြုလျက် ကျွတ်မြောင်ဟု ခေါ်ဆိုနေကြဟန်





ရှိသည်။ ယခုအချိန်မျိုးလို နွေကာလ ရေရှားသောအချိန်မျိုးတွင် ရေ ဝတ်ကြသော သားကောင်စုံတို့က ထိုမြောင်ဆီသို့ဆင်းလျက် ဆားငန် တွင်းကို လျှာနှင့်လျက်ကာ ရေငတ်ကိုဖြေကြသည်။ ထိုနေရာဆီသို့ ရေ ဝတ်ဖြေရန် ရောက်ရှိလာကြသော သားကောင်ငယ်တို့ကို သားကောင် ကြီးတို့ကလည်း အစာအဖြစ် ပုန်းအောင်းလျက် စားသောက်ကြပြန်သေး သည်။ သို့အတွက် သားကောင်အကြီးရော၊ အသေးပါ ရနိုင်သောနေရာ မို့ မုဆိုးများက ထိုနေရာကို မက်မောကြသည်။ တစ်ခါတစ်ရံ ထိုကျွတ် တွင်းမှ မုဆိုးလုပ်သူအား ခြောက်လှန့်တတ်ပြန်သဖြင့် အသက်ပင် ဆုံးရှုံးမှုကြသူများလည်း ရှိနေပြန်သည်။

အဘကောင်းက အဖွဲ့တွင် အသက်အကြီးဆုံးနှင့် အတွေ့ အကြုံများသူဖြစ်သဖြင့် ယခုကဲ့သို့ ဖွတ်လင်းယုန်၏ အစီအစဉ်ကို ကျွန်တော်နှင့်အတူ စိတ်မချသဖြင့် လိုက်ပါလာခဲ့ပုံရသည်။ ထိုအစီအစဉ် အပေါ် ဘကြီးကောင်းက ကျွန်တော့်အား နှစ်ကိုယ်ကြား လက်တို့ပြော ထားသည့် စကားများကလည်း ရှိနေပြန်သေးသည်။

ထိုအစီအစဉ်ကို ဆင်အုပ်ကြီးဦးသန်းမောင်သိတော့ မသွားဖို့ ကန့်ကွက်နေပြန်သည်။ ဗဟုသုတအလို့ငှာ သွားလိုလှသည့် ကျွန်တော့် ဆန္ဒကြောင့် မငြင်းပြီ။

ကျွတ်မြောင်ရှိ ဆားငန်တွင်းနှင့် ခပ်လှမ်းလှမ်းတစ်နေရာဆီ တွင် အလေ့ကျပေါက်နေသော လှူကြီးနှစ်ဖက်စာခန့်ရှိ ပျဉ်းမပင်ကြီးထက် ထိုးပြီးသား လင့်စင်ပေါ်သို့ ရောက်ရှိကြပြီး လက်မှနာရီကို ကြည့်လိုက် မိတော့ (၅) နာရီပင် ကျော်ခဲ့ပေပြီ။ သားကောင်များ အစာရှာလှုပ်ရှား ကြတော့မည့်အချိန် ရောက်လုပြီမို့ လိုအပ်သော မုဆိုးအသုံးအဆောင် များကို အသင့်ထုတ်လိုက်ကြပြီး ဝင်လာကြမည့်သားကောင်တို့ကို အသင့် ပစ်ခတ်နိုင်ရန် နေရာယူလိုက်ကြသည်။ ကျွန်တော်က အလယ်တွင်၊ ဘကြီးကောင်းနှင့် ဖွတ်လင်းယုန်တို့က ဘေးတစ်ဖက်စီတွင်။



www.burmeseclassic.com

www.burmeseclassic.com



တောင်လေအဝှေ့တွင် ရော်ရွက်ခြောက်များတို့၏ တရှဲရှဲမြည်သံများတို့နှင့်အတူ ပုစဉ်းရင်ကွဲတစ်အုပ်၏ ကျည်ခနဲ ပိုင်းအော်လိုက်ကြသံများတို့ကြောင့် ပျံ့လွင့်နေသော စိတ်အစဉ်ကို ပြန်လည်စုစည်းလိုက်ချိန် ငှက်ဝါးရောင်း(ခ) ဝါးရောင်းငှက်တစ်အုပ်က ကြခတ်ဝါးရုံတောကြီးအတွင်းဆီမှ ပိုင်းဝန်းအော်မြည်လိုက်ကြသံ၊ ယောက်ဖ 'ယောက်ဖခွေးခေါ်၊ သူတော်လေးထမ်း' ဆိုသည့် တေးဆိုငှက်ကလေးနှစ်ကောင်၏ တစ်ပြန်တစ်ကျော့ဆီ ဟစ်ကြွေးတေးဆိုနေသည့်အသံ၊ အိပ်တန်းဝင်တောကြက်ဖငယ်တို့ အသံများကိုလည်း ကြားနေရသည်။

အမှောင်ဘက်သို့ လှနေပေပြီ။ ညအစာရှာ သားကောင်တို့နှင့် ကျေးငှက်အသံတို့ကို ဟိုအနားသည်အနားတို့ဆီမှ ကြားလာရသလို ဖားပုံလေးတို့၏ အဲသံတို့ကိုလည်း ကြားနေရသည်။ နွေကာလပင်ဖြစ်စေကာမူ ရိုးမရှိုင်းရိုင်းကြီး၏ ညဦးရင်ခွင်တွင်းမို့ အအေးဓာတ်က လွှမ်းမိုးအနိုင်ယူလာသည်။ မိုးကောင်းကင်တွင် လတစ်ခြမ်းပဲ့ကွေးကွေးကလေး၏ အလင်းရောင်ကို အသင့်အတင့်ရနေပြီး ကြယ်တာရာအစက်အပြောက်ကလေးတို့၏ မှိန်မှိန်အလင်းရောင်တို့ကြောင့် စိတ်ချမ်းမြေ့ကြည်နူးဖွယ်ရာ လေပြည်ကလေးတို့၏ ညှဲသက်သော အပွတ်အသပ်၊ အထိအတွေ့တို့ကြောင့် ရင်တွင်းက စိမ့်ခနဲနေအောင် အေးမြသွားသည်။ ဝါးရုံကိုင်းကြီးများ ထိပ်ဖျားဆီတို့မှ စိတ်ပျက်လက်ပျက်နှင့် ကိုင်းညွတ်ငိုက်မျဉ်းလျက်ရှိကြသော အကိုင်းအခက်တွင် ရှိနေကြသည့် ဝါးရွက်တို့အား အေးမြသော လေပြည်တို့၏ ကလူကျီစယ်မှုကို မြူးရူးနေသလို တရှဲရှဲနှင့် တေးဆိုနေကြသည်။ မြရာပင်ထက်ရှိ ရော်ရွက်ဝါများနှင့် ဖက်သန်းပင်ကြီးထက်ဆီရှိ အရွက်တို့ကလည်း ဝါးရွက်များ လှုပ်ရှားသကဲ့သို့ လှုပ်လှုပ်ရှားရှားဖြစ်နေကြသည်။ အခြေအနေက ယခုထက်တိုင် ထူးခြားမှုတို့က ရှိမလာသေး။

ညဦးယံကိုကျော်၍ သန်းခေါင်ယံအချိန်သို့တိုင် ရောက်နေပြီ။ တောသည် ပကတိ အိပ်မောကျလျက် ရှိနေတုန်း။ ကြွေကျထားပြီးသော





သစ်ရွက်ခြောက်များတို့ကို ပက်ဖျန်းလိုက်သော နှင်းရည်စက်တို့ကြောင့် စိုစွတ်နေသည်ဖြစ်ရာ ကျွန်တော်တို့သည်ပင် ချမ်းစိမ့်စိမ့်ဖြစ်လာကြပြီမို့ အဘကောင်းက သင်းခွေချပ်သွေးတို့နှင့် ရောစပ်ထားသော အရက်ပုလင်းအဖုံးကို ဖွင့်လျက် မော့လိုက်ပြီး ချေသားကြော်နှင့် သောက်စားနေသလို ကျွန်တော်ကလည်း မော့နေလိုက်မိသည်။ ကျွန်တော်တို့မှာ အရက်ရှိန်ကြောင့် အတန်ငယ်နွေးထွေးမှုကို ရလာသော်လည်း ဖွတ်လင်းယုန်ကား ချမ်းအေးရမှန်းကိုမသိ။ သူ့ထုံးစံ နေမြဲတမ်းအတိုင်း။

ညဉ့်သည် တိတ်ဆိတ်မှုတို့နှင့်အတူ မှောင်မိုက်မှုတို့က ကြီးစိုးလာသည်။ ကျွန်တော်တို့သုံးဦး သစ်ရွက်အကြိုအကြားတို့မှ ထိုးထွက်လာသော အလင်းရောင်မှုန်ဝါးဝါးလေးတို့ကြောင့် ဝိုးတဝါးလောက် မြင်နေရသေးသည်။ ထိုအချိန်ကလေးတွင်ပင် ဟိုးအဝေးတစ်နေရာဆီမှ. .

"နန်းကြာညိုကြော့. . ပျော်စံပယ်. . နတ်ကဲ. . ဖြူပြာမှုယာ. . ကုန်နည်း. . နတ်ရေးငယ်ရွှေစာ. . ပန်းပါဘီလေး. . "

နန်းကြာညိုတေးသွားကို စောင်းဖြင့် အတီးတစ်လှည့်၊ အဆိုတစ်ပိုဒ်ကို ပိုင်နိုင်စွာ သီဆိုတီးခတ်လိုက်သံက ပေါ်ထွက်လာသည်။ ဘယ်အမိပွာယ်ဆောင်သည်ကိုတော့ မသိ။ မပီဝိုးတဝါးမဟုတ်။ ကြည်လင်ပြတ်သားစွာနှင့် ကျွန်တော်တို့သုံးဦးစလုံးပင် ကြားလိုက်ရသည်။ အံ့သြစွာဖြင့် တစ်ဦးကိုတစ်ဦး တံတောင်ဖြင့် တို့ထိသတိပေးလိုက်ကြရင်း နားစိုက်နေကြစဉ်အတွင်း သီချင်းသံပျောက်သွားသည်။ မိန်းမငယ်တစ်ဦး၏ ဆွဲဆောင်အားကောင်းသော အသံပင်။

သစ်ရိုင်းပင်ကြီးများအထက်ရှိ ရော်ရွက်ခြောက်တို့ကား လေအတိုးတွင် ညီးညီးညံ့ညံ့ ရှိနေကြသည်။ တောပန်းတောင်ပန်းရနံ့တို့သယ်ဆောင်လာသောလေကို တစ်ဝရှုလိုက်ရင်း ဖြစ်ပေါ်လာမည့်အခြေအနေကို စောင့်စားနေလိုက်စဉ်အတွင်း. .

"ဆွမ်းတော်ဗျို့"



www.burmeseclassic.com

www.burmeseclassic.com



"နောင်. . ဝေဝေ. ."

ဖိုးသူတော် ဆွမ်းခံရင်း ကြေးစည်ထုပြီး ဟစ်အော်လိုက်သည့် အသံက ဝေးဝေးဆီမှမဟုတ်။ ကျုတ်တွင်းဆီမှ ကြားလိုက်ရသည်မို့ သေနတ်မောင်းခလုတ်ကို ရှေ့သို့တွန်းပို့လိုက်မိသလို အဘကောင်းထံမှ ပင် သေနတ်မောင်းတင်သံသဲ့သဲ့ကို ကြားလိုက်မိလေသည်။ တောကြီး ခေါင်ခေါင် မှောင်မှောင်မည်းမည်း ကျွန်တော်တို့သုံးဦး ဖြစ်ပေါ်လာတော့ မည့်အရေးကို ရင်ဆိုင်ကြတော့ရန် အသင့်အနေအထား။

ဖွတ်လင်းယုန်အား မီးထိုးရန် တံတောင်နှင့် တို့ထိသတိပေး လိုက်သည်။ ရှစ်ခဲထိုးဓာတ်မီးအလင်းရောင်တန်းသည် အမှောင်ထုကြီး ကို ဖောက်ထွင်းလျက် ကျုတ်တွင်းရှိရာဆီသို့ ဖြာဆင်းသွားသည်။ မြင်ကွင်းကား ပြတ်သားရှင်းလင်းနေသည်။ တစ်စုံတစ်ရာထူးခြားမှုကို မတွေ့ မြင်ရ။ မီးသမားက ကျေနပ်ဟန်မရှိ။ ပတ်ဝန်းကျင်အနှံ့ လှည့်ပတ်ရှာဖွေ ပေမယ့် တစ်စုံတစ်ရာထူးခြားမှုကို မတွေ့မြင်ကြရသဖြင့် ပစ်ခတ်တော့ ရန် အသင့်အနေအထားမျိုးမှ စိတ်ကို လျှော့ချလိုက်ရင်း. .

"ဘယ်လိုလဲ" လင်းယုန်ကြီးရဲ့ အခြေအနေ. ."

"သေချာပါတယ်"

"ဘာသေချာတာလဲ"

"အမှောက်ခံရတာလေ"

လင်းယုန်ကြီးပြောလိုက်သော စကားတို့ကြောင့် ကျွန်တော်နှင့် အဘကောင်းတို့အဖို့ အတော်ကလေး ကသိကအောင့် နိုင်သွားမိကြ သည်။ ဘာကိုမှတော့ ပြန်မပြောလိုက်။ အဘကောင်းထံမှသာ. .

"အေး. . သူမှောက်ရင်တော့ ကိုယ်က လှန်ရမှာပဲ။ စောင့်ကြည့် ပေါ့ကွာ"

စိတ်လိုက်မာန်ပါပင် သူကိုင်ဆောင်ထားသောသေနတ်၏ ဖက် ကို ချိုးလိုက်ပြီး ကျည်ဟောင်းကိုထုတ်ကာ ကျည်သစ်တစ်တောင့်ကို





ပြောင်းရင်းဆီသို့ ထိုးသွင်းနေသည်ကို ဓာတ်မီးရောင်အောက်တွင် တွေ့ မြင်ရပေသည်။ ကျွန်တော့်အထင်အရ ယခုပြောင်းလဲထည့်သွင်းလိုက် သော ကျည်ဆန်မှာ ကျည်ပြန့်ဖြစ်ဖို့ များသည်။ ဘာကိုမျှတော့ မမေး လိုက်မိ။

ကျည်ပြန့်ဆိုသည်က သားကောင်များကို ပစ်ခတ်ကြရာတွင် သေဆုံးသွားသော သားကောင်တို့၏ ကိုယ်ခန္ဓာအတွင်းမှ ပြန်လည် ရရှိသော ကျည်ခဲလုံးများနှင့် ပြုလုပ်ထားသော ကျည်ဖြစ်သည်။ ရှေး မုဆိုးကြီးတို့၏ အဆိုအမိန့်အရ မကောင်းဆိုးဝါးများ အလွန်ကြောက် သည်ဟု အဆိုရှိသည်။ ဟုတ်မဟုတ်ကိုတော့ဖြင့် ကိုယ်တိုင်မကြုံဘူးသဖြင့် မသိ။ ယခုတော့ဖြင့် လက်တွေ့စမ်းသပ်ရတော့မည်။

မီးကိုမှိတ်လိုက်တော့ အမှောင်ထုကြီးက ပြန်လည်ကြီးစိုးလာခဲ့ ပြန်သည်။ လင်ကောင်ပိုးငှက်တစ်ကောင်၏ အော်သံကို ကြားလိုက်ရ သလို ရစ်ဖကြီးတစ်ကောင်၏ အတောင်ခါသံကို တဒီးဒီးနှင့် ကြားနေ ရပေသည်။ ထိုစဉ်. .

"ဗျော. . ဝရော. . ဝရော. ."

ပြင်းထန်သော တောတိုးသံကြီးနှင့် ခြေနင်းသံကြီးများကို ကျယ်လောင်စွာ ကြားလိုက်ရသည်။ သားကောင်ကြီးတစ်ကောင်၏ မြေပြင်တွင် လျှောက်လှမ်းနေသည့်အသံကို ကျုတ်တွင်းဆီမှ ကြောက် ခမန်းလိလိ တုန်လှုပ်ဖွယ်ရာ ကြားလိုက်ရသည်။ မြူတို့ဆိုင်းပြီး အမှောင် ထုက ကြီးစိုးမင်းမူနေသဖြင့် ဘာကောင်ဖြစ်သည်ကို မသိ။ လင့်ထက် ဆီမှ ကျွန်တော်တို့သုံးဦး သတိထားကာ ငြိမ်လျက် စောင့်စားရင်း ပစ် ခတ်ကြတော့မည့်အနေအထား။

ကြားနေရသော ခြေသံကြီးက ကျုတ်တွင်းအနီးဆီတွင် ရပ် တန့်သွားသည်။ ခဏအကြာတွင် ခြေသံတို့က ကျွန်တော်တို့ထိုင်နေရာ လင့်အောက်ဘက်ဆီသို့ လာနေသည့်အသံကို ထပ်မံကြားလိုက်ရပြန်



www.burmeseclassic.com

www.burmeseclassic.com



သည်။ အသံကြားနေရာဆီသို့ သေနတ်ကို ပြောင်းခင်း၍ အသင့်ချိန်ရွယ်ကာ ဖွတ်လင်းယုန် မီးထိုးခိုင်းလိုက်ပေတော့သည်။ မီးအလင်းတန်းက အသံကြားရာဆီသို့ စူးစူးရှရှထိုးဖောက်ကာ ခြေသံရှင်အား ထိုးထားလိုက်မှုကြောင့် တွေ့မြင်လိုက်ကြရသည်က ကျွန်တော်တို့နှလုံးသားများကို ရုတ်ခြည်းပင် ပြုတ်ထွက်သွားစေမည့် ပုံစံမျိုးနှယ် သွေးခုန်နှုန်းများ ရုတ်တရက်မြန်လာသလို တဒုန်းဒုန်းခုန်လာသောရင်တို့နှင့်အတူ ခေါင်းမှဆံပင်များတို့ပင် ထိုးထိုးထောင်ထောင်ဖြစ်သွားသည်။

တွေ့မြင်လိုက်ရသောမြင်ကွင်းကား မီးရောင်အောက်တွင် ထိုင်လျက်တစ်မျိုး၊ ထလျက်တစ်ဖုံ အရိုးစုကြီးများသာ ရှိနေသောအရာများတို့ကို ကြီးမားသော သစ်ပင်ငုတ်တိုကြီးက ခြေထောက်များဆွဲကာန် ရှိနေသော သစ်မြစ်များပေါ်တွင် ရပ်နေပြီး လက်များအသွင်ရှိသော အထက်ပိုင်းတွင် ရှိနေသည့် သစ်ကိုင်းခြောက်က အထက်အောက်လှုပ်ရှားဝေ့ယမ်းရင်း ကျွန်တော်တို့ရှိရာဆီသို့ လမ်းညွှန် လက်ညှိုးထိုးပြလျက် တစ်ခုခုကို လုပ်ခိုင်းနေသည့်အသွင် ပုံစံမျိုးကို မြင်တွေ့လိုက်ကြရပြီး အရိုးခြောက်များတို့ကလည်း တဂေါက်ဂေါက်လှုပ်ရှားနေရင်း အမိန့်ကို နာခံပြီး လုပ်ကိုင်ကြမည့်ပုံစံမျိုး။

"ဒိုင်း. . ဒိုင်း. . ဒိုင်း. ."

အောက်ခြေကို စိုက်ပစ်လိုက်ကြရသည်မို့ အသံက တိုသည်။ ပြတ်သည်။ ထိချက်တို့ကား ပြင်းထန်လွန်းသည်။ သေနတ်များ၏ ပေါက်ကွဲသံကြီးတို့နှင့်အတူ မီးအလင်းတန်းအောက်တွင် တွေ့မြင်နေရသော ထိတ်လန့်ဖွယ်ရာ အရိုးခြောက်များနှင့် သစ်ငုတ်တိုပိုင်းကြီးတို့မှာ နောက်ပိုင်းဆီသို့ လန်၍တစ်ဖုံ၊ ထက်ပိုင်းပြတ်လျက်တစ်နည်း လဲပြိုသွားကြပြီး တော်လဲသံကြီးမျိုးသဖွယ် ကြောက်မက်ဖွယ်ရာအသံကြီးမျိုးနှင့် အော်ဟစ်လိုက်ကြရင်း တောချုံကြီးများတို့အတွင်း တိုးဝင်ပျောက်ကွယ်သွားကြသည်ကို အံ့သြထိတ်လန့်ဖွယ်ရာ မြင်တွေ့လိုက်ကြရပေ





တော့သည်။

"အဖြစ်က ပြောပြရင်တောင် ယုံနိုင်စရာမရှိဘူး။ ဆော်လိုက်ရတာ အရသာကို ရှိသွားတာပဲ။ လာရဲတော့မှာ မဟုတ်ဘူး"

အားပါသောအသံမျိုးနှင့် အဘကောင်းက ပြောနေသည်။ ယုံသုံးလိုက်သော ကျည်အပေါ် စိတ်ချယုံကြည်ဟန်မျိုးအသံနှင့် ဟုတ်၊ မဟုတ်ကိုတော့ ကျွန်တော့်မှာ အတွေ့အကြုံတို့က မရင့်ကျက်သေးသဖြင့် မသိသေး။

လင့်ထက်ဆီတွင်ပင် သေနတ်များကို ကျည်သစ်များဖြည့်လျက် ထပ်မံပေါ်ပေါက်လာမည့် အခြေအနေတို့ကို စောင့်စားနေလိုက်မိသည်။ နောက်ဆက်တွဲ ထူးခြားမှုတို့က ရှိမလာ၊ ပျင်းရိငြီးငွေ့စွာနှင့် အချိန်တို့ မြန်မြန်ကုန်ပြီး မိုးလင်းပါစေတော့ဟု ဆုတောင်းနေလိုက်မိပေသည်။

"အောက်အီးအီး. . အွတ်"

ဝါးရုံပင်ကြီးတို့၏ ထိပ်ဖျားများ၊ သစ်ပင်ကြီးတို့၏ ကိုင်းဖျားကိုင်းနားထက်တို့ဆီမှ တောကြက်ဖငယ်တို့၏ တွန်သံများတို့ကို ကြားလိုက်ကြရသဖြင့် လက်မှနာရီကို ကြည့်လိုက်တော့ (၄) နာရီပင် ကျော်ခဲ့ပေပြီ။ အဘကောင်းလက်နက်က ထိရောက်သဖြင့် နောက်ထပ်ဘာထူးခြားမှုမှ ဖြစ်မလာ။ ဘုတို့မ၏ သင်းခွေချပ်လည်ချောင်းသွေးနှင့် ရောစပ်ထားပြီး အရက်ပုလင်းကို ဖွင့်လျက် ချေသားကြော်တို့နှင့် လင့်ထက်တွင်ပင် ဆာလောင်နေကြသောဗိုက်ကို ဖြည့်လိုက်ကြပေတော့သည်။

စောစောပိုင်းဆီက ချောက်ချားစရာကောင်းသော တောကြီးစိမ်းစိမ်းအတွင်းရှိ ကျတ်တွင်း (၁) ကျစ်တွင်း (၁) ဆားငန်တွင်းရှိရာ နေရာသည် ယခုအခါ ဖြစ်ပျက်ပြီးခဲ့သော အရာအားလုံးတို့သည် သူနှင့်မဆိုင်တော့သလို၊ မပတ်သက်သလိုမျိုးနှင့် ငြိမ်သက်ပြီး ရိုးမတောကြီးတို့၏ ထုံးစံအတိုင်း သိက္ခာအပြည့်နှင့်။

ကျည်ပြန်တို့၏ အစွမ်းအာနိသင်ကား အဲဒီလောက်။



www.burmeseclassic.com

www.burmeseclassic.com



ချေပေါက်သံ၊ ဆတ်တစ်သံ၊ မျောက်အော်သံတို့နှင့်အတူ ကျေးငှက်သံတစာစာတို့က လွှပ်ရှားလိုက်သည့်နှယ်။ မျက်လုံးများကို ဖွင့်ကြည့်လိုက်တော့ နေက ထန်းတစ်ဖျား။ မိုးကြီးကား စင်စင်လင်းပြီး ခဲ့ပေပြီ။ အဘကောင်းနှင့် ဖွတ်လင်းယုန်တို့မှာ ခွေခွေကလေးတွေနှင့် အိပ်မောကျနေကြတုန်း။ အသာပင် လက်နှင့်ပုတ်ပြီး နှိုးလိုက်တော့ ဘကြီးကောင်းက ပြုံးတုံးပြုံတဲ ထလိုက်ရင်း ဒေါသထွက်နေသည့် ပုံနှင့် ပြောလိုက်ပုံက. .

''ဟာ. . ငါ့ခွီးမှုပဲ။ အိပ်မက်က ကောင်းနေတုန်း လာနှိုးရတယ်လို့ကွာ။ အလိုက်ကန်းဆိုးကို မသိဘူး''

. . တဲ့လေ။

အိပ်မှုန်စုံမွှားနှင့် ဒေါပွနေသည်မို့ ဘာမှပြန်မပြောလိုက်မိ။ ပြုံးနေလိုက်မိသည်။ ဟုတ်လောက်ပေသည်။ သင်းခွေချပ်သွေးနှင့် ရောထားသော အရက်ကို သောက်ခဲ့ပြီးမဟုတ်ပါလား။ သူရှက်သွားမည်စိုးသဖြင့် ကျွန်တော်က ဘာစကားကိုမျှ မပြောလိုက်တော့။ စိတ်တွင်းမှာတော့ ဒီအဘိုးကြီး ဉာဏ်ကျယ်၊ မွန်၊ အာလူးနှင့် ကုလားကြီးသန်းညွန့်တို့နဲ့ တွေ့လိုက်ရင် ဒီအခြေအနေကို အသိပေးလိုက်ရင်တော့လား. . ရယ်လို့ တွေးနေလိုက်မိပေသည်။

''ဟာ. . ဘိုလေး ဆတ်ကြီးတစ်ကောင် ပစ်လိုက်တာတောင် ကျွန်တော်တို့ မနိုးဘူး။ အိပ်ကောင်းကောင်းနဲ့ အိပ်လိုက်ကြတာဗျာ''

ဖွတ်လင်းယုန်အသံက အားရဝမ်းသာစွာနှင့် ပေါ်ထွက်လာသဖြင့် ခပ်ကြောင်ကြောင်ဖြစ်သွားသော ကျွန်တော်က. .

''ခင်ဗျား အိပ်မက်မက်နေတဲ့သူ ဖြစ်မယ်။ ကျွန်တော် ဘာတစ်ကောင်ကိုမှ မပစ်ဘူး။ ခုမှ အိပ်ရာကနိုးတာ။ အောက်ကိုဆင်းကြမယ်ဗျာ။ အချိန်လင့်ပြီ။ ပြန်လိုက်ကြရအောင်''

''ဟာဗျာ. . ဘိုလေးမပစ်ဘူးသာဆိုတယ်။ ဟိုမှာ ဘာကောင်





ကြီးလဲဗျ. . ကြည့်လိုက်စမ်းပါဦး။ ခုထိ အမူးမပြေသေးဘူးလား''

သူလက်ညှိုးညွှန်ပြရာ လင့်အောက်ဆီသို့ ကျွန်တော်နှင့်ဘကြီးကောင်းတို့နှစ်ယောက် ပြိုင်တူပင် လှမ်းကြည့်မိလိုက်ကြသည်။ တွေ့မြင်လိုက်ရသော မြင်ကွင်းကြောင့်. .

''ဟယ်. . ဗုဒ္ဓေါ. .''

ပြိုင်တူပင် အာမေဋိတ်သံတို့ ထွက်ပေါ်သွားကြပေတော့သည်။ သို့သော် မြင်တွေ့လိုက်ကြရသော မြင်ကွင်းမှာကား ဆတ်ဖားကြီးတစ်ကောင် မြေပြင်တွင် သေနတ်ပစ်ခံထားရသော ဒဏ်ရာတို့နှင့် သေးတိုက်လဲကျသေဆုံးနေသည့် မြင်ကွင်းကို တွေ့မြင်လိုက်ကြရခြင်းကြောင့်ပင်။

❖

www.burmeseclassic.com

www.burmeseclassic.com




# မြွေကြီးရွှေဘုတ်နှင့် ကျွန်တော်

⋞၁⋟

စိတ်ကသာ ရှိနေသော်လည်း ကိုယ်ခန္ဓာက အသက်အရွယ်ကလေးကြောင့် မလိုက်နိုင်တော့သလို မျက်စိအမြင်အားနှင့် စိတ်တည်ငြိမ်မှုတို့က လျော့ရဲလာသည်။ လေ့ကျင့်မှုကလည်း ကျဲပါးခဲ့သဖြင့် လက်မှန်း (လက်ဆ) တို့က သိပ်မတည့်ချင်။

လျှောက်လှမ်းခဲ့ရသော ခရီးတို့ကလည်း ဝေးလံလှသလို သည်တောင်မကြီးဆီသို့အရလုတက်နိုင်ပါမှ ဟိုမှာဘက်ရှိ ရိုးမတောကြီးနှင့်ဆက်စပ်နေသော တောင်ခြေမြေပြင်တွင်- သားကောင်များကို ပစ်ခတ်ရရှိမှာမို့ တက်ရောက်လာခဲ့ကြခြင်းပင်။ တောင်နူတ်ခမ်း၊ လူသွားလမ်းမှ တက်ရောက်ခဲ့ကြသည်မို့ လမ်းသာသော်လည်း ပင်ပန်းမောဟိုက်သည့်ဒဏ်ကိုတော့ အလူးအလိမ့်ခံရသည်။

တောင်မကြီးပေါ် ရောက်ရှိကြတော့ တစ်ပြန့်တစ်ပြောနှင့်အောက်ခြေမြေပြင်တွင် သစ်ရိုင်းတောကြီးကို လှမ်း၍မြင်တွေ့နေရသည်က အတိုင်းသား။



www.burmeseclassic.com

www.burmeseclassic.com



တောင်ကမ်းပါးယံထိပ်မှ တောင်ခြေ မြေနိမ့်ပိုင်းကို လှမ်းကြည့်လိုက်တော့ မြက်ခင်းပြင်ပေါ်တွင် သားကောင်တချို့ကို အေးဆေးစွာပင် မြက်နုများကို ခေါင်းငုံ့စားနေကြသည်ကို တွေ့မြင်လိုက်ကြရပေသည်။

ရှာခံမုဆိုး ထွန်းတင်က အပေါ်စီးမှ လှမ်းပစ်ခတ်ရန် သတိပေးနေသဖြင့် တောင်ထိပ်အထက်စီးဆီမှ မြေပြင်ပေါ်ရှိ သားကောင်များကို ပစ်ခတ်နိုင်ရန် ဗိုက်ကပ် ဝမ်းလျားမှောက်လျက် အောက်ခြေ သားကောင်များရှိရာဆီသို့ ကိုင်ဆောင်ထားသော ဒသမ (၁၃. ၁၃) ဝင်ချက်စတာရိုင်ဖယ်နှင့် သားကောင်များကို လိုက်လံချိန်ရွယ်နေသော်လည်း အမောတို့က မပြေနိုင်သေး၊ ချိန်သားမကိုက်သဖြင့် ချိန်လို့က မရသေး။ သေနတ်ကို ဘေးသို့အသာချလျက် မြေပြင်တွင် ပက်လက်လှန်ကာ ဝင်သက်ထွက်သက်ကို ပုံမှန်အနေအထားသို့ ရောက်ရှိသွားစေရန် အမောဖြေရင်း စောင့်စားနေလိုက်မိပေသည်။

ထွန်းတင်က ကျွန်တော့်ဘေးတွင် ထိုင်လျက်မှ ကျွန်တော့်ကို ငုံ့ကြည့်ရင်း သက်ပြင်းမောတို့ကို ရှိုက်ထုတ်ကာ အတော်ပင်စိတ်ပျက်သွားပုံ ရနေသည်။ ခုန်နေသော ရင်အစုံ အနည်းငယ်ငြိမ်သွားတော့မှ သေနတ်ကိုကောက်ယူလိုက်ပြီး အောက်ခြေမြေပြင်ရှိ သားကောင်များကို ကြည့်လိုက်ရာ နီညိုရောင်အမွေးများနှင့် ဦးချိုချထားသည့် ကြီးမားသည့် ဆတ်ကြီးတစ်ကောင်၊ ဆတ်မတစ်ကောင်နှင့် ယှိုင်နွဲ့စွာ နောက်မှလိုက်နေသော ဆတ်သားပေါက်ကလေးတို့ မိသားစုအုပ်ပင်၊ သားပေါက်ကလေးမှာ အလွန်ဆုံးရှိပါမှ ရက်သားကလေးပင်။

ဦးချိုချထားသဖြင့် နောက်ထပ်ထွက်နေသော ဦးချိုက တစ်မိုက်ခန့်။ မက်လောက်စရာမို့ ဆတ်ဖိုကြီးကို ရွေ့ချိန်သီး၊ နောက်ချိန်ခွက်တို့ တစ်တန်းတည်းအရောက် လက်ညှိုးက သေနတ်၏မောင်းခလုတ်ထရေကာ (Tracker) ကို ဆွဲညှစ်တော့မည်လုပ်နေရင်းမှ နောက်က ယှိုင်နွဲ့စွာနှင့်လိုက်နေသော ဆတ်ပေါက်ကလေးကြောင့် ပစ်ခတ်ရန် ချီတုံ





ချတုံဖြစ်၊ နစဉ်အတွင်း ဆတ်အုပ်မိသားစုနောက် မြက်ခင်းပြင်အဆုံး တောစအတွင်းမှ အဝါတွင် အနက်အစက်အစက် အကွက်ကြီးများ ရောပြွမ်းထားသော တွားသွားသတ္တဝါကြီးတစ်ကောင်က 'ဗျော' ခနဲ အရှိန်အဟုန်ပြင်းစွာနှင့် တိုးထွက်လာကာ ဆတ်အုပ်ရှိရာဆီသို့ ဦးတည်တိုးထွက်လာသည်ကို အပေါ်စီးမှ လှမ်းမြင်လိုက်ရသလို ဆတ်ကြီးနှစ်ကောင်က ထိုအသံကြီးကြောင့် အထိတ်တလန့်နှင့် အသံကြားလိုက်ရာဆီသို့ သမင်လည်ပြန်လှည့်ကြည့်လိုက်ရင်း နေရာမှ ရုတ်ခြည်းထွက်ပြေးသွားကြပေတော့သည်။ ချည့်နဲ့စွာနှင့် နောက်မှလိုက်ပါရသော ဆတ်ပေါက်ကလေးကား ကြီးမားသောအကောင်ရှည်ကြီးမှ လှမ်းယူထိုးဟပ်ရစ်ပတ်နေသဖြင့် ငယ်သံငယ်ရင်းပါအောင် အသံနက်ကလေးနှင့် အော်ဟစ်နေသံကို အတိုင်းသားကြားနေရပေတော့သည်။

"ဟာ. . မြွေကြီးရွှေဘုတ်ပါလား။ မပစ်လိုက်နဲ့. . မပစ်နဲ့. ."

ရှာခံမုဆိုး ထွန်းတင်နှုတ်ဖျားမှ တအံ့တသြထွက်ပေါ်လာသံနှင့်အတူ ပစ်လိုက်မှာကို စိုးရိမ်စိတ်ကြောင့် တားဆီးလိုက်သံက ပေါ်ထွက်လာပေသည်။ မြွေကြီးမှာ ဆတ်ပေါက်ကလေးကို ကိုက်ထားရာမှ ရစ်ပတ်လိမ်ညှစ် ဆွဲဆန့်လိုက်သည့်အတွက် ရှည်မျောမျောဖြစ်သွားသည့်သဏ္ဍာန်ကို သူ၏ပါးစပ်ကြီးအတွင်းမှ ချွဲသလိပ်များကို ဆတ်ကလေးကိုယ်ပေါ် အန်ထုတ်လိုက်၍ ဦးခေါင်းပိုင်းမှ စတင်မျိုနေသည်ကို အံ့သြဖွယ် တွေ့မြင်လိုက်ရပေတော့သည်။

မြွေကြီးကား ဆတ်ကောင်ငယ်လေးကို ခေါင်းပိုင်းမှ စတင်ကာ တဖြည်းဖြည်းမျိုနေသည်ကို တွေ့လိုက်ရသလို ရုတ်တရက် ထိတ်လန့်ကြောက်ရွံ့စွာ ထွက်ပြေးသွားကြသော မိခင်၊ ဖခင် ဆတ်မောင်နှံမှာ ပြေးလွှားနေရင်းမှ သူတို့၏သားငယ်ကို ကိုက်ခဲသတ်ဖြတ် မျိုနေသော မြွေကြီးကို တုံ့ခနဲရပ်တန့်လိုက်ကြပြီး နောက်သို့ပြန်လှည့်ကာ ရှေ့လက်နှစ်ဖက်ကိုထောင်၍ ပတတ်ရပ်လိုက်ကြရင်း မြွေကြီး၏ ဦးခေါင်းနှင့်



www.burmeseclassic.com

www.burmeseclassic.com



လည်တိုင်တို့ကို ထိုးစိုက်ခုတ်ချလိုက်ရင်း ဆင့်ကာဆင့်ကာ ခုန်ပေါက်နင်းခြေ ကလဲ့စားချေနေသည်ကို အံ့သြထိတ်လန့်ဖွယ်ရာ တွေ့မြင်နေလိုက်ရပေတော့သည်။

မြွေကြီးမှာ စပါးကြီးမြွေမို့ ဆတ်ကောင်ငယ်ကလေးကို မျိုထားသဖြင့် မလှုပ်ရှားနိုင်တော့သည့်ကြားမှ ဆတ်မောင်နှံ၏ ခွာစုံပစ်လျက် ခုန်ပေါက်နင်းခြေ တိုက်ခိုက်နေမှုကို အလူးအလိမ့်ခံစားနေရင်းမှ သူ၏ခန္ဓာကိုယ်ကြီးကို မူလဝင်ရောက်လာရာ တောချုံကြီးဆီ လျှပ်တစ်ပြက်ဆန့်ထုတ်လိုက်ရင်း လျင်မြန်စွာတိုးဝင်သွားနေသည့်နောက်သို့ ဆတ်မောင်နှံတို့က ဆက်လက်တိုက်ခိုက်ဖို့အတွက် ပြေးလိုက်သွားကြပေတော့သည်။

◎ ◎ ◎

≺၂≻

ရေသိုးကျေးရွာ. .

ရှမ်းရွာကလေးတစ်ရွာဖြစ်ပြီး ရန်ကုန်မှ တိုက်ကြီးမရောက်မီ မြောင်းတကာကိုကျော်၍ ဂျိုးဖြူကန်ဘေးရှိ ရွာကလေးတစ်ရွာပင်။ (တိုက်ကြီးနောက်ကျောဘက်ဆီ)

ရေသိုးရွာကလေးကား မြွေဟောက်တောင်ခြေရင်းတွင်ရှိသောရွာကလေးပင်။ ရှမ်းလူမျိုးများ အခြေချနေထိုင်ကြသည်။ အဓိကလုပ်ငန်းမှာ သစ္စာပန်းစိုက်ပျိုးရောင်းချခြင်း၊ သံပရာနှင့် ကီလိုမာလကာခြံများကြောင့် နာမည်ကြီးသော ရွာကလေး။ ပဲခူးရိုးမတောကြီးနှင့်နီးကပ်သည်မို့ အမဲလိုက်ခြင်းလုပ်ငန်းဖြင့် အသက်မွေးကြသူများလည်း ရှိကြသည်။





ချေသေတစ်ကောင်ကို လည်ပင်းတွင် ကြိုးကွင်းစွပ်လျက် သစ်ကိုင်းတွင်ချိတ်ဆွဲကာ အရေချဖို့ စိုင်းပြင်းနေသော ဉာဏ်ကျယ်ကို ဘကြီးကောင်းက လှမ်းပြောလိုက်သည်။

''ဉာဏ်. . ချေသည်းခြေကို လွှင့်မပစ်နဲ့ ငါ ဖျားချင်သလိုဖြစ်နေလို့ အရက်နဲ့စိမ်သောက်ဖို့ ငါ့ကိုပေး''

''ဟုတ်ကဲ့ အဘကောင်း''

ဉာဏ်ကျယ့်အဖြေကြောင့် ကျွန်တော်ပြုံးလိုက်မိသည်။ အဘယ့်ကြောင့်ဆိုသော် နေရာတကာ စွာကျယ်ကျယ်နှင့် လူလည်အင်မတန်လုပ်တတ်သော အငယ်ဆုံးမှဆိုးလေးကို ဝါရင့်မုဆိုးက ပညာပေးတော့မည်မှန်းကို ကျွန်တော်ကြိုသိနေသောကြောင့်ပင်။

ချေကို အရေချပြီး ဝမ်းတွင်းသားများကို ဖောက်ထုတ်၍ 'ချေးခါး' ထုတ်ဖို့ စီစဉ်သူက စီစဉ်နေသလို ဉာဏ်ကျယ်က ဝမ်းတွင်းသားများထဲမှ ချေသည်းခြေကို ရှာဖွေနေသည်ကို ဘကြီးကောင်းက အဖန်ရည်သောက်ရင်း ပြုံးပြုံးကြီးနှင့် ကြည့်နေသည်ကို မြင်နေရသည်။ ချေးတလုံးလုံးဖြင့် သည်းခြေရှာမတွေ့သော ဉာဏ်ကျယ့်ထံမှ. .

''သည်းခြေရှာလို့မတွေ့ဘူး အဘရဲ့။ ပေါက်များသွားသလားမသိဘူး''

''မင်း ချေသည်းခြေကို ဘယ်မှာရှာနေတာလဲ''

''နှလုံးနားမှာ သည်းခြေရှိမယ်လေ။ ဒါကြောင့် နှလုံးသားနားမှာ ရှာတာပေါ့''

''မင်း ရူးနေသလား။ ချေသည်းခြေက နေ့ဘက်မှာဆိုရင်ခွာကြားထဲမှာ နေတာ။ ဒါကြောင့် ရှေ့လက်နှစ်ဖက်နဲ့ နောက်ခွာကြား



www.burmeseclassic.com

www.burmeseclassic.com



တွေမှာ ပြန်ရှာစမ်း။ မှဆိုးတဲ့ကွာ. . သောက်သုံးက လုံးဝမကျဘူး''

''ဟုတ်ကဲ့အဘ. . ဟုတ်ကဲ့. .''

ဉာဏ်ကျယ်ကား ချေသည်းခြေကို ရှေ့လက်နှင့် နောက်ခွာကြားတို့များကြားတွင် ထပ်၍ရှာနေပြန်သည်ကို ကြည့်နေရင်းမှ ရယ်ချင်လွန်းသဖြင့် သူတို့အနီးမှ ထွက်ရန်ပြင်လိုက်စဉ်. .

''အဘကောင်းပြောတဲ့ ခွာကြားထဲမှာလည်း ရှာလို့မတွေ့ပြန်ဘူး အဘရဲ့''

''အေး. . သေသေချာချာ ထပ်ရှာစမ်းပါဦး။ တဆေးနဲ့ သုံးမလို့ပါ ဆိုနေမှ''

ဉာဏ်ကျယ်ကား ခြေထောက်နှင့် လက်များကို အဆစ်မှဖြုတ်လိုက်ကာ ဓားနှင့်ပင် လှီးဖြတ်ရှာဖွေနေသည်ကို တွေ့လိုက်ရသဖြင့် ကျွန်တော်ရယ်မောချလိုက်ပေတော့သည်။ ကြောင်တောင်တောင်နှင့် ပြန်ကြည့်နေသော ဉာဏ်ကျယ်ကို အဘကောင်းက. .

''ဒီအဖွဲ့မှာ မင်းအသက်အငယ်ဆုံး။ ပြောလိုက်ရင်လည်း လေကြီးမိုးကြီးပဲ။ ဘယ်သူ့ကိုဖြစ်ဖြစ် မင်းအလျှော့ပေးတာ တစ်ခုမတွေ့ရဘူး။ မရှိတာကို အရှာခိုင်းလိုက်တာ မင်းရှာနေကတည်းက မင်းအရည်အချင်းကို မင်းသိဖို့ကောင်းတယ်။ မှတ်ထား. . ။ နောင်. . လူကြီးတွေကို ဘယ်တော့မှ မစော်ကားနဲ့။ ချေဆိုတာ သည်းခြေမရှိဘူးကွ''

အဘကောင်းကား ဉာဏ်ကျယ်၏နောက်ပြောင်ကျီစယ်မှုဒဏ်ကို ခံရသည်မှာ များနေပြီမို့ ပညာသားပါပါ အချက်ကျကျနှင့် ပညာပေးလိုက်သည်ကို သဘောပေါက်သွားသဖြင့် စကားသံမထွက်တော့။ အာလူးက. .

''အဘကောင်းကို ကျေးဇူးတင်ပါတယ်။ ခုမှပဲ ချေမှာ သည်းခြေမရှိတာ သိရတော့တယ်။ သတိကို မထားခဲ့မိဘူး''

ဟု ကျေးဇူးတင်စကား ပြောနေစဉ် ကျွန်တော်က. .





''ကဲ. . ကိုစောအေး၊ အောင်စိုးနဲ့ ထွန်းတင်တို့ . ။ ငါ ဒီရွာကို နှစ်ခေါက်သုံးခေါက်ရောက်ခဲ့ဖူးပေမယ့် မြွေကြီးရွှေဘုတ်အကြောင်း မသိခဲ့ဘူး။ မင်းတို့သိသလောက် ပြောပြပါဦး''

ကျွန်တော်တို့အဖွဲ့ ဝိုင်းဟားတိုက်နေကြရင်းမှ ရွာခံမုဆိုးများကို မေးမြန်းလိုက်မိသည်။ သူတို့အုပ်စုတွင် ကိုစောအေးက အသက်ကြီးသူမို့ တွေးတွေးဆဆနှင့် ပြောပုံက. ..

''ဒီလိုဗျ ဒီလို. . ။ မြွေကြီးရွှေဘုတ်ဆိုတာ ကျွန်တော့်အဘိုးလူပျိုဘဝကတည်းကဆိုတော့ ခုဆိုရင် နှစ်ပေါင်းတစ်ရာကျော်ပြီပေါ့။ အတိုချုပ်ပြောရရင် ရွာမှာ အပျိုကြီးမရွှေတုတ်ဆိုတာ ရှိတယ်။ သူ့မှာ မိဘဆွေမျိုးလည်း မရှိကြဘူး။ တစ်ကိုယ်တည်း သစ္စာပန်းစိုက်ရင်း အခင်းထဲမှာ မြွေပေါက်ကလေးကိုတွေ့တော့ သနားလို့ အိမ်မှာ နို့တိုက်မွေးထားခဲ့တယ်။

တစ်နေ့တော့ အိပ်မက်ထဲမှာ မြွေကလေးက သူ့ကို စောင့်ရှောက်မွေးမြူထားတဲ့အတွက် ကျေးဇူးပြန်ဆပ်ပါရစေလို့ပြောပြီး လန့်နိုးသွားတယ်။ အဲဒီနောက်ပိုင်း ပန်းခင်းက တအားဖြစ်လာလို့ ပိုက်ဆံအတော်ရလိုက်တယ်။ မရွှေတုတ်က ဘာသာရေးသမားမို့ အိပ်မက်တစ်ခါပေးပြန်တယ်။ မြွေလေးက ခေါင်းရင်းခြံထောင့် သရက်ပင်ကြီးအောက်မှာ ပစ္စည်းတူးယူပါလို့ မက်ပြန်တယ်။ အိပ်မက်ပေးတဲ့အတိုင်း တူးလိုက်တော့ အိုးနဲ့ထည့်ထားတဲ့ ရွှေငွေတော်တော်များများ ရလိုက်ပြန်တယ်။ မြွေလေးက အရွယ်ရောက်လာပြီမို့ သူဘယ်သွားသွား ခေါ်သွားတယ်။ လှူတယ်။ ကျောင်းဆောက်တယ်။ ဆင်းရဲသူတွေကို ပံ့ပိုးတယ်။ ဘုရားတည်တယ်။ ရွာက လူတွေက မြွေလေးကို မရွှေဘုတ်လို့ ခေါ်ကြတယ်။ စပါးကြီးမြွေမလေးကိုဗျ''

ကိုစောအေးက ပြောရင်း အဖန်ရည်ကို မော့သောက်လိုက်သည်။ ပြီးမှ. .



www.burmeseclassic.com

www.burmeseclassic.com



''သူ့သခင်က မရွှေတုတ်ဆိုတော့ သူ့ကို မရွှေဘုတ်လို့ ခေါ်ရင်းက အမည်တွင်သွားတာပါပဲ။ ဒီလိုနဲ့ မရွှေတုတ်နဲ့ မရွှေဘုတ်ဟာ ဘုရားသွား၊ ကျောင်းတက်၊ အလှူအတန်းလုပ်ရင်းက တဖြည်းဖြည်း ကြီးပြင်းလာကြတာပေါ့။ တစ်နေ့တော့ ရွာထဲမှာ မရွှေတုတ်တို့ အသွားအလာမရှိကြလို့ ဘာများဖြစ်ကြသလဲဆိုပြီး အိမ်ကိုသွားကြည့်တော့ အိမ်ရှေ့ခန်း ဘုရားစင်အောက်မှာ မရွှေတုတ်သေနေတဲ့အလောင်းနဲ့ သူ့အနီးမှာ ခွေခွေကြီးနဲ့ ငြိမ်ငြိမ်နေတဲ့ ရွှေဘုတ်ကို တွေ့လိုက်ရတယ်။ ရွာသားတွေရောက်လာကြတော့ ခွေနေတဲ့ ရွှေဘုတ်က ခေါင်းထောင်ထလိုက်ပြီး အိမ်နောက်ဖေးပေါက်က လျှောဆင်းသွားလိုက်တာ ခုထိ အိမ်ပြန်မလာတော့တာပါပဲ။ ပိုပြီးထူးခြားတဲ့အချက်က မရွှေတုတ်ရဲ့အလောင်းကို လူတွေက ပြုပြင်ထားတဲ့ပုံစံမျိုးအတိုင်း သနပ်ခါးလိမ်း၊ ပိတ်ဖြူလွှမ်းထားပြီး ပန်းတွေနဲ့ ဖြန့်ကျဲထားတဲ့ ရွှေချင်စဖွယ်အသွင်မျိုးနဲ့ မြင်လိုက်ကြရတာပါပဲ။ ရွာသားတွေက မရွှေတုတ်အလောင်းကို မြေချပြီးတဲ့နောက်ပိုင်း မြွေကြီးရွှေဘုတ်ကို မြွေဟောက်တောင်ဝန်းကျင်မှာ တစ်ခါတစ်ခါတွေ့ရတာ ခုထိပဲ။ လူတွေကိုတော့ အန္တရာယ်မပေးဘူး။ ပြီးခဲ့တဲ့ သုံးလလောက်က တောတိုးတဲ့ကလေးတွေပြောတော့ ရွှေတစ်ကောင်မျိုနေတာကြားလို့ သွားကြည့်ကြတော့ မတွေ့ပါဘူး။ ရွှေဘုတ် ဂူထဲဝင်သွားတယ် ထင်ပါရဲ့''

''ရွှေဘုတ်ဂူက ဘယ်အနားမှာလဲ''

''မြွေဟောက်တောင်ခြေမှာပဲ''

''ဘာလို့ ရွှေဘုတ်ဂူရယ်လို့ ခေါ်ကြတာလဲ''

''မြွေကြီးရွှေဘုတ်နေတဲ့ ဂူကြီးမို့ ခေါ်ကြတယ်နဲ့ တူတာပဲ''

ကျွန်တော်နှင့် ဘကြီးကောင်းတို့က ညဘက် မီးထိုးပြီး တောမလည်ကြသူများမို့ ညစာကို စားလိုက်ပြီး အိပ်ရာထက်တွင် နေရာယူလိုက်ကြသလို ဉာဏ်ကျယ်၊ မွန်၊ အာလူးနှင့် ကုလားကြီးသန်းညွန့်တို့ သုံးဖွဲ့ သေနတ်များကိုယ်စီနှင့် တောလည်ထွက်သွားကြပေသည်။

☯ ☯ ☯





< ၃ >

ရေသိုးရွာကလေးကား မြွေဟောက်တောင်ခြေရင်းတွင် တည်ရှိသော ရွာကလေးတစ်ရွာဖြစ်သည်။ ပဲခူးရိုးမတောကြီးအတွင်းပိုင်း မဟုတ်သော်လည်း [illegible] ပြည့် ကားလမ်းမကြီးဝေးရှိ ရွာကလေးပင်ဖြစ်စေကာမူ ပေါက်ရောက်အပင်တို့က ပျဉ်းကတိုး၊ ပျဉ်းမ၊ ကျွန်း၊ ကညင်၊ ယမနေ၊ သစ်ယာ၊ အင်တို့နှင့် ဝါးမျိုးစုံတို့က ပါဝင်ပေါက်ရောက်နေကြသဖြင့် အောက်ခြေကို နေပြောက်မထိုးသလို အဖိုးတန်သစ်များ ပေါက်ရောက်ရာ သစ်တောကြီးပင်။

ထိုတောကြီးအတွင်း သစ်ရိုပ်ဝါးရိပ် စိမ့်ကြီးမြိုင်ကြီးများ ပေါများသဖြင့် သားငှက်များပေါသလို မှဆိုးများအဖို့ ဟင်းစားမပြတ်သော နေရာမျိုးပင်။ သစ်ပင်ကြီးများထက်ဆီတွင် သစ်ခွ၊ ယင်းမာ၊ သရဖီ၊ ရင်ခတ်နှင့် ပျဉ်းမ စသည့်တောပန်းတို့က ရာသီအလိုက် ဆင့်ကာဆင့်ကာ ဖူးပွင့်အလှချင်းပြိုင်နေကြသလို သားကောင်များလည်း ပေါများသည်။

မျောက်၊ ရစ်၊ ကြက်၊ ယောင်းရင်း၊ အောင်းလောင်း၊ ငှက်ငန်း၊ ယုန်၊ ကြောင်၊ ဖြူ၊ မွေး၊ မွတ်၊ ပတတ်နှင့် သင်းခွေချပ်တို့ ပေါများသဖြင့် ဟင်းစားမပြတ်သလို ကျားရဲပေါသည့် တောကြီးမို့လည်း အဖော်မပါ တစ်ဦးတည်းမသွားသာရကြ။

ဆောင်းရာသီ၏ ပြာသိုလပေမို့ ချမ်းအေးလွန်းရကား ကျွန်တော်က အချမ်းကို ဂရုမထားနိုင်ဘဲ သေနတ်ကိုပစ်ခတ်တော့ရန် အသင့်ကိုင်ဆွယ်ရင်း လျှောက်လှမ်းနေမိသည်။

ချမ်းအေးမှုကား အသည်းစိမ့် ခိုက်ခိုက်တုန်တမျှ ပြာသိုလ၏ ကျားတို့၏ မိတ်ဆော့ချိန်။ သစ်ပင်ကြီးတို့ထက်မှ တဖျောက်ဖျောက်ကြွေကျနေသော နှင်းစက်တို့ကြောင့် မြေသင်းနံ့တို့ကို အထိုက်အလျောက်ရနေသည်။ သည်ရနံ့ကိုပဲ တရှိုက်မက်မက်နှင့် ရှူရှိုက်လိုက်ရင်း ကြြကြကလေးပင် လျှောက်လှမ်းနေမိလိုက်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်တောင်ကိုကျော်ပြီး တစ်ကုန်းကိုဆင်းတော့မည်အလုပ် ရှေ့တူရူ အောက်ခြေလျှသွားလမ်းလယ်တွင် သားကောင်ကြီးတစ်ကောင်နှင့် အမှတ်မထင် ထိပ်တိုက်ရင်ဆိုင်တိုးလိုက်ကြရပေသည်။ အမှတ်မထင် တွေ့မြင်လိုက်ရသော ရှေ့တူရူမှ မြင်ကွင်းကြောင့် သွားရည်ကျစေခြေလှမ်းတို့ကို တုံ့ခနဲရပ်ပစ်လိုက်သလို မဆိုးတိုင် ထိုင်ရင်း ပစ်ခတ်တော့ရန်အတွက် သေနတ်ဖြင့်ထိုးချိန်လိုက်သလို ဟင်းမျိုးကြီးကလည်း အမှတ်မထင်တွေ့မြင်လိုက်ရသော ကျွန်တော့်ကြောင့် နောက်ကျောဆီသို့ ကျွမ်းပစ်လိုက်ကာ မြေပြင်တွင် ဗိုက်ရှပ်ဝပ်စင်း၍ သူ၏အမြီးကို မြေပြင်တွင် တဖတ်ဖတ်ရိုက်ခတ်ရင်း ပါးစပ်ကြီးအတွင်းမှ အစွယ်ကြီးများထုတ်ကာ ကျွန်တော့်လှုပ်ရှားမှုကို ငံ့လင့်နေသည်။

ဖြစ်တောင့်ဖြစ်ခဲရှိလှသော ရင်ဆိုင်ပွဲမို့ သေနတ်နှင့်ချိန်ရွယ်ပြီး ဒူးထောက်ထိုင်ထားရင်းမှ ဝပ်စင်းထားသော်လည်း ခေါင်းကြီးကိုထောင်လျက် ကျွန်တော့်ကို မမှိတ်မသုန် ပါးစပ်ကြီးကိုဖြဲ၊ အစွယ်ကြီးများအားဖွေးသား၊ လျှာကြီးကိုထုတ်၊ အနက်တစ်ကန့် အဝါတစ်ကန့်နှင့် နားရွက်စိုင်းဝိုင်းတိုတိုလေးကို ပိုင်ဆိုင်ထားသော ဟင်းကောင်ကြီး၏ မှေးစင်းထားသော မျက်လုံးနှစ်လုံးအကြားသို့ ပစ်မှတ်ထားကာ ရှေ့ချိန်သီးနောက်ချိန်ခွက်တို့ တစ်တန်းတည်းအရောက် ပစ်ခလုတ်ကို ဆွဲညှစ်တော့မည်အလုပ်. .

"ဟိုက်. . ဗုဒ္ဓေါ"

ပစ်မှတ်ဆီတွင် တွေ့မြင်လိုက်ရသောမြင်ကွင်းကြောင့် နှုတ်ဖျားမှပင် အာမေဋိတ်သံတို့ ထွက်ပေါ်သွားမိပေတော့သည်။ အမြင်များများလေသလားအထင်နှင့် အကြိမ်ကြိမ်ထပ်မံကြည့်သော်လည်း မြင်ကွင်းက မပြောင်းလဲ၊ မရွေ့လျားသည့် ပုံစံအတိုင်းပင်။

ကျွန်တော့်အမြင်တွင် ကျွန်တော်ပစ်ခတ်တော့မည့် ကျားကြီးနေရာတွင် နတ်ပန်းရေးဆွဲထားသော အလှမျိုးကို ပိုင်ဆိုင်ထားသည့် မိန်းမ





ချောလေးတစ်ဦးအသွင်။

နက်မှောင်ရှည်လျားသည့် ဆံကေသာများက စည်းနှောင်မထားသဖြင့် လေပြည်သုတ်ဖြူးမှုတို့နှင့်အတူ လွတ်လပ်စွာလူးလွန့်လှုပ်ခတ်နေသည်။ မျက်ခုံး၊ မျက်လုံး၊ နှာတံနှင့် နှုတ်ခမ်းတို့မှာ အပြစ်ဆိုဖွယ်ရာမရှိ ပကတိလှပနေသည့်အပြင် မျက်လုံးအစုံက ညို့ဓာတ်အပြည့်နှင့် အရည်လဲ့နေသလို အင်ကြင်းပန်းတို့က ဆံကေသာထက်ဝယ် အဝေသား။ ပြုံးစစမျက်နှာပေးဖြင့် ကျွန်တော့်ကို စူးစူးစိုက်စိုက်ကြည့်နေသည့် မျက်နှာကလေး။ သေနတ်၏ ပစ်ခလုတ်ကို ဆွဲမဖြုတ်တော့ဘဲ ကျွန်တော့်အတွေးတို့က. .

ဩော်. . တောထဲတောင်ထဲမှာ နေ့သစ်တစ်နေ့ကို လှပခြင်းများနှင့် စတင်ရပေဦးတော့မည်ရယ်လားဟု သေနတ်ကို ချိန်ရွယ်ထားရင်း စဉ်းစားနေလိုက်စဉ် မိန်းမပျိုက ကျွန်တော့်ရှေ့တိုင် တိုးကပ်လာပြီး. .

"မြို့က တောလည်လာတဲ့ ဧည့်သည်မဟုတ်လား။ ကျွန်မရွှေဘုတ်ပါ။ ကျွန်မကို ရှင်သိချင်မှသိမယ်။ မနေ့ကတော့ ကျွန်မကို ရှင်မြင်လိုက်မှာပါ"

ပြောလိုက်သည်ကို တအံ့တဩနှင့် ကျွန်တော်ကြားလိုက်ရသည်မို့. .

"ဗျာ. . မနေ့က မင်းကို ငါတွေ့လိုက်ရတယ်. . ဟုတ်လား"

ကျွန်တော်က သူမကို တအံ့တဩနှင့် ပြန်မေးလိုက်တော့. .

"ဟုတ်တယ်။ မနေ့က ရှင်နဲ့ လူတစ်ယောက် တောင်ထိပ်ဆီက ဆတ်တွေပစ်တော့မယ်လုပ်တုန်း ကျွန်မရောက်လာလို့ မပစ်လိုက်ရတာလေ"

ကျွန်တော်နှင့် ရွာခံမုဆိုး တင်စိုးတို့ မနေ့ကအဖြစ်အပျက်ကို ရုပ်ရှင်ပိတ်ကားပေါ်တွင် ကြည့်နေရသလို ပြန်လည်မြင်ယောင်နေ



www.burmeseclassic.com

www.burmeseclassic.com



မိသည်။

"မြွေကြီးရွှေဘုတ်ဆိုတာ . . "

"ဟုတ်တယ်လေ၊ မြွေအဖြစ်နဲ့မြင်ရတော့ မြွေကြီးရွှေဘုတ်ပေါ့။ ခု လူအဖြစ်နဲ့မြင်တော့ မရွှေဘုတ်ပေါ့"

ယဥ်စနှင့် နွမ်းလျစွာပြောနေရင်းမှ ဆက်၍

"ရှင် ယုံမလားတော့ မသိဘူး။ ကျွန်မ အမိဋ္ဌာန်ဝင်ပြီး သီလဆောက်တည်ထားခဲ့တာ ကြာခဲ့ပါပြီလေ။ ခု အဓိဋ္ဌာန်ရက်ပြည့်ခါနီး ဗိုက်ဆာလွန်းလို့ အစာရှာထွက်ရင်းက ရှင်နဲ့တိုးခဲ့ရတာပါ။ ငါ့ဝမ်းပူဆာ မနေသာလို့ အဓိဋ္ဌာန်ပျက်ခံလိုက်ရတာမို့ အသက်ပါ ပေးဆပ်လိုက်ရပါတယ်။ ရှင်ပစ်တော့မယ့်ဆတ်ကို ကျွန်မကြောင့် မပစ်လိုက်ရတော့တာမို့ အစားပြန်ပေးပါမယ်၊ မိုးလင်းရင် ကျွန်မနေတဲ့ဂူကိုသွားပြီး ကျွန်မခန္ဓာကိုယ်ကို မြေမြှုပ်သင်္ဂြိုဟ်ပေးပါ။ နောက် . . အမျှအတန်းလည်း ကျွန်မကို ပို့ပေးပါရှင်"

"ဗျာ . . အမျှအတန်းဝေပေးရမယ်၊ ဘာကြောင့်တုံး။ မရွှေဘုတ်က ဘာဖြစ်လို့တုံး"

"အင်းလေ . . ဖြစ်ချင်တော့ မနေ့က ဗိုက်ဆာလွန်းလို့ အစာထွက်ရှာတော့ ဆတ်ပေါက်ကလေးတစ်ကောင်ကို အရအမိဖမ်းစားလိုက်မိတာ သူ့အဖေနဲ့အမေ ဆတ်ကြီးတွေက သူတို့သားကလေးအတွက် ကျွန်မအသက်ကို ပြန်နုတ်ယူသွားကြတယ်လေ"

"ဗျာ . . ခင်ဗျားအသက်ကို ပြန်နုတ်ယူသွားကြတယ်။ ဟုတ်လား"

"ဟုတ်တယ် . . ဟုတ်ပါတယ်"

သူမ၏ စကားတို့ကြောင့် ကျွန်တော်ငိုင်တွေတွေဖြစ်နေစဉ် အတွင်း . .

"ဒိုင်း . . ဒိုင်း . . "





သေနတ်သံများက တောင်ခြေဘက်ဆီမှ တော်လဲသံမျိုးနှင့် ဆက်တိုက်ဆင့်ကာဆင့်ကာ ပေါ်ထွက်လာသံများတို့ကြောင့် ဖျတ်ခနဲ အိပ်ရာမှ လန့်နိုးသွားပေတော့သည်။

ဩော် . . ယုံရခက်၊ မယုံရခက်နှင့် ထယ်သဘောမျိုးကို ဆောင်နေသော အိပ်မက်မျိုးမှန်းကို အထပ်ထပ်အပြန်ပြန် စဉ်းစားလိုက်ရင်း အနီးတွင်ယှဉ်အိပ်နေသော ဘကြီးကျောင်းနှင့် အစ်ကိုကြီးဦးသိန်းလွင်တို့ကိုနိုး၍ အိပ်မက်အကြောင်းကို ပြောပြနေလိုက်မိပေသည်။

☯ ☯ ☯

<၄>

အရုဏ်ကျင်း မိုးလင်းကြက်တွန်သံများကိုပင် ကြားနေရပေပြီ။ ညဉ့် မီးထိုးအမဲပစ်ကြသော အဖွဲ့သားတို့ မရှေးမနှောင်း ပြန်လည်ရောက်ရှိလာကြသော အဖွဲ့သားတွေထဲမှ ဉာဏ်ကျယ့်အသံက စွာကျယ်ကျယ်နှင့် ထွက်လာသည်။

"အဘကောင်းရော . . ဆတ်အဖိုကြီးနဲ့ အမကြီး နှစ်ကောင် လမ်းလယ်ခေါင်မှာ ကန့်လန့်ဖြတ်ပြီး ဘေးတိုက်ကြီးခံနေတာ တစ်ကောင်ကိုနှစ်ချက်စီနဲ့ နှစ်ကောင်စလုံး တစ်နေရာတည်းမှာ ပစ်လိုက်ရတယ်။ မလဲဘူးဗျာ။ တောင်မကြီးအခြေကို ဆင်းသွားတယ်၊ သွေးစက်ခံလိုက်သွားတာ သွေးစက်ပျောက်သွားလို့ လှည့်ပြန်ခဲ့ရတယ်။ မိုးလင်းရင် ခွေးတွေနဲ့ ထပ်လိုက်ကြရအောင်"



www.burmeseclassic.com

www.burmeseclassic.com



သုံးဖွဲ့ခဲ့ပြီး ညဘက်တောလည်ကြသည်မှ ရရှိလာကြသည့် သားကောင်များက မနည်းလှ။ ဒရယ်နှစ်ကောင်၊ ချေသုံးကောင်၊ ကြောင်မြင်းတစ်ကောင်နှင့် ဖြူနှစ်ကောင်။ နောက် . . တစ်နေရာတည်းတွင် ပစ်ခတ်လိုက်ရသော ဆတ်နှစ်ကောင် မပါသေး။ ဆက်မအိပ်ကြတော့ဘဲ နံနက်စာကို ရေနွေးကြမ်း၊ ထမင်းကြမ်းနှင့် ချေသားချက်တို့နှင့် အဆာပြေစားလိုက်ကြရင်း ပစ်လိုက်ရသော ဆတ်တို့နောက်သို့ ခွေးများကိုခေါ်၍ လိုက်သွားကြပေတော့သည်။

တောင်မကြီးအထက်ဆီမှ ထွက်ပေါ်လာသော နေခြည်နုနုတို့သည် တစ်စတစ်စ ရင့်ရော်လာသလို ရွှက်ဖားဝေဝေတို့ဖြင့် ဝေစည်နေသော ရိုးမတောကြီးကို မြူနှင်းများအကြား မြင်ရစပြုနေပေပြီ။ လေပြည်တစ်သုတ် ပက်ဖျန်းလိုက်လိုက်မှုတို့ကြောင့် သစ်ရိုင်းပင်ကြီးများထက် ငှားငှားစွင့်စွင့် ပွင့်ဖူးနေကြသော သစ်ခွပန်းရနံ့တို့က ကလူကျီစယ်နေသလို ရှိနေသည်။ ကျေးငှက်သံတို့ တစာစာနှင့်မို့ သာယာနေသလို ညင်းညင်းညှံ့ညှံ့ ပန်းရနံ့တို့ကို တမက်တမောရှူရှိုက်လိုက်ရင်းမှ ညကမက်ခဲ့ပြီးသော အိပ်မက်တို့ကို ပြန်လည်စဉ်းစားနေလိုက်မိသည်။

ဘကြီးကောင်းကို ပြောပြထားပြီး တိုင်ပင်ညှိနှိုင်းထားခဲ့ပြီမို့တော်ပေသေးသည်။ လူငယ်များကိုတော့ ပြောပြချိန်မရသေး၍ မသိရှိကြသေး။ နားထဲတွင် စွဲစွဲလမ်းလမ်းဖြစ်နေသော စကားတို့က . .

''ရှင်ပစ်တော့မယ့်ဆတ်ကို ကျွန်မကြောင့် မပစ်လိုက်ရတော့တာမို့ အလျော်ပြန်ပေးပါ့မယ်။ ကျွန်မနေတဲ့ဂူဆီကို အရောက်သွားပြီး ကျွန်မရဲ့ခန္ဓာကိုယ်ကို သင်္ဂြိုဟ်ပေးပါ။ အမျှအတန်းလည်း ပို့ပေးပါ''

. . တဲ့။

ကုန်းတန်းခင်ကြောကလေးမှ အောက်ခြေကို ဆင်းကြတော့မည်အလုပ် ခေါ်ယူလာခဲ့သော အမဲလိုက်ခွေးများက တဝုတ်ဝုတ်ဟောင်ရင်း လျှိုအတွင်းသို့ ပြေးဆင်းသွားကြပေတော့သည်။ ခပ်ဝေးဝေးတစ်





နေရာဆီမှ သားကောင်များကို တွေ့မြင်သဖြင့် သုံးကောင်စလုံး ဝိုင်းပတ်၍ စုပေါင်းဟောင်နေသံမျိုးကို ကြားလိုက်ကြရကာ ခွေးများဟောင်သံ ကြားလိုက်ရာဆီသို့ သေနတ်များကို အသင့်ပစ်ခတ်ကြတော့ရန် အသွင်မျိုးနှင့် ပြေးဆင်းသွားလိုက်ကြပေတော့သည်။

ခွေးများဝိုင်းပတ်ဟောင်နေကြသောနေရာကို လှမ်းကြည့်လိုက်တော့ ကျွန်တော်နှင့် ဘကြီးကောင်းတို့ပါ မယုံကြည်နိုင်စရာမြင်ကွင်းကို တွေ့လိုက်ကြရသဖြင့် တအံ့တသြဖြစ်သွားကြပေတော့သည်။

မျက်ဝါးထင်ထင် တွေ့မြင်လိုက်ကြရသောမြင်ကွင်းကား လုံးပတ်ပေါင်လုံးသာသာခန့်ရှိ စပါးကြီးမြွေတစ်ကောင်က သူ၏ခန္ဓာကိုယ်ကြီးကို ရစ်ခွေလျက် ဦးခေါင်းနှင့် လည်ပင်းဆီတို့တွင် အပေါက်ကြီးများဖြစ်နေသော ဒဏ်ရာမျိုးတို့နှင့် အသက်ပျောက်နေသော လူတစ်ရပ်နီးပါး မြွေသေပုံကြီးနှင့် သူ့အနီးတွင် ဘေးတိုက်လဲကျသေဆုံးနေကြပြီဖြစ်သော ဆတ်ဖားကြီးတို့နှစ်ကောင်၏ မြင်ကွင်းများကြောင့်ပင်။

ဆတ်ဖိုကြီးကား ဦးချိုချထားသဖြင့် ဆတ်ချိုနှမှာ တစ်မိုက်အရွယ် တုံးတိတိ။

''ဘိုလေး . . မနေ့က တွေ့လိုက်ကြရတဲ့ ဆတ်ဖိုနဲ့ ဆတ်မ မဟုတ်လား''

ရွာခံထွန်းတင်က မနေ့က ကျွန်တော်နှင့်အတူ လိုက်ခဲ့သူမို့ အထိုက်အလျောက်သိထားပြီး မေးလာသည်။ ခေါင်းညိတ်ပြလိုက်ရင်း ဝန်ခံလိုက်မိပေသည်။ ကျွန်တော်ကား အဖြစ်အပျက်တို့အပေါ် ဘာကစ၍ ပြောရမှန်းကိုပင် မသိရလောက်အောင် ဖြစ်သွားသည်။ အဘကောင်းရှိနေသဖြင့် သူကောင်းသလို စီစဉ်ပေမည်။

www.burmeseclassic.com

www.burmeseclassic.com



<၅>

ဖြစ်ပျက်ခဲ့သော အခြေအနေအရပ်ရပ်ကို လူငယ်များအား အဘကောင်းက ရှင်းပြလိုက်သဖြင့် အားလုံး တအံ့တသြနှင့် စုတ်တသပ်သပ်ဖြစ်နေ၏။ မြွေကြီးရွှေဘုတ် မြေမြှုပ်ခြင်းလုပ်ငန်း ပြီးသည့်နောက် ဆတ်နှစ်ကောင်လုံး ရောင်းလို့ရသည့်ငွေဖြင့် ပင့်သံဃာငါးပါးအား ပင့်ဖိတ်၍ ရေစက်ချ အမျှပေးဝေလိုက်ကြပေတော့သည်။

"မြွေကြီးရွှေဘုတ် (သို့မဟုတ်) မရွှေဘုတ်ရေ... ။ ရောက်ရာဘဝကနေ ကောင်းရာသုဂတိတို့ လားပါစေ" ဟု ဆုတောင်းရင်း အမျှပေးဝေလိုက်ရုံမှတစ်ပါး။ ။

❖



www.burmeseclassic.com

www.burmeseclassic.com

# ကိုယ်မမေ့သည်သာ

ရိုးမကြီးတစ်ခွင်တစ်ပြင်လုံး မြူနှင်းများတို့နှင့် လွှမ်းခြုံရစ်သိုင်းနေသည်။

ခပ်ဝေးဝေးဆီတွင် နှင်းမှုန်များတို့အကြား လှမ်းရှုမြင်တွေ့နေရသော မဟူရာတောင်မြင့်ကြီးပင်။ သူ့၏ဝန်းကျင်တစ်ခွင်လုံး မြူမှုန်များတို့ ရစ်သိုင်းထားခြင်းကို ခံထားရသဖြင့် မှိုင်းပျပျရယ်သာ။

ထိုမဟူရာတောင်ကြီးဘေးမှ ရစ်ခွေလျက် စီးဆင်းနေသည့် တောင်ကျရေကို စီးဆင်းရာချောင်းဖြစ်သည့် မဟူရာချောင်းအတွင်းမှ လက်ကျန်စမ်းရေကြည်တို့သည် နံနက်ခင်း၏ လေနုအေးကလေးတို့ကြောင့် ရှုပ်ပြေးလှိုင်းကလေးတို့က ထွက်ပြူစနေရောင်အောက်တွင် တပြောင်ပြောင်တလဲ့လဲ့။ ရိုးမကြီး၏ ဆောင်းသရုပ်ကို ဖော်ဆောင်နေသည်မို့ မြင်ကွင်းတို့ကား သာယာလွန်းလှသည်။

ကျေးငှက်သံတစာစာတို့အပြင် မျောက်အော်သံ၊ ချေဟောက်သံ၊ ဆတ်တစ်သံ၊ ဖိုးခေါင်ငှက်ကလေးတို့ ဟစ်ကြွေးတေးသီသံများတို့အပြင် ရွှေစက်တော်သွားတောလားကိုပင် နွတ်ဖျားတို့ဆီမှ အသံထွက်





ရင်း ရေရွတ်နေလိုက်မိပေသည်။

"နေခြည်စင်မြောက်၊ ဆည်းဆာရောက်သော်
မျောက်ကကြိုးခွေ၊ ဗိုမခေါ်၏
တောက်ကျော်ထွန်းသွား၊ ငှက်ငွေ့းလည်း
တောဖျားမြိုင်အောက်၊ ပင်ရိပ်အောက်တွင်
သေသောက်မြူးငှက်၊ သေစာလျက်တည့်
တောက်ထက်ကျူးမည်၊ ဝန်တင်သည်လည်း
ထိုးမဲစောင်စောင်၊ တောတောင်ပျော်မွေ့
ဝလေ့ဖိုးခေါင်၊ ခေါ်ယောင်ဖန်များ
တောလုံးကြားအောင် . .
တောလုံးကြားအောင် . ."

နံနက်ခင်း၏ အလှသည်ပင် ဤကဲ့သို့ဖြစ်နေလျှင် ညနေဆည်းဆာအောက်တွင်လည်း ပြောဖွယ်ရာမရှိတော့သည်ကို အပြန်အလှန် တွေးတောနေလိုက်မိပေသည်။

သားကောင်နှပါသော သည်ရိုးမကြီးအတွင်းဆီသို့ ကျွန်တော်တို့အဖွဲ့ မကြာခဏ ဝင်ရောက်အမဲလည်လေ့ရှိသည်။ ယခုလည်း မာကျောသိပ်သည်းသော ဂဝံမြေနီလမ်းကြမ်းကလေးအတိုင်း လက်စွဲတော်နှလုံးပြူးသေနတ်ကို ကိုင်ဆွဲရင်း တောခြောက်၊ တောမောင်းသွားကြမည့် အဖွဲ့သားများတို့နှင့် လမ်းခွဲလျက် တစ်ယောက်တည်း တောပုန်းချောင်း၌ ပစ်ခတ်ရန် ခွဲထွက်လာခဲ့ခြင်းပင်။

အင်းအိုင်၊ လျှိုမြောင်၊ တောင်တန်း။ တောင်သွယ်ကြီးများတို့အပြင် သစ်ကြီး၊ ဝါးကြီးများတို့နှင့် ရောထွေးပေါက်ရောက်နေကြသည့် ဂနိုင်ကြီးမို့ နံနက်ခင်းသားငှက်မျိုးစုံတို့၏ တေးသီနေကြသံများတို့နှင့်အတိ။

လျှောက်လှမ်းနေကြရင်းမှ တဒီးဒီးနှင့် ရစ်ဖကြီးတစ်ကောင်၏



www.burmeseclassic.com

www.burmeseclassic.com



အတောင်ခါသံကို မဟူရာချောင်းရိုးဆီမှ ကြားလိုက်ရသလို ငှက်ဝါးယောင်းတစ်အုပ်၏ စိုင်းအော်သံ၊ လိုက်ကြသံများကိုလည်း ကြခတ်ဝါးရုံတောကြီးအတွင်းမှ ကြားနေရသည်။ ထူးထူးဆန်းဆန်းငှက်မျိုးဖြစ်သည့် ငှက်ဆိုင်းဗိုင်းတစ်အုပ် ဆိုင်းတီးနေကြသည့်အသံများတို့ကိုလည်း ကြားနေရသည်။

"ဝပ် . . ထရိန်း . . ဝပ် . . ထရိန်း . . ."

နွားသိုးကြီးများတို့၏ ဟွန်သံပေးကာတက်ကြပြီး လူညည်းတွားသံကြီးမျိုးကိုလည်း ပြုတတ်သော ငှက်နွားကြီးများတို့လည်း ကြားနေရသည်မို့ မုဆိုးအတွေ့အကြုံနည်းပါးကြသူများအဖို့ ချောက်ချားစရာပင်။

ကျောက်သားဆန်သော မြေမာလမ်းမို့ လျှောက်လှမ်းနေရာ တစ်လျှောက်တွင် ထိကရုံးဆူးပင်ငယ်ကလေးများတို့ကို သတိထားဖြတ်ကျော်လျှောက်လှမ်းနေရသော်လည်း ဝန်းကျင်တွင် ကျေးငှက်သံတစာစာတို့မှတစ်ပါး သားကောင်ကြီးတို့၏ အသံတို့ကို မကြားရသည်က ဆန်းနေသည်။

ယခုကဲ့သို့ သွားရဲပေါ်သော တောကြီးတစ်တွင်း ကြားဖို့သင့်ပါလျက် ယခုကဲ့သို့ ငြိမ်နေရသော တော၏အခြေအနေကို လျှောက်လှမ်းနေရင်း စိတ်တွင်းမှ သဘာမကောင်းဖြစ်မိသလို ပိုမိုသတိထားရတော့မည့် အခြေအနေကိုလည်း သတိပြုလိုက်မိသည်။ ထိုစဉ်ပင်

"ဦး . . ဖွဖွ — ဦး . . ဖွဖွ"

လူတစ်ဦးကဲ့သို့ ပီပီသသ ကျယ်ကျယ်လောင်လောင် တောင်စွန်းပင်ကြီးထိပ်ဖျားထက်ဆီမှ တောလုံငှက်ငယ်တစ်ကောင်က အော်ဟစ်ပျံသန်း ပြေးထွက်သွားသည်ကို တွေ့မြင်လိုက်ရသည်နှင့်အတူ ကျွန်တော့ရင်အစုံသည် 'ဒိတ်' ခနဲခုန်သွားသလို ခေါင်းထက်မှ ဆံပင်များတို့ပင် ထိုးထိုးထောင်ထောင်ဖြစ်သွားမိသည်။ သွေးခုန်နှုန်းက မြန်လာပြီး ခေါ့ ချွေးတို့နှင့်အတူ ကြက်သီးများ တဖြန်းဖြန်းထသွားမိပေသည်။





အကြောင်းက တောတွင်းအတွေ့အကြုံရင့်ကျက်သူတစ်ဦးအဖို့ သည့်ငှက်မျိုးအော်လိုက်သံကို ကြားလိုက်ရလျှင် လူကိုအန္တရာယ်ပေးတော့မည့် သားကောင်ကြီးတစ်ကောင်ကောင် အနီးတွင်ရှိနေတတ်ကြသည် မဟုတ်ပါလော။

ကျွန်တော်ယခုရောက်ရှိသောနေရာသည် ခင်တန်းနှင့်ကွက်သာ ဟုဆိုသော်လည်း အတိုက်အလျောက်မြင့်မားကြသည့် တောချုံပုတ်တို့က ဟိုအနားတစ်စု၊ သည်အနားတစ်စုမို့ သွားလက်စကို ရပ်လျက် သားကောင်ကြီးမှုန်းခိုနိုင်မည့် ခပ်ကျဲကျဲရှိနေကြသည့် သစ်ရိုင်းပင်တို့နှင့် တောချုံပုတ်တို့ရှိနေရာဆီသို့ ကျီးကန်းတောင်းမှောက်မျက်လုံးအစုံဖြင့် လိုက်လံစူးစမ်း ရှာဖွေနေလိုက်စဉ်

"ဗိုင်း . . ."

လျှောက်လှမ်းနေရာလမ်း၏ လက်ဝဲဘက် ချုံနွယ်တောကြီးအတွင်းဆီမှ ပေါက်ကွဲမြည်ဟိန်းသံကြီးတစ်ချက်ကို ကြားလိုက်ရသလို ဒေါသတကြီး မာန်ဖီလိုက်သံကြီးနှင့် စရှန်းသုန်းကား လူးလိမ့်နေသည့် အသံကြီးများတို့ကို ဆက်တိုက်ကြားလိုက်ရသည်မို့ ရပ်တန့်နေသောနေရာဆီသို့ နားကိုစွင့်လျက် ဖြစ်ပေါ်နေသည့်အခြေအနေကို လှမ်း၍ လျှပ်တစ်ပြက်အကဲခတ်လိုက်မိ၏။ လျှပ်တစ်ပြက်အာသိတို့က ထိုအခြေအနေသည် မကျွမ်းကျင်သော သေနတ်သမားတစ်ယောက်က ကျားသစ်လို အကောင်မျိုးကို သွားပစ်ခဲ့မိချေပြီဟု တွေးဆလိုက်မိသလို ကျားသစ်လို အကောင်ကလည်း တောချုံပုတ်ကြီးတစ်ခုကို ဒဏ်ရာရအသွင်မျိုးဖြင့်ခုန်လျက် တောကြီးအတွင်းဆီသို့တိုးကာ ဝင်ရောက်သွားရာဆီသို့ သေနတ်သမား၏အဖော် ခွေးကလည်း တစ်ဟုန်ထိုးပြေးလိုက်သွားသည့်အသံများတို့ကိုပါ ဆက်တိုက်ကြားလိုက်ရသည်။

များမကြာမီအချိန်ကလေးအတွင်း ကျားသစ်နောက်ဆီသို့ထိုး၍ပြေးလိုက်သွားသော ခွေး၏ ငယ်သံငယ်ရင်းပါအောင် အော်ဟည်းသည်း



www.burmeseclassic.com

www.burmeseclassic.com



တွားသံကြီးကိုပါ ဆက်တိုက်ကြားလိုက်ရပြန်သည်။ ခွေးကား ကျားသစ်ကောင်၏ တုံ့ပြန်ခုခံတိုက်ခိုက်မှုကို ခံလိုက်ရပေပြီ။ တစ်ဆက်တည်းပင် လူကိုပြန်လှန်အန္တရာယ်ပေးတော့မည်ဟူသော အသိတရား ဝင်လာသည့်ကြောင့် ထိုနေရာဆီသို့ အမြန်သွားသင့်ကြောင်း အသိစိတ်တို့က နှိုးဆော်လိုက်သဖြင့် သေနတ်မောင်းထိန်းခလုတ်ကို ရှေ့သို့တွန်းပို့ရင်း သေနတ်သံနှင့် ခွေးညည်းတွားသံကြားရာဆီသို့ ပြေးထွက်သွားလိုက်မိပေသည်။

မြင်ကွင်းကား ခွေးမှာ ကျားသစ်ကုတ်ခြင်းကို ခံလိုက်ရပြီ၊ မြေပြင်တွင် အူပွင့်လျက် ဘေးတိုက် ခွေခွေကလေးနှင့် အသက်ငင်နေရင်းမှ တအိုင်အိုင်နှင့် ညည်းညူနေသည်ကို တွေ့လိုက်ရသည်။ ထိုစဉ်သူ၏ဘေး တောချုံပုတ်ကြီးဘေး သစ်ရိုင်းပင်ကြီးခွဆုံအကြားဆီမှ ကျားသစ်ကြီးတစ်ကောင်က သေနတ်နှင့်ပစ်လိုက်သူကို လျှပ်တစ်ပြက်ခုန်အုပ်လိုက်သည်ကို ရိပ်ခနဲတွေ့မြင်လိုက်ရသလို သေနတ်သမားကလည်း နောက်သို့လှည့်ကာ မျက်နှာချင်းဆိုင်အနေအထားမျိုးနှင့် ချက်ချင်းမှဆို၊ဒူးထောက်ထိုင်ချကာ သေနတ်မောင်းခလုတ်ကို ဆွဲညှစ်လိုက်သော်လည်း. .

"ချောက်"

ကျည်ခဲလုံးတို့၏ ပေါက်ကွဲသံက ထွက်မလာ။ သေနတ်သမား မျက်လုံးပြူးနေစဉ်. .

"ဒိုင်း. . ဒိုင်း. ."

အရည်ပျော့သော ကျားသစ်လိုသားကောင်အဖို့ (၉) လုံးကျည်တစ်တောင့်နှင့်ပင် လုံလောက်သော်လည်း လူကို အထက်ဆီမှ ခုန်အုပ်ကိုက်ခဲဖို့ ကြိုးစားနေသည်မို့ ပို၍သေချာစေရန်အတွက် ဘယ်ပြောင်းအတွင်းရှိ (၆) လုံးကျည်တစ်တောင့်ကိုပါ ပစ်လွှတ်လိုက်မိသည်။

ကျည်ခဲလုံး (၁၅) လုံးက အထက်စည်းမှ ခုန်အုပ်လိုက်သော ကျားသစ်ကောင်ကြီး၏ ခန္ဓာကိုယ်ကို ဖြတ်ဖောက်သွားသလို ကျည်ခဲလုံး





တို့၏အရှိန်နှင့် နောက်ပိုင်းမြေပြင်ဆီသို့ လွင့်စဉ်ကာ ဖွဲအိတ်ကြီးတစ်အိတ်ပစ်ချခံလိုက်ရသည့်နှယ် ဘုန်းခနဲပစ်ကျသွားပြီး ဘေးတိုက်အနေအထားလျှာကြီးကို တစောင်းကိုက်လျက် မလှုပ်မယှက် အသက်ပျောက်သွားပေတော့သည်။

အချိန်တိုအတွင်း သေနတ်ဇက်ကိုချိုး၊ ကျည်ခွံထုတ်၊ ကျည်သစ်နှစ်တောင့်ကို ထိုးထည့်၍ သေနတ်ဇက်ကိုစိ၍ သေနတ်သမားဆီကို လှမ်းကြည့်လိုက်မိသည်။

နောက်တစ်ကြိမ် ထပ်မံအံ့ဩသွားရသူကလည်း ကျွန်တော်ရယ်သာပါ။ မျက်ဝါးထင်ထင်တွေ့မြင်လိုက်ရသော သေနတ်သမားကား နုပျိုငယ်ရွယ်သော မိန်းမငယ်တစ်ဦး ဖြစ်၍နေခြင်းကြောင့်ပင်။

"ဘုရား. . ဘုရား. . တောပဲ အမှောက်ခံရပြီလား။ သူယောင်မယ်ဆိုရင်လည်း သည်ပုံစံမျိုး၊ အသွင်မျိုး မဟုတ်ပါလား"

နှုတ်ဖျားမှထွက်ပေါ်လာသော စကားတို့တော့ မဟုတ်ပါ။ စိတ်တွင်းက ပြောလိုက်မိသော စကားတို့ရယ်သာ။ အမြင်တို့က မဝေးကွာလွန်းသလို အနီးကပ်ဆီတွင်ပင် မျက်ဝါးထင်ထင်တွေ့မြင်နေရသည့်ကိစ္စမို့ အထင်အရှားနှင့် ပြတ်ပြတ်သားသားချည်းရယ်ပါ။

မျက်လုံးအစုံကို လက်ခုံနှင့် ပွတ်သပ်၍ ထပ်မံကြည့်လိုက်ပြန်သည်။ ထပ်မံ၍ အံ့ဩလိုက်ရသူကလည်း ကျွန်တော်ပင် အမှန်တကယ်ပင်။ တွေ့မြင်နေရသော သေနတ်သမားကား နုငယ်ပျိုမျစ်သည့် မိန်းမငယ်တစ်ဦးရယ်ပင်။

သူမ၏အသွင်က မြေပြင်တွင် မှဆိုးထိုင်မျိုး ဒူးတုပ်လျက်နှစ်လုံးပြူး (စိုင်မောင်) ၏ ဒင်ပိုင်းကို မြေတွင်ထောက်လျက် လက်နှစ်ဖက်နှင့် ဆုပ်ကိုင်ထားရင်း ကျားသစ်သေကြီးကို ငိုင်တိုင်တိုင် ငူငူကြီးနှင့် မလှုပ်မယှက်ရူးစိုက်ကြည့်နေသည့် မိန်းမငယ်အနီးဆီသို့ တိုးကပ်ကာ သူမ၏ပခုံးကို လက်နှင့်ပုတ်၍ သတိပေးလှုပ်ခါလိုက်ရင်း. .



www.burmeseclassic.com

www.burmeseclassic.com



"ကလေးမက ဘယ်ကဘယ်လို ဒီကိုရောက်လာပြီး ဒီကျားသစ်ကို လိုက်ပစ်နေရတာလဲ။ အန္တရာယ်ဒီလောက်များတာကို မသိဘူးလား။ ငါနဲ့တွေ့လိုက်ပေလို့သာပေါ့"

ကျွန်တော်က သူမ၏ပခုံးကို ခပ်ကြွမ်းကြွမ်းလေးပုတ်ခတ်မေးမြန်းလိုက်မှုကြောင့် သတိပြန်ရသွားဟန်ထင့်။ အထစ်ထစ်အငေါ့ငေါ့နှင့် နှုတ်ကလည်း. .

"ဟို. . ဟို. . ဟိုလေ. . ဟို. . ဟို. ."

သူမက အသက်ဝင်လာဟန်နှင့် အသိတရားတို့ကို စုစည်းလိုက်ရင်း ပြန်ပြောနေပေမယ့် အတုန်တုန်အချိချိနှင့်။ သို့အတွက် လွယ်သိုင်းထားသော ရေဘူးကိုဖြုတ်လျက် အဖုံးကိုဖွင့်ကာ ရေကိုအသောက်ခိုင်းလိုက်တော့မှ သူ၏စိုးရွံ့ကြောက်လန့်မှုတို့က အနည်းငယ်ပြေပျောက်ဟန်ပင်။

ရေကိုမော့သောက်နေစဉ်အတွင်းမှာပင် သူမကို သေသေချာချာကြည့်လိုက်မိသည်။ ညိုညက်သောအသားအရေတို့နှင့် နုပျိုလန်းဆန်းပြီး သူမမျက်ဝန်းအစုံတို့က စင်ရော်တောင်မျိုးကဲ့သို့နယ်။ ကြည်လဲ့ဖြူစင်သော မျက်ဝန်းအစုံတို့၏အောက် ချွန်မြသောနှာတံ၊ ခပ်ဖူးဖူးအသွင်နှုတ်ခမ်းနီမဆိုးထားဘဲ ရဲရဲနီထွေးနေသောနှုတ်ခမ်း၊ မပြုမပြင်ဘဲ ပင်ကိုအလှပိုင်ရှင်။ သူမ၏အလှကို သေချာစွာ ခြုံငုံအကဲခတ်လိုက်တော့မှ မခြယ်မသဘဲနှင့်ပင် လင်းသလို၊ လဲ့သလိုနှင့် ကျစ်လျစ်တောင့်တင်းခိုင်မာသည့် ကိုယ်ကာယအလှပိုင်ရှင်မလေးပဲကိုးဟု ကောက်ချက်ဆွဲလိုက်မိသည်နှင့်အတူ သူမထံမှ အသံတို့ ထွက်လာသည်။

"ကျွန်မလေ. . ကျွန်မ. . ပုတ္တရွာက ဦးသန်းမောင်သမီးပါ"

"ဪ. . ပုတ္တရွာက မုဆိုးကြီးဦးသန်းမောင်သမီးလား။ တို့အဖွဲ့တွေ သူ့အိမ်မှာ အတိုင်ချပစ်ခတ်ခဲ့တာ ဆယ်ကြိမ်ထက်မနည်းဘူးကွ။ အဲဒီတုန်းက မင်းကို တစ်ခါမှ မမြင်ခဲ့ဘူးပါလား"





"ဟုတ်ပါတယ် ဦးရယ်. .။ ကျွန်မက အဒေါ်တွေနဲ့ မြို့မှာ တက္ကသိုလ်တက်နေပါတယ်။ နောက်ဆုံးနှစ် စီးပွားရေးလေ။ ခု ကျောင်းပိတ်လို့ အဖေ့ဆီလာရင်း ဒီအနားအနားတစ်ဝိုက် သားကောင်ကလေးများ ရလိုရငြား အဖေ့သေနတ်ကိုယူပြီး ထွက်လာရင်း ကျားသစ်နဲ့တိုးရတာပါ။ မိတ်လိုက်တဲ့ရာသီဆိုတော့ ညီမပစ်လိုက်တဲ့အကောင်က ဒဏ်ရာနဲ့ ရှောင်ထွက်သွားတယ်လေ။ ခုအကောင်က နောက်တစ်ကောင်"

"ဟော. ."

သူမပြောလိုက်တော့မှပင် သူမနှံဘေးရှိ ကျားသစ်အသေကောင်ကြီးကို ကျွန်တော်သေသေချာချာကြည့်လိုက်မိသည်။ ခွေးတစ်ကောင်အရွယ်လျက် သူ၏ဝန်းကျင်တစ်ဝိုက် သွေးသံရဲရဲတို့နှင့် သွေးညှီနံ့၊ ယမ်းနံ့တို့သာ လွှမ်းမိုးနေသည်ကို သတိမထားလိုက်မိ။

မုဆိုးတို့မည်သည် သားကောင်ကို ပစ်ခတ်ပြီးလေတိုင်း ကျည်သွားရာလမ်းကြောင်းနှင့် သားကောင်၏အခြေအနေကို အကဲခတ်ကြရသည်မို့ တောချုံပုတ်ကြီးကို ခုန်ပျံကျော်လွှားပြီး တစ်ဖက်ဆီအကျတွင် ဖွဲ့အိတ်ကြီးတစ်လုံး ပစ်ချခံလိုက်ရသည့်နှယ် အသံကြီးကို ကြားလိုက်ရသည့်နေရာဆီသို့ လှမ်းကြည့်လိုက်ရင်း ချုံကြီးအတွင်းဆီသို့ တိုးဝှေ့လျက် သားကောင်ပစ်ကျသွားရာမြေပြင်ဆီသို့ ရှာဖွေကြည့်လိုက်မိသည်။ မြေပြင်တွင် နီစွေးစွေးသွေးစက်များတို့က နေရာအနှံ့မို့ လက်နှင့်တို့သပ်ကြည့်လိုက်တော့ အသေအချာပင်။

ကျားသစ်ကြီးကား ဒဏ်ရာတို့နှင့် ရှောင်ပြေးသွားသည့်အတွက် သူ့ကိုယ်မှကျသည့် သွေးစက်များအတိုင်း ခပ်လှမ်းလှမ်းဆီထိရောက်မအောင် လိုက်လံကြည့်ရှုလိုက်ရင်း သူမရှိရာဆီသို့ ပြန်လာခဲ့ရင်းမှ. .

"ကလေးမနာမည်က ဘယ်လိုခေါ်လဲ။ နေတာကရော"

"ခင်သစ်လို့ခေါ်ပါတယ်။ နေတာက ရန်ကုန်မှာပါ"

သူမပြောနေစဉ်အတွင်း ကိုင်ဆောင်ထားသော သေနတ်နှင့်



www.burmeseclassic.com

www.burmeseclassic.com



စလွယ်သိုင်းထားသည့် ကျည်ခါးပတ်ကို ကြည့်ကာ အကဲခတ်နေလိုက်မိသည်။ သေနတ်က နှစ်လုံးပြူး (စိုင်မောင်)၊ ကျည်ဆန်များတို့က လုပ်သီးများဖြစ်ပြီး လုံးဝစိတ်မချရသည့် ကျည်များတို့ပင်။

(မှတ်ချက်– လုပ်သီးဟူသော ကျည်ဆန်တို့ကား ပစ်ခတ်ပြီးသော ကျည်ဆန်အခွံများကို မိမိတို့နည်းဟန်ဖြင့် ပြုပြင်သုံးစွဲသော ကျည်ဆန်မျိုးကို ခေါ်သည်။ ယခုကဲ့သို့သော အသက်ချင်းလဲကြရမည့် အဖြစ်မျိုးကြုံလျှင် လုံးဝ လုံးဝ စိတ်ချရခြင်း မရှိပေ။)

ဪ. . တောသူတောင်သားမုဆိုးတို့အဖို့ ပစ်ခတ်စရာ သေနတ်ရှိသော်လည်း ယမ်းတောင့်က လွယ်လွယ်မရသည့်အတွက် ယခုလို ပစ်ပြီးသားကျည်ခွံကို ထပ်ကာတလဲလဲ ပြုပြင် ပစ်ခတ်နေကြရသော တောတွင်းမုဆိုးတို့အဖို့ သည်လောက်တော့ ရှိပေမပေါ့။

အမှန်တော့လည်း ထိုအချိန် နိုင်ငံတော်မှ ပြဋ္ဌာန်းထားခဲ့သည့် ဥပဒေအရ တရားဝင်လိုင်စင်နှင့် နှစ်လုံးပြူးသေနတ်ကိုင်ဆောင်သည့် မုဆိုးတစ်ဦး နိုင်ငံတော်အစိုးရထံတွင် တစ်နှစ်တစ်ကြိမ် အဆင့်ဆင့်သော ထောက်ခံချက်တို့ဖြင့် (၂၃) တောင့် (GALLY) အမျိုးအစား၊ စက္ကူပတ် အစိမ်းကို တန်ဖိုးငွေရှစ်ဆယ့်ငါးကျပ်ဖြင့် ဝယ်ယူခွင့်ပြုသည်။

နှစ်လုံးပြူးကျည်ဆန် လျှောက်ထားဝယ်ယူခွင့်တောင်းခံသူ မုဆိုးတစ်ဦးအဖို့ ရပ်ကျေး (ရပ်ကွက်လူကြီး၊ ရပ်ကွက်အာဏာပိုင်)၊ အပိုင်ရဲကင်း၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်အာဏာပိုင်အဖွဲ့ ဆုံးဖြတ်ချက်တို့နှင့် ပူးတွဲ၍ ပြည်ထဲရေးသို့ တင်ပြရသည်။ ထိုပြည်ထဲရေး ခွင့်ပြုချက်ရမှသာ (၂၃) တောင့်သော နှစ်လုံးပြူးကျည်ဆန်ကို ဝယ်ယူသုံးစွဲခွင့်ပြုချက်အရ ဘားလမ်းလက်နက်တိုက်တွင် သွားရောက်ဝယ်ယူရသည်။

ခက်နေသည်က အထက်ဖော်ပြပါ လုပ်ငန်းစဉ်များအတိုင်း အဆင့်ဆင့်သောထောက်ခံချက်များတို့နှင့် ဝယ်ယူရရှိလိုက်သည့် ကျည်ဆန်များတို့ကား အများအားဖြင့် ပစ်လို့မထွက်သည့် ကျည်အ,များပင်။





ဗြိတိသျှတို့ မိမိတို့နိုင်ငံကို မတရားသိမ်းပိုက် ကျွန်သဘောက်အဖြစ် စိုးမိုးထားသည့် နှစ် (၁၀၀) ကျော်က ကျည်ဆန်များတို့ပင်။ မြန်မာနိုင်ငံ တောတောင်ကြီးများတို့အတွင်း သားကောင်ကြီးများ အလွန်ပေါ်များသည် ဆိုသော်လည်း အာဖရိကတောကြီးများကဲ့သို့ သားကောင်တို့ အုပ်စုဖွဲ့နေထိုင်ကြခြင်းမျိုး မဟုတ်။ ချုံနွယ်ပိတ်ပေါင်း၊ ဂူ၊ လှိုဏ်၊ လွင်ပြင်တို့တွင်လည်း အုပ်စုနှင့်မနေ။ မုဆိုးလုပ်သူတစ်ဦးအဖို့ သားကောင်တစ်ကောင် ပစ်ခတ်ရရှိနိုင်ဖို့အရေး သားကောင်တစ်မျိုးချင်းစီ၏ အမူအကျင့်၊ စရိုက်လက္ခဏာ၊ ရာသီဥတု၊ နေထိုင်ပုံ၊ ကြိုက်နှစ်သက်သောအစာ၊ နေထိုင်တတ်ပုံကို သိရှိတတ်ကျွမ်း နားလည်ပြီးမှ ပစ်ခတ်လို့ရသည်။ ထိုကဲ့သို့ ပစ်ခတ်လိုက်စဉ်အတွင်း ယခုကဲ့သို့ ကျည်မထွက် (ကျည်အ) များနှင့်တိုးလိုက်ပါက အလွန်အမင်းဆုံးရှုံးနစ်နာရသည်မို့ ထိုကဲ့သို့ လျှောက်ထားဝယ်ယူရရှိသည့် ကျည်ဆန်များတို့ကိုပင် ထိုအဖြစ်မျိုးတို့နှင့် မကြုံတွေ့ကြစေရန်အတွက် မွမ်းမံပြင်ဆင်ကြပြီး ပတ်ကားအဆင့်ရောက်အောင် ပြင်ဆင်သုံးစွဲကြရသည်မို့ ယခုပင် မိန်းမငယ်ရင်ဆိုင်ခဲ့ရသော ကျားသစ်လို အကောင်ကို ပစ်လိုက်ရာ ကျည်မထွက်သည့် ကျည်အ,ဖြစ်နေခြင်းမှာ အပြစ်ဆိုဖွယ်ရာမရှိ။

မိန်းမပျိုကား ကျားသစ်အသေကောင်ကြီးကို ကြည့်နေရာမှ သူ့အဖော်ခွေးကို ကြည့်လိုက်ပြီး အလွန်တရာစိတ်မကောင်းဖြစ်သွားသည့် ဟန်မျိုးနှင့်. .

''ထန်းသီးလည်း သေသွားပြီ၊ အဖေက ဆူဦးမလား မသိဘူး။ သူ့အားအကိုးရဆုံးခွေးလေ။ အနံ့သိပ်လုံ့တဲ့ကောင်ကြီး''

သူမပြောလိုက်မှ အူမွှင့်လျက်သေဆုံးနေသော ခွေးထံ ငဲ့စောင်း ကြည့်လိုက်မိသည်။ ထန်းသီးဆိုသောခွေးကား ကျွန်တော်တို့အဖွဲ့နှင့် မစိမ်း။ အကြိမ်ကြိမ်ပင် သူနှင့် အမဲလည်ခဲ့ဖူးကြသည်။ အနံ့ခံ အလွန် ကောင်းသလို သူနှင့်တွဲဖက်လျက် (ရွှေစက်တော်ဘုရားဖူးသွားခဲ့စဉ်က)



www.burmeseclassic.com

www.burmeseclassic.com



ဝယ်လာခဲ့သည့် ချင်းခွေးနှစ်ကောင်ဖြစ်သည့် ဇိုင်ယာ၊ ဘို့မယ်တို့နှင့် အတွဲညီသည်။ သူတို့ အနံ့ရ၍ လိုက်ကြပြီဆိုလျှင် ထိုသားကောင်များတို့ကို ရခဲ့သည်ချည်းပင်။

(ထိုခွေးသုံးကောင်ကား ဦးသန်းမောင်အိမ်သို့ လာရောက်သူများကို သေနတ်မကိုင်ဆောင်ထားလျှင် လုံးဝအဝင်မခံ)

ကျွန်တော်က ခွေးသေကောင်အား မြေမြှုပ်နေစဉ်အတွင်း သူမထံမှ စကားသံထွက်လာသည်။

''ဒီမှာ. . ဦး''

သူမခေါ်သံကြောင့် ကျွန်တော်ငဲ့စောင်းကြည့်လိုက်စဉ်. .

''ဟို... ဒဏ်ရာနဲ့ ထွက်ပြေးသွားတဲ့အကောင်အတွက် ဘယ်လိုလုပ်မလဲ''

ဟုတ်တော့လည်းဟုတ်သည်။ မုဆိုးလုပ်သူတွေက သားကောင်တိုင်းကို အသေပစ်ခတ်ကြတာချည်းပင်၊ သားကောင်တို့ဆိုသည်ကလည်း အမျိုးမျိုးရှိတတ်ကြသည်။ ဒဏ်ရာရပြီး တစ်နေရာတွင် ကျိတ်ပြီး အသေခံသွားတတ်ကြသည့် သားကောင်မျိုးနှင့် ဒဏ်ရာကြောင့် ပစ်ခတ်လိုက်သူ မုဆိုးကို မုန်းတီးပြီး တွေ့သည့်သူတိုင်း၊ အိမ်မွေးတိရစ္ဆာန်တိုင်းကို အန္တရာယ်ပြန်ပေးတတ်ကြသည့် သားကောင်မျိုးဟူ၍ နှစ်မျိုးရှိရာ ယခုသူမပစ်လိုက်သောသားကောင်က လူနှင့်တိရစ္ဆာန်များတို့ကို ပြန်လည်အန္တရာယ်ပေးနိုင်သည့် သားကောင်အမျိုးအစားမျိုးမို့ သူမသတိပေးလိုက်သည့်ကိုပင် ကျေးဇူးတင်လိုက်မိသည်။ မုဆိုးကောင်းတစ်ယောက်အနေနှင့် ထိုအခြေအနေမျိုးကို အဓိကထား ဦးစားပေးရတော့မည်မို့. .

''ကဲ. . ငါတို့ ပြန်ရအောင်။ ကျားသစ်ကို နောက်မှ အသေယူနိုင်းမယ်။ ညည်းအဖေဆီရောက်မှ နောက်ပိုင်းကိစ္စ တိုင်ပင်ကြတာပေါ့''

ဟု ပြောဆိုလိုက်ရင်း သူမနေထိုင်ရာ ပုဏ္ဏရွာဘက်ဆီသို့ လျှောက်လှမ်းလိုက်ခဲ့ကြသည်။

☯ ☯ ☯



အရက်ဦး၏ လန်းဆန်းမှုတို့သည် ကျွန်တော်အပါအဝင် မုဆိုးတစ်စုအား ချမ်းမြေ့ကြည်နူးစေသည်။ ပုဏ္ဏရွာမှ ကျားသစ်ကြီးရှောင်တိမ်းသွားရာဆီသို့ လိုက်ခဲ့ကြသည်မှာ (၇) မိုင်ခန့်ပင်။ ထိုခရီးကို သက်သောင့်သက်သာ လှည်းနှင့်လာခဲ့ကြခြင်းပင်။

အုန်းနဲ့ပင်စခန်းသည် လူနှစ်ရပ်စာခန့်ရှိ ကိုင်းတော၊ ကျူတော၊ ချုံနွယ်တောများတို့နှင့် ဝါးပေါက်တော၊ ဖုန်းဆိုးတောများတို့နှင့်ဖြစ်ပြီး ရွာခံအချို့၏ နှမ်း၊ ပြောင်း၊ ရှောက်၊ ဖရဲ သခွားစိုက်ခင်းတို့ကလည်း ရှိသည်။ ယခုလို မိုးမရွာသောကာလမျိုးတို့တွင် ကိုင်းတောတို့မှာ သိပ်သည်းထူထပ်ပြီး သားကောင်တို့၏ စားကွင်းစားကွက်တို့က ပေါသည်။ ထိုနေရာများဆီသို့ ရွာခံတို့ပင် သိပ်မသွားလာကြ။

သဲဖြူမွမွကလေးများတို့အပေါ် မဟူရာတောင်ကျချောင်းရေတို့ ဖြတ်သန်းစီးဆင်းခြင်းကို ခံထားရသဖြင့် ကြည်လင်အေးမြသော လက်ကျန်ရေကလေးများနှင့်မို့ ထိုစားကျက်အတွင်းရှိ သားကောင်များတို့အတွက် သောက်သုံးရန်ရေကို သဘာဝက ဖန်တီးပေးထားသလိုပင်။

''ကဲ. . သွေးစက်ခံလိုက်မှာက တစ်ဖွဲ့၊ ချောင်းရိုးအတိုင်း စုန်တက်မှာက တစ်ဖွဲ့။ တွေ့တဲ့အဖွဲ့က ကျားသစ်ကိုပစ်ပြီး စောင့်နေ။ သေနတ်သံကြားရာမှာ စုရုပ်ထားပြီး ဆုံကြမယ်။ ဒဏ်ရာရကျားသစ်က လွဲပြီး ဘာကောင်မှ မပစ်နဲ့။ ကြားကြရဲ့လား''

ဘကြီးကောင်းက အဖွဲ့သားများကို မှာကြားနေသည်။

သံပြတ်နှင့်တွန်လိုက်သော တောကြက်ဖငယ်တစ်ကောင်၏ အသံကို ဝါးကောက်တောကြီးအတွင်းဆီမှ ကြားနေရသလို၊ ငှက်ဝါးယောင်း (ခ) ဝါးယောင်းငှက်တစ်အုပ်တို့၏ အသံများကိုလည်း ကြားနေရသည်။

ဘကြီးကောင်း၊ ညာဏ်ကျယ်နှင့် ကုလားကြီးသန်းညွှန့် အစ်ကိုကြီးဦးသိန်းလွင်တို့အဖွဲ့ သွေးစက်ခံလိုက်ခဲ့ကြသလို ကျွန်တော်၊ မှန်၊

www.burmeseclassic.com

www.burmeseclassic.com



အာလူးနှင့် ခင်သစ်တို့အဖွဲ့က ချောင်းရိုးအတိုင်းလိုက်ခဲ့ကြသည်။ ခင်သစ်အား ကျွန်တော့်နှစ်လုံးပြူးသေနတ်ကို ပေးကိုင်၍ထားသလို ကျွန်တော့်လက်တွင်းမှာတော့ ဒသမ ၃၇၅ မဂ္ဂနမ်နှင့်။

ကျားသစ်ကြီး ဒဏ်ရာနှင့်လူးလိမ့်သွားသောနေရာကို ချင်းခွေးနှစ်ကောင်ဖြစ်သည့် ဗိုင်ယာနှင့် ဘိုမယ်တို့ကို ပြလိုက်တော့ သူတို့၏နှာခေါင်းကို တရှုံ့ရှုံ့လုပ်ရင်း အတင်းရုန်းကန်နေကြသဖြင့် ချည်နှောင်ထားသောကြိုးကို ဖြေ၍ လွှတ်ပေးလိုက်ရာ ဝါးကောက်တောကြီးအောက်မှ သွေးစက်ကျခဲ့ရာလမ်းအတိုင်း ပြေးလိုက်သွားကြသည်ကို တွေ့မြင်လိုက်ရပေသည်။ ခွေးဟောင်သံများတို့ကြောင့် စာစာက သံပြတ်နှင့် တွန်သံပေးနေသော တောကြက်ဖငယ်မှ အထိတ်တလန့်ဖြင့် ကတောက်သံညံအောင်ပေးရင်း အဝေးဆီသို့ ပြေးထွက်သွားပေသည်။ ထိုအချိန်တွင် ကျွန်တော်တို့အဖွဲ့ ချောင်းရိုးအတိုင်း လူဖြန့်လျက် တစ်လှမ်းချင်းတိုးဝင်လိုက်ကြသည်။

ခွေးတို့ကား ဝါးကောက်တောကြီးဟိုမှာဘက် ကိုင်းတောကြီးအတွင်းဆီမှ အရှုပ်တော်ချုံပုတ်ကြီးကို ဝိုင်းပတ်ဟောင်သံပေးနေရာဆီသို့ သတိကြီးစွာထားလျက် တစ်လှမ်းချင်းတိုးကပ်သွားနေမိသည်။ ခင်သစ်က ကျွန်တော့်ဝဲဘက်မှ ရင်ဘောင်တန်းရင်း ပစ်ခတ်တော့ရန် အနေအထားမျိုးနှင့် တိုးဝင်နေသည်။ တွေ့မြင်နေရသည်က ကျား၊ ကျားသစ်ခြေရာလတ်လတ်ဆတ်ဆတ်များ။ တချို့နေရာတို့တွင် စွပ်ကြောင်းများပါ တွေ့မြင်နေရပြီး သွေးစက်တော်တော်များများနှင့် ကိုင်းတောချုံပုတ်ကြီးအတွင်းသို့ တိုးဝင်သွားသည့် စွပ်ကြောင်းတစ်ခုကိုလည်း တွေ့လိုက်ရသည်။

သေချာပေပြီ။ သွေးစက်လမ်းကြောင်းနှင့် မနီးမဝေးတွင် တောတောင်လမ်းကြောင်းဖုံဖုံကလေး သုံးနေရာနှင့် လတ်ဆတ်သော ခြေရာများတို့ကိုလည်း တွေ့မြင်လိုက်ရသည်။ မုဆိုးဒူးတောက်ထိုင်လိုက်ရင်း ခြေရာတို့ကို ကြည့်လိုက်သလို သားကောင်တို့ရှိနိုင်လောက်သည့် နေရာ





ဆီသို့လည်း လှမ်းမျှော်ကြည့်လိုက်မိသည်။

တစ်နေရာ အရှုပ်တောကြီးအောက်ခြေတွင် ကိုင်းပင်၊ ကျူပင်၊ သက်ကယ်ပင်များ ရှုပ်ထွေးနေပြီး လိုဏ်ဂူသဏ္ဌာန်မျိုးအသွင် ဝင်ပေါက်၊ ထွက်ပေါက်လိုဖြစ်နေပြီး ခွေးများက ထိုနေရာသို့ ဦးတည်လျက် ဟောင်နေကြသည်ကိုလည်း တွေ့နေရသည်။ မုဆိုးအဖွဲ့နှစ်ဖွဲ့လုံး ထိုဦးတည်ရာဆီတွင် ပေါင်းဆုံသွားကြပြီးမှ ထိုနေရာအပြင်မှ ဝိုင်းပတ်နေရာယူထားလိုက်ကြပေသည်။ ထိုစဉ်. .

''သေချာတယ် ဦး. .။ ဦး. . သတိထား''

''ဘာကြောင့်လဲကွ''

''ဟိုမှာလေ သွေးကွက်ကြီးတွေ လူးလိမ့်ထားတာ''

သေနတ်ကို ပစ်ခတ်ရန် အဆင်သင့်ချိန်ရွယ်ထားသော သူမက ကျွန်တော့်ကို လှမ်းသတိပေးလိုက်သံကြောင့် အနီးရှိ ဉာဏ်ကျယ်က စွေစောင်းကြည့်ရင်း မချိုမချဉ်မျက်နှာမျိုးနှင့် မသိမသာလုပ်ပြ၊ နောက်ပြောင်နေသည်မို့ မျက်စောင်းလှမ်းထိုးပြလိုက်ရင်း ကျိန်ဆဲပစ်လိုက်မိသည်။

ကျွန်တော်၊ ခင်သစ်၊ ဉာဏ်ကျယ်တို့ ရောက်ရှိနေရာယူထားသည့်နေရာသည် ကျောက်ခဲနှင့် ကျောက်တုံးများ ထူထပ်သဖြင့် ကိုင်းပင်၊ ကျူပင်၊ မြက်ရိုင်းပင်တို့မှာ ဒူးဆစ်ခန့်မို့ ပစ်ကွင်းက ကောင်းသည်။ ထိုစဉ်. .

''ဒိန်း. . ဒိန်း. . ဒိန်း. .''

ပေါက်ကွဲသံကြီးတို့ကြောင့် ဝန်းကျင်တစ်ခို ဟိန်းထွက်သွားသည်။ တိုသည်၊ ပြတ်သည်၊ ချုံတောကြီးအတွင်းဆီမှ တိုးထွက်လာသော ကျားကြီးတစ်ကောင်မှာ သေနတ်ဒဏ်ရာတို့ကြောင့် မြေပြင်ထက်သို့ လူနှစ်ရပ်စာခန့် ခုန်တက်သွားပြီး ပြန်အကျတွင် မြေပြင်တွင် လူးလိမ့်နေရင်းမှ သူထွက်လာရာအတွင်းဆီသို့ တိုးဝင်ရန် ကြိုးစားနေစဉ်. .



www.burmeseclassic.com

www.burmeseclassic.com



"ဒိန်း. ."

ခင်သစ်ကိုင်ဆောင်ထားသော သေနတ်ဆီမှ အသံကြားလိုက်ရသည်။ ထိချက်က ပိုင်နိုင်သော်လည်း အတွင်းပိုင်းသို့ တိုးဝင်ပျောက်ကွယ်သွားသည်ကို တွေ့လိုက်ရသည်။ ပါးစပ်ကြီးကိုအစွမ်းကုန်ဖြဲလျက် ဟိန်းဟောက်လိုက်သဖြင့် သွားစွယ်ကြီးနှစ်ချောင်းကိုပင် တွေ့လိုက်ရသည်။ အကောင်က သေးသေးမဟုတ်။ ကိုးတောင်နီးပါးခန့်. .။

"ဒိန်း. . ဒိန်း. ."

ဝဲဘက်ရှိ အစ်ကိုကြီးဦးသိန်းလွင်၊ မှန်၊ ကုလားကြီးသန်းညွန့်တို့ဆီမှ ကြားလိုက်ရသော သေနတ်သံများကြောင့် ချုံပုတ်ကြီးအတွင်း ကျားပေါက်တစ်ကောင် လဲကျသွားပြီး သစ်ဆုံပိုင်းကြီးတစ်ခုအား ကိုက်ခဲရင်း ငြိမ်သက်သွားသည်ကို တွေ့လိုက်ရပြန်သည်။

အတန်ကြာကြာငြိမ်သက်သွားသည်မို့ အဖွဲ့သားတို့ လှုစုလိုက်ကြပြီး လိုဏ်ဂူသဏ္ဍာန်ဖြစ်နေသော ဂူပေါက်ချုံတောကြီးအတွင်းဆီသို့ ဒဏ်ရာရသားကောင်ကြီးကို ရှာကြသည်။ မတွေ့သည့်အဆုံး တုတ်၊ ခဲလုံးမျိုးစုံတို့နှင့် ချုံတွင်းဆီသို့ ခြောက်လှန့်ပစ်ပေါက်ကြတော့ ချုံကြီးအတွင်းဆီမှ ဖင်တစ်ပိုင်းတရွတ်ဆွဲလျက်ရှိသော သားကောင်ကြီးသည် ကြောက်ခမန်းလိလိ နာကျည်းသံ၊ ဒေါသရန်လိုသံကြီးတို့နှင့် မာန်သွင်းဟိန်းဟောက်ကာ ကျွန်တော်တို့ရှိရာဆီသို့ တရွတ်တိုးထွက်လာသလို သူ၏နောက်ပါးဆီမှ ခွေးပေါက်စအရွယ်ကလေးများရှိ အကောင်ပေါက်ကလေးများပါ ကပ်ပါလာသည်ကို အံ့ဩထိတ်လန့်ဖွယ်ရာ တွေ့မြင်လိုက်ရပေသည်မို့ ကျွန်တော်တို့ ထိုမြင်ကွင်းကို စူးစူးစိုက်စိုက် ကြည့်နေလိုက်ကြစဉ်အတွင်း. .

"ဒိန်း. ."

အစ်ကိုကြီးဦးသိန်းလွင်၏ သေနတ်ကျည်ခဲလုံးများတို့က တိုးထွက်လာသော သားကောင်ကြီး၏ မျက်လုံးနှစ်လုံးအကြားဆီသို့ တိကျစွာ





နေရာယူလိုက်သလို ချုံနွယ်များအတွင်း လူးလိမ့်ရင်း ငြိမ်သွားပေသည်။

"ကျွန်မပစ်လိုက်တဲ့ ကျားသစ်မကြီးပါလား"

ခင်သစ်ထံမှ တအံ့တဩအသံတို့နှင့်အတူ ပြောလိုက်စဉ်အတွင်း ဒဏ်ရာရကျားနာကြီးမှာလည်း ကျားသစ်မကြီးနည်းတူ ရှေ့လက်နှစ်ဖက်ကို အားယူလျက် တောချုံပုတ်ကြီးအတွင်းဆီမှ တိုးထွက်လာခဲ့ပြန်သဖြင့်. .

"ဒိန်း. . ဒိန်း. ."

ခင်သစ်လက်ထဲမှ သေနတ်သံနှစ်ချက်က တော်လဲသံကြီးပမာနှယ် ထွက်ပေါ်သွားပေတော့သည်။ ကိုင်းတောကြီးတစ်ခွင်လုံး သွေးညှီနံ့ယမ်းနံ့တို့ ဖုံးလွှမ်းသွားပေတော့သည်။ တစ်နေရာထဲတွင် ကျားကြီးနှစ်ကောင်နှင့် ကျားသစ်မတစ်ကောင်တို့၏ သေပွဲဝင်နေကြပုံများကို စူးစိုက်ကြည့်နေစဉ်အတွင်း. .

"တော်ပါသေးရဲ့။ ကျားသစ်မကို သည်နေရာမှာ ရလိုက်လို့"

"သမီး. . သိပ်အရဲမကိုးနဲ့။ နှင့်လက်ကို ကိုက်မယ်နော်။ ဒီအကောင်မျိုးက ကုတ်လည်း ဂုတ်တယ်။ သတိထားဖမ်း"

ဦးသန်းမောင်ပြောလိုက်သော စကားတို့ကြောင့် ခင်သစ်ပြေးထွက်သွားရာဆီသို့ လှမ်းကြည့်လိုက်ရာ ယမ်းငွေ့တလူလူနှင့် ရှိနေသော သေနတ်ကို မြေပြင်သို့ချလျက် ကျားသစ်ပေါက်ကလေးနှစ်ကောင်ကို လိုက်လံဖမ်းဆီးတော့မည့် ခင်သစ်၏အသွင်ကို ကြည့်လိုက်ရင်း တွေးတောနေလိုက်မိတာက. .

"ဩော်. . သားကောင်တွေရဲ့ အသက်ကို သတ်နေပေမယ့်လည်း မိန်းကလေးဆိုသည်က မိန်းကလေးစိတ်မျိုးပါပဲလားရယ်လို့"



www.burmeseclassic.com

www.burmeseclassic.com




အပြန်ခရီးတွင် သေနတ်ကို စလွယ်သိုင်းလွယ်ပိုးရင်း ကျားသစ်ပေါက်ကလေးနှစ်ကောင်ကို ကျောပိုးအိတ်အတွင်းထည့်ကာ လွယ်ပိုးလာခဲ့သော ခင်သစ်၏ ပျော်ရွှင်ကြည်နူးဝမ်းသာနေပုံကလေးကို ငုံ့စောင်းကြည့်နေစဉ်အတွင်း အစ်ကိုကြီးဦးသိန်းလွင်က ကျွန်တော့်အနီးတိုးကပ်ကာ တေးသွားကလေးတစ်ပုဒ် သီဆိုသွားရင်း ခြေလှမ်းကျဲကျဲတို့နှင့် လျှောက်လှမ်းပြေးထွက် အခြားသူတို့ကို ကျော်တက်သွားပေသည်။ သူဆိုလိုက်သည့်တေးသွားက. .

"ဒါပေမဲ့လည်း ဦးရယ်. . လူဆိုတာဟာ ခက်တယ်"

. . တဲ့လေ။ ။

❖



www.burmeseclassic.com

## မြို့လိမ်ပင်စောင်း တောင်းကြရာဝယ်

အဖြစ်များကတော့ ပြောတောင် မပြောချင်တော့. . ။

တောထဲကို ရောက်နေတာ ယနေ့ပါဆိုလျှင် ငါးရက်တိတိ ရှိနေပြီဖြစ်သော်လည်း ယခုထိ ဘာတစ်ကောင်မှ ပစ်ခတ်လို့ မရရှိသေး။ အိမ်မှပါလာသော ရိက္ခာများကလည်း ကုန်ပြီမို့ ဟင်းနုနွယ်ဆူးပေါက်ပင် ကြမ်းကြီးများကို ခက်ခဲစွာခိုတ်ဖြတ်၍ ကျော်စားရန် ဆွးများကိုသင်နေသော ဘကြီးကောင်းက. .

"ကျွန်တော်တို့အဖွဲ့တော့ တစ်ခုခုမှားနေကြပြီထင်တယ်။ ကိုယ့်လူတွေ တောလည်သွားကြရင်း ဘာတွေများ အမှားတွေ လုပ်ခဲ့ကိုင်ခဲ့ကြမိသေးသလဲလို့ တစ်ဦးချင်း ပြန်စိစစ်ကြပါဦးဗျာ"

ဟု ဝမ်းနည်းစွာ စကားဆိုလာပါသည်။

မှန်ပေသည်။ ယနေ့ဘစ်ပတ် အမဲပစ်ထွက်ခဲ့သောခရီးမှာ ရက်ရှည်ထွက်လာခဲ့ကြသော ခရီးတစ်ခုမို့ ဇနီးသည်မအေးကြည်က ကျွန်တော်တို့အဖွဲ့ တောကြီးမျက်မည်းထဲတွင် လိုအပ်ပါက စားသုံးနိုင်ကြစေဖို့ ထည့်ပေးလိုက်သော ငါးပိကြော်တို့ပင် ပြောင်းသလင်းခါသွားပေပြီ။





သားကောင်ပေါများသောအရပ်မို့ ဘာပစ္စည်းမှထည့်မပေးရန် အတန်တန်ငြင်းဆန်နေသည့်ကြားထဲမှ ဖွတ်ထည့်ပေးလိုက်သော ငါးပိကြော်နှင့် ငါးခြောက်ထောင်းကြော်တို့ပင် ပြောင်သလင်းခါသွားပေပြီ။ သားကောင်ပေါများသောအရပ်မို့ ဘာပစ္စည်းမှ ထည့်မပေးရန် အတန်တန်ငြင်းဆန်နေသည့်ကြားထဲမှ ဖွတ်ထည့်ပေးလိုက်လို့ ယူဆောင်လာခဲ့ရသည့် ပစ္စည်းများအတွက် ယခုမှပင် ဇနီးသည် မအေးကြည်ကို ကျေးဇူးတင်နေမိပေသည်။

ခရီးစဉ်က သိပ်ဝေးလှသည်တော့ မဟုတ်။ ရန်ကုန်မှ တိုက်ကြီး၊ ဖလုံမှ 'ရေပြာစမ်း' စခန်းရယ်သာ (မြန်မာ့ရုပ်မြင်သံကြားမှ တောဆင်ရိုင်းများကို မောင်းထုတ်ပြသောနေရာ)

ဘကြီးကောင်းစကားကြောင့် အရက်ဝိုင်းဖွဲ့နေကြသော အာလူး၊ ဉာဏ်ကျယ်၊ မွန်၊ အောင်မော်(ယခုရုပ်ပြအောင်ကျော်မော်)နှင့် ကျွန်တော်တို့မှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြရင်းမှ ဉာဏ်ကျယ်က ထွေထွေလေးနှင့်. .

"ကျွန်တော်တို့တော့ ဘာတစ်ခုမှ အမှောက်အမှားမလုပ်ခဲ့မိဘူး။ တောတင်ပါဆိုလို့ သူ့ထုံးစံအတိုင်း အရက်၊ လက်ဖက်၊ ထန်းလျက်၊ ကြက်ဥတို့နဲ့လည်း တင်ပြီးပြီပဲ"

ဟု ဆိုနေပြန်သည်။

"အေး. , ပြဿနာအစက အဲဒါပဲ။ ကောင်းကောင်းတင်မြှောက်ထားပါလျက်နဲ့ မရရင် ဆိုးဆိုးတင်မှ ပေးမယ်နဲ့ တူတယ်ကွာ။ လက်ကျန်အရက်ပုလင်း ရှိသေးတယ်မဟုတ်လား။ လက်ဖက်သုတ်လိုက်။ ပြီးရင် သေနတ်တွေ ထမ်းလာခဲ့"

ဟု အာလူးက မူးမူးလေးနှင့်ပြောရင်း နှိုင်းလိုက်သည်။

"နို့. . နေပါဦး။ ဒီတောက တောင်းပန်တိုးလျှိုးစရာအောင် မလိုဘူးလို့ ရွာခံမုဆိုး ထွန်းညွှန့်ကြီးက ပြောထားသားပဲ၊ ခု. . ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



တို့က အစုံအလင်နဲ့ တောထုံးစံအရ တင်မြှောက်ပသထားတာပဲ။ ဘာ မကြိုက်စရာတွေ့လို့လဲ။ အေး. . ဉာဏ်ကျယ်ပြောသလို ကောင်းကောင်း တောင်းလို့မှ မရရင် ဆိုးဆိုးပဲတောင်းမယ်။ လက်ဖက်သုတ်ပြီးရင် အရက် ပုလင်းပါ ယူခဲ့''

ရယ်လို့ မွန်လိုပြောလိုက်ရင်း မီးလှောင်ရာ လေပင့်နေပြန်သည်။ အောင်မော်ကတော့ လုံးဝမပြော။ တစ်ခွက်ပြီးတစ်ခွက်သာ ဆက်၍မော့ နေသည်။ ကျွန်တော်က ဖန်ခွက်ထဲမှ လက်ကျန်အရက်ကို အပြီးသတ် မော့ချလိုက်မိသည်။ စခန်းရှေ့ ဆေးငရုတ်ပင်ကြီးအောက်ရှိ ဝါးကွပ်ပျစ်ရှိ ရာသို့ သွားရောက်နေထိုင်လိုက်မိသည်။ အကြည့်တို့ကို ဟိုအဝေးတစ် နေရာဆီ မိုးကုတ်စက်ဝိုင်းကြီးအနီး မဟူရာမည်သော တောင်မြင့်မြင့်ကြီး ဆီသို့ ပို့လွှတ်ထားလိုက်သည်။

တစ်ပြန့်တစ်ပြော ကျယ်ဝန်းနက်ရှိုင်းလှသော ရိုးမတောကြီးထဲ တွင် ကျွန်တော်တို့အဖွဲ့အတွက် ပစ်ခတ်စရာ သားကောင်တစ်ကောင် တလေမှ မတွေ့ရ။ မပစ်ခတ်ရတာကို တအံ့တသြဖြစ်နေမိသည်။

ယခု ကျွန်တော်တို့အဖွဲ့ ရောက်ရှိစခန်းချနေသောနေရာသည် ပဲခူးရိုးမကြီး၏ အချက်အချာနေရာမဟုတ်သော်လည်း သမင်၊ ဥဒေါင်း၊ ကြံ့၊ မျောက်ဝံ၊ လူဝံတို့မှလွဲလျှင် အားလုံးသော သတ္တဝါများ နေထိုင် ကျက်စားကြသော တောဖြစ်သည်။ ယခုမူ တောအင်္ဂါရပ်နှင့် ပြည့်စုံပါ လျက် ကျွန်တော်တို့အဖွဲ့ ဘာကြောင့် သားကောင်များ မတွေ့သလဲ၊ ပစ်ခတ်လို့ မရရှိပါသလဲဟူသော အဖြေကို ရှာမရ။ ယုတ်စွအဆုံး မှဆိုး ခရမ်းချဉ် (ခ) ပဲလှော်လို့ခေါ်ကြတဲ့ ချေ၊ မျောက်၊ ယုန်၊ ကြောင်၊ တောကြက် တစ်ကောင်တလေလောက်တောင်မှ ခုချိန်ထိ ပစ်ခတ်လို့ မရရှိကြသေး သည်မှာ ဆန်းနေသည်။

ထိုစဉ် ဉာဏ်ကျယ်က အမျိုးအစားမတူကြသော သေနတ်များ ကို တချို့လွယ်၊ တချို့ထမ်းပြီး ကျွန်တော်ထိုင်နေသော ဝါးကွပ်ပျစ်စင်





ဘေး ဆေးငရုတ်ပင်ကြီးအောက် ပင်စည်လုံးတွင် ပြောင်းပြန်မှီ၍ စီပြီး ထောင်ထားလိုက်သည်။

အမျိုးအစားမတူကြသော သေနတ် (၇) လက်တို့မှာ ပင်စည်လုံး ကြီးတွင်မှီ၍ ထောင်ထားပြီးမှ သေနတ်များ၏အောက်ခြေ မြေပြင်ပေါ် တွင် ကျည်ခါးပတ်များ၊ ဓားမြှောင်၊ ဦးထုပ်၊ လက်နှိပ်ဓာတ်မီးများအပြင် အခြားအမဲလိုက်အသုံးအဆောင်များကို ယူဆောင်လာသော အောင်မော် က နေရာချထားလိုက်သည်။

မွန်က လက်ဖက်ပွဲ၊ အာလူးက အရက်ဖန်ခွက်နဲ့ ပုလင်းတို့ကို ကိုင်ရင်း ရောက်ရှိလာကြသော သူတို့လေးဦး၏ လှုပ်ရှားမှုကို ဝါးကွပ်ပျစ် စင်ပေါ်မှ ကျွန်တော်က အလိုက်သင့်ငေးမောကြည့်ရှုနေလိုက်မိသည်။

မွန်က လက်ဖက်ပွဲကို ဆေးငရုတ်ပင်ကြီးတွင်မှီ၍ ထောင်ထား ကြသော သေနတ်များ၏ရှေ့ မြေပြောင်ပြောင်တွင် ချထားလိုက်ပြီး အာလူးက ဖန်ခွက်ထဲသို့ အရက်များလောင်းထည့်လိုက်သည်။ ဖန်ခွက်နှင့် အရက်ပုလင်းတို့ကို လက်ဖက်ပွဲနှင့်ယှဉ်၍ ချထားလိုက်ပြီးနောက် ပါးစပ် ကလည်း ယမကာအရှိန်ကလေးနှင့်. .

''ကဲ. . တောတင်မယ်။ ချောင်းမဆိုးနဲ့၊ နှပ်မညှစ်နဲ့၊ တံတွေး မထွေးကြနဲ့၊ ဖိနပ်တွေ ဖင်ခုမထိုင်ကြနဲ့၊ အီးမပေါက်ကြနဲ့၊ ဒီအချက်တွေ ကို မလိုက်နာနိုင်ကြရင် စခန်းပေါ်မှာ သွားထိုင်နေကြ''

ဟု တင်းကျပ်သောအမိန့်တစ်စုံတစ်ရာ ထုတ်ပြန်နေပေသည်။ ပြီးနောက် အရက်ဖန်ခွက်နှင့် လက်ဖက်တို့ကို မ,ယူ၍ သေနတ်များ ထောင်ထားရာ ဆေးငရုတ်ပင်ကြီးဘက်သို့လှည့်၍ တင်မြှောက်ပသလိုက် ရင်း နှုတ်မှပွစိပွစိနှင့် ဘာတွေပြောနေမှန်းမသိ ရွတ်ဆိုနေပြန်သည်။

ဉာဏ်ကျယ်၊ မွန်၊ အောင်မော်တို့မှာ မြေပြင်တွင် တင်ပျဉ်ခွေ ထိုင်နေကြရင်း အာလူး၏လှုပ်ရှားမှုကို ကြည့်နေသည်။ ကျွန်တော်ကလည်း သူတို့လေးဦး၏ လှုပ်ရှားဆောင်ရွက်နေသည့်မြင်ကွင်းကို ဝါးကွပ်ပျစ်စင်



www.burmeseclassic.com

www.burmeseclassic.com



ပေါ်မှ ထွေထွေလေးနှင့် တငေးတမော ကြည့်ရှုနေလိုက်မိသည်။

အာလူးက အရက်နှင့် လက်ဖက်တို့ကို တင်မြှောက်ပသလိုက်ပြီး မြေပြင်သို့ မှုလယှူဆောင်သွားသောနေရာတွင် ပြန်လည်ချထားလိုက်ပြီး ပါးစပ်ကလည်း. .

"တောတောင်တရှီးမှာလ"

ဟု အသံထွက်၍ ဆိုလိုက်စဉ် ဉာဏ်ကျယ်ကလည်း. .

"တောတောင်တရှီးမှာလ"

ဟု သံပြိုင်လိုက်ဆိုနေပြန်သည်။

"နတ်မ,တွေ လည်ကာ ပိုးပါတဲ့. . အိုဖျ. . နတ်နသိုးကြီးရေ"

"အိုး. . နတ်နသိုးကြီးရေ. . ပလို့ဂို"

ဉာဏ်ကျယ်က နောက်က သံပြိုင်လိုက်ရင်း စည်းချက်ညီညီ ပါးစပ်ဆိုင်းပါတီးလိုက်သည့်အတွက် ကျွန်တော်ရှေ့တွင် မြင်တွေ့ကြားသိနေရသော ကျွန်တော့်မှာ ဝါးကွပ်ပျစ်စင်ပေါ်မှာ မှုးမှုးနှင့် ထိုင်ကြည့်နေရင်း ဟားတိုက်၍ ရယ်နေလိုက်မိပေတော့သည်။ ဆက်လက်ပြီး. .

"ကျွန်တော်မျိုးတို့အဖွဲ့ ဒီတောထဲကို ရောက်နေတာ ယနေ့ပါဆိုလျှင် ငါးရက်တိတိ ရှိနေပါပြီ။ မခြောက်ပါနဲ့။ မလှန့်ပါနဲ့။ ခုချိန်ထိ ဘာတစ်ကောင်မှလည်း မတွေ့မြင်ရ မပစ်ခတ်ရသေးတဲ့အတွက် ထပ်မံ၍ တင်ပါသည်။ မြှောက်ပါတယ်"

"ပလို့ဂို. . ပလို့ဂို. ."

နောက်ခံဆိုင်းလို့ အချက်ကျကျ ဉာဏ်ကျယ်က လိုက်တီးပေးနေပြန်သည်။

"တင်ပါတယ်။ မြှောက်ပါတယ်။ မြိန်ရှက်စွာ သုံးဆောင်တော်မူပြီးတဲ့နောက် နတ်နသိုးကြီးရဲ့ တပည့်များထဲမှ ဆိုဆုံးမလို့မရတော့တဲ့ ချိကျိုးနားရွက်ပဲ့ မြီးလိမ်ဖင်စောင်း ခွာတစောင်းတို့ကို ကျွန်တော်များအဖွဲ့အား ပေးသနားတော်မူပါ. . ပေးသနားတော်မူပါ။ ကျွန်တော်များအဖွဲ့က





အရှင့်ကိုယ်စား သုံးမပေးတော်မူပါမယ်ခင်ဗျား"

"ပလို့ဂို. . ပလို့ဂို. ."

"ခြေတော်ကိုလည်း ချုပ်ပေးပါ။ လက်တော်ကိုလည်း ချုပ်ပေးပါ။ လမ်းသွားရင်လည်း ကန့်လန့်ခံပါစေ၊ ဒိုင်းခနဲပစ်ရင် ဘုံးခနဲလဲပါစေ။ လွယ်လင့်တကူရအောင်လည်း မစ,ပါ။ မျက်လုံးကို ပိတ်ပေးပါ။ နားကို ပိတ်ပေးပါ။ နတ်လူပျိုသိုးကြီးခင်ဗျား"

ဟု အဆုံးသတ်လိုက်စဉ် ဉာဏ်ကျယ်က. .

"ဗျောင်နောင့်နောင်. . ဂျိမ်. . ဂျိမ်. . နောင်. . ဂျိမ်. . ဂျိမ်"

ဟူသော ပါးစပ်နတ်ဆိုင်းတီးလုံးကို ရှည်လျားစွာ အပြန်ပြန်တီးပေးနေလိုက်သည်နှင့်အတူ မွန်၊ အာလူး၊ အောင်မော်၊ ဉာဏ်ကျယ်တို့ လေးဦးသား မှုးမှုးနှင့် နတ်က ကနေကြသည်ကို ကြည့်နေရင်းမှ အူတက်မတတ် ဟားတိုက်ရယ်နေလိုက်မိသော ကျွန်တော်နှင့် လူငယ်တစ်စု၏ တောကြီးအတွင်း သရုပ်ပျက်နေမှုကို လူကြီးပီပီ ဟန့်တားရမည့်အစား ရောယောင်၍ပင် မြှောက်ပင့်ပေးနေသယောင်ရှိနေသော ကျွန်တော့်ကို ဟင်းနုန္ဓယ်ကြော်ပြီးသွားသော ဘကြီးကောင်းက စခန်းပေါ်မှ စောင်းမြောင်းကြည့်ရှုလိုက်ရင်း လက်လန်အောင် သောင်းကျန်းနေကြသော ကျွန်တော်တို့အုပ်စုကို နှုတ်မှ ပွစိပွစိလုပ်နေသည်။ ကျိန်ဆဲ၍ မေတ္တာပို့လွှတ်နေမည်မှာတော့ အမှန်ပင်ဖြစ်သည်။

နောက်ဆုံးတော့ ပသ,ပြီးသား လက်ဖက်နှင့် အရက်တို့ကို အနည်းငယ်စီ ရှေ့နောက်ဝဲယာသို့ စွန့်ကြဲလိုက်ပြီး ကျွန်တော်ထိုင်နေသော ဝါးကွပ်ပျစ်စင်ကလေးပေါ်တွင်ပင် နတ်နသိုးကြီး၏ တပည့်များအဖြစ် ပီပီပြင်ပြင်ခံယူလိုက်ကြပေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်တစ်ချက်တွင် ဟိုအဝေးဆီမှ တိုက်ခတ်လိုက်သော လေနှင့်အတူ လွင့်မျောပါလာသော ဆတ်တစ်သံ၊ ချေဟောက်သံတချို့ကို ကြားနေရသည်။

လေပြင်းတစ်ချက်အဝှေ့လိုက်တွင် ရိုးတံရှည်လျားသော ကိုင်းခက်များဆီမှ တရှဲရှဲမြည်ရင်း ယိမ်းထိုးနေသည်။ ရှည်လျားသော ကျူပင်များထံက ညည်းညူသံများကို ကြားနေရသည်။

စခန်းမှ မိုင်ခုနစ်မိုင်လောက်ကွာဝေးသောနေရာသည် တောင်ကြားယာခင်းဖြစ်ရာ တစ်ဆက်တစ်စပ်တည်းရှိနေသော တောကြီးအတွင်းမှ အမဲများက ညအခါ လူခြေတိတ်ချိန်တွင် ပြောင်းခင်းအား ဝင်ရောက်စားသောက်တတ်သည်ဟု ယာခင်းရှင် ပြူးကျယ်က ဆိုသည်။

ဒရယ်မိသားစုက ညစဉ် မပျက်တမ်းဝင်ရောက်စားသောက်နေခြင်းမှာ လက်နှိပ်ဓာတ်မီးရောင်အောက်တွင် ခြေရာများက သက်သေခံနေသည်။

တိတ်တိတ်ဆိတ်ဆိတ် မီးရောင်မရှိဘဲ သားကောင်ရှိနိုင်မည့်နေရာကို မျှော်တွေးမှန်းဆနေကြသော ကျွန်တော်နှင့် ဘကြီးကောင်းကို တောခြင်ကြီးများနှင့် ဖြုတ်များက မခံရပ်နိုင်လောက်အောင် ဝိုင်းဝန်းကိုက်ခဲ နှိပ်စက်နေကြသည်။

'ပျီ . . ပျီ . . ပျီ . . ''

ကိုင်းတောကြီးတွင်းမှ ရုတ်တရက် ဒရယ် 'ပျူ' သံများ ပေါ်ထွက်လာသဖြင့် ဓာတ်မီးကိုင်ပြီး သားကောင်ရှာရမည့် ဘကြီးကောင်းက ကျွန်တော့်ကို တံတောင်နှင့်လှမ်း၍တို့ထိ သတိပေးနေသည်။ အမှောင်တွင်းမှ လတစ်ခြမ်းပဲ့ကလေးရဲ့ အလင်းရောင်နှင့် ကိုင်းတောများရှိရာသို့ ခင်တန်းတစ်ခုမှ ဖြည်းညင်းစွာ တိုးကပ်သွားလိုက်ကြသည်။ ခင်တန်းက ပြေပြေတစ်လှည့်၊ စောက်စောက်တစ်လှည့်မို့ ကိုင်းတောအတွင်း ဆင်းကြရန် ဖြစ်နိုင်မည်မဟုတ်ချေ။





ဖြည်းဖြည်းလျှောက်လှမ်းရင်းမှ ကွက်လပ်သာသာတစ်ခုတွင် ဘကြီးကောင်းက ရပ်လိုက်သဖြင့် ကျွန်တော်ကလည်း လက်ဝဲဘက်မှာ ကပ်၍နေရာယူလိုက်ရင်း လက်စွဲတော်နှစ်လုံးပြူး၏ လုံခြုံရေးမောင်းထိန်းခလုတ်ကို ညင်သာစွာ ရှေ့သို့တွန်းပို့လိုက်ကာ ညာဘက်ပခုံးတွင် ထောက်ထားလိုက်သည်။ အဆင်သင့်ပစ်ခတ်ရန်အနေအထားသို့ ရောက်ရှိနေပြီ။

ဘကြီးကောင်းကိုင်ဆောင်ထားသော ရှစ်ခဲထိုး တောလိုက်မီးရောင်သည် စူးရှထိန်လင်းစွာ ညအမှောင်ထုကြီးကိုဖောက်ထွင်း၍ မိုးကောင်းကင်ပေါ်သို့ တန်းမတ်စွာ ထိုးဖောက်တက်သွားသည်။ အမှောင်တွင်းဝယ် ဖြုတ်ခနဲ ရုတ်တရက် မီးအရောင်အလင်းတန်းကြီး ပေါ်ထွက်လာမှုကြောင့် 'ပျူ' သံပေးနေသော စောစောက ဒရယ်ကောင်သည် ပြောင်းခင်းကို ငုံ့၍စားနေရင်း ရုတ်တရက်ထွက်ပေါ်လာခဲ့သော ဓာတ်မီးရောင်အလင်းတန်းကြီးကို တအံ့တသြ မော့၍ စူးစိုက်ကြည့်လိုက်သည်။ ထိုအချိန်တွင် ဘကြီးကောင်းထိုးထားသော ဓာတ်မီးရောင်က တဖြည်းဖြည်း သားကောင်ရှိရာ ပြောင်းခင်းဆီသို့ ငိုက်ကျရင်းမှ လှပသောဦးချိုများကို ပိုင်ဆိုင်ထားသော တောက်ပြောင်စိမ်းလဲ့လဲ့ မျက်ဝန်းတစ်စုံပိုင်ရှင်ကို တွေ့လိုက်ရပေသည်။

ဓာတ်မီးရောင်အောက်တွင် စိမ်းလဲ့သော မျက်ဝန်းနှင့် ကြီးမားလှသည့် ဦးချိုပိုင်ရှင် ဒရယ်ဖိုကြီးဆီသို့ သေနတ်၏ရှေ့ချိန်သီးအရောက် ညာလက်ညှိုးက သေနတ်၏မောင်းခလုတ်ကို အသက်အောင့်၍ ပစ်လိုက်တော့မည်အလုပ်တွင် . .

"ဒိန်း . . ဒိန်း . . "

ဟူသော သေနတ်သံနှစ်ချက် အဝေးတစ်နေရာဆီမှ ဆက်တိုက်ထွက်ပေါ်လာသံ ကြားလိုက်ရပြီး ကျွန်တော်ပစ်ခတ်တော့မည့် ဒရယ်ဖိုကြီးမှာ ရုတ်တရက် အသိတရားဝင်လာသည်နှင့်အတူ 'ဝေါ' ခနဲ ကိုင်းတောကြီးအတွင်းသို့ လျင်မြန်စွာ တိုးဝင်ပျောက်ကွယ်သွားပေ

www.burmeseclassic.com



တော့သည်။ ကြားလိုက်ရသော သေနတ်သံများက တို၍ ပြတ်သည်။ ပဲ့တင်သံမကြားရ၍ ခပ်အုပ်အုပ်ဖြစ်သည်။ အတွေ့အကြုံအရ သားကောင် ကို မှန်သည်ဟု ယူဆလိုက်ရင်းက စိတ်ပျက်စွာနှင့် နဖူးမှ ချွေးများကို ဘယ်လက်နဲ့သပ်ချလိုက်ရင်း သက်ပြင်းမောတစ်ခုကို ရှည်လျားစွာမှုတ် လိုက်မိပေသည်။ မီးရောင်တွင် ဘကြီးကောင်း၏မျက်နှာကိုလည်း စိတ် ပျက်အားငယ်စွာ ကြည့်နေလိုက်မိသည်။ ကျွန်တော် ဘာဖြစ်သွားတယ်၊ ဘာကိုပြောချင်တယ်ဆိုတာကို သိနေသော ဘကြီးကောင်းက. .

"ဒါ. . မွန်နဲ့ ဉာဏ်ကျယ်တို့ရဲ့ လက်ချက်ဖြစ်မယ်။ ထိတဲ့အသံပဲ"

ဟု တည်ငြိမ်စွာ မှတ်ချက်ပြုလာသည်။ နှစ်လုံးပြူးစိုင်းမောင်း တစ်လက်က သူတို့နှစ်ယောက်ဆီမှာ မဟုတ်ပါလား။

မှန်ပေသည်။ ယနေ့ည သုံးဆိုင်းခွဲ၍ အမဲလည်ကြသဖြင့် မွန်နှင့် ဉာဏ်ကျယ်က ဖလုံဘက်အခြမ်း၊ အာလူးနှင့် အောင်မော်တို့က ရေသိုးနှင့် မြောင်းတကာဘက်ခြမ်းသို့ လူငယ်များပီပီ အပင်ပန်းခံပြီး ကျွန်တော်နှင့် ဘကြီးကောင်းက အသက်ကြီးကြသူများမို့ ရေပြာစမ်းစခန်းရဲ့ အနီးအနားတွင်သာ လှည့်ပတ်၍ သားကောင်များ ရှာဖွေပစ်ခတ်ကြဖို့ သဘောတူပြီးကြပြီပဲ မဟုတ်ပါကလား။ တိုက်ဆိုင်တတ်လွန်းလေစွ။

ထိုစဉ်. .

'ဖောင်း' ခနဲ 'ဒိန်း' ခနဲ သေနတ်ပစ်ခတ်သံများကို စဉ်ဆက်မပြတ် ကြားနေရသည်။ သားကောင်ပေါများသော အရပ်ပေပဲလေ။ သည်လောက်တော့ ရှိပေမပေါ့။

"အောက်အီးအီး. . အွတ်"

တောကြက်တွန်သံကြားလိုက်ရတော့ မိုးသောက်ယံကို ရောက်လုပြီဖြစ်ကြောင်း ခန့်မှန်းလိုက်မိသည်။ အအေးဓာတ်က ပိုလာသည်။





စောစောက မှုန်တဝါးလင်းနေသော လခြမ်းကလေးပင် ဝင်သွားခဲ့ချေပြီ။ လင်းကြက်တွန်သံများကို ဝါးတောကြီးများအတွင်းမှ ဆက်ကာဆက်ကာ ကြားနေရသဖြင့် လင်းအားကြီးပိုင်းလောက်တော့ ရောက်ရှိနေပေပြီ။ သို့သော်လည်း ရေပြာစမ်းတစ်ခွင် မည်းမှောင်လှသော ကွန်ချာကြီးက အုပ်မိုးထားသယောင်။

အပြန်လမ်းတွင် မီးထိုး၍ သားကောင်ကိုရှာရင်း ပြန်ခဲ့ကြသည်ဖြစ်ရာ ယာခင်းတစ်ခုကန်သင်းရိုးဘေးတွင် မျက်လုံးနီကြောင်ကြောင်တစ်စုံတွေ့လိုက်ရ၍ ဘကြီးကောင်းက မီးကိုကစားရင်းမှ မည်ကဲ့သို့သော သားကောင်ဆိုသည်ကို သိရှိနိုင်ရန် ကောင်လုံးဖော်၍ မီးကိုထောက်ထားလိုက်စဉ်အတွင်း ကျွန်တော်ကိုင်ဆောင်ထားသော နှစ်လုံးပြူး၏ ညာဘက်ပြောင်းရှိ ကိုးလုံးကျည်က ဒိုင်းခနဲမြည်ဟိန်းပေါက်ကွဲသွားသံနှင့် အတူ တာဝန်ကျေသွားပြီဖြစ်သလို တွေ့လိုက်ရသော သားကောင်၏ နီညိုရောင်မျက်လုံးတစ်စုံက မြေပြင်သို့နိမ့်ဆင်းသွားပြီး ဖျတ်ခနဲ ပျောက်ကွယ်သွားသည်။

ဘကြီးကောင်းက မီးကို ဆက်ထိုးထားလိုက်ပြီး လဲကျသွားသော သားကောင်ရှိရာသို့ အပြေးကလေးသွားလိုက်သည်။ ကျွန်တော်ကလည်း နောက်မှ ထက်ကြပ်မကွာ ကပ်လိုက်သွားသည်။ ထိုးထိုးထောင်ထောင်နှင့် ထိကရုံးပင်များ၊ ဒန့်ကျွဲပင်များကို တိုးဝှေ့ရင်း ကိုက်နှစ်ဆယ်ခန့် အကွာ သားကောင်လဲကျရာဆီသို့ မရောက်မီ အချိန်လေးဆယ်ထက် မနည်းသော သားကောင်ကြီးသည် မြေပြင်ပေါ်တွင် ယက်ကန်ယက်ကန် လူးလိမ့်နေရာမှ ရုတ်ခြည်း ဆတ်ခနဲထ၍ ပြေးထွက်သွားပေတော့သည်။ လျှပ်တစ်ပြက်ကိစ္စမို့ ကိုင်ဆောင်ထားသော နှစ်လုံးပြူး၏ ဘယ်ပြောင်းတွင် ကျန်ရှိနေသေးသော (၆) လုံးကျည်တစ်တောင့်နှင့် တန်းထိုးပစ်ချလိုက်မိပေတော့သည်။

ဒိုင်းခနဲ မြည်ဟိန်းပေါက်ကွဲသံကြီးက တိတ်ဆိတ်နေသော



www.burmeseclassic.com

www.burmeseclassic.com



တောကြီးတစ်ခွင်လုံး လွှမ်းသွားလိုက်သလို အိပ်တန်းထ တွန်သံပေးနေသော တောကြက်တစ်အုပ်၏ ထိတ်လန့်တကြား ပျံပြေးထွက်သွားသံများကို ဝါးတောများအတွင်းမှ ကြားလိုက်ရပေတော့သည်။

သေနတ်ဒဏ်ရာကြောင့် မပြေးနိုင်သော်လည်း မြေပြင်တွင် ဒဏ်ရာကြောင့် လူးလိမ့်နေသော သားကောင်ကို လျင်မြန်စွာ သေနတ်ခါးချိုးပြီး ကျည်သစ်နှစ်တောင့်ထိုး၍ ချိန်ရွယ်ထားပြီးချိန် သားကောင်ကြီး၏ နောက်ထပ်လှုပ်ရှားမှုကို မီးရောင်အောက်တွင် စိုက်ကြည့်နေလိုက်ရင်းမှ နောက်ဆုံးစခန်းသိမ်းကျည်တစ်တောင့်ကို ဖြုတ်လွှတ်လိုက်မိပေတော့သည်။

လျှာတစောင်းကိုက်ရင်း ဘေးတိုက်လဲကျ အသက်ပျောက်နေပြီဖြစ်သော သားကောင်သေကိုကြည့်၍ ဘကြီးကောင်းမှတ်ချက် နှုတ်ဖျားမှ ထွက်လာလိုက်တာကတော့. .

''အကျိုးနည်း ကြီးလိုက်တဲ့ ကြောင်မြင်းကြီးဗျာ။ ခေါင်းမွေးတွေ ထောင်ထနေတာပဲ။ အယ်လ်ဖေးရှင်းခွေးကြီးတွေထက်တောင် ကြီးသေး''. . ဆိုပဲ။

ဘကြီးကောင်းက လျှာတစောင်းကိုက်၍ သေဆုံးနေပြီဖြစ်သော ကြောင်မြင်းကြီး၏ ဒူးဆစ်ကြောများကို ခါးတွင်ချိတ်ဆွဲထားသော ငါးဖယ်ခုတ်တောလိုက်ဓားကို ထုတ်ယူ၍ ခုတ်ဖြတ်နေလိုက်ရင်းမှ နှုတ်ကလည်း. .

''ကျုပ်တော်တို့နှစ်ယောက် သယ်နိုင်မှာမဟုတ်ဘူး။ ဟိုအကောင်ပေါက်တွေ လာအထမ်းခိုင်းရမယ်''

ဟု ဆိုကာ လက်မှကိုင်ထားသောဓားနှင့် သားကောင်အနီးရှိ သစ်ကိုင်းအချို့ကို ခုတ်ပြီး သားကောင်သေအပေါ်တွင် အုပ်မိုးထားလိုက်ရင်း စခန်းဆီသို့ ပြန်လှည့်ထွက်ခွာလာခဲ့ကြပေတော့သည်။

☯ ☯ ☯





တဲရှေ့ကွက်သာမှ ဆူညံဆူညံအသံများကြောင့် အိပ်ပျော်နေရာမှ လန့်၍နိုးလာသည်။ အသံကြားရာဆီသို့ လှမ်းကြည့်လိုက်တော့ စခန်းရှေ့ မြေကွက်လပ်တွင် စုပုံထားသော သားကောင်များကို လှမ်းတွေ့နေရသည်။ မျက်လုံးကို သေသေချာချာ ပွတ်သပ်ကြည့်လိုက်တော့ အလေးချိန်ငါးဆယ်ထက်မအောက်သော ဆတ်ဖားကြီးများက လေးကောင်၊ ဒရယ်တစ်ကောင်၊ ချေတစ်ကောင်အပြင် သစ်ပင်အကိုင်းတစ်ခုတွင် လည်ပင်းကို ကြိုးတွဲလောင်းဆွဲလျက် အရေချနေသော ချေတစ်ကောင်ကို အရေခွံချနေရင်းမှ အဖွဲ့ထဲတွင် အသက်အကြီးဆုံးဖြစ်သော ဘကြီးကောင်းကို ဝိုင်း၍စနေကြသည်။ အဘိုးကြီးကလည်း ဒေါပွနေရင်းမှ ပြန်လည်၍ ကျိန်ဆဲရေရွတ်ရင်း အော်ဟစ်နေသည်။

လူငယ်များမှာ မထင်မှတ်ဘဲ သားကောင်များအလျှံပယ်ရရှိသွားကြသည်မို့ လူငယ်များပီပီ ပျော်နေကြသည်ထင့်။ အဘိုးကြီးကို ဝိုင်း၍နောက်ပြောင်နေကြသူ လူငယ်တစ်စုထဲတွင် အကဲဆုံး၊ အသောင်းကျန်းဆုံးက ဉာဏ်ကျယ်၊ မွန်၊ အာလူးနှင့် အောင်မော်တို့ လေးဦး။

နံနက်ခင်း အိပ်ရာထမို့ ကျွန်တော့်စိတ်တို့က လန်းဆန်းနေသည်။ အရုဏ်ဦးနေခြည်ထွေးထွေးနှင့် လေနုအေးကလေးတို့အပြင် ဟိုအဝေးမှာ မှိုင်းပျပျသာ မြင်တွေ့နေရသော စိန်တောင်အခြေ မဟာမြိုင်တောတန်းကြီးကို ဖြတ်သန်းသယ်ဆောင်လာကြသော လေနုအေးကလေးတွေထဲမှာ တောပန်းငှတောင်ပန်းရနံ့ကလေးတွေက သင်းထုံနေသည်။

ပင်ယံမြင့်ကြီးများဆီမှ နှင်းဆမ်းထားကြသော ရော်ရွက်ဝါကလေးများမှာလည်း လေအတိုးမှာ ညိုးညိုးညံ့ညံ့ တေးဆိုနေကြသယောင်။

စခန်းအောက်တွင် ဟောင်ဖွာဟောင်ဖွာနှင့် ငြင်းခုံသံများ၊ ဆဲဆိုဒေါပွနေသံများ၊ ဝိုင်း၍ဟားတိုက်ရယ်မောလိုက်ကြသောအသံများကြားရာဆီသို့ လျှောက်လှမ်းလိုက်မိသည်။ အဖွဲ့ထဲတွင် သည်လေးယောက်



www.burmeseclassic.com

www.burmeseclassic.com



မှာ အငယ်ဆုံး၊ အဆိုးဆုံးတွေမို့ ချစ်ကြသည်။ ခွင့်လွှတ်ကြသည်။ ဖွဲ့လည်း ကြီးကြသူများ။ ယခု သူတို့လေးဦးက အဖွဲ့တွင် အသက်အကြီးဆုံးဖြစ်သော ဘကြီးကောင်း စိတ်မဆိုးဆိုးအောင်ကို ဝိုင်း၍ နောက်ပြောင်စ,နေကြသည်မို့ သူတို့အနီးသို့ ရောက်ရှိသွားကာ ကျွန်တော်က. .

''ညာဏ်. . လူကြီးစိတ်ဆိုးအောင် မင်းတို့အုပ်စု ဘာတွေဝိုင်း၍ နောက်ပြောင်နေကြသလဲ၊ မင်းတို့ တော်တော်ဆိုးကြတဲ့ အကောင်တွေပဲ''

ကျွန်တော်က အားလုံးကို ဦးတည်၍ မာန်ပြောကလေး ပြောလိုက်သည်ဆိုလျှင်ပဲ ညာဏ်ကျယ်က. .

''မဟုတ်ဘူး ဘိုလေးရ။ ဒီအဘိုးကြီးကို သူ့မဟေသီကြီးက သိပ်. . သိပ်ချစ်ရှာတဲ့အကြောင်း ဟောဒီရွာခံမုဆိုးတွေ သိအောင်လို့ အကောင်းပြောပြနေတာကို အခြောက်တိုက်ဒေါပွနေတယ်လေ''

ရယ်လို့ ပြန်ပြောလာသဖြင့် ကျွန်တော်က. .

''ဪ. . ဒီကိစ္စလား။ ဒါ. . သူတို့ဇနီးမောင်နှံရဲ့ အတွင်းရေးကိစ္စတွေပဲ။ ငါတောင် သေသေချာချာ မလေ့လာမိသေးဘူး။ ဒီအဘိုးကြီးကို အဘွားကြီးက ဘယ်ကလောက်ချစ်ရှာတယ်ဆိုတာကို လင်းစမ်းပါဦး''

ဟု ဆိုလိုက်ရာ ညာဏ်ကျယ်က ကျွန်တော့်ကို မျက်လုံးပေကလပ်ပေကလစ် လုပ်ပြနေရင်းမှ. .

''ဒီလို ဘိုလေးရဲ့။ ဒီတောပစ်ခရီးကို ထွက်ကြဖို့ အဘိုးကြီးကို ကျွန်တော်အိမ်သွားခေါ်တော့ အဘွားကြီးက ကျွန်တော့်အနား လာကပ်ထိုင်ပြီး တတွတ်တွတ်နဲ့ ကပ်ပြောနေတာလေ။ ဘာတဲ့. .။ အဘိုးကြီးက သူ့ကို ရှာမကျွေးဘူးတဲ့၊ လိမ်လည်း မလိမ်မာဘူးတဲ့၊ ဒါ. . ဘာသဘောနဲ့ ပြောနေတာလဲ။ ကျွန်တော့်တောင် အားမနာတော့ဘူး။ ရှာမကျွေးတာ၊ လိမ်မာအောင် မနေတာ လာပြောနေတယ်။ အဲဒါ ဘာသဘောလဲ။

ဒီတော့ ကျွန်တော်က နားကြားပြင်းကပ်လာတာနဲ့ အဘကောင်းရယ်. . နောင်ကြီးကြီးစိတ်မချမ်းမသာဖြစ်အောင် မလုပ်လိုက်ပါနဲ့





ဗျာလို့ ဆိုလိုက်တော့ အဘွားကြီးက 'အေးကွယ်. . မင်းတို့အဘက ငါ့ကို လုပ်ချင်သလို လုပ်နေတော့တာပဲ' တဲ့ဗျာ''

ညာဏ်ကျယ်လုပ်ပြနေသော အမူအရာ၊ အပြောဟန်ပန်တို့ကြောင့် ကျွန်တော်နှင့် ကျန်အဖွဲ့သားအားလုံးတို့မှာ ဝါးလုံးကွဲရယ်မောချလိုက်ကြမိပေတော့သည်။ အဘိုးကြီးမှာ ရှက်ကိုးရှက်ကန်းနှင့် ကျွန်တော်အပါအဝင် ဝိုင်း၍ဟားတိုက်ရယ်မောနေကြသူများအားလုံးကို နှုတ်မှအသံထွက်ကျိန်ဆဲ ရေရွတ်ရင်း စခန်းပေါ်သို့ တက်ပြေးလေတော့သည်။

ဪ. . တောထဲ၊ တောင်ထဲမှာ ယခုလို လွတ်လပ်စွာနေထိုင်ကြရသည့် မုဆိုးဘဝဟာ တစ်ခါတစ်ခါတော့ ပျော်ရွှင်စရာ၊ ငြိမ်းချမ်းစရာကောင်းလေစွတကား။

ပန်းကန့်ထဲမှ အငွေ့တထောင်းထောင်းနှင့် ကြော်ထားသော ချေမိုးခိုသားတစ်တုံးကို ကောက်ယူဝါးစားနေလိုက်ရင်း ဖန်ခွက်ထဲမှ အဖန်ရည်ကို မော့သောက်နေမိလိုက်သည်။ နံနက်ခင်းတွင် ဖြစ်ပေမယ့် ဘောင်းဘီတိုတိုဝတ်၊ ကိုယ်လုံးတီးများနှင့် မချမ်းနိုင်မစီးနိုင် လက်ဝယ်ပိုင်ပိုင် ပစ်ခတ်လို့ရရှိထားကြပြီဖြစ်သော ဆတ်ကြီးများ၊ ဒရယ်၊ ချေတို့ကို အရေချွ၊ ဗိုက်ခွဲ၊ ဝမ်းတွင်းသားများကို ထုတ်ယူနေကြသူများ၊ ကြောင်မြင်းကြီးကို ရေနွေးပူလောင်း၍ အမွေးခြစ်နေကြသူများ၊ အသားတို့ကို ခုတ်သူခုတ်၊ လှီးသူလှီး၊ ဖြတ်သူက ဖြတ်လို့ ပြီးတာတောင်မှ အခြောက်လှမ်းကြတဲ့အလုပ်ကို ဆက်၍လုပ်ကြရပေဦးတော့မည်။

တကယ်ဆိုတော့ မုဆိုးလုပ်တဲ့ဝါသနာဆိုတာကလည်း အခက်သား။ တောပစ်ထွက်ပြီဟောဆိုလျှင် သားကောင်များကို မြင်တွေ့ချင်တယ်။ ပစ်ခတ်ချင်တယ်၊ ရချင်တယ်။ ယခုကဲ့သို့ အဆင်ပြေသွားပြီး များပြားစွာ သားကောင်ကို ရရှိကြပြီးသည့်နောက်ဝယ် အရေချွ၊ ခုတ်ထစ်ပိုင်းဖြတ်၍ အခြောက်လှန်းရတဲ့ ကိစ္စတို့မှာ မသေးလှ၊ နွေရာသီမျိုးဆို တော်သေး။ မိုးရာသီမျိုးဆို ပို၍စိတ်ညစ်စရာကောင်းကြောင်းကို တွေးတောလိုက်မိရင်း

www.burmeseclassic.com



အဖွဲ့သားများ၏ တက်ညီလက်ညီဝိုင်းဝန်းလုပ်ကိုင်ဆောင်ရွက်နေပုံများကို ငြိုးငွေ့ဖွယ်ရာ ထိုင်၍ကြည့်ရှုနေမိရင်းမှ. .

ကျွန်တော်၏ အတွေးများသည်. .

ကျွန်တော်သည် ဝါသနာအရ တောတောင်များအတွင်း လှည့်လည်၍ အမဲများပစ်ခတ်ခဲ့ဖူးသူတစ်ဦးဖြစ်ပါသည်။ ကျွန်တော်လှည့်လည်ပစ်ခတ်ဖူးခဲ့သော တောများကိုလည်း ယခုအဖွဲ့သားများ လိုက်ပါခဲ့ဖူးကြသည်။ သွားရောက်ခဲ့ဖူးသော တောများတို့တွင် ဘေးဆီးရန်ကာအဖြစ် တောပိုင်တောင်ပိုင်များထံမှာ အမှောက်အမှားနှင့် အန္တရာယ်မရှိကြစေရေးတို့အတွက် တောလမိုင်း၊ တောင်လမိုင်း တင်ကြ၊ မြှောက်ကြ ပသကြရာတွင် တောတင်ပစ္စည်းအမျိုးမျိုးသာ ကွဲပြားခြားနားကြပေသည်။ ယခု ကျွန်တော်တို့အဖွဲ့ပုံစံမျိုးနှင့် တင်မြှောက်ပသမှု မလုပ်ခဲ့မိဘူးပေ။ ဘယ်တောဘယ်တောင်မှလည်း ဒီပုံစံမျိုးကို လက်ခံခြင်းမရှိဘူး။ မလုပ်အပ်ဘူးဆိုတာကို ကိုယ်တွေ့အရရော၊ ရွာခံမုဆိုးကြီးများရဲ့ အဆိုအမိန့်များအရရော သိရှိနားလည် လက်ခံထားသူတစ်ဦးဖြစ်ပါလျက် ယခုအခါမှာ သားကောင်တစ်ကောင်တလေမှ မတွေ့ရသည့်အပြင် တစ်ချက်မှလည်း မပစ်ခတ်ရသေးသည့်အတွက် စိတ်ပေါက်ပေါက်နှင့် မူးအောင်သောက်လိုက်ကြပြီး လူငယ်များ၏ ရမ်းကား နောက်ပြောင် ကျီစယ်မှုကို ထိန်းသိမ်းဟန့်တားရမည့်အစား ဝင်ရောက်ရောထွေးလိုက်မိသည်မှ အကျိုးအမြတ်အဖြစ် ရရှိလာကြသည့် ဤမြင်တွေ့ရရှိထားပြီးသော သားကောင်များသည် ခွင်တည့်သွား၍လော (သို့မဟုတ်) လူကြမ်းတော့ နတ်ကြမ်းမခံနိုင်၍ပဲလော ဆိုသည်ကို ဝေခွဲ၍မရ ဖြစ်နေပေတော့သည်။

ယခုဝယ် တောကြီးအတွင်း အဖွဲ့သားတစ်ဦးတစ်ယောက်မျှ အမှောက်အမှားများ မတွေ့ခဲ့ကြရသည့်အပြင် ဝါသနာအတွက်ပါ ဤလုပ်ရပ်များသည် အဆင်ပြေချောမွေ့သွားခဲ့သော်လည်း အလွန်အန္တရာယ်ကြီးမားလှသော လုပ်ရပ်တစ်ခုကို အရက်မူးမူးနှင့် မဆင်မခြင်၊ မိုက်မိုက်ကန်း





ကန်း တရားလက်လွတ် လုပ်ကိုင်မိခဲ့ကြပါကလားဟူ၍ ယူကျုံးမရသော နောင်တများနှင့်အတူ ပိုင်နိုင်သော ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်မိပေတော့သည်။

ဆုံးဖြတ်ချက်မှာကား. .

ယနေ့ညနေ ရေပြာစမ်းစခန်းချရာဆီမှ ရန်ကုန်သို့ အားလုံးပြန်ကြရန်ပင် ဖြစ်ပေတော့သတည်း။ ။

❖

www.burmeseclassic.com

www.burmeseclassic.com



# တစ်ဖက်လပ်မေတ္တာ

ဆည်းဆာ၏ ဖျော့တော့သောအရောင်က အဝါရောင်ဘက်သို့ လုပြီး စိမ်းလန်းနက်ရှိုင်း ကျယ်ဝန်းသော သစ်တောကြီးများ၊ တောင်တန်းကြီးများ။ လွင်၊ ပြန့်၊ ရေအိုင်ကြီးတို့ရဲ့ ဟိုမှာဘက်ဆီ မိုးကုပ်စက်ဝိုင်းကြီးအောက်တွင် အမှောင်ဘက်သို့လုနေပြီမို့ အနက်ရောင်နှင့် ရောထွေးနေသဖြင့် မှိုင်းပျပျရယ်သာပင်။

ဇနီးသည် မအေးကြည်က ရုံးတာဝန်နှင့် မန္တလေးဘက်ဆီသို့ စစ်ဆေးရေးဆင်းနေချိန် အိမ်တွင်ကျန်ရစ်ခဲ့ကြသော သားတော်မောင်ရဲထွဋ်နှင့် အငယ်ကောင်ထွန်းထွန်းဝင်းတို့အား အိမ်ကို သူတို့လက်အပ်ခဲ့၍မဖြစ်သဖြင့် အိမ်ကကားနှင့်ပင် သူတို့နှစ်ဦးကိုခေါ်ဆောင်၍ အမဲပစ်ထွက်လာခဲ့သော ခရီးတစ်ခုဖြစ်ပေသည်။

“ညီလေး လာတော့လာမယ်ဆိုတာ အစ်ကိုကြီးသိနေတယ်။ အဖွဲ့စုံလည်း ပါမယ်လို့ ထင်နေတာ။ ခုတော့ ကိုယ်ပိုင်ပစ္စည်းတွေကို သယ်ပြီး တစ်ယောက်တည်းရောက်ချလာပါလားကွဟ”

“ဟုတ်တယ်။ အစ်ကိုကြီးညီမက နယ်ကို စစ်ဆေးရေးထွက်



www.burmeseclassic.com

www.burmeseclassic.com



သွားရလို့။ အဖွဲ့သားတွေကလည်း တစ်ယောက်မှမအားကြတော့ သူတို့အအားကို စောင့်ရမှာ စိတ်မရှည်တာနဲ့ ကလေးတွေပါခေါ်ပြီး အိမ်တံခါးပိတ် ထွက်လာခဲ့တာ''

''ဟား. . ဟား. . ဟား. . ငါ့ညီက ခုချိန်အထိ စိတ်က လက်တစ်ဆစ်ကိုးကွ။ မှတ်မိသေးတယ်ကွာ. .။ ဟိုအကောင် ဉာဏ်ကျယ် (၁၂) နာရီထွက်မယ်၊ အဆင်သင့် အိမ်ကစောင့်နေလို့ ပြောထားပြီး အချိန်ရောက်လို့ သူ့အိမ်ရှေ့ ကားဆိုက်တော့မှ အဝတ်အစားလဲနေတုန်းမင်းက မစောင့်ဘဲ ကားမောင်းထွက်လာခဲ့တာလေ။ ဟိုကောင် ခုထိ ပြောလို့မဆုံးဘူး။ ဟား. . ဟား. . ဟား. .''

အစ်ကိုကြီးဦးသိန်းလွင်မှ ကျွန်တော့်အဖြစ်ကို ပြောနေရင်းမှ သဘောကျစွာ ဟားတိုက်ရယ်မောနေသည်။

''မနေ့က ငါ လူကြုံနဲ့ မင်းကိုတောင် စာရေးမှာလိုက်သေးတယ်။ ဒီ 'တစ်ဖက်လပ်' ကောင်ဟာ သိပ်ကိုအတင့်ရဲပြီး ပါးလည်းအလွန်ပါးတယ်။ ခြံထဲက ကြက်တွေလည်း ကုန်တော့မယ်။ အိမ်ကကောင်မကလည်း ဘယ်လိုမှထိန်းလို့မရဘူး။ အချိန်တန် သူ့နောက်ပါသွားတာချည်းပဲ။ ဟိုက မလာလည်း သူက သွားမျှော်နေတာယ်လေ''

''ဗျာ. . အိမ်ကကောင်မ. . ဟုတ်လား။ မိသက်ကြီးလား. .။ ဘယ်ကောင်မကို ပြောနေတာလဲ။ ခု. . ဘယ်သွားကြသလဲ၊ မတွေ့ကြပါလား''

ကျွန်တော်က အစ်ကိုကြီးဦးသိန်းလွင်စကားကြောင့် တအံ့တသြနှင့် ပြန်မေးလိုက်မှုကြောင့် ဇနီးဖြစ်သူ ဒေါ်မြင့်က ကြားဖြတ်၍ တဟားဟားဝင်ရယ်မောလိုက်ရင်း. .

''ဟဲ့. . မောင်လေး။ နင့်အစ်ကိုပြောနေတာ သူ့သမီး မိသက်ကြီးအကြောင်း မဟုတ်ဘူးကွ။ ရွှေဝါမ. . ရွှေဝါမအကြောင်း၊''

''ဒီလိုကွ. . ဒီလို. .။ ငါ တောထဲကို အမဲလည်သွားရင်၊





'ကစန်း' ပင်ကြီးတစ်ပင် ခွဆုံကိုင်းမှာ တက်အိပ်နေတဲ့ ကြောင်ဖားကြီးတစ်ကောင်ကို ထန်းသီးက အနံ့ရပြီး အပင်ပေါ်မော့ဟောင်နေလို့ ကြည့်လိုက်တော့ အောက်ကိုငုံ့ကြည့်နေတဲ့ ကြောင်ဖားကြီးတစ်ကောင်ကို ဒူးလေးနဲ့ ပစ်ချလိုက်တယ်ကွာ။ အိမ်ရောက်လို့ ဖျက်လိုက်တဲ့အခါ ဗိုက်ထဲက ကြောင်ကလေးသုံးကောင်ရတယ်၊ နှစ်ကောင်က အသေ။ တစ်ကောင်က အရှင်လေ။ အဲဒါ မင်းအစ်မက သနားလှချည်ရဲ့ဆိုပြီး နို့တိုက်မွေးလိုက်တာ အရွယ်ရောက်တော့ သိပ်လိမ္မာတာပဲ။ ခုတော့ တစ်စထက်တစ်စ ကြီးလာပြီး အပျိုဖြစ်လာတော့ ရည်းစားတွေဘာတွေ ထားလာပြီပေါ့။ ညညဆို ပျောက်ပျောက်သွားတတ်တယ်။ တစ်နေ့တော့ မနက်ပိုင်းကြက်ခြံနားဆီက ကြောင်တစ်ကောင် အော်သံပေးနေလို့ မင်းတူတော်မောင်က လောက်လေးခွဆွဲပြီး ထွက်သွားတာ မကြာမီ 'ဖောင်း' ခနဲ ပေါက်ကွဲသံတစ်ချက်ကြားလိုက်ရပြီး မချိမဆံ့ ဝေဒနာခံစားရင်း လူးလိမ့်နေရင်းက ဝရုန်းသုန်းကားဖြစ်နေတဲ့ အသံကြီးကို ကြားလိုက်ရလို့ ငါလည်း ပြေးဆင်းလိုက်သွားရော ကုန်းထပြီး ခြံကိုခုန်ထွက်သွားတဲ့ အကောင်ကြီးတစ်ကောင်ကို တွေ့လိုက်ရတယ်။ လှတယ်ကွာ. .။ အရောင်က ပြောင်ပြီး အဝါနဲ့နီညိုရောင်အပြင် အနက်စက်တွေနဲ့ ကြီးလိုက်တဲ့အကောင်ကြီးကွာ။ ငါ့အထင်တော့ သစ်ဆင်ကြီးလို့ ထင်တာပဲ။ မင်းတူကတော့ သေသေချာချာချိန်ပြီး ခေါင်းကိုပစ်လိုက်ရတာမို့ ကြောင်ဖားကြီးလို့ ပြောတယ်။ အဲ. . သူပစ်လိုက်တဲ့ လေးသီးဒဏ်ကြောင့် မျက်လုံးကို ဖောက်ထိသွားပြီး ကန်းသွားတယ်ကွ။ အဲဒီလိုဖြစ်ပြီး ဒ့အိမ်ပေါ်မှာအိပ်နေတဲ့ ရွှေဝါမဟာ ရောက်လာပြီး ကြောင်ကြီးရဲ့မျက်လုံးတစ်ဖက်က ထွက်ကျလာတဲ့ သွေးတွေကို လျက်လိုက်၊ ရှိုက်နမ်းလိုက် လုပ်ပြီး တညောင်ညောင်အော်ရင်း ပျောက်သွားလိုက်တာ ကနေ့အထိပဲကွ''

အစ်ကိုကြီးဦးသိန်းလွင်မှ အဖြစ်အပျက်ကို ပြောပြနေရင်း မောသွားဟန်နှင့် အဖန်ရည်တစ်ခွက်ကို မော့သောက်လိုက်ပြီး စကား



www.burmeseclassic.com

www.burmeseclassic.com



ဆက်ပြန် သည်။

"အေး. . ခု အဲဒီအဖြစ်အပျက်ပြီးလို့ ခြောက်လလောက်ရှိတဲ့ အချိန်မှာ နောက်ဖေးကြက်ခြံက ကြက်တွေ တစ်ညခြား တစ်ခါနှစ်ခါ လန့်လန့်အော်ရင်း ပျောက်ပျောက်သွားလိုက်တာ ခုဆို ကုန်သလောက် ရှိနေပါပြီ။ တို့လည်း အမျိုးမျိုးချောင်းပြီး ဖမ်းခဲ့ပေမယ့် မရခဲ့ပါဘူးကွာ။ ဒီအဖြစ်က တို့တစ်ရွာလုံး မဟုတ်ဘူးကွ။ တို့တစ်ခြံတည်း ကွက်ဖြစ်နေတာ။ မဟုတ်မှလွဲရော။ ငါ့အထင်တော့ တို့ကို တစ်ဖက်လပ်က ပြန်ကလဲ့စားချေ ဒုက္ခပေးနေပြီလို့ ထင်တာပဲကွာ။ ဆုံးတဲ့ ကြက်တွေရဲ့ တန်ဖိုးကလည်း မနည်းတော့ဘူး"

အစ်ကိုကြီးဦးသိန်းလွင်မှ သူတို့၏အဖြစ်ကို ပြောပြနေရင်းမှ စိတ်ဓာတ်ကျဆင်းနေသည့်ဖြစ်အင်ကို ကြည့်၍ ကျွန်တော်စိတ်မကောင်း ဖြစ်နေပေတော့သည်။

"နေပါဦး အစ်ကိုကြီးရဲ့။ ဒီကောင်ကြီးကို တစ်ဖက်လပ်လို့ ဘယ်သူက နာမည်ပေးခဲ့တာလဲ"

"အေး. . မင်းတူက လေးခွနဲ့ပစ်လိုက်လို့ မျက်စိကန်းသွားပြီးတဲ့နောက်ပိုင်းမှာ ကြက်ခြံကို လှည့်ပတ်ချောင်းနေတာကို ရွာခံတွေ ဟိုလူတွေ့သည်လူတွေ့နဲ့ကွ။ အကောင်ကြီးပြီး မျက်စိတစ်ဖက်က ကန်းနေတော့ သိသာထင်ရှားလွန်းလို့ တစ်ဖက်လပ်ရယ်လို့ ခေါ်ကြတယ်ကွ"

"တစ်ဖက်လပ်က အကောင်ကြီးတယ်ဆိုတော့ အစ်ကိုကြီး သိပ်ကရော ဘယ်အရွယ်ရှိမလဲ"

"ထန်းသီးပုံစံမျိုးကွ။ ဒေါက်က နည်းနည်းတိုမယ်"

ထန်းသီးဆိုတာက သူနှင့်အမဲလည်နေကျ လက်စွဲတော် ခွေးကြီးပင်။ ချေတစ်ကောင်နီးပါး တောကြောင်တစ်ကောင်ဖြစ်သည့်အပြင် ကြောင်ဖားမျိုးနွယ်ဖြစ်သည့်အတွက် သည်လောက်တော့ ရှိနိုင်မည်ကို ကျွန်တော်ခန့်မှန်းချိန်ဆနေစဉ်. .





"ကဲ. . ရေမိုးချိုးလိုက်ကြဦး။ ကလေးတွေ မိုက်ဆာရောပေါ့။ ပြီးရင် ကျွေးလိုက်ကြရအောင်"

နေညိုချိန်မို့ စမ်းချောင်းအတွင်း ရေဆင်းချိုးလိုက်ကြပြီး ကလေးများကို ထမင်းကျွေးနေစဉ် ကျွန်တော်နှင့်အစ်ကိုကြီးတို့ အရက်တစ်ပုလင်းကိုဖွင့်၍ သောက်လိုက်ကြရင်းမှ. .

"အစ်ကိုကြီး. . တောင်ချောက်တွေ ဆင်မဖမ်းဘူးလား"

"အေးကွ. . ငါလည်း အဲဒါစဉ်းစားမိလို့ မောင်ယဉ်ကြိုင်ကို မြို့လွှတ်ပြီး သံညှပ်သုံးခုဝယ်ခိုင်းတာ ရောက်နေပြီ"

"ဒါဆိုရင် မနက်ဖြန် လုပ်ငန်းစလိုက်ကြရအောင်"

❂ ❂ ❂

ကတောက်ခေါင်းရွာကလေး၏ မှုန်ဝါးဝါးလအရိပ်သည် မဟူရာတောင်တစ်ဝိုက်တွင် မှိုင်းပျပျထွန်းလင်းလျက်ရှိသည်။ မှိုင်းညို့ညို့ ညဥ့်အရိပ်သည် ရိုးမကြီးအတွင်း စိမ့်အေးချမ်းမြလှသလို ညင်းညင်းညှံ့ညှံ့ တိုက်ခတ်လျက်ရှိသော လေပြည်ကြောင့် သစ်ရိုင်းပင်ကြီးများထက်ဆီမှ အကိုင်းအခက်အရွက်တို့ ပွတ်တိုက်ထိတွေ့သံက မပီမိုးတဝါး ကြားနေရသည်။ သန်းခေါင်ယံသို့ ရောက်ရှိနေပြီဖြစ်၍ ညဥ့်ငှက်ကလေးများ အစာရှာကြရင်း အော်လိုက်ကြသံများမှတစ်ပါး တောကြီးသည် ပကတိ တိတ်ဆိတ်နေသလို ရွာဖျား နှမ်း၊ မြေပဲစိုက်ခင်းများဆီမှ တစ်ချက်တစ် ချက် ဆတ်တစ်သံသဲ့သဲ့ကို ကြားနေရသည်။ ခြံအတွင်းရှိ မက်လင်းပင်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ထိပ်ဖျားဆီမှ ပန်းထိမ်ဖိုင့်ကလေးတစ်ကောင်၏ အသံကလည်း 'တုံ. . တုံ. . တုံ. . ' နှင့် အဆက်မပြတ် အုန်းမောင်းခေါက်နေသည့် အသံမျိုး။ ထိုစဉ်. .

"ညောင်. . ညောင်. . ညောင်. ."

နောက်ဖေးဘက်ဆီမှ ကြောင်တစ်ကောင်၏အော်သံကို ကြားလိုက်ရသည်။ အတွေ့အကြုံအရမို့ အိပ်ရာဘေးရှိ သေနတ်ကိုလည်း လက်ကစမ်းလိုက်မိပေသည်။ အိပ်ရာမှ လူးလဲထလိုက်ရင်း အသင့်ချထားသော လက်နှိပ်ဓာတ်မီးကိုယူ၍ သေနတ်ကို အသင့်ပစ်ခတ်နိုင်ရန် ကျည်ထိုး။ လုံခြုံရေးမောင်းထိန်းခလုတ်ကိုပိတ်၍ ဓာတ်မီးကို မြေပြင်သို့ အုပ်ထိုးကာ ရရှိသောအလင်းရောင်ဖြင့် တဲနောက်ကျောဘက် ကြောင်အော်သံကြားရာဆီသို့ ဝိုးတဝါးထွန်းလင်းနေသော လအရောင်ကို အားပြု၍ တိုးကပ်လျှောက်လှမ်းသွားလိုက်မိပေသည်။ ရိုးမကြီးအတွင်း လွတ်လပ်စွာ စိတ်ကြိုက်နေရာယူထားကြသူများမို့ ခြိအကျယ်အဝန်းကား မသေးလှ။

ခြံနောက် တောထိုင်သောတဲအနီး ကပ်၍ဆောက်လုပ်ထားသော ကြက်ခြံအား ဝိုးတဝါးလရိပ်အောက်တွင် မထင်မရှားတွေ့မြင်နေရပြီမို့ နောက်ခံလရောင်ကိုအားပြု၍ လှုပ်ရှားမှုကို ငုံ့လင့်ရင်း ခြေအစုံကိုရပ်၍ သေနတ်မောင်းခလုတ်အား ရှေ့သို့တွန်းပို့ရင်း စောင့်စားကြည့်ရှုနေလိုက်မိစဉ် ကြက်ခြံအထက် ဓနိမိုးများဆီမှ ခပ်ဖွဖွနှင့် ခြေနင်းသံတချို့ ထွက်ပေါ်လာသည်ကို ကြားလိုက်မိသဖြင့် သေနတ်နှင့် ဓာတ်မီးကိုကပ်၍ မီးခလုတ်ကို ရှေ့သို့တွန်းပို့လိုက်သည်။ ဓာတ်မီးအလင်းတန်းသည် ကြက်ခြံခေါင်မိုးပေါ်သို့ ရောက်သွားသည်နှင့်အတူ ခေါင်မိုးထက်ဆီမှ မျက်လုံးတစ်လုံး၏ တုံ့ပြန်မှုကို ခံလိုက်ရပေသည်။

ရဲရဲနီထွေးသော မျက်ဝန်းခွင်သည်ပင် မသေးလှကြောင်း စိတ်ထဲမှ မှတ်ချက်ပြုမိရင်း ကိုင်ထားသော သေနတ်၏မောင်းခလုတ်ကို





ဆွဲညှစ်တော့မည်အလုပ် အိမ်ရှေ့ဘက်ဆီမှ ဟောင်သံပေး၍ ကြက်ခြံဆီသို့ ပြေးဝင်လာခဲ့သောအသံများကြောင့် ကြောင်ကြီးမှာ မြေပြင်သို့ ခုန်ချလိုက်ပြီး နက်ကျောတောကြီးအတွင်းသို့ တိုးဝင်ပျောက်ကွယ်သွားပေတော့သည်။

ကြောင်ကြီးကား အစ်ကိုကြီးပြောခဲ့သော တစ်ဖက်လပ်ကြီးပင်။ မပစ်လိုက်ရသည်မို့ တဲသို့ပြန်လာရင်း အိမ်ရာပေါ်တွင် လဲလျောင်းကာ နေ့သစ်တစ်နေ့ကို စောင့်ကြိုနေလိုက်မိပေတော့သည်။

☯ ☯ ☯

နေခြည်ထွေးထွေးက တဲခေါင်ရင်းပြတင်းပေါက်ဆီမှ ထိုးဖောက်ကျီစယ် ဆော့ကစားလိုက်ရင်း နှုတ်ဆက်လိုက်မှုကြောင့် နွေးထွေးစွာပင် နိုးထလာခဲ့သည်။

တောန်းတိ (ခ) ငရွှေငါးကို ကြော်ထားပြီး ထမင်းကြော်နှင့် အဖန်ရည်တို့ကာ လိုက်ဖက်ညီသည်မို့ ဟာနေသောဝမ်းပိုက်ကို ဖြည့်လိုက်ရင်း အစ်ကိုကြီးကိုခေါ်ကာ ခြံနောက်ဖေး ကြက်တဲရှိရာ သားကောင်တစ်ဖက်လပ်၏ ဝင်လမ်း၊ ထွက်လမ်းတို့ကို လိုက်လံကြည့်ရှု အကဲခတ်လိုက်ရင်းမှ ကြက်များထားသိုရာတဲ၏အရှေ့ဘက် မလှမ်းမကမ်းရှိ သစ်ဆိမ့်ပင်ကြီး၏ အမြင့်ပေသုံးဆယ်ခန့်ရှိ ခွဆုံပိုင်းတွင် လင့်စင်တစ်ခုဆောက်ပေးရန် အစ်ကိုကြီးဦးသိန်းလွင်ကို တိုင်ပင်လိုက်သည်။ သားတော်မောင်များနှင့် ယဉ်ကြိုင် ပွေးတူ၊ ငှက်ပစ်ရန် တောထဲသွားရောက်နေသည်မို့ ချွဲခံသုံးဦး



www.burmeseclassic.com

www.burmeseclassic.com



အား ခေါ်ယူ၍ လင့်ရင်တစ်ခုကို အထိုးခိုင်းလိုက်သည်။

အစ်ကိုကြီးဦးသိန်းလွင်နှင့်ကျွန်တော်က တစ်ဖက်လပ်ကြီး ဝင်နိုင်၊ ထွက်နိုင်မည့် လမ်းကြောင်းတို့တွင် ခြေနင်းကိုင်း၊ လည်တိုးကွင်း၊ သုတ်ကိုင်း၊ တားညွှတ်၊ တုံးဘိ၊ ကပ်ဘိ၊ ကုန်းဆတ်၊ ကုပ်ပိုက်များကို လိုက်လံထောင်လိုက်ကြပြီး အဓိကကျသည့် ဝင်လမ်း၊ ထွက်လမ်းများတွင် သံညှပ်ကြီးသုံးခုကို ထောင်လိုက်သည်။

တစ်ဖက်လပ် အမှန်ဝင်နိုင်၊ ထွက်နိုင်မည့် သေချာသော ဝင်လမ်း၊ ထွက်လမ်းများတွင် ကာရံထားသော ခြံစည်းရိုးအောက်မှ ငုံ့ပြီး ဝင်ထွက်ရမည့်ဖြစ်ရာ ထောင်ထားသော သံညှပ်ကို မနင်းဘဲ မည်သို့မှ ဝင်လို့ထွက်လို့ မရ။

သံညှပ်ကြီးမှာ လခြမ်းသဏ္ဍာန်ရှိ ခွေးသွားစိတ်များနှင့်မို့ လခြမ်းကဲ့သို့ ညှပ်တစ်ခုစီအား တစ်ဖက်ကခွဲ၍ မောင်းတင်ထားလိုက်လျှင် အချင်းတစ်ပေခွဲခန့် စက်ဝိုင်းတစ်ခုသို့နှယ်။ အလယ်တွင် နင်းခုံခလုတ်ရှိသောကြောင့် တက်၍နင်းလိုက်မိသည်နှင့် တစ်ဖက်တစ်ချက်စီ လခြမ်းသဏ္ဍာန် သံစူးချွန်များပွါသော ညှပ်များက ညှပ်ပြီးဖြစ်ပေမည်။

အထိုက်အလျောက် တုတ်ခိုင်သန်မာသော စပရင်များကြောင့် ပြန်လည်ဖြုတ်ယူရန်က မလွယ်။ လူကြီးနှစ်ဦး တစ်ဖက်စီ အားကုန်ဆွဲမှ ဖြုတ်၍ရမည် ဖြစ်ပေသည်။ သံညှပ်တစ်ခုချင်း ထောင်လို့အပြီး သစ်ရွက်၊ သစ်ကိုင်း၊ မြေမှုန့်မြေခဲတို့နှင့် ဖုံးအုပ်၍ နောက်ဆုံးသံညှပ်ကြီး ထောင်အပြီးတွင် ညနေပင် စောင်းခဲ့ပေပြီ။

''အစ်ကိုကြီး. . ခုမှ သတိရတယ်။ သံညှပ်တွေကို ငုတ်ရိုက်ပြီး ကြိုးမချည်ရသေးပါလား''

''အေး. . ဟုတ်သားပဲ၊ ငါလည်း မေ့တတ်လိုက်တာကွာ။ ဇောကပ်ပြီး မှုန်နေတယ်ဟေ့။ ခွင့်လွှတ်ကွာ. . ခွင့်လွှတ်. .။ တောင်းပန်ပါတယ်''





''ဟာ. . တောင်းပန်လို့ ခွင့်လွှတ်လို့ ဘယ်ရမလဲ။ သူ့ထုံးစံမှ မဟုတ်တာပဲ''

''ကဲ. . ညီလေးတို့မှာလည်း သေနတ်တွေ ရှိကြတာပဲကွာ။ မိတာနဲ့ သေနတ်နဲ့ပစ်ပြီး စခန်းသိမ်းလိုက်ကြတာပေါ့။ အချိန်လည်း သိပ်မရှိတော့ဘူး။ ငါ ပင်ပန်းလွန်းလို့ နားချင်ပြီကွာ''

အစ်ကိုကြီးဦးသိန်းလွင် တောင်းပန်နေမှုကြောင့် ကျွန်တော် လက်လျှော့ပြီး လုပ်ငန်းများကို ရပ်နားလိုက်ပေတော့သည်။

''ညီလေးကြားဖူးမှာပေါ့။ ဘာတဲ့. .။ ညှောင်ဆိုရင် နှောင်မမေ့ပါဘူး။ ကြောင်ဆိုရင် တွေ့တိုင်ပြောဆိုတဲ့ စကားအတိုင်းပဲ။ တစ်ဖက်လပ်ကို မိခဲ့လို့ကများ ညီလေး နှောင်မမေ့အောင် အစ်ကိုကြီး ချက်ပြီး လက်စွမ်းပြမယ်ဟေ့''. . တဲ့။

မောင်ယဉ်ကြိုင်နှင့်အတူ သားတော်မောင်များ ပစ်ခတ်တူးဆွခဲ့၍ ရရှိလာကြသော ပွေး၊ ရစ်၊ ငှက်များကို ချက်ထားသည်ကတစ်မျိုး၊ ကြော်ထားသည်က တစ်ဖုံတို့နှင့် ထမင်းဝိုင်းကို ထိုင်လိုက်ကြပေတော့သည်။ ထမင်းစားနေစဉ်. .

''အဖေကြီး. . ဒီည လင့်ထိုင်မှာလား''

''အေး. .''

''ကျွန်တော်နဲ့ ထွန်းထွန်းဝင်းလည်း အတွေ့အကြုံရအောင် လိုက်ထိုင်ချင်တယ်''

''ဟ. . မှက်တွေ၊ ခြင်တွေ၊ ဖြုတ်တွေ ကိုက်တဲ့ဒဏ် မင်းတို့ ဘယ်ခံနိုင်မှာလဲ၊ မလိုက်ပါနဲ့''

''ဟင်. . ဖေကြီးကလည်း''

အငယ်ကောင် ထွန်းထွန်းဝင်းက ကျွန်တော့်စကားကြောင့် မကျေမလည်ရှိသွားသည်မို့ မျက်စောင်းလှမ်းထိုးရင်း မပြောသာ၍ပြောသာ ခွန်းတုံ့ပြန်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်သားပဲ ညီလေးရဲ့။ သိပ်ဝေးတာမှ မဟုတ်ဘဲ။ ဒီခြံအတွင်းတင်ပဲ။ တို့လည်း အနီးကပ်ရှိနေကြတာမို့ ကလေးတွေ အတွေ့အကြုံလည်းရအောင် ခေါ်သွားလိုက်ပါကွာ"

မှန်တော့လည်း မှန်ပေသည်။ ယခု လင့်စီးရမည့်ကိစ္စသည် တောကြီးခေါင်ခေါင်အတွင်းလည်း မဟုတ်သလို အဓိကထား ပစ်ခတ်ရမည့် သားကောင်ကလည်း ကြောင်တစ်ကောင်သာပင် ဖြစ်သည့်အတွက် ကလေးများ အတွေ့အကြုံ ဗဟုသုတ ရရှိစေရန် သဘောတူလက်ခံလိုက်၍ လင့်ပေါ်တွင် မလိုအပ်သည့်ကိစ္စများ မပြုလုပ်မိကြစေဖို့ မှာကြားနေလိုက်မိပေတော့သည်။

သားတော်မောင်များက ကျွန်တော်နှင့် ယနေ့ည လင့်အတူစီးကြရတော့မည်မို့ ပျော်ရွှင်ပုံရပြီး တက်ကြွနေကြသည်။ ကျွန်တော်ကား လက်စွဲတော် နှစ်လုံးပြူး၊ ရဲထွန်းကား ပွိုင့်တူးတူး၊ အငယ်ကောင်အားလိုရမည်ရ လေသေနတ်တစ်လက်ကို အကိုင်ခိုင်းလိုက်ပြီး ရေဘူး၊ လက်နှိပ်ဓာတ်မီး၊ ဖယောင်းတိုင်၊ မီးခြစ်တို့အပြင် ပုလင်းပြားကလေးကို လွယ်အိတ်အတွင်းထည့်၍ လွယ်ပိုးကာ လင့်စင်ရှိရာ တဲ၏နောက်ဖေး ဆီသို့ လှမ်းခဲ့ကြပေတော့သည်။

◉ ◉ ◉



ညဉ့်ဦးပိုင်းကို ကျော်လွန်၍ သန်းခေါင်ချိန်သို့ နီးနေပြီဖြစ်သဖြင့် ပကတိ တိတ်ဆိတ်နေသည်ဆိုသော်လည်း ဟိုအဝေးဆီမှ ခွေးအတို့ အူသံများကို ကြားနေရသည်။ ကတက်ခေါင်းရွာကလေးသည် မဟူရာ တောင်ကြီးနှင့် အတန်ငယ်နီးသည်မို့ တောင်ခြေတစ်ဝိုက် တောထူထပ်သည့်နေရာများတွင် သားကောင်ကြီးများ ခိုအောင်းကျက်စားတတ်သည် မဟုတ်ပါကလား။ ယခု ကျွန်တော်တို့ရောက်ရှိနေရာသည် ရွာပင်ဖြစ်လင့်ကစား ရိုးမခေါင်ခေါင်ကြီးအတွင်းပေမို့ နေရာတိုင်းတွင် သားကောင်ကြီးတို့ လှည့်ပတ်အစာရှာဖွေကြသဖြင့် အမှတ်မထင် တွေ့ကြုံ ရင်ဆိုင်တိုးတတ်ပေသည်။

ကလေးများကား တင်းခံနေကြသည့်ကြားမှ အိပ်ပျော်နေကြပြီမို့ ခြုံစောင်အား မျက်နှာကိုသာဖော်၍ တစ်ကိုယ်လုံးပတ်ထားပေးပြီးမို့ လစ်ဟာနေသောမျက်နှာပြင်ကို အတင်းဝင်ရောက်ကိုက်ခဲ သွေးစုပ်ဖို့ ကြိုးစားနေသည့် တောခြင်ရိုင်းကြီးများကို အသံမကြားအောင် အဝတ်စတစ်ခုနှင့် ယပ်ခတ်ပေးနေရသည်ကပင် အလုပ်တစ်ခုပိုနေသည်။ ကလေးများကား လင့်စင်ပေါ်တွင် အိပ်မောကျနေသလို ကျွန်တော်သည်ပင် လျှင် တစ်ချက်တစ်ချက် မျက်လုံးများကျိန်းစပ်ကာ ငိုက်၍ငိုက်၍ ကျသွားသည်အထိပင်။ စိတ်အားတင်းကာ မျက်လုံးအား အသင့်ဖွင့်၍ မှုန်ဝါးဝါးလရောင်အောက်တွင် သားကောင်ဦးတည်ရာ ကြက်ခြံတဲရှိရာ ဆီသို့ အားတင်းစူးစိုက်ကြည့်လိုက်မိသော ကျွန်တော့်အဖို့ ရှေ့တွင်ရှိ ကြက်တဲခေါင်မိုးအထက်တွင် မည်းမည်းအရိပ်တစ်ခုကို ဝိုးတဝါးမြင် လိုက်မိသည်။

ညနေစောင်းက ကြက်တဲအပေါ်ရှိ ဓနိမိုးများထက်တွင် ထိုထိုးထောင်ထောင်ရှိနေသော သစ်ကိုင်းခြောက်တစ်ခုရှိနေပြီး ကျန်နေရာများတွင် သစ်ရွက်ခြောက်များပြန့်ကျဲနေသည်ကို စိတ်ထဲက သေချာစွာပင် သိနေကြောင်း တွေးဆနေလိုက်သည်။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ယခု မှုန်ဝါးဝါးလရောင်အောက် ကြက်တဲခေါင်မိုးပေါ်မှ မြင်တွေ့နေရသည်မှာ သစ်ငုတ်က နှစ်ခု။ တစ်ခုက သစ်ငုတ်ဖြစ်လျှင် ကျန်တစ်ခုကား တစ်ဖက်လပ်ကြီး ကေန်ဖြစ်ရချိမ့်မည်။ လရောင်ကြောင့် ပတ်ဝန်းကျင်အခြေအနေကို လှည့်ပတ်သုံးသပ် ကြည့်ရှုနေဟန်ရှိသော ကြောင်ကြီး၏ မျက်လုံးများဆီမှ လရောင်ကြောင့် ရောင်ပြန်ဟပ်လိုက်မှုအရှိန်နှင့် ရဲခနဲ စိမ်းခနဲ ပိုးစုန်းကြူးတစ်ကောင် အရောင်လက်သလို ခပ်လဲ့လဲ့ပြန်လည်ထွက်ပေါ်နေမှုကြောင့် သေချာနေပြီမို့ ကိုင်ဆောင်ထားသော သေနတ်၏ မောင်းထိန်းခလုတ်ကို ရှေ့သို့ အသာဖိတွန်း ပို့လွှတ်မိသည်။

"ချက်"

မောင်းထိန်းခလုတ်ကလေးအား ရှေ့သို့တွန်းပို့လိုက်သောကြောင့် ထွက်ပေါ်လာခဲ့သောအသံကလေးမှာ ဆိတ်ငြိမ်နေသော တောကြီးအတွင်း မထင်မှတ်ဘဲ စူးရှကျယ်လောင်သွားလေရော့သလား မသိ။ တစ်ဖက်လပ်ကား ဖျတ်ခနဲ အသံကြားလိုက်ရာဆီသို့ လှည့်ကြည့်လိုက်ချိန် ဝင်းလဲ့တောက်ပြောင်ရာ မျက်လုံးကြီးများရှိရာဆီသို့ သေနတ်ကို တန်းထိုးချိန်လိုက်ပြီး ညာလက်ညှိုးက သေနတ်မောင်းခလုတ်ကို ဖိညှစ်ဆွဲချလိုက်သည်။ ဒိုင်းခနဲပေါက်ကွဲသံကြီးက တိတ်ဆိတ်ငြိမ်သက်လျက်ရှိသော တောကြီးအား (၂၀) ကျည်ပေါက်ကွဲသံကြီးက လှုပ်နှိုးလိုက်လေသည်။

ဝါးရုံများကြား အိပ်တန်းတက်နေကြသော ကြက်ငှက်များ အထိတ်တလန့်ပျံပြေးထွက်သွားလိုက်ကြသလို သားတော်မောင်များကပင် ပြူးတူးပြဲတဲ လူးလဲထကာ ကျွန်တော်သေနတ်ပစ်လွှတ်လိုက်ရာဆီသို့ လှမ်းကြည့်နေလိုက်ကြပေသည်။

ပါးနပ်လိုက်သည့် ကြောင်ဖားကြီးပင်။ ကျွန်တော်ပစ်လွှတ်လိုက်သော ကျည်ခဲလုံးများ သူ့ထံမရောက်မီ ဗျောခနဲ တဲအောက်ဆီသို့





လိမ့်ပြန်လိုက်ပြီး မြေပြင်သို့ ခုန်ဆင်းပြေးထွက်သွားပြီး ဖြစ်နေသည်။

တစ်ဖက်လပ်ကြောင်ကြီးကား ကျွန်တော်တို့ ထောင်ချောက်များထောင်ထားရာ မြေပြင်မှ ကွင်းရှောင်ပြီး သစ်ပင်သစ်ကိုင်းများထက်ဆီမှ တစ်ပင်ကို တစ်ပင်ကူး၍ ရောက်ရှိလာဟန် ရှိပေသည်။ ထိုသို့ ကျွန်တော်စဉ်းစားနေလိုက်ချိန်ကလေးအတွင်းမှာပင်. .

"ဖျောင်း. . ဝုန်း. . ဗျော. ."

"ညောင်. . ညောင်. . ညောင်. ."

ခြံစည်းရိုးအောက်တွင် ထောင်ထားသော သံညှပ်ကြီးထံမှ ခလုတ်ပြုတ်သွားသော အသံကြီးနှင့်အတူ ကြောင်ကြီးတစ်ကောင်၏ အသံနက်ကြီးနှင့် နာကျည်းခြင်း၊ ဒေါသထွက်ခြင်း၊ ခံပြင်းခြင်းတို့နှင့်အတူ မြေပြင်တွင် လူးလိမ့်ရုန်းထွက်ဖို့ ကြိုးစားနေခြင်းအပြင် မချိမဆံ့နှင့် ပြင်းထန်သောဝေဒနာကို ခံစားကာ နာကျည်းကျယ်လောင်စွာ အော်ဟစ်လိုက်သံကြီးကြောင့် အနီးရှိ လက်နှိပ်ဓာတ်မီးကို ကောက်ကိုင်လိုက်ရင်း ကြောင်အော်သံကြားလိုက်ရာ ခြံစည်းရိုးဆီသို့ အားတက်သရော လှမ်းထိုးလိုက်သည်။

မြင်ကွင်းကား ကြီးမားသောကြောင်ကြီးကို သံညှပ်စက်ပိုင်းအတွင်းရှိ စူးသွားချွန်များက ခလုတ်ပြုတ်၍ လခြမ်းသဏ္ဌာန်ဖြင့် နှစ်ဖက်ညှပ်၍ သံချွန်စူးများက ရှေ့ဘက်လက်မောင်းရင်းအား စူး၍ နစ်မြုပ်ထားခြင်း ခံနေရမှုဒဏ်ကြောင့် မြေပြင့်တွင် လူးလိမ့်ရင်း နာနာကျည်းကျည်း လူးလွန့်ရုန်းကန်နေသော်လည်း သံညှပ်ကြီး၏အလေးချိန်ကြောင့် ရုန်းကန်ဆွဲယူရာသို့ သံညှပ်ကြီးက ပါရှိမလာဘဲ ဝါးငုတ်တစ်ခုနှင့် ငြိတွယ်နေသဖြင့် သူ၏ကြိုးစားမှု အချည်းနှီးဖြစ်နေသည်မို့ ဒေါသသံဖြင့် ကြေကွဲသံတို့ဖြင့် ကြုံးအော်နေသည်ကို တွေ့လိုက်ရပေသည်။

ထိုအချိန်တွင်ပင်. .

"ဖန်း. . ဖန်း. . ဖျောင်း. ."



www.burmeseclassic.com

www.burmeseclassic.com



နံဘေးဆီမှ သေနတ်သံများ ဆင့်ကာဆင့်ကာ ထွက်ပေါ်လာခဲ့သော အသံများကို ကြားလိုက်ရသဖြင့် လှည့်ကြည့်လိုက်တော့ သားတော်မောင် ရဲထွဋ်နှင့် ထွန်းထွန်းဝင်းတို့ထံမှ ပို့င်တူးတူးနှင့် လေသေနတ်ကို ပစ်လိုက်ကြသည့် အသံပင်။

သေနတ်သံများနှင့်အတူ မီးရောင်အောက်တွင် နီနီရဲရဲတောက်ပနေသော မျက်လုံးဝိုင်းဝိုင်းကြီးနှစ်လုံးသည် တောက်ပပြူးကျယ်နေရာမှ ညာဘက်ဆီသို့ စောင်းနိမ့်သွားပြီး မှေးမှိန်ပျောက်ကွယ်သွားပေတော့သည်နှင့်အတူ မြေပြင်တွင် ဘေးတိုက်လဲကျ ငြိမ်သက်သွားပေတော့သည်။

"ဟိုက်. . တစ်ဖက်လပ်ကြီး မဟုတ်ပါလား"

မြင်ကွင်းအား ကြည့်နေရင်းမှ အသံများပင် ထွက်၍သွားလိုက်မိပေသည်။ ကလေးများကား သဘောပေါက်ဟန်မရှိ။ ကြောင်ကြီးကို ပစ်ခတ်လိုက်ကြရသဖြင့် ထိမှန်လဲကျသွားသဖြင့် ပျော်ရွှင်ဝမ်းသာနေပုံရသည်။

"ဖေကြီး. . ရွှင်းကြမယ်လေ။ ကြောင်ကြီး သေနေပြီပဲ။ သွားကောက်ကြမယ်"

သားတော်မောင်များက တက်ကြွစွာနှင့် လင့်အောက်သို့ဆင်းကြရန် ပြောနေသည်မို့. .

"အေး. . စောပါသေးတယ်။ အရုဏ်တက်ပြီကွ။ ဒီမှာ ခဏနားရင်း အချိန်စောင့်လိုက်ကြရအောင်"

ကျွန်တော့်စကားကြောင့် သေနတ်များကို လင့်ပေါ်တွင်ချလိုက်ရင်း မဟူရာတောင်ကြီးဘက်ဆီမှ ထွက်ပေါ်လာတော့မည့် အလင်းရောင်ကို စောင့်စားနေလိုက်ပေတော့သည်။ တစ်ညလုံး အိပ်ရေးက ပျက်ထားပြီး နွမ်းနယ်နေမှုတို့နှင့်အတူ စိမ့်အေးနေပြီမို့ အိတ်ထဲတွင် ထည့်ယူလာခဲ့သော 'ပါစက' အရည်များပါသော ပုလင်းပြားကလေးကို မော့သောက်





နေလိုက်မိပေသည်။ အတန်ကြာသော် သူရာရည်အရှိန်ကလေးနှင့်မို့ မှေးခနဲ အိပ်ပျော်သွားခဲ့ပေတော့သည်။

"ဒိုင်း. ."

ပြင်းထန်သော ပေါက်ကွဲသံကြီးအပြင် တဝုတ်ဝုတ်နှင့် ခွေးဟောင်သံများကြောင့် မှေးစင်းနေသော မျက်လုံးများကို အိပ်ချင်စိတ်ပြင်းထန်သည့်ကြားမှ အတင်းဖွင့်၍ လင့်အောက် ခွေးဟောင်သံများကြားလိုက်ရာဆီသို့ ကြည့်လိုက်တော့ အမဲလိုက်ခွေး ထန်းသီးက ကြောင်ကလေးတစ်ကောင်ကို အငြိုးကြီးစွာ လိုက်လံကိုက်ခဲရင်း ပါးစပ်တွင် ယမ်းခါနေသည်ကို မြင်တွေ့လိုက်ရသည်။ နှစ်လုံးပြူးတွင် လက်ကျန်ဖြစ်နေသော ကျည်တစ်တောင့်ဖြင့် ရဲထွဋ်က ပစ်လိုက်ခြင်းပင်။ သေနတ်ကိုင်ဆောင်ထားသော ရဲထွဋ်လက်ထဲမှ သေနတ်သည်ပင် ယမ်းငွေ့မပြယ်တတ်သေး။ ဘယ်နေရာမှ ထွက်ပေါ်လာမှန်းမသိရသော ကြောင်ငယ်ကလေးအား သေနတ်နှင့်ပစ်လိုက်သံကြောင့် အိမ်ပေါ်တွင်အိပ်နေသော အမဲလိုက်ခွေးကြီးက သေနတ်သံကြားလိုက်ရာဆီသို့ ကဆုန်စိုင်း အပြေးရောက်ရှိလာပြီး မသေမရှင်နှင့် လူးလွန့်နေသော ကြောင်ငယ်ကလေးအား ကိုက်ခဲယမ်းခါနေခြင်း ဖြစ်ပုံရသည်။ ကြောင်ပေါက်ကလေးကား အမဲလိုက်ခွေးကြီး ထန်းသီးနှုတ်ဖျားတွင် အသက်ပျောက်သွားပြီမို့ သေဆုံးနေပြီဖြစ်သော ကြောင်ငယ်ကလေးကို ကိုက်ချီပြီး အဝေးသို့ ပြေးထွက်သွားပေတော့သည်။

သြော်. . သည်အဖြစ်မျိုးကလည်း မုဆိုးတို့၏ ထုံးစံပင် မဟုတ်ပါလား။ လူမုဆိုးများသည် တစ်ဦးနှင့်တစ်ဦး စည်းကမ်းသတ်မှတ်ချက်များထားရှိကြသလို လူမုဆိုးနှင့် ခွေးမုဆိုးတို့မှာလည်း အပြန်ပြန် ကန့်သတ်ချက်စည်းကမ်းတွေက ရှိနေကြလေတော့ ယခုအမဲလိုက်ခွေးကြီး တစ်နိုင်ကိုက်ချီသယ်ယူသွားခဲ့သော ကြောင်ငယ်ကလေးသည် သူ၏ အမှန်ရထိုက်သော ဝေစုပင် မဟုတ်ပါကလား။ တစ်နေရာသို့ မ,ချီသွားပြီး



www.burmeseclassic.com

www.burmeseclassic.com



ကိုက်ဝါးစားသောက်၍ ကုန်မှ သခင်များရှိရာသို့ ပြန်လာမည်က ကေန်ပင်။

"ရွှေဝါမရေ. . ရွှေဝါမ. . မြို့. . မြို့. . မြို့. . လာခဲ့. . ဆင်းခဲ့ ဆင်းခဲ့ သမီး"

ကြက်တဲ၏လက်ယာဘက် စင်ပြွမ်းပင်ကြီးတစ်ပင်ပေါ်သို့ မော့ကြည့်ရင်း အစ်ကိုကြီးဦးသိန်းလွင်က ရွှေဝါမကို သူ့ထံသို့ ဆင်းလာခဲ့ရန် ခေါ်ယူနေသည်ကို တွေ့လိုက်ရသည်မို့. .

"ညီလေး. . ရွှေဝါမလေးကို မပစ်လိုက်နဲ့နော်. . မပစ်လိုက်နဲ့"

အစ်ကိုကြီးက လှမ်းတားနေသဖြင့် ရဲထွန်းကိုင်ဆောင်ထားသော နှစ်လုံးပြူးသေနတ်ကို လှမ်းယူလိုက်ပြီး ကျည်ခွံနှစ်ခုကို ထုတ်လိုက်ကာ လင့်အောက်ဆီသို့ဆင်းကြရန် မြင်ဆင်လိုက်ကြသည်။ ကျွန်တော်တို့သားအဖသုံးယောက် မြေပြင်ကိုရောက်တော့ အစ်ကိုကြီးဦးသိန်းလွင်က ကျွန်တော့်အနီးသို့ ပြေးကပ်လာပြီး အပင်ပေါ်ကို လက်ညှိုးထိုးပြလျက်. .

"ညီလေး. . မင်းတူမ ဟိုမှာ သားတွေ၊ သမီးတွေတောင်ရနေပြီကွ။ ကြည့်စမ်း. . ကြည့်စမ်း. ."

ရယ်လို့ အားရဝမ်းသာစွာနှင့် ပြောနေသည်မို့. .

"အစ်ကိုကြီးသမီးက ဘယ်မှာလဲ"

"ဟိုမှာလေကွာ. . ဟိုမှာကွ. ."

ဟု ပြောလိုက်ရင်း စင်ပြွမ်းပင်ကြီးပေါ်သို့ လက်ညှိုးထိုးပြနေရင်းမှ တအံ့တသြနှင့် ဆက်လက်ပြောလိုက်ပုံက. .

"ဟိုက်. . ရွှေဝါမမှ မဟုတ်ဘဲ။ တစ်ဖက်လပ်ကြီးပဲကွ"

သူလက်ညှိုးထိုးပြလိုက်ရာ စင်ပြွမ်းပင်ကြီး ခွဆုံပိုင်းပေါ်သို့ ကျွန်တော်တို့လှမ်းကြည့်လိုက်တော့ ခွဆုံပိုင်းကြားတွင် ခေါင်းပြူ၍ ဝပ်လျက် ထိုင်နေရာမှ ကြီးမားတုတ်ခိုင်သော ကြောင်ကြီးတစ်ကောင်နှင့်





သေးငယ်သော ကြောင်ကလေးတစ်ကောင်တို့ကို တွေ့မြင်လိုက်ရသည်။ ကြောင်များကား အောက်ဘက်ဆီရှိ ကျွန်တော်တို့အုပ်စုကို မှေးစင်းသော မျက်လုံးများနှင့် ငုံ့ကြည့်နေကြသောကြောင့် ကြောင်နှစ်ကောင်၏ မျက်နှာများကို တွေ့မြင်နေရပေသည်။

မျက်နှာတစ်ခုက အလွန်ကြီးမားပြီး ကျားမင်းတစ်ကောင်၏ မျက်နှာနီးပါး။ ကျန်မျက်နှာတစ်ခုက ခပ်သေးသေးပင်။ ထန်းသီးကိုက်ချီသွားသော ကြောင်လေးနှင့် မတိမ်းမယိမ်းပင်။

သစ်ပင်ခွဆုံပိုင်းကြားမှ ဝပ်၍ မျက်လုံးများကိုမှေးစင်းပြီး ကျွန်တော်တို့ကိုစိုက်ကြည့်နေသော ကြောင်ကြီးကား အတန်ကြာသော် မှေးစင်းထားသော သူ၏မျက်လုံးတစ်စုံကို ဖွင့်ဟကြည့်ရှုလိုက်မှုကြောင့် ပြူးကျယ်လာသော မျက်လုံးများတွင် ညာဘက်မျက်လုံးသည်ကား ပေါက်ပက်ကြီး။

ခုမှပင် ကျွန်တော် အတန်ငယ်သဘောပေါက်လိုက်မိသည်။ တစ်ဖက်လပ်တို့မိသားစု တစ်စုလုံး အစာရှာထွက်လာကြရင်းမှ စင်ပြွမ်းပင်ကြီးပေါ်အရောက်တွင် ရွှေဝါမက ကြက်ခြံရှိရာသို့ဆင်း၍ ကြက်များကိုကိုက်ယူရန် ချောင်းမြောင်းနေစဉ် ကျွန်တော်၏ သေနတ်ကို မောင်းတင်လိုက်သံနှင့် ပစ်ခတ်လိုက်မှုတို့လွတ်ရာ အောက်ခြေသို့ ခုန်ဆင်းပြေးထွက် တိမ်းရှောင်လိုက်စဉ် သံညှပ်ကြီး၏အညှပ်ကို ခံလိုက်ရသဖြင့် သေငယ်ဇောနှင့် နာကျည်းစွာအော်ဟစ်နေစဉ် သားငယ်တစ်ကောင်က မိခင်၏အသံကြီးကို ကြားလိုက်ရမှုကြောင့် မိခင်သံယောဇဉ်နှင့် အပင်ပေါ်မှဆင်း၍ လာရောက်ကြည့်ရှုစဉ် ရဲထွန်းသေနတ်အပြင် ခွေးကြီး၏ ကိုက်ခဲသတ်ဖြတ်လိုက်မှုကြောင့် အသက်ပေးလိုက်ရခြင်းပင်။

"ညောင်. . ညောင်. . ညောင်. ."

တစ်ဖက်လပ်ကြီးကား ခွဆုံကိုင်းပေါ်တွင် ဝပ်စင်းနေရာမှ ထရပ်လိုက်ပြီး အားငယ်တိုးညင်းစွာ သုံးကြိမ်ခန့် အော်မြည်သံပေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီး ကျွန်တော်တို့ကို တွေဝေစွာငေးစိုက်ကြည့်လျက် တွေးတောချိန်ဆနေပုံရသည်။ အတန်ကြာမှ သစ်ပင်ခြေရင်း မြေပြင်ရှိရာသို့ သစ်ပင်ကြီး၏အခေါက်များကို ကုပ်တွယ်လျက် နောက်ပြန်ဆင်းလိုက်ကာ အောက်ကိုရောက်တော့ အပင်ကြီးပေါ်ကိုမော့ကြည့်လျက် အသံပေးလိုက်ပြန်သည်။

"ညောင်. . ညောင်. ."

ခွဆုံကြားရှိ ကြောင်ငယ်ကလေးကား အောက်ဘက်မှ အသံပေးလိုက်သည်ကို သူ့ကိုခေါ်နေကြောင်းကို နားလည်၍လားတော့ဖြင့် မသိ။ မူလ တစ်ဖက်လပ်ကြီး ဆင်းလာခဲ့စဉ်ကကဲ့သို့ပင် သစ်ခေါက်များကို ကုတ်ခြစ်တွယ်ဖက်၍ ခက်ခက်ခဲခဲဆင်းလာခဲ့သည်။ မြေပြင်ပေါ်သို့ ရောက်ရှိလာပြီဖြစ်သော ကြောင်ငယ်ကလေးအား ခေါင်းဖြင့် ပွတ်တိုက်နမ်းရှိုက်၊ လျှာဖြင့် လျက်ပေးနေသည်။ ပြီးနောက် ရှေ့မှ တစ်လှမ်းချင်း လျှောက်လှမ်းသွားနေသလို ကြောင်ငယ်ကလေးကလည်း နောက်က ခုန်ပေါက်မြူးထူးရင်း ဖခင်နောက်ဆီ လိုက်သွားနေသည်ကို တွေ့မြင်နေရသည်။

သူတို့လျှောက်လှမ်းဦးတည်သွားရာသည်ကား သံညှပ်ကြီးက ရှေ့လက်ကို ပြင်းထန်စွာညှပ်ထားခြင်း ခံနေရပြီး လက်ပြင်နောက်နလုံးသားရှိရာဆီသို့ သေနတ်ကျည်ဖြတ်ဖောက်ခြင်းကို ခံရပြီး ဘေးတိုက်လဲကျ သေဆုံးနေပြီဖြစ်သော ကြောင်ဖားမကြီးဆီသို့ပင်။

"ညီလေး. . အဲဒီသံညှပ်ကြီး မိသေနေတာ ငါ့သမီး ရွှေဝါမကွ။ ရွှေဝါမမှ ရွှေဝါမအစစ်"

ယခုမှ အိပ်ရာကနိုးထလာသူတစ်ဦးပမာ သံညှပ်မိပြီး မြေပြင်တွင် လဲကျသေဆုံးနေပြီဖြစ်သော ကြောင်ကြီးကို သေချာစွာကြည့်ရှုလိုက်ရင်းမှ သူ့သမီး ရွှေဝါမရယ်ပါဟု ပြောနေပေမယ့် ကျွန်တော်တို့သားအဖကား သူ့သမီးကို မမြင်ဘူးကြသည့်အတွက် ဟုတ်၊ မဟုတ်ကို





ဝေခွဲမရနိုင် ရှိနေပေသည်။

အကယ်၍ သူပြောသည့်အတိုင်း မှန်ခဲ့ပါမူ. .

"ညောင်. . ညောင်. . ညောင်. ."

တစ်ဖက်လပ်ကား သူ၏ချစ်ဇနီး ရွှေဝါမအဖို့ လူသားမုဆိုးတစ်ရစ်၏ လုပ်ကြံသတ်ဖြတ်မှုကြောင့် ယခုကဲ့သို့ အသေဆိုးနှင့် သေဆုံးခဲ့ရသည့်အပြင် သူ့မျက်စိရှေ့တွင်ပင် ရင်သွေးငယ် သားကလေးခများကို ရက်စက်ကြမ်းကြုတ်သော လူသားမုဆိုးတွေ၏ အပေါင်းအဖော်ခွေးဘီလူးကြီးက ကိုက်ခဲသတ်ဖြတ်ခံလိုက်ရခြင်းကိုပင် အဆစ်ထည့်ပေးခြင်း ခံလိုက်ရသည့် သူ့ရဲ့အဖြစ်လောက် ဆိုးဝါးမှုမျိုး ရှိကြသေးရဲ့လားရယ်လို့ အတွေးများဝင်နေရှာသလားရယ်လို့ဖြင့် မသိ၊ မြေပြင်တွင် လူးလိမ့်လိုက်ရင်း ရွှေဝါမကို ပါးနှင့်ပွတ်လိုက်၊ ခေါင်းနှင့်ဝှေ့လိုက်၊ အနမ်းမိုးရွာလိုက်၊ သံညှပ်ကြီးကိုနမ်းလိုက်၊ မြေပြင်တွင် စွန်းထင်းပေကျံနေသော သွေးကွက်ကြီးများကို လိုက်နမ်းလိုက်၊ ခွေးကြီးနောက် ပါသွားသော သားငယ်အား လှမ်းမျှော်ကြည့်လိုက်ရင်း တညောင်ညောင် အော်မြည်သံပေးနေသည်။

တစ်ဖက်လပ်ကြီးကား သူ၏ ပျော်ရွှင်ချမ်းမြေ့စရာကောင်းလှသည့် မိသားစုအသိုက်အဝန်းလေး သေကွဲကွဲခဲ့ရသည့် ဖြစ်ရပ်မျိုးကား ဆိုးဝါးနာကျည်းစရာကောင်းလှသဖြင့် နောင်ဘဝဆက်တိုင်း သည်အဖြစ်မျိုးနှင့် မကြုံဆုံပါရစေနှင့်ဟု နောက်ဆုံးအရှုံးပေး လက်မှိုင်ချ ဆုတောင်းနေလေသလားရယ်တော့ဖြင့် မသိ။ သူ့ကို ကြက်ခြေထောင်ဆီမှ ရပ်၍ ရူးရူးစိုက်စိုက်ကြည့်နေကြသော ကျွန်တော်တို့ လူသားမုဆိုးလေးဦးအား မကြောက်မရွံ့ ပြန်လည်၍ ရူးရူးစိုက်စိုက် တစ်ချက်လှမ်း၍ကြည့်လိုက်ရင်း သားငယ်ကို ခပ်မှုမှုလေး ငုံခဲကိုက်ချီရင်း နောက်ကျောဘက်ဆီရှိ တစ်ပြန့်တစ်ပြော ကျယ်ဝန်းနက်ရှိုင်းလှနက်သော တောကြီးအတွင်းသို့ လျင်မြန်သောအရှိန်အဟုန်နှင့် တိုးဝင်ပျောက်ကွယ်သွားသည်ကို ငေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေရင်း လွမ်းမောတသစွာဖြင့် ကျွန်တော့်နှုတ်ဖျားမှ စကားသံတချို့ ထွက်ပေါ်လာတာကတော့. .

"ခြော်. . တစ်ဖက်လပ်ကြီးရယ်။ မင်းချစ်ဇနီးနဲ့ ရင်သွေးငယ်အတွက် သားတစ်ကောင်ကို အဖော်ပြုရင်း ဘယ်တော ဘယ်တောင် လျှိုမြောင်သောင်ကမ်းတွေထဲမှာ သွားပြီး လွမ်းမောတသ မှန်းဆမျှော်တွေးနေမှာပါလိမ့်"

ပြီးတော့ အစ်ကိုကြီးဦးသိန်းလွင်အား ထပ်ဆင့်၍ မေးလိုက်ချင်ပါသည်။

"ကြောင်ဆိုရင် နောင်မမေ့ပါဘူး။ ညောင်ဆိုရင် နောင်တွေ့တိုင်း ပြောရဦးမှာလား". . ရယ်လို့ပင်။ ။

❖



www.burmeseclassic.com

www.burmeseclassic.com

# မဟာမြိုင်မှဆိုးများ

ရှေ့ဦး–ကလေးဝ ကားလမ်းမကြီးသည် မှိုင်းပျပျတောင်တန်းကြီးများ၊ စိမ်းစိုသော သစ်ရိုင်းပင်ကြီးများ၊ ညိုမှောင်သော လွင်ပြင်များ၊ တောင်တန်းတောင်သွယ်၊ ပြန့်များအတွင်း နက်ရှိုင်းစွာနှင့် တည်ရှိနေသည်။

ဟိုအဝေး တောင်တန်းတောင်ကြော လွင်ပြင်များဆီတွင် နှင်းငွေ့ရောသော မြူမှုန်တို့က ရွှေလျားပျံ့လွင့်နေကြသလို အစာရှာ ကျေးငှက်သာရကာတို့က သူ့အုပ်စုနှင့်သူ စားပင်များရှိရာဆီသို့ ပျံသန်းနေကြသည်။ တောပန်းတောင်ပန်းတွေကလည်း ရောင်စုံယှက်သန်းလျက် 'မဟာမြိုင်' တောကြီး၏ အလှသဘာဝသရုပ်ကို ပီပြင်အောင် တန်ဆာဆင်ထားသလို ရှိနေကြသည်။

တစ်တောင်တက်၊ တစ်ကုန်းကျော်၊ တစ်တောကိုဖြတ်၍ ကသီကရီရစ်ခွေနေသော လမ်းကြောအတိုင်း ကွေ့ကွေ့ကောက်ကောက်နှင့် ဓက်ခဲစွာမောင်းနှင်လာခဲ့သော ဝီလီဂျစ်ကားကလေးတစ်စီးသည် လူသားခုနစ်ဦးကို တင်ဆောင်လျက် မင်းကင်းမြို့ရှိရာ အင်တိုင်းကုန်းကြီးဝိုင်း၊





အနီး သက္ကယ်ချင်းရွာထိပ် ကားလမ်းဘေးရှိ ထမင်းဆိုင်ကြီးတစ်ဆိုင်ရှေ့တွင် အမောဖြေရပ်နားလိုက်ကြသည်။

ကျွန်တော်က ဂျစ်ကားပေါ်မှ ဆင်းလိုက်ပြီး ပတ်ဝန်းကျင်အခြေအနေကို ကြည့်ရှုလျက် အဖွဲ့သားများကို. .

"ကဲ. . မနက်စာထမင်း ဒီမှာစားသွားလိုက်[illegible]ခင်"

"ကောင်းတယ်. .။ အရမ်းဆာနေပြီ။ ဆိုင်ကြီး[illegible]ရတာ တောသားတောင်သားတွေ အစုံရမယ့်ပုံပဲ။ ဆိုင်ကြီးဗျ"

ဉာဏ်ကျယ့်အပြောကြောင့် အာလူးက. .

"ရမယ်ကွ. .။ ရနိုင်တဲ့ပုံပဲ။ အစုံရှိပုံရတယ်"

ကျွန်တော်တို့အုပ်စု ကားပေါ်မှ အောက်ရောက်ပြီး လူစုံတော့ကားအရှေ့ဖုံးကို ဖွင့်ထားလိုက်ပြီး ထမင်းဆိုင်ထဲသို့ ဝင်လိုက်ကြသည်။ စားပွဲရှည်တစ်လုံးတွင် နေရာယူပြီးတော့ စားပွဲထိုးလူငယ်ကလေးတစ်ဦး အနီးသို့ ရောက်လာသည်မို့ ဉာဏ်ကျယ်က. .

"ဘာဟင်းတွေများ ရနိုင်မလဲ ငါ့ညီ"

စားပွဲထိုးလူငယ်ကလေးက ကျွန်တော်တို့အုပ်စုကို သည်အရပ်ဒေသမှာ တစ်ခါမှ မြင်တွေ့ဖူးဟန်မတူ၍ တစ်ဦးချင်း မျက်နှာများကို လိုက်လံကြည့်ရှုရင်း ဖြေလိုက်ပုံက. .

"ဂေါ်ဇီလာကလွဲရင် အားလုံးရနိုင်ပါတယ် အစ်ကို"

လူငယ်စားပွဲထိုးလေး၏အဖြေကြောင့် ဉာဏ်ကျယ်သဘောကျသွားပြီး ပြုံးစေ့စေ့နှင့်. .

"အေး. . မင်းတို့ဆိုင်ကိုတော့ မင်းအပြောလေးကြောင့် ကြိုက်သွားပြီ။ ငါ့အတွက်တော့ ပဲခူးဒေါ်နီရဲ့ ငါးဖယ်ချဉ်သုပ်က တစ်ပွဲ. .။ ရေတ်သီးစပ်စပ်လုပ်ပေး။ ပျဉ်ပုံကြီးငါးရံ့ခြောက်က တစ်ပွဲ. .။ ဆီနဲ့ ထည့်နော်။ နောက်. . ငါးရံ့အူဟင်းက တစ်ပွဲ. .။ အရင်ချပေးကွာ။ ကျန်တာတွေတော့ သူတို့စားချင်တာ သူတို့ဘာသာ မှာကြ[illegible]မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဥာဏ်ကျယ်က အဆက်မပြတ်မှာကြားနေစဉ် စားပွဲထိုးလူငယ်ကလေးမှာ မျက်လုံးပြူးကြောင်ကြောင်နှင့် မျက်နှာပျက်နေစဉ် ကုလားကြီးသန်းညွန့်ကလည်း. .

"လည်လို့ပြီး ချက်ထားတဲ့ အမဲသားဟင်းတစ်ပွဲနဲ့ ပဲဟင်းတစ်ပွဲ . . . နေကြပါဦး အစ်ကိုတို့။ အစ်ကိုတို့မှာတာတွေက ဒီဆိုင်မှာ ဘယ်လိုမှမရနိုင်တာတွေချည်းပါပဲ"

စားပွဲထိုးလူငယ်လေးရဲ့ အထစ်ထစ်အငေါ့ငေါ့စကားအဆုံးတွင် ဥာဏ်ကျယ်က ရယ်မြူမြူနှင့်. .

"ဟော. . ဒါနဲ့ မင်းက ဂေါ်ဇီလာကလွဲရင် အားလုံးရနိုင်တယ်ဆိုကွ"

ဥာဏ်ကျယ်နှင့် ကုလားကြီးသန်းညွန့်တို့ကတော့ လုပ်ချလိုက်ပြန်ပြီဆိုတာ အားလုံးက သဘောပေါက်ထားကြသည်မို့ ပိုင်းရယ်မောလိုက်ကြစဉ် စားပွဲထိုးလူငယ်ကလေးမှာ သူ့စကား မှားသွားမှုကြောင့် ရှက်ကိုးရှက်ကန်းဖြစ်ပြီး နောက်သို့ဆုတ်ခွာသွားစဉ် ဆိုင်ရှင်ဖြစ်ဟန်တူသူ အမျိုးသမီးတစ်ဦး ရောက်လာသဖြင့် သည်ပွဲကို ဝင်ရောက်ထိန်းသိမ်းမှ ရတော့မည်မို့ ကျွန်တော်က. .

"ကဲ. . အစ်မကြီး. . ထမင်းခုနစ်ပွဲပေး။ ဟင်းကတော့ ချက်ထားတဲ့ဟင်းတွေ တစ်ပွဲစီ အကုန်ချ"

မှာလိုက်စဉ်. .

"ထမင်းမစားခင် ဝမ်းမီးရပ်စီလောက် ပက်ကြရအောင်"

အဆိုတင်သွင်းသူက ဦးသိန်းလွင်။ ထပ်ဆင့်ထောက်ခံသူက အာဘကောင်းနှင့် ကျွန်ုပ်အုပ်စု။ အရက်တစ်လုံးမှာလိုက်ပြီး ဖန်ခွက်ခုနစ်လုံးတွင် မျှ၍ ကုန်စင်အောင်ထည့်လိုက်ပြီး မိမိကြိုက်နှစ်သက်ရာများနှင့် ရောစပ်ကြကာ သောက်လိုက်သည်။ ဟင်းလျာများကား တောသား





တောင်သားများအပြင် ဟင်းချက်ကလည်းကောင်းသဖြင့် မြိန်ရှက်စွာ စားလိုက်ကြပေတော့သည်။

ထမင်းများ စားသောက်ကြပြီး ခရီးကို ဆက်လက်ထွက်ခွာလာခဲ့ကြပေသည်။ ကလေးဝကား လမ်းမကြီးဝဲယာတစ်ဖက်တစ်ချက်များတွင် ရွာငယ်ကလေးများစွာရှိကြသည့်အနက် သက္ကယ်ချင်းရွာ၊ အောင်ချမ်းသာရွာ၊ ဆယ်အိုင်မရွာ (ဆင်အိုင်မ)၊ ကတိုးရွာဟူသော ရွာကြီးလေးရွာက အကြီးဆုံး။ ဒေသခံများက ထိုရွာကြီးလေးရွာတည်ရှိရာကို မဟာမြိုင်ရွာဟူ၍ ခေါ်ဝေါ်ကြသည်။ မဟာမြိုင်တောနက်ကြီး၏ အလယ်ဗဟိုချက်မပင် ဖြစ်သည်။

ရွာကြီးလေးရွာအနက် သက္ကယ်ချင်း ရွာကြီးတစ်ရွာသာ ရေဦး–ကလေးဝ ကားလမ်းမကြီးဘေးတွင်ရှိပြီး အိမ်ခြေနှစ်ရာခန့်ရှိသည့်အပြင် ကျန်ရွာများကား ကားလမ်းမနှင့် ဝေး၍ဝေး၍သွားရာ ကျွန်တော်တို့ သားကောင်များသွားရောက်ပစ်ခတ်ကြမည့် ကတိုးရွာသည် မဟာမြိုင်တောကြီး၏ အတွင်းအကျဆုံး အပိုင်းဖြစ်ပြီး တောနက်ပိုင်းဖြစ်ပေသည်။

သားကောင်များ ပေါများလွန်း၍ ပစ်ခတ်စေချင်လွန်းလို့ အကြိမ်ကြိမ်မှာကြားနေသော ရွာခံကရင်မုဆိုး စောကပေါ်ထူးနှင့် ဒိန်တို့၏ မှာကြားချက်အရ ထွက်ခဲ့ကြသော ခရီးတစ်ခုဖြစ်ပေသည်။

ဒိန်ဆိုသည့် ရွာခံမုဆိုး၏ နာမည်အရင်းက ကုလားဒိန်။ ကျွန်တော်တို့အုပ်စုက ချစ်စနိုးဖြင့် 'ဒိန်' ဟု တစ်လုံးတည်းသာ ခေါ်ကြသည်။ သမ္မာရင့်မုဆိုးတစ်ဦးပင်။

'ဆလက်ဝါး' တောင်ခြေတွင် စောကပေါ်ထူးနှင့် ဒိန်တို့ လှည်းများဖြင့် လာရောက်ကြိုဆိုနေကြသဖြင့် ကတိုးရွာရောက်တော့ မှောင်ရီပင်သမ်းနေပေပြီ။ အိမ်ခြေတစ်ရာခန့်ရှိပြီး ရွာနှင့်မနီးမဝေးတွင် သရက်ချောင်း၊ ယောစင်ချောင်း၊ ဝါးဖြူချောင်း၊ ခရမ်းချောင်းဟူသော တောင်ကျရေချောင်းများ ရှိကြသည်။ ခရမ်းချောင်းသည် တခြားချောင်းငယ်



www.burmeseclassic.com

www.burmeseclassic.com



ကလေးများနှင့် သည်ရွာမှာပင် လာရောက်ပေါင်းဆုံသည်။ ရွာပတ်ဝန်းကျင်တွင် ဝါးဖြူတောင်၊ ဝါးနီတောင်၊ စကားဖြူတောင် စသည့်တောင်ကြီးများနှင့် တောင်တန်းများက တစ်ဆက်တစ်စပ်တည်း ရှိနေကြပြန်သေးသည့်အပြင် မြောက်ဘက်တွင် ဆလက်ဝါးတောင်ကလည်း မြင့်မြင့်မားမား ရှိနေပြန်သည်။

ရွာခံများမှာ ရွှေကျင်ခြင်း၊ တောင်ယာပဲခင်းစိုက်ခြင်းနှင့် တောလိုက်ခြင်းလုပ်ငန်းများကို လုပ်ကိုင်အသက်မွေးကြသည့်မို့ သစ်ကြီး၊ ဝါးကြီးများနှင့် နက်ရှိုင်းလွန်းလှသည်။ တောကြီးကို မှီခိုနေကြသောသားကောင်ကြီးများက ပေါများချင်တိုင်း ပေါများလှပေသည်။

စည်တစ်လုံးချောင်း (ခ) စည်တုံးလုံးချောင်းသည် မဟာမြိုင်တောကြီးအတွင်းမှ ကွေ့ပိုက်၍ ကဝိုးရွာအနီးမှ ဖြတ်သန်းစီးဆင်းရာချောင်းချေပြင်သည် လေအဝိုးမှာ လှိုင်းကြက်ခွပ်ကလေးတွေက နေရောင်ကြောင့် တလဲ့လဲ့ရှိနေသည်။ ဟိုးအဝေးဆီတွင် ညိုမှောင်သောလွင်ပြင်များနှင့် မှိုင်းညို့ညို့တောင်တန်းကြီးတွေဆီမှ ထနောင်း၊ ထန်းပင်များကလည်း ဟိုတစ်ကွက်၊ သည်တစ်ကွက်။

ပြာလွင်သောကောင်းကင်ပြင်တွင် မည်းမှောင်နေသော ငှက်အုပ်ကြီးတစ်အုပ်က တောင်တန်းများဆီပေါ်မှ ဘယ်ယိမ်းညာထိုးနှင့် ပျံသန်းလာနေကြသည်ကို တငေးတမော ကြည့်ရှုနေရင်း ဦးသိန်းလွင်က. .

''ညီလေး. . ဒီရှုခင်းတွေကိုတွေ့တော့ ရှင်ဥတ္တမကျော်ရဲ့ တောလားတစ်ခုကို သွားသတိရမိတယ်ကွာ။ ဘာတဲ့. ,။

လေခ မြေသက်၊ ဈာန်ဝိတက်သို့

သစ်ရွက်ရော်ရီ၊ ဣန္ဒနီဝယ်

သိင်္ဂီတစ်ဝက်၊ ဖက်၍ဆေးစုံ

ခြယ်သော ပုံသို့. .





လို့ဆိုပြီး ရာသီအလှကို ဖွဲ့ဆိုထားတယ်လေ''

''ကျွန်တော်က ဟိုကဗျာကို သွားသတိရမိတယ်ဗျာ''

ကုလားကြီးသန်းညွန့်က ဆိုနေပြန်သည်မို့. .

''ဘယ်ကဗျာတုံး. .။ လုပ်စမ်းပါဦးကွာ''

''တိမ်ညိုမိလ္လာ၊ တိမ်စုကာနှင့်၊ တိမ်ပြာရောယှက်၊ မရမ်းဖက်၍၊ တိမ်သက်တန့်ရောင်၊ အဝါဘောင်ဝယ်၊ မှောင်ခဲ့တစ်ခါ၊ ပြာခဲ့တစ်ချို့၊ ညို့ခဲ့တစ်လီ၊ ရီခဲ့တစ်ဖုံ. . ဆိုတဲ့ တိမ်အလှကို ဖွဲ့ဆိုထားတဲ့ကဗျာလေ''

အားလုံးက ကုလားကြီးသန်းညွန့်ကို မျက်လုံးပြူး၍ တအံ့တသြကြည့်နေကြသည်။ ကျွန်တော်ပင် သူ့ကို တလေးတစား ဖြစ်သွားမိသည်။ အာလူးအသံက ထွက်လာပြန်သည်။

''ကုလားကြီးသန်းညွန့်က ခံစားချက်တွေ ဘာတွေနဲ့ပါလားကွဟေ. .''

''အေးလေကွာ။ ကုလားလည်း လူပဲ။ ခံစားတတ်တဲ့ နှလုံးသား ရှိတယ်လေ။ ငါ့နှလုံးသားက သစ်ပင်မှာ ကြိုးနဲ့ခွဲချိတ်ထားတာမှမဟုတ်ဘဲ။ ဒီအထဲမှာကွ. . ဒီအထဲမှာ. .''

ဟု ပြောရင်း သူ့ရင်ဘတ်ကို တဘုန်းဘုန်းပုတ်ပြနေသည်မို့ ကျွန်တော်တို့အားလုံး ဝိုင်းရယ်မောလိုက်မိကြပေတော့သည်။ ဦးသိန်းလွင်က. .

''ဟေ့ကောင်. . ငါ့အိတ်ထဲမှာ မှန်ပြောင်းသွားယူစမ်း။ ဟိုမှာ ပျံနေရင်း ကတော့ထိုးနေတဲ့ ငှက်အုပ်က ဘာငှက်အုပ်လဲ မသိဘူး။ ကြည့်ကြရအောင်''

''အဲဒါ. . ကျေးအုပ်ဗျ။ ကြက်တူရွေးအုပ်ကြီး''

ဒိန်က ဖြေသည်။

''ဟာ. . ဟုတ်ပါ့ကွာ။ ပျံရင်း ကတော့ထိုးနေပိုက်ကြတာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါမှ မမြင်ဖူးဘူး။ ဒီလောက်များတဲ့ အုပ်ကြီးကို''

မြူနှိုးများဆိုင်းနေသည့်ကြားမှ ဝေဝေဝါးဝါး လှမ်း၍တွေ့မြင်နေရသော လွမ်းမောဖွယ်တောင်တန်းကြီးများဆီမှ ကျွန်တော်တို့ရှိရာဘက်ဆီသို့ ပျံသန်းလာနေကြသော ကျေးအုပ်ကြီးကို ဝိုင်းကြည့်ကြရင်း ရွာခံမှဆိုး ဒိန်က. .

''ဉာဏ်ကျယ်. . နလုံးပြူးယူပြီး စရိတ်ကျည်တွေထည့်ထား။ အနားရောက်တော့ ကတော့ထဲကိုသာ ပစ်သွင်းလိုက်၊ ဟင်းစား အများကြီးရမယ်''

ဉာဏ်ကျယ်က တဲပေါ်တက်သွားသည်။ ပြန်ဆင်းလာတော့ နှစ်လုံးပြူးသေနတ်တစ်လက် ပါလာသည်။

''ဒါနဲ့ သူတို့ ဘယ်ကိုသွားကြမှာလဲဟင်''

''နေဦး. .။ တဲလက်စ်ရိုက် မေးကြည့်ပေးမယ်''

အာလူးအမေးကို ဉာဏ်ကျယ်က ဝင်နောက်လိုက်သည်။

''ဒီအရပ်မှာ ရှိကြတဲ့ ပြန့်တွေ၊ လွင်ပြင်တွေ၊ ကုန်းကြောတွေမှာ လူး၊ ဆတ်၊ နှမ်း၊ ပြောင်း၊ ဂျုံ၊ နေကြာစိုက်ခင်းတွေ စိုက်ပျိုးထားကြတာကလား။ အဲဒီစိုက်ခင်းတွေဆီကို သွားစားကြမှာပေါ့''

ဒိန်က နွမ်းလျစွာဖြေသည်။

''ဟာ. . ဒီအုပ်မျိုးနဲ့ဆို စိုက်ခင်းတစ်ကွက်ရောက်ရင် အမြစ်တောင် ကျန်ပါ့မလား''

''ဒီလိုပါပဲလေ. .။ သဘာဝအနှောင့်အယှက်အန္တရာယ်တွေကြားထဲက လုပ်ကိုင်ကြရင်း ရပ်တည်နေကြရတာပါပဲလေ''

ဒိန့်ရဲ့ ခပ်ညည်းညည်းအပြောကလေးကြောင့် ကြားလိုက်ရသူ ကျွန်တော်တို့အဖို့ စိတ်မကောင်းခြင်း ဖြစ်သွားရတော့သည်။ ထိုစဉ် ကုလားကြီးသန်းညွန့်က. .

''သံဝါကြွကြွ၊ မြိုင်မှ ထ၍ ကျေးမြန်နတ်နီ၊ တပ်ကြီးချီလျက်၊ ရွာဆီကိုချဉ်း၊ လယ်သို့ဆင်း၍ မှည့်ဝင်းနှံဝါ၊ ချီအံ့လာသော်၊ ရွာသူရွာသား၊ လယ်သမားတို့၊ ပြေးလွှားခြောက်နှင်၊ အုန်းမောင်းဆင်လျက်၊ တဲခွင်လယ်ကြား၊ တမားမားသည်၊ ရှုပ်လှုပ်ရှုရှုဖြစ်သတည်း. . ဇာ့။ ဒါ ဒီကဗျာကို သဘောကျလွန်းလို့ ရှစ်တန်းတုန်းက အလွတ်ကျက်ထားတာ။ ခု ဒီမှာလာပြီး ကိုယ်တွေ့ဖြစ်နေတယ်''

''ဟိုက်. . ရှားလဘား။ ဒီကုလားကတော့ ကမ္ဘာဝါဖတ်မယ့်ကုလားပဲ''

မွန်က လှမ်းနောက်လိုက်သော်လည်း ကျွန်တော့်အတွေးတို့က ပုံတောင်ပုံညာဟိုမှာဘက် ဗန်းကျိုး၊ လေညှင်း၊ ခိုတောင်၊ စိုင်ခေါင်းတောင်၊ မဟူရာတောင်ကြီးများအပြင် တောင်စွယ်၊ တောင်ငယ် များပြားစွာရှိနေကြသလို အရှေ့ဘက်ပိုင်းက တစ်မျှော်တစ်ခေါ်ကျယ်ပြန့်သော ဂျုံခင်းတွေ၊ ပြောင်းခင်းကြီးတွေနှင့် နေကြာစိုက်ခင်းကြီးတွေ အများအပြား တစ်ပြန့်တစ်ပြောရှိနေကြသည်မို့ သည်လို စားကျက်အခြေခံနေရာမျိုးတွေမှာ အမှီပြုကြရင်း ကျေးတွေက ပေါက်ပွားပျော်ရွှင်ချင်တိုင်း ပျော်မွေ့နေကြသည်ကို တွေးနေလိုက်မိသည်။

ကိခနဲကိခနဲ အသံများပြုလျက် အကောင်ပေါင်းသိန်းသန်းချီ၍ လေထဲတွင် ဝဲကတော့ထိုးပျံသန်းလာနေကြသော ကျေးအုပ်ကြီးသည် ကျွန်တော်တို့မျက်နှာမူရာ မြူခိုးများနှင့် မှိုင်းပျပျသာလှမ်းမြင်နေရသော စိုင်ခေါင်တောင်၊ မဟူရာတောင်နှင့် တောင်စွယ်တောင်ငယ်များဆီမှ ပျံသန်းလာနေသည်။ မွန်၊ အာလူး၊ ကုလားကြီးသန်းညွန့်တို့ တဲပေါ်မှ နှစ်လုံးပြူးသေနတ်များကို ပြေးဆွဲယူငင်လိုက်ကြပြီး စရိတ်ကျည်များ ထိုးသွင်း၍ ကျေးအုပ်ကြီး ခေါင်းပေါ်အဖြတ်ကို စောင့်သည်။ မကြာလိုက်. .။

''ဒိန်း. . ဒိန်း. . ဒိန်း. . ဒိန်း. .''

ရှေ့ဆုံးမှရောက်လာသော ဝဲကတော့ကြီးလိုဖြစ်နေသည့် ကျေး







www.burmeseclassic.com

www.burmeseclassic.com



အုပ်ကြီးအတွင်း၊ လှမ်း၍ပစ်ထည့်လိုက်ကြသော သေနတ်သံ (၈) ချက်ကို ဆက်တိုက်ကြားလိုက်ရပေတော့သည်ဆိုသော်လည်း ကျေးအုပ်ကြီးဆီမှ ဟူအော်လိုက်သံများကြောင့် သေနတ်သံများကို ခပ်လှမ်းလှမ်းဆီမှ ကြားနိုင်မည်မဟုတ်ပေ။

စရိတ်ကျည်ဆန်သည် ယခုကဲ့သို့ အကောင်ငယ်များ၊ အကောင်သေးများအုပ်အတွင်းသို့ ပစ်ခတ်သောကျည်မျိုးဖြစ်ရာ ကျည်တစ်တောင့်တွင် ခဲအလုံးပေါင်း (၂၀၀) ဝင်ဆံ့သဖြင့် ယခုပစ်ခတ်လိုက်သော ကျည် (၈) ချက်သည် ခဲလုံးရေပေါင်း (၁၆၀၀) မှို့ ဝဲကတော့ကြီးအတွင်းမှ ကျေးအကောင်ပေါင်း မည်မျှကျကျန်ရစ်မည်ဆိုတာကို ကျွန်တော်တို့ ခန့်မှန်းတွက်ဆမိပေတော့သည်။

◉ ◉ ◉

ရေမြေအနေအထားအရသော်လည်းကောင်း၊ သဘာဝသီးပင်ပေါက်ပင်များအရသော်လည်းကောင်း မြန်မာပြည်တစ်နံတစ်လျားရှိ သစ်တောကြီးများထဲတွင် မဟာမြိုင်တောကြီးသည် အနက်ရှိုင်းဆုံးတောကြီးတစ်ခုဖြစ်သလို မာယာအကြွယ်ဆုံး၊ သားကောင်အပေါ်များဆုံး ဖြစ်သည့်အပြင် ကျေးငှက်များလည်း အပေါ်များဆုံး တောကြီးတစ်တောဖြစ်ပေသည်။

တောင်ကြီးများ၊ တောင်တန်းကြီးများ၊ တောင်ကုန်းများ၊ လျှိုမြောင်၊ ချောက်ကမ်းပါး၊ ကျောက်ထရံများ၊ ချုံနွယ်သစ်တော၊ ဝါးတော





များနှင့် သစ်ရိုင်းပင်ကြီးများ၊ လွင်များ၊ ပြန့်များနှင့် တောကြီး၏သိက္ခာကို အေးဆေးတည်ငြိမ်စွာ ဟန်ရေးပြရင်း ကျွန်တော်တို့ကို ကလူသလို မြူသလို ရှိနေသည်။

အိပ်တန်းထ ငှက်များက ထွက်ပြူစနေလုံးနီနီကြီးဆီ ဦးတည်၍ စားပင်များရှိရာဆီသို့ သူ့ထက်ငါ အပြိုင်လု၍ အနောက်ဘက်တောင်ကုန်းတောင်တန်းများဆီမှ ပျံသန်းလာနေကြသည်။

"အိုးဝေ. . အိုးဝေ. ."

ပင်ယံမြင့်ကြီးများထိပ်များထက်ဆီမှ အိပ်တန်းထဥဒေါင်းငှက်ကြီးများ၊ ကျေးငှက်သာရကာများ၊ တောကြက်ငယ်များ၏ တွန်ကျူးသံများ၊ မျောက်အော်သံ၊ ချေဟောက်သံများကို တောကြီးအတွင်း နေရာအနှံ့ဆီမှ ကြားနေရသည်။

အရှေ့ဘက်က တက်ပြီမို့ နေလုံးကြီး၏အပူရှိန်က မရရှိသေး။ ရွက်ဖားဝေဝေကြီးများပေါ်မှ တွဲခိုနေသော နှင်းငွေ့များက အစက်အပြောက်ကလေးများအဖြစ် မြေပြင်သို့ တဖြောက်ဖြောက်ကျဆင်းနေသည်။ လေကား လုံးဝငြိမ်နေသည်မို့ နှင်းပွင့်နှင်းစက်များကသာ တောကြီးတစ်ခွင်လုံးကို မင်းမူနေသည်။ နေထွက်ပြီး အတော်အတန်ရင့်လာလျှင် နှင်းငွေ့များကား ပျောက်သွားပေမည်။

တောတောင်ခြေလမ်း၊ တောလမ်းလျှိုမြောင်ပြန့်မှန်သမျှ ရွာခံမုဆိုး ဒိန် မသိသည်မရှိ။ မည်သည့်ကြောမှဆင်းလျှင် မည်သည့်လွင်၊ မည်သည့်အဆင်မှဆင်းလျှင် မည်သည့်ပြန့်၊ မည်သည့်တောင်ကျချောင်းတို့ကို ရောက်သည်ကို သူသိ၏။ ကိုယ်တိုင်လည်း ပစ်ခတ်နေသူဖြစ်သည့်အပြင် မီးထိုးလည်း ကောင်းသည်။ သားကောင်တစ်မျိုးချင်းရဲ့ အကြောကို နားလည်သည်။ အထာကျွမ်းသည်။ ရိုးသားလွန်းသူတစ်ဦး ဖြစ်သည်။

စကားမြှုတောင်တစ်ကြော တောအုပ်ကြီးကား ထွက်ပြူစ



www.burmeseclassic.com

www.burmeseclassic.com



နေရောင်အောက်တွင် နှင်းများကြောင့် စွတ်စိုလျက်ရှိသည်။ ကျွန်တော်တို့ မှဆိုးခြောက်ဦးသာ မြူနှင်းများအောက်တွင် အေးလွန်းကြသဖြင့် မီးဖိုတစ်ဖိုတည်ဆောက်နိုင်ရေးကို ဝိုင်းဝန်းလုပ်ဆောင်နေကြသော်လည်း ထင်းခြောက်များကား ရှာရန်မလွယ်။ ပါလာသော ကိုင်းခုတ်ဓားဖြင့် ထင်းခြောက်၏ ရေစိုနေသော အပေါ်သားများကို ခုတ်ထစ်လိုက်ပြီး အထဲမှအသားများကို စု၍ မီးပုံရှို့ကာ မီးမွှေးလိုက်ကြသည်။ ကျန်ထင်းများကို မီးရှိန်နှင့် အနွေးဓာတ်ပေးလိုက်ရာ ရှိန်းရှိန်းတောက်နေသော မီးဖိုကြီးတွင် ဝိုင်း၍မီးလှုံလိုက်ကြပေတော့သည်။ ပါလာသော အသားခြောက်များကို မီးကင်၍ ဝါးဆစ်ဘူးနှင့်ကျိုထားသော ရေနွေးကြမ်းကို စားသောက်နေရင်း စောင့်ဓားအနားယူနေလိုက်ကြပေသည်။ မကြာမတင်မီ နေထွက်ပါက အနွေးဓာတ်ရရှိကြတော့မည်မဟုတ်ပါလား။

စကားဖြူတောင်ကြောသည် ကျယ်ဝန်း၊ နက်ရှိုင်း၊ ပြန့်ပြောသည်။ နှင်းစက်များကြောင့် ချော်သလိုရှိသည်။ မကြာမီ ကျောက်တုံးများရှိရာသို့ရောက်ပြီး ကျောက်တုံးများကိုကျော်ဖြတ်ကာ ကျောက်သားတောင်များပေါ်သို့ ရောက်လာကြသည်။ တောင်ကြောအတိုင်း ဆက်လက်လျှောက်လှမ်းခဲ့ရာ နောက်ကျောရှိ ဝါးနီတောင်ကြောနှင့် တစ်ဆက်တစ်စပ်တည်းရှိ ဝါးရုံတောကြီးများနှင့် တောင့်ကဲပျောပင်များ၊ ချုံပင်ကြီးများ၊ လျှိုကြီးများနှင့် စိမ့်မြိုင်ကြီးများရှိရာသို့ ရောက်ခဲ့ကြသည်။

စွတ်စိုသော နှင်းငွေ့အစက်အပြောက်များအောက်တွင် ချောက်ကြိုမြောင်ကြား ဝါးရုံတောကြီးများတစ်နေရာတွင် သားကောင်ကြီးများ အစာစားရင်း နိုအောင်းနေကြမည်က အမှန်။ ပြောင်ကြီးများ၏ သဘာဝပင်။

အဘကောင်းကား အမဲကြီးများပစ်ခတ်ရာတွင် အားကောင်းလှသော ဒသမ ၃၇၅ ရိုင်ဖယ်ကို ဒင်အသေးပိုင်းမှ ပြောင်းပြန်ကိုင်၍ ညာဘက်ပခုံးပေါ်တင်လိုက်ရင်း ရှေ့ကနေ လှည့်ကြည့်လိုက်ကာ. .





"ပြောင်အုပ်နဲ့ တဖြည်းဖြည်းနီးလာပြီ။ သေနတ်တွေကို ကျည်ကြီးတွေ ထည့်ထားကြ"

ဦးသိန်းလွင်ကိုင်ဆောင်ထားသော ဒသမ ၁၃/၁၃ မှလွဲ၍ ကျွန်တော်တို့ကိုင်ဆောင်ထားကြသော သေနတ်များမှာ နှစ်လုံးပြူးသေနတ်ချည်း ဖြစ်ကြသည်မို့သာ ပြောင်းတွင် (ဆလင်ဂ်ဖ်–ဘောကျည်မကြီးများနှင့် ဘယ်ပြောင်းတို့တွင် ခြောက်လုံးကျည်) များ ပြောင်းလဲထည့်သွင်းလိုက်ကြသလို ရှာခံလမ်းပြမုဆိုး ဒိန်က ၃၀. ဝ၆ ရိုင်ဖယ်ကို ကိုင်ဆောင်ထားသည်။

ဆင်ခြေလျှောအတိုင်း ကျောက်တုံးကျောက်ခဲများကို ဖြတ်သန်းကျော်နင်းလျက် ဝါးနီတောင်ကို လက်ဝဲဘက်မှ ပန်း၍ ဆင်းလာခဲ့သော်လည်း ဘာတစ်ကောင်ကိုမျှ မတွေ့မြင်ရသေး။ မြေအနေအထားက ပြေပြစ်မှု သိပ်မရှိ။ ကျောက်သားလိုလို၊ လွင်လိုလို ဖြစ်လာသည်။ ချုံနွယ်များ၊ ဝါးတောကြီးများ၊ တောင့်ကဲပျောပင်များနှင့်မို့ တောရှုပ်စပြုလာသည်။ နေရောင်ကြောင့် အတန်ငယ်အနွေးဓာတ်ကို ရပေမယ့် စိမ့်သလိုလိုတော့ ရှိနေသေးသည်။ သားကောင်ပေါင်းစုံတို့၏ ခြေရာတို့ ရှုပ်ထွေးလျက်ရှိသည်ကို တွေ့လိုက်ရသည်။ ဒိန်က. .

"လျှိုကြီးအတွင်းပိုင်းမှာ ပြောင်အုပ်ရှိမယ်။ လူစုခွဲကြမလား"

"တို့တွေ လမ်းမှမသိဘဲ။ ဘယ်လိုသွားမလဲ၊ နေကြဦး. .။ ဟိုမှာ ခြေရာဝိုင်းဝိုင်းတွေ။ အဲဒါ ပြောင်ခြေရာမဟုတ်လား"

အဘကောင်းလက်ညှိုးညွှန်ပြရာ လျှိုအောက်အစပ်ကို လှမ်းကြည့်လိုက်တော့ ပြောင်အုပ်က မကြာသေးသောအချိန်အတွင်းမှ သွားထားပုံနှင့် အငွေ့တထောင်းထောင်းထနေသော ပြောင်ချေးပုံကြီးများ လေးငါးပုံကို တွေ့လိုက်ရသည်။ ဒိန်က လျှိုအောက် ပြောင်ခြေရာများရှိရာသို့ သွားကြည့်ပြီး ပြန်တက်လာသည်။

"လျှိုကြီးထဲမှာ ပြောင်အုပ်ရောက်နေတာ အမှန်ပဲဗျ။ ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



လုပ်ကြမလဲ"

"ဘယ်လောက်များနိုင်သလဲကွ"

ဦးသိန်းလွင်အမေးကို ဒိန်က. .

"အကောင်ငါးဆယ်ကျော်မယ်။ သားပေါက်တွေလည်း ပါတယ်။ ခြေရာသေးလေးတွေလည်း တွေ့တယ်။ ဆင်းလိုက်ရင် အန္တရာယ်သိပ်ကြီးတယ်။ အရေးဆို ခင်ဗျားတို့ ရှောင်တတ် ၊ပြေးတတ်မှာ မဟုတ်ဘူး။ လူ့အုပ်ကွဲသွားရင် အခက်တွေ့လိမ့်မယ်"

ဒိန့်စကားများက မှန်နေသည်မို့ ကျွန်တော်တို့တစ်တွေ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း ဘာစကားတို့ကိုမျှ မပြောနိုင်ကြ။ ဦးသိန်းလွင်က. .

"တို့ လျှိုပေါ်ကို ကပ်တက်ပြီး အပေါ်စီးကပစ်ကြရင် မကောင်းဘူးလား"

"သိပ်ဝေးနေရင် ဘယ့်နှဲ့လုပ်မလဲ"

"အနီးရောက်လာအောင် စောင့်ရမှာပေါ့။ အချိန်တွေလည်း ရှိပါသေးတယ်။ သေနတ်ကြီးတွေလည်း ပါသားပဲ"

"စောင့်ရင်း အချိန်ကုန်လို့ ညနေစောင်းသွားရင် ဘယ်လိုလုပ်မလဲ"

"ညနေစောင်းလည်း သစ်ပင်ကြီးတစ်ပင်ပေါ် တက်အိပ်လိုက်ကြတာပေါ့ကွာ။ ခက်တာမှတ်လို့"

ဉာဏ်ကျယ့်အမေးကို ကုလားကြီးသန်းညွှန့်က စိတ်မရှည်စွာနှင့် ဟောက်လိုက်သည်။ အားလုံးက ဘာမျှမပြော။ သဘောညီကြသည်မို့ အိတ်ကပ်ထဲမှ ဆေးပေါ့လိပ်ကို ထုတ်၍ မီးညှိဖွာရှိုက်လိုက်ပြီး ပါးစပ်ထဲမှ မီးခိုးများကို မိုးပေါ်သို့ မှုတ်ထုတ်လိုက်သည်။ လေသည် မီးခိုးငွေ့များကို အရှေ့မှ အနောက်သို့ သယ်ဆောင်သွားသည်။ ကျွန်တော်တို့အုပ်စုကလည်း ယခုရောက်ရှိနေသော နေရာသည် ပြောင်အုပ်ကြီး၏





နောက်ကျောဘက်ဆီမို့ ခင်ကြောအတိုင်း ခရီးဆက်ဖို့ပင် ဖြစ်ပေသည်။

ကျွန်တော်တို့အဖွဲ့ ခြေသံလုံလုံဖြင့် ခင်ကြောအတိုင်း ချုံနွယ်များကို တိုးဝှေ့ဖြတ်သန်းရင်း သွားကြရာ ကညင်ပင်ကြီးတစ်ပင်အောက် မြေပြင်တွင် ပိုင်းစက်သောခြေရာကြီးတစ်ခုကို ရှင်းလင်းစွာတွေ့လိုက်ရသလို ပင်စည်လုံး၏ လူတစ်ရပ်ခန့်တွင် အခေါက်များပွန်းပဲ့နေသည်ကို တွေ့လိုက်ရသည်။ ပင်စည်လုံးရှိ အခေါက်များနှင့် ပွတ်တိုက်အယားဖြေသွားဟန်ရှိသည်။ ခြေရာအရ တစ်ကောင်တည်း၏ခြေရာမို့ သင်းကွဲပြောင်ကြီးတစ်ကောင် ဖြစ်ဟန်ရှိသည်။

ခြေရာသည် ဝါးနီတောင်သို့ ဦးတည်နေပြီး ရှေ့တွင် အစာစားရင်း လျှောက်လှမ်းနေမည် ဖြစ်ပေသည်။ သေနတ်များကို အသင့်အနေအထားမျိုးနှင့် ကိုင်ဆောင်လိုက်ကြရင်း တဖြည်းဖြည်းလျှောက်လှမ်းနေကြစဉ် ဖူးခနဲဖူးခနဲ နှာမှုတ်သံတို့ကို တိတ်ဆိတ်နေသော တောကြီးအတွင်း ကျယ်လောင်စွာကြားနေရသည်မို့ ခြေကိုဖွနင်းနေရင်းမှ ခွာဖြင့် မြေကြီးကို ခုတ်လိုက်သံတစ်ချက် ကြားလိုက်ရသည်။ အသံလာရာဆီသို့ လှမ်းကြည့်လိုက်တော့ လျှိုကြီးအတွင်းမှဖြစ်သဖြင့် ဒိန်က ကျွန်တော်တို့အား ရှေ့ကိုဆက်မတိုးရန် လက်ကာပြလိုက်ပြီး သူတစ်ယောက်တည်း လျှိုစောင်းဆီသို့ ချဉ်းကပ်သွားသည်။ အတန်ကြာတော့. .

"ကစ်. . ကစ်. . ကစ်. ."

လျှိုစောင်းဆီမှ ဒိန်ရဲ့အချက်ပေးခေါ်ယူလိုက်မှုကြောင့် ကျွန်တော်တို့အုပ်စု ဖြည်းညင်းစွာတိုးကပ်သွားရင်း လျှိုကြီးရဲ့အောက်ခြေမြေပြန့်လွင်ပြင်ကို ကြည့်လိုက်တော့. .

ပေသုံးလေးဆယ်အတွင်း ခပ်ကျဲကျဲပေါက်နေကြသော ဝါးရုံပင်ကြီးများအောက်တွင် လွတ်လပ်စွာနှင့် အစာများကို စားချင်တိုင်းစားထားကြပြီး ကြီးမားပိုင်းစက်သော ဦးချိုကြီးများအပြင် အဖျားပိုင်းတွင်ဖြူပြီး ချွန်မြနေသော ဦးချိုများနှင့် နက်ပြောင်၍ ကြီးမားတုတ်ခိုင်သည့်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်လုံးကြီးများအပြင် ခွာအစုံကို မတ်မတ်ရပ်လျက် ဖြူညစ်ညစ်ကြာကွက်များ၏ပိုင်ရှင် အကောင်လေးဆယ်ခန့်ပြောင်အုပ်ကြီးမှာ ဝပ်လျက်တစ်မျိုး၊ ရပ်လျက်တစ်သွယ် စားမြုံ့ပြန်နေကြသလို ပြောင်ပေါက်ကလေးခုနစ်ကောင်ခန့်ကလည်း တစ်ကောင်နှင့်တစ်ကောင် ဝှေ့လိုက်၊ ပြေးထွက်သွားသည့်အကောင်နောက်ကို နောက်တစ်ကောင်က လိုက်မှီသောအခါ ကိုယ်ပေါ်ကိုခွလိုက်နှင့် ပျော်မြူးနေကြသည့် ပြောင်အုပ်ကြီး၏မြင်ကွင်းကို အံ့သြဖွယ်ရာ တွေ့မြင်လိုက်ရပေတော့သည်။

လျှိုကြီး၏အထက်တွင် ကျွန်တော်တို့အုပ်စု ရှိနေသည်ကို ပြောင်အုပ်က လုံးဝအကဲမခတ်မိ။ လေအောက်မှ ဖြစ်နေသည့်အပြင် လျှိုအထက်ကလည်း ဖြစ်နေသည့်အတွက် ကျွန်တော်တို့အုပ်စု တစ်ပန်းသာနေကြသည်။ ကျွန်တော်က သေနတ်ကြီးများကိုင်ဆောင်ထားကြသည့် အဘကောင်း၊ ဦးသိန်းလွင်နှင့် ဒိန်တို့ကို ဦးစွာပစ်ခတ်ကြရန် အချက်ပြလိုက်သလို ကျွန်တော်တို့ကလည်း မြောင်နှတ်ခမ်းတွင် နှစ်လုံးပြူးသေနတ်များကို မေးတင်၍ ချိန်ရွယ်ထားလိုက်ကြပေတော့သည်။

"ဒိုင်း. . ဒိုင်း. . ဒိုင်း. ."

သေနတ်သံများအပြင် ယိုင်နဲ့ပြိုလဲသွားသော ပြောင်ကြီးနှစ်ကောင်၏အဖြစ်ကို တွေ့လိုက်ရသော ကျွန်ပြောင်အုပ်သည် အထိတ်တလန့်နှင့် ဦးတည်ရာ စွပ်ပြေးကြသလို ဝပ်စင်းလျက် စားမြုံ့ပြန်နေသော အကောင်များက ထကာ ဦးတည်ရာသို့ ပြေးကြသည်။ ထိုစဉ်အထွင်းမှာပင် သေနတ်သံများကို လေးငါးချက်ဆက်တိုက် ကြားလိုက်ရသလို ဖူးခနဲ ဖူးခနဲ နှာမှုတ်သံကြီးများ ကြားလိုက်ရသလို မည်းမည်းအကောင်ကြီးသုံးကောင်သည် သေနတ်သံကြားရာ မြောင်ထိပ် ကျွန်တော်တို့ရှိရာသို့ ဦးတည်လျက် တရှိန်ထိုးပြေးတက်လာကြသည်မို့ တက်ရောက်လာရာ သားကောင်ကြီးများဆီ ရပြုပစ်ခတ်လိုက်ကြသော သေနတ်သံများနှင့်အတူ တက်ရောက်လာကြသော သားကောင်ကြီးများမှာ လမ်း





တွင် အရုပ်ကြိုးပြတ် လဲပြိုသွားကြသလို တစ်ကောင်မှာ အောက်ခြေသို့ပင် လျှောကျသွားသည်။ ကျန်ပြောင်ကြီးများမှာလည်း နောက်ကြောင်းသို့ အသက်လုပြေးလွှားသွားကြသံများမှာ တဝေါဝေါတဗျောဗျောနှင့် ထိတ်လန့်စရာကောင်းလှသော တောတိုးသံကြီးများက တောပြိုသံကြီးတစ်ခု၏ အသွင်မျိုးပင် ဖြစ်ပေတော့သည်။

မဟာမြိုင်တောကြီး၏ ဝါးနီတောင်ခြေ မြေပြန့်လျှိုကြီးသည် ပြန်လည်ငြိမ်သက်သွားပြန်သည်။ ဖြစ်ခဲ့သမျှ အရာအားလုံးသည် သူနှင့်မဆိုင်သလိုမျိုး. .။

"ဒိုင်း. . ဒိုင်း. ."

သေနတ်သံနှစ်ချက်က ဆင့်ကာဆင့်ကာထွက်ပေါ်လာသည်။ တိတ်ဆိတ်ငြိမ်သက်သော တောကြီးမှာ လဲပြိုသံများ၊ ပွတ်တိုက်သံများနှင့်အတူ ငြိမ်ကျသွားပြန်သည်။ အကြောင်းမှာ အထိနာနေသော်လည်း သေငယ်ဇောနှင့် ကြိုး၍ ထပြေးသော ပြောင်တစ်ကောင်အား စခန်းသိမ်းလိုက်ကြခြင်းကြောင့်ပင်။

စုစုပေါင်း ပြောင်ကြီးငါးကောင်။ နှစ်ကောင်က လျှိုအောက်မြေပြန့် ဝါးရုံပင်အစပ်တွင်။ သုံးကောင်က လျှိုအလယ်တွင်။ နှစ်ကောင်ပြန်လျှောကျသွားသဖြင့် လျှိုအောက်တွင် တစ်ကောင်။ တိတ်ဆိတ်ခြင်းက မင်းမူနေသော်လည်း ပုစဉ်းရင်ကွဲတစ်အုပ်က ခုမှ အလန့်တထိတ်နှင့် ပြိုင်၍အော်လိုက်ကြသံများကား နားကွဲလုမတတ်။ သည်တွင်ပင် ဉာဏ်ကျယ်က လျှိုအစပ်မှ ခါးထောက်မတ်တတ်ထရပ်လိုက်ရင်း တစ်စခန်းထလိုက်ပြန်သည်။

"ချိုကြီးတွေက ဝေပြီး အလေးချိန်ကလည်း လေးရာထက်မအောက်။ အရင်းတုတ်၊ အဖျားရှူး ဖြူနုသောချိုနှင့် ကြာခွက်များ၏ပိုင်ရှင်တို့. .။ သည်လိုတောကြီးမျက်မည်းထဲမှာ မောင်မင်းတို့လိုပုဂ္ဂိုလ်မျိုးတွေ အခုလို အစုလိုက်အပြုံလိုက် လုပ်ကြံခံလိုက်ကြရတာ ဘယ်သိလို



www.burmeseclassic.com

www.burmeseclassic.com




သတ္တဝါမျိုးတွေရဲ့ လက်ချက်ကြောင့်လဲဆိုတာကို ငါ့ရဲ့ ဖယ်ကျွန်များရဲ့ ရှေ့တော်မှောက်မှာ မခြွင်းမချန်၊ မကြောက်မရွံ့ ဟုတ်တိုင်းမှန်ရာ သံတော်ဦးလေးများ တင်ကြစမ်းပါဦးဟဲ့ မောင်ကုလားကြီးရဲ့"

မြေပြင်တွင် ဘေးတိုက်လဲကျ အသက်ပျောက်နေကြပြီဖြစ်သော ပြောင်ကြီးငါးကောင်ကို သေနတ်စလွယ်သိုင်း၍ ခါးများကိုထောက်ကာ ဝိုင်းကြည့်နေကြသော ကျွန်တော်တို့ငါးဦးမှာ အလိုလိုနေရင်း ဉာဏ်ကျယ်၏ဖယ်ကျွန်များအဖြစ် ရာထူးတိုးတက်ခန့်ထားလိုက်ခြင်းကို ခံလိုက်ကြရသဖြင့် အောင့်သက်သက်ဖြစ်သွားသည်။ သို့သော် ကုလားကြီးသန်းညွန့်က ငြိမ်မခံ၊ ပြန်နှက်လိုက်ပုံက. .

"ပြောလိုက်ကြစမ်းပါ ကိုပြောင်ကြီးတို့ရာ။ မိစုကြီးရဲ့ လင်ငယ်တစ်စု ဝိုင်းလုပ်ကြကြလို့ ခုလိုအံဖြစ်ဆိုးနဲ့ ကွိစကွစဖြစ်ရတာပါလို့"

ဘာဘူ (ခ) ကုလားကြီးသန်းညွန့်၏ စကားအဆုံးတွင် ကျွန်တော်တို့အုပ်စု ဝိုင်းပြီးရယ်မောလိုက်ကြပေတော့သည်။ ဉာဏ်ကျယ်ကား မလှုပ်တော့။ ပါးစပ်ပိတ်သွားပေပြီ။ အကြောင်းသော် မိစုကား သူ့ရဲ့ ရှုမငြီးတဲ့ ချစ်ဇနီးပေပဲကိုး။ ။

❖



www.burmeseclassic.com

www.burmeseclassic.com

# မဟာမြိုင်တောမှ မျောက်ညိုအုပ်

နေလုံးနီနီကြီးက 'စိုင်ခေါင်း' တောင်ကြီးထက်တွင် မေးတင်လာသည်။ ထိုတောင်ကြီးနှင့်ယှဉ်လျက် မဟူရာတောင်ကြီးကလည်း ထမ်းပိုးတန်းအနေနဲ့ မှိုင်းပျပျလှမ်းမြင်နေရသော တောင်တန်းတောင်စွယ်များကား မဟာမြိုင်တောကြီးအတွင်းသို့ လခြမ်းငယ်ပုံသဏ္ဍာန်နဲ့ တဖြည်းဖြည်း နိမ့်ဆင်းတိုးဝင်နစ်မြုပ်နေသည်။

အိပ်တန်းပြန်ငှက်အုပ်များနဲ့ ကျေးအုပ်ကြီးတို့က သူတို့ရဲ့ အသိုက်အမြုံများရှိရာ ထန်းပင်၊ ထိန်ပင်၊ ညောင်ပင်၊ ပေါက်ပင်များနဲ့ သရက်ပင်များတို့ဆီသို့ သီးနှံလေးများကို ကိုက်ချီလျက် အနောက်ဘက်တောင်တန်းများဆီသို့ အရှိန်အဟုန်ပြင်းစွာ လှယက်ပျံသန်းနေကြပေသည်။

ဒေါင်းအော်သံ၊ မျောက်အော်သံ၊ တောကြက်တွန်သံများအပြင် အခြား ကျေးငှက်သာရကာတို့ပင် အိပ်တန်းများရှိရာဆီသို့ ပြန်ကြတော့မည့်အချိန် နာရီစက်မောင်းက လေးမောင်းကျော်ခဲ့ပြီမို့ တောကြီးပြင်ပြင် (အထက်ရှုပ်အောက်ရှင်း အမှောင်ထုက တစ်စတစ်စ မင်းမူလာခဲ့သည်။





မြူများကလည်း ဆိုင်းနေကြပြီမို့ အရာအားလုံးမှာ ဝေဝေဝါးဝါးများ ရယ်သာ။)

လတ်တလောအခြေအနေတွင် ကျွန်တော်တို့ မှဆိုးခြောက်ဦးအဖို့ တစ်နေရာတည်းတွင် (ကြီးလေးကြီးအုပ်စုတွင်) တစ်မျိုးပါဝင်နေသော 'ပြောင်ကြီးငါးကောင်' ကို တစ်နေရာတည်းတွင် လက်ဝယ်ပိုင်ပိုင်ရရှိထားခဲ့ကြပြီမို့ ဝမ်းသာနေကြသော်လည်း တကယ်တမ်း ပြန်လည်တွေးတောလိုက်ပါက အလွန်တရာ စိတ်ဓာတ်ကျဆင်းစရာဖြစ်နေသည့် အဖြစ်မျိုးနှင့် ရင်ဆိုင်နေရချေပြီ မဟုတ်ပါကလား။

အမဲကြီးများ ပေါ်များလွန်းသဖြင့် ပစ်ခတ်စေချင်လွန်းလို့ မကြာခဏဖိတ်ခေါ်မှုအရ မဟာမြိုင်တောကြီးအလယ်ရှိ ကတိုးရွာသို့ တပင်တပန်း ခက်ခက်ခဲခဲနှင့် ရောက်ရှိလာကြပြီး အခြေအနေများကို လေ့လာအကဲခတ်နိုင်ရန်အတွက် ရွာခံ လမ်းပြမုဆိုး 'ဒိန်' ကို ခေါ်၍ ကျွန်တော်တို့ငါးဦး လေ့လာရေးထွက်လာခဲ့မိသောခရီးဖြစ်ပေသည်။ ထွက်စက နံနက်စာ အဆာပြေစားပြီး တောကြီးနဲ့ သားကောင်တို့ရဲ့ အခြေအနေကို လေ့လာစုံစမ်းရန်အတွက်သာ။ အချိန်မကုန်မီ စခန်းပြန်ရောက်ရေးကို ဦးတည်ခဲ့ကြသော်လည်း ပေါ်များလွန်းလှသော ခြေရာများ သားကောင်များနောက်လိုက်ရင်း ပြောင်အုပ်ခြေရာခံမိရာမှ ပြောင်အုပ်နောက်ကိုလိုက်ကြရင်း မြောင်တစ်ခုအတွင်း စုပြုံ၍ အနားယူနေကြသော ပြောင်အုပ်ကို မြောင်အပေါ်က ပစ်ခတ်ကြရာမှ နေရာတင်ပဲ ပြောင်ကြီးငါးကောင် ထိကျန်ခဲ့သည်ဆိုသော်လည်း အချိန်က ညနေစောင်းပြီး နွားရိုင်းသွင်းချိန်သို့ ရောက်ခဲ့ပေပြီ။

ရရှိထားသော ပြောင်ကြီးများကိုထားခဲ့၍ စခန်းက လူညီနဲ့ သယ်ဆောင်ကြဖို့အရေးမှာ လှည်းလမ်း မပေါက်သည့်နေရာမို့ ဘယ်လိုမှ မဖြစ်နိုင်။ ဖြစ်နိုင်သည်ထားဦးတော့ တစ်ကောင်လျှင် ပိဿာချိန်လေးရာကျော်သော ပြောင်ကြီးများကို လူ့အောက်ခြေမှ လှည်းပေါ်သို့



www.burmeseclassic.com

www.burmeseclassic.com



သယ်မတင်ဆောင်ရေးက မလွယ်လှ။ အသားများကိုဖျက်ပြီး တင်မှ ရမည်။ တောကြီးစိမ်းစိမ်းမို့ အပြန်လမ်းခရီးတွင် တွေ့ကြုံရင်ဆိုင်ရမည့် သားကောင်ကြီးများရဲ့အန္တရာယ်က ထူပြောလှသည်။ အချိန်မရှိပြီမို့ လမ်းကို မီးထိုးပြန်ကြရန်အတွက် လက်နှိပ်ဓာတ်မီးတို့က အလုံအလောက် မပါခဲ့ကြ။

သားကောင်ကြီးများကို နေရာတွင်ပင် အရည်ချဖျက်ဖို့ဆိုသည် ကလည်း ခါးတွင်ချိတ်ထားသော ဓားမြှောင်ကလေးများသာ ပါကြသည်။ ကြီးကြီးမားမားဆို၍ ကိုင်းခုတ်ဓားတစ်ချောင်း တောရှင်းရန် ဒိန်ယူ လာ၍ ပါလာသည်။ အရည်ချပြီးပါက ပြောင်သားတို့ကို လှီးဖြတ်ဖို့နဲ့ ပြောင်ရိုးကြီးများကို ခုတ်ဖြတ်ပိုင်းထစ်ဖို့အရေး၊ ကျပ်စင်တည်ဆောက် ရေး၊ ပြောင့်သားတုံးများ ကျပ်တင်ရေး၊ ယမ်းစိမ်းနဲ့ ဆားတို့နယ်ဖို့ အရေး၊ လောက်သေရွက်များ ရှာဖွေခူးဖို့အရေး၊ ထင်းခြောက်များ ရှာဖွေစုဆောင်းရေး စသည့် နောက်ဆက်တွဲလုပ်ငန်းတာဝန်တွေက မသေးလှ။

''အူး. . အူး. . အူး''

ယခုပင် ခပ်လှမ်းလှမ်းဆီမှ ဝံပုလွေတစ်အုပ်၏ အော်သံများ ကို ကြားနေရသလို. .

''ဗြောင်း. . ရှမ်း. . ဗြောင်း''

တောဆင်ရိုင်းအုပ်ကြီးတို့၏ စူးရှပြင်းထန်စွာ အော်မြည်လိုက် ကြသံများနဲ့ ဝါးပင်များကို ချိုး၍ ဝါးရွက်များ စားနေကြသော အသံတို့ကို ဟိုအနား သည်အနားဆီတို့မှ ကြားရစ ပြုနေပေပြီ။

''အုဂ္ဂူ. . အုဂ္ဂူ. . အုဂ္ဂူ. . အုအု. .''

သစ်ပင်ကြီးများထက်မှ နွယ်ကြိုးများနဲ့ ခုန်ပျံကူးခတ်ရင်း နွယ် ကြိုးများနဲ့ ခုန်ပျံကူးခတ်ရင်း ရောက်ရှိလာကြသော ကြီးမားသည့် မျောက်ညိုကြီး (၁၅) ကောင်ခန့်က ကျွန်တော်တို့ရှိရာသို့ သစ်ပင်များ





ထက်မှ ငုံ့၍ ပြူးတူးပြဲတဲ ကြည့်နေကြသည်။

''ဟ. . တို့တောကြီးထဲ ဒီလူကောင်တွေတစ်စု ဘယ်လိုရောက် လာကြတာလဲကွ''

ဟူသော အံ့ဩတထိပုံစံနဲ့ ကြည့်နေကြသည်။ ဦးသိန်းလွင်က သူကိုင်ဆောင်ထားသော ဒသမ ၃၃. ၁၃ နဲ့ အကြီးဆုံး မျောက်ထီးကြီး ကို ပစ်ခတ်ရန် လိုက်လံချိန်ရွယ်နေသည်။ မျောက်များကား သစ်ပင် ထက်မှ ပြေးလွှားရှောင်ပုန်းရင်း သစ်ကိုင်းသစ်ရွက်များကို ဖင်ခုထိုင်ကာ ပုန်းကွယ်နေကြသည်မို့ ရှာမတွေ့တော့။

''အစ်ကိုကြီးက မျောက်တွေအများကြီးကြားထဲက မျောက်ထီး ကိုရွေးပြီး ပစ်မယ်လုပ်နေတာ ဘာကောင်းလို့လဲဗျ''

ဒိန်က လှမ်းမေးလိုက်တော့. .

''အထီးတစ်ကောင်တည်းက အမတော်တော်များများကို ထိန်း ထားနိုင်တာကြည့်ပြီးတော့ ငါ မနာလိုလို့ပါကွာ။ သူ့သွေးကို အရက်နဲ့ ရောပြီး ချေးခါးကိုထုတ်စားရင် ပိုပြီးများ အားရှိလာမလားလို့ပါ။ ဟား. . ဟား. . ဟား. .''

ဦးသိန်းလွင်က မျောက်ထီးကြီးကို ပစ်ခတ်ရယူလိုတဲ့ မဟာ စီမံကိန်းအကြောင်းကို ရှင်းပြနေသည်။

ထိုစဉ်. .

တဝေါဝေါ တဝုန်ဝုန်း အသံကြီးများကို ကျွန်တော်တို့အားလုံး ကြားလိုက်ရသဖြင့် အသံလာရာဆီသို့ လျှပ်တစ်ပြက် ဝိုင်းကြည့်လိုက် ကြတော့ အသက်ပျောက်နေကြပြီဖြစ်သော ပြောင်သေကြီးများနဲ့ အနီး တစ်ဝိုက်တွင်ရှိနေကြသော သွေးကွက်ကြီးများပေါ်တွင် ဘယ်ကဘယ်လို ရောက်လာမှန်း မသိကြသော အကောင်ပေါင်းများစွာ။ ယင်မမည်းရိုင်း အုပ်ကြီးများက သေနတ်ဒဏ်ရာများ ရရှိထားကြသော ပြောင်သေကြီးများ ရဲ့ ကိုယ်များပေါ်တွင်လည်းကောင်း၊ သွေးကွက်များအိုင်ထွန်းနေသော



www.burmeseclassic.com

www.burmeseclassic.com



မြေပြင် မြက်ပင်၊ ချုံပုတ်နဲ့ သစ်ကိုင်းသစ်ခက် သစ်ရွက်များတွင်လည်း ကောင်း စုပြုံ၍ နားလိုက်၊ စားလိုက်၊ ဝုန်းခနဲ တထိတ်တလန့် ထပျံသွားလိုက်။

တောကြီးခေါင်ခေါင်မို့ နေလုံးမပျောက်ခင် အမှောင်ထုက ဖုံးလွှမ်းပြီး အအေးဘက်သို့ လုနေသည်ဆိုသော်လည်း အသက်မသေဆုံးမီက ရှိင်းစိုင်းကြမ်းတမ်းလှပါတယ်ဆိုတဲ့ ကြီးလေးကြီးစာရင်းဝင် ပြောင်ကြီးငါးကောင်တို့၏အသားများကား သေဆုံးပြီးနောက် နာရီအနည်းငယ်အချိန်တိုအတွင်း အပုပ်မြန်သော သားကောင်များဖြစ်ကြသည်။ ယခုမူ ယင်မည်းရှိင်းကြီးများက တဝုန်းဝုန်း တရှုန်းရှုန်းနဲ့မို့ မကြာမြင့်သော အချိန်တိုအတွင်း လောက်ကောင်များ တဖွားဖွားနဲ့ ဖြစ်တော့မယ့် ယင်ကောင်များနဲ့ လောက်ကောင်များတို့ရဲ့ ဘဝကူးကောင်းတဲ့ အဆက်များကို ကြိုတင်ခန့်မှန်းတွက်ဆထားပြီးမို့ ကျွန်တော်က. .

''ကဲ. . ကျွန်တော်တို့ ခု ဘာဆက်လုပ်ကြမလဲ၊ စခန်းပြန်ဖို့က လည်း လမ်းအတွက် မီးမရှိဘူး။ အန္တရာယ်လည်း သိပ်များတယ်၊ ဒီမှာ ညအိပ်မယ်ဆိုလည်း ဘယ်နေရာမှာ နေရာယူ အထိုင်ချမယ်ဆိုတာ စဉ်းစားကြပါဦး''

''ကျွန်တော်လည်း အဲဒါကို စဉ်းစားနေတာ။ ဒီအချိန်ကြီးကျမှ စခန်းပြန်ရင် တောဆင်အုပ်နဲ့ ဟင်းကောင်တို့ရဲ့ အန္တရာယ်က သိပ်ကြီးတယ်၊ မဖြစ်မနေပြန်လို့ည်း ဒီအကောင်ကြီးတွေကို လှည်းနဲ့သယ်ဖို့က မလွယ်ဘူး။ အသားတွေဖျက်ဖို့ကလည်း အချိန်မရှိဘူး။ မဖြစ်မနေ ဒီမှာတင် အိပ်သွားရတော့မှာပဲ''

ဟု ဦးသိန်းလွင်က ဆိုနေသည်။

''ဟိုအပင်ကြီးပေါ်မှာ ဒီည လင့်ထိုးပြီး တက်နေကြမယ်။ အောက်မှာ အန္တရာယ်များတယ်။ ခုပဲ ဟိုအကောင်တွေရဲ့အသံတွေကို ကြားနေရပြီ''





ရှာခံမုဆိုးဒိန်က ဆိုလာသည်မို့ ကျွန်တော်တို့အားလုံး လက်ညှိုးညွှန်ပြလိုက်သော အပင်ကြီးကိုကြည့်လိုက်တော့ ရောမ သပြေပင်ကြီးတစ်ပင်။ လုံးပတ်က လူကြီးနှစ်ဖက်စာလောက်ရှိသည်။ တောကြီးမျက်မည်းအတွင်းမို့ ကြီးထွားချင်တိုင်း ကြီးထွားနေသလို ခတ်အုန်းပင်တစ်ပင်နဲ့ အကိုင်းချင်းယှက်နေကြသည်မို့. .

''ဟာ. . စားပင်တွေချည်းပါလားကွ''

ကျွန်တော်က ပြောလိုက်မိသည်။ သပြေသီးကို တောဆင်များ စားသည်။ ခတ်အုန်းသီးကို ဝံကြီးများ စားကြသည်။ အရွယ်ပမာဏမှာ ထန်းသီးလုံးခန့်မျှရှိပြီး ခတ်အုန်းသီးအခွံမှာ ဥသျှစ်သီးအခွံကဲ့သို့ ပြောင်လက်မာကျောသည်။

အပင်ကြီးနှစ်ပင်လုံးတွင် သပြေသီးများရော၊ ခတ်အုန်းသီးများနဲ့ပါ ဝေဝေဆာဆာ ရှိနေသည်။ သပြေပင်ကြီးကား မြေပြင်မှ အထက် ပေလေးဆယ်နီးပါးတွင် သုံးဆင့်ဖြာထွက်နေသော ခွဆုံပိုင်းတွင် လင့်စင်ဆောက်ကြရန် အဆောတလျင် စီစဉ်လိုက်ကြပေတော့သည်။

ရှာခံမုဆိုးဒိန်ရဲ့ ကိုင်းခုတ်ဓားမတစ်ချောင်းရဲ့တန်ဖိုးကား မသေးလှကြောင်းကို အားလုံး သိလိုက်ကြရပေတော့သည်။ ကျွန်တော်က လင့်တွင် ချည်နှောင်ရန် ကြိမ်နီနွယ်ကြိုးရှာသည်။ ဖျာသည်။ မှုန်နဲ့ ညာထ်ကျယ်က ထင်းခြောက်များစုစည်းပြီး မီးအမြန်မိုသည်။ အာလူး၊ ကုလားကြီး၊ သန်းညွှန့်နဲ့ ဒိန်တို့က လင့်ဆောက်ရန် ဝါးများခုတ်ကြသည်။ သုံးဆင့်ဖြာထွက်နေသော သပြေပင်ကြီးထက်ဝယ် အထိုင်ကောင်းလင့်စင်တစ်ခုကို တည်ဆောက်လိုက်ကြပြီး ဒိန်က အနီးစပ်ဆုံးပြောင်သေကြီးရဲ့ ပေါင်သားများကို လှီးဖြတ်လိုက်ပြီး ပြောင်သားတုံးကြီးများကို ဝါးနဲ့သပ်လျှို၍ မီးဖိုကြီးတွင် တင်လိုက်ပေတော့သည်။

ကျားသစ်လိုလို၊ ဝံကြီးများလိုလို ဝမ်းရုတ်သော ''ဂူးဂဲ. . ဂူးဂဲ'' အသံများကို ကြားလိုက်ရသလို့ တောကြက်များ၊ ဒေါင်းများ၊ မျောက်



www.burmeseclassic.com

www.burmeseclassic.com



အော်သံများနဲ့ ငှက်ဝါးယောင်း (ဝါးယောင်းငှက်) တို့ရဲ့ အော်သံများကိုလည်း ကြားနေရသည်။ ကင်ထားသော ပြောင်သားတို့မှ အနံ့အသက်အချို့ ရရှိလာသည်နှင့်အတူ ပြောင်သားတုံးကြီးများမှ ယိုစိမ့်ထွက်ကျလာသော အဆီတို့ကြောင့် ဖောက်ခနဲ ရှဲခနဲ အသံများကို ကြားနေရသည့်အပြင် သင်းပျံ့မွှေးကြိုင်လာသော ပြောင်သားကင်နံ့ကြောင့် ဗိုက်များပင် ဆာလောင်လာခဲ့သည်။ သည့်အနံ့အသက်များသည် ကျွန်တော်တို့အတွက် အန္တရာယ်အငွေ့အသက်များဖြစ်သည်ကို သိတော့သိကြသည်။ သို့ပေမယ့် ဒီလောက်ကြီးမားမယ်မှန်း မသိတာက အမှန်ပင်။

အမှောင်ဘက်သို့ တဖြည်းဖြည်း လုလာပြီမို့ ခတ်အုန်းပင်ကြီးမှတစ်ဆင့် သပြုပင်ကြီးထက် လင့်စင်ရှိရာဆီသို့ တက်ရောက်နေရာယူလိုက်ကြပေတော့သည်။ အဘကောင်းနဲ့ ဦးသိန်းလွင်တို့က ကျောပိုးအိတ်များအတွင်း ကြိုးပုခက်များ သယ်ဆောင်လာကြသည်မို့ လင့်စင်ထက်ရှိ သပြုပင်ကိုင်းတွင် ပုခက်များဆင်၍ နေရာယူလိုက်ကြသည်။ ကျွန်တော်တို့လေးဦးမှာ လင့်စင်ပေါ်တွင် ချောင်ချောင်ချိချိဖြစ်သွားသည်။

ရွာခံမုဆိုးဒိန်ရဲ့ မုဆိုးသမ္မာရင့်ကျက်မှုက ခုမှပင် ကျွန်တော်တို့အဖွဲ့အတွက် ထိရောက်စွာ အကျိုးပြုလာသည်။ သူလွယ်ပိုးထားသော ကျောပိုးအိတ်ထဲမှ ထွက်ပေါ်လာသော ပစ္စည်းများကား ဖယောင်းတိုင်၊ ဓာတ်မီး၊ ဓာတ်ခဲ အပိုခြောက်လုံးနဲ့ ယမကာနှစ်ပုလင်းတို့ကြောင့်ပင်။ ဘကြီးကောင်းနဲ့ ဉာဏ်ကျယ်တို့ကလည်း တစ်ပုလင်းစီ ပါလာခဲ့ကြသည်မို့ အဖွဲ့အတွက် လုံလောက်ရုံမျှမက ပိုလျှံနေသေးသည်။ အမြည်းကလည်း ပြောင်သားကင် အတုံးကြီးများနဲ့မို့ တောကြီးအတွင်း လင့်စင်ထက်မှ စားတော်ဆက်ကလေးကား စိုပြည်ဦးတော့မည်။

ကျွန်တော် လင့်ထက်ဝယ် အသာထိုင်ချပြီး အောက်ခြေမှ လှမ်း၍ တွေ့မြင်နေရသော မြင်ကွင်းများဆီသို့ အရေးအကြောင်းရှိလာပါက ပစ်ကွင်းသာ၊ မသာ အကဲခတ်ကြည့်ရှုနေမိသည်။ ပြောင်ကြီးနှစ်





ကောင်မှာ လျှိုအောက်ခြေတွင် ချုံပုတ်များနဲ့ ကွယ်ကာနေသည်မို့ မတွေ့မြင်ရ။ ယင်မမည်းရိုင်းအုပ်ကြီးများက တရှန်းရှန်းနဲ့ ထပြန်လိုက်ကြ။ ပြန်နားလိုက်ကြသော အသံများကြောင့် တည်နေရာကို အထိုက်အလျောက်ခန့်မှန်းတွက်ချက်နိုင်သလို၊ ကျန်သုံးကောင်အား 'မြောင်' နှုတ်ခမ်းတွင် ဘေးတိုက်လဲကျ အသက်ပျောက်နေသော မြင်ကွင်းက ပြတ်သားထင်ရှားနေသည်။

လင့်စင်အောက်ရှိ မီးဖိုမှ မီးကျီးခဲများသာ ကျန်နေပြီး တချို့တစ်ဝက် ပြောင်သားအပိုင်းအစတို့က မီးကျီးခဲများအတွင်း ကျန်ရစ်ခဲ့သည်မို့ လောင်ကျွမ်းပြီး ခါးသက်သက်အနံ့တို့က စူးစူးရှရှနံနေသည်။ မီးဖိုမှ မီးသည် ကျွန်တော်တို့အတွက် တစ်ညလုံး ဘယ်လိုမှ လုံလောက်မှုမရှိသည်ကို သဘောပေါက်လိုက်သဖြင့်. .

"ဒိန်. . တို့သေနတ်တွေနဲ့ ပတ်ဝန်းကျင်ကို ချိန်ပြီး စောင့်ပေးနေမယ်။ မောင်ရင် အောက်ကိုဆင်းပြီး မီးဖိုကို ထင်းတုံးတွေထိုင်ပြီး ထည့်ပါလား။ အတက်အဆင်း မောင်ရင်က မြန်တယ်"

"အဲဒါ အရေးအကြီးဆုံးကိစ္စပဲ။ ကဲ. . ကြာတယ်။ ခုပဲ ဆင်းလိုက်မယ်။ အားလုံး အသင့်လုပ်ထားကြ"

ပြောပြောဆိုဆို 'ဒိန်' က ခတ်အုန်းပင်ကြီးဆီသို့ သပြုကိုင်းမှ ကူးသွားပြီး လျင်မြန်စွာ လျှောတိုက်၍ အောက်ကိုဆင်းသွားပြီးနောက် ထင်းတုံးကြီးများကို မီးဖိုတွင် ဆိုင်၍ထည့်လိုက်ပြီး လျင်မြန်စွာပင် လင့်စင်ပေါ်သို့ ပြန်လည်ရောက်ရှိလာခဲ့သည်။

"တရိန်. . တရိန်. . တရိန်. . ဝေါင်း. . "

ကျားတစ်သံများအပြင် ကျားဟိန်းသံကြီးကိုပါ အနီးကပ်နက်ကျောကျယ်လောင်စွာ ကြားလိုက်ရသည်မို့ ကျွန်တော်တို့အဖွဲ့ လင့်အထက်ဆီမှ ကိုင်ဆောင်ထားကြသော သေနတ်များနဲ့ အသံလာရာသို့ ထိုးချိန်ထားလိုက်ကြသည်။ ဟင်းမျိုးကား ရှေ့သို့ တိုးမလာဘဲ



www.burmeseclassic.com

www.burmeseclassic.com



အနံ့အသက်များကြောင့် လှည့်ပတ်ချောင်းမြောင်းနေသည့် အသွင်နှင့် ခပ်လှမ်းလှမ်းဆီမှ ဖြစ်သော်လည်း ကျွန်တော်တို့အားလုံးမှာ ကြောက်ရွံ့စိတ်များကြောင့် နှုတ်မှသွေးများ အလိုလိုထွက်ကျလာပေသည်။

သပြုပင်ကြီးမှ အရွက်ဖားဖားကြီး သုံးလေးရွက်ကို လင့်ပေါ်မှာ ဖြန့်ခင်းလိုက်ပြီး မီးကင်ထားသော ပြောင်သားတုံးကြီးများကိုဖဲ့လျက် ဝါးဆစ်ခွက်သုံးခွက်နဲ့ အရက်များငှဲ့ထည့်ပြီး သောက်စားလိုက်ရင်း တစ်ညနေစာ ဝမ်းဗိုက်ကို ဖြည့်တင်းလိုက်ကြပေတော့သည်။ သောက်ကြစားကြရင်းမှ. .

"ငါတော့ ဒီတစ်ညတာကုန်ဖို့အရေး တွေးရင်း ကျောချမ်းနေမိတယ်ကွာ"

ရယ်လို့ ဦးသိန်းလွင်က ဆိုရှာသည်။

သုံးခဲထိုးတာတ်မီးကို တာတ်ခဲအသစ်လဲပြီး မီးအစုအကျဲကို စိတ်ကြိုက်ဖြစ်သည်အထိ စမ်းသပ်ရင်း ဟိုအနားသည်အနား အခြေအနေများကို ထိုးပြီး အကဲခတ်သည်။ ဘာတစ်ကောင်မျှတော့ မတွေ့။ ချောက်ချားစရာကောင်းလောက်အောင် တောကြီးက တိတ်ဆိတ်နေခြင်းက ကျွန်တော်တို့ခြောက်ဦးအား ထိတ်လန့်ကြောက်ရွံ့ခြင်းစိတ်ကို ပေါ်ပေါက်စေရန် ဖန်တီးနေသလိုအသွင်။ ထိုစဉ်. .

"ဈော. . ဝုန်း. . ဝုန်း. . ချလွမ်. . ဘုံး. . ဖြုံး. ."

ကျွန်တော်တို့သည် လင့်စင်ပေါ်တွင် သေနတ်များကို ဘေးသို့ချပြီး ဆက်ရက်မင်းစည်းစိမ်လေးကို အချိန်ရတုန်း အပြည့်အဝ သက်သောင့်သက်သာအနေအထားများနဲ့ စံစားနေခိုက် ရှေ့တွင် အရက်ပုလင်းများရှိရာဆီနှင့် ဘေးဘယ်ညာဆီတို့မှ ကြီးမားသော ခဲလုံးကြီးများနှင့် ပစ်ပေါက်ခံလိုက်ရခြင်းနှင့်အတူ ပြင်းထန်သော ထိနိုက်မှုကြောင့် ပုလင်းများ ကွဲကြေသွားသံများကို ကြားလိုက်ကြရသဖြင့် အလန့်အထိတ်ဖြစ်သွားကြပြီး လင့်စင်အထက်သစ်ပင်ကြီးပေါ်ဆီမှ သစ်ကိုင်းသစ်ခက်





များ လှုပ်ရှားသွားပြီး 'ဝေါခနဲ ဗျောခနဲ' လှုပ်ရှားခါယမ်းသံကြီးများကို ကြားလိုက်ရသဖြင့် ဒိန်က သစ်ပင်ကြီးပေါ်သို့ မီးထိုးလိုက်ပြီးဖြစ်သည်။ မီးရောင်ကြောင့် ကျွန်တော်တို့အထက် သစ်ပင်ထိပ်ဖျားဆီတွင် စိမ်းပြာပြာမျက်လုံးရောင်များနှင့် မည်းမည်းအကောင်ကြီးများကို အံ့ဩထိတ်လန့်ဖွယ်ရာ တွေ့လိုက်ရသဖြင့် မီးထောက်လိုက်ချိန်. .

"ဒိန်း. . ဒိန်း. . ဒိန်း"

ဦးသိန်းလွင်၊ ကုလားကြီးသန်းညွန့်နဲ့ ဉာဏ်ကျယ်တို့ထံမှ သေနတ်များက မီးပွင့်သွားကြပြီး ဖြစ်ပေသည်။ သေနတ်သံများက တောကြီးတစ်ခုလုံး လိုဏ်သံထလျက် တုန်ခါသွားခဲ့သလို အိပ်တန်းတက်ကျေးငှက်တချို့၏ တထိတ်တလန့် ပျံသန်းပြေးထွက်သွားသံများကိုပါ ကြားလိုက်ရပေသည်။

"ဘုန်း. . ဘုန်း. . ဘုန်း. ."

မြေပြင်သို့ ပြုတ်ကျသွားသော အသံများ။ သစ်ကိုင်းသစ်ခက်များကိုဆွဲ၍ ပြေးထွက်သွားကြသံများ၊ အောက်ခြေမြေပြင်ရှိ ချုံကြီးများအပေါ် ခုန်ဆင်းပြေးလွှားသွားကြသံများကို မီးရောင်ကြောင့် တွေ့မြင်လိုက်ကြရတာက ကြီးမားသော မျောက်ကြီးများပင်။

ကျွန်တော်က ဖယောင်းတိုင်ကို မီးထွန်းလိုက်ပြီး လင့်စင်ပေါ်ရှိ အခြေအနေများကို ကြည့်လိုက်တော့ တွေ့မြင်လိုက်ရတာက ကွဲကြေနေသော အရက်ပုလင်းက နှစ်လုံး၊ ခတ်အုန်းသီးအကွဲကြီးနှစ်လုံးအပြင် သပြေသီးသုံးလုံးကို အံ့ဩဖွယ်ရာ တွေ့လိုက်ကြရပေတော့သည်။

ညနေပိုင်းက ပြောင်များကို ပစ်ခတ်ပြီးနောက် ရောက်ရှိလာကြသော 'မျောက်ညိုအုပ်' အုပ်စုရဲ့ လက်ချက်ပင်။ ဦးသိန်းလွင် မျောက်ထီးကြီးကို သေနတ်နဲ့ပစ်ရန် လိုက်လံချိန်ရွယ်ခဲ့စဉ်က သစ်ပင်များထက်တွင် ပြေးလွှားပုန်းရှောင်ရင်း သစ်ရွက်များနဲ့ ဖင်ခုထိုင်နေကြပြီး ငြိမ်ကွယ်ငြိမ်ကုပ်နေကြသော မျောက်ညိုအုပ်စုက အပင်ထက်တွင် ရရာ



www.burmeseclassic.com

www.burmeseclassic.com



လက်နက်များဖြစ်သည့် နီးစပ်ရာ 'ခတ်အုန်းသီးများနဲ့ သပြေသီး' များကို ဆွတ်ချူ၍ ပစ်ပေါက်တိုက်ခိုက် ရန်ရှာမှုပင်ဖြစ်ပေတော့သည်။

ကံကြီးပေလို့သာ 'ခတ်အုန်းသီးနဲ့ သပြေသီး' တို့မှာ ဥသျှစ်သီး အရွယ်ပမာဏထက်ပင် နည်းနည်းကြီးသေးသည်။ အပေါ်စီးမှ အားနဲ့ ပစ်ပေါက်လိုက်မှုကြောင့် လူကိုများ ထိမိုက်ပါက ကျိုးပဲ့သွားနိုင်သလို ဦးခေါင်းကိုထိပါက တစ်ခါတည်း နေရာတွင်ပင် ကိစ္စတုံးသွားနိုင်သည်။ မျောက်ညိုအုပ်စုကို ပေါ့ပေါ့တန်တန် အရေးမထားမိသည့် ကျွန်တော်တို့အုပ်စုရဲ့ အားနည်းချက်ပင်။

"အစ်ကိုကြီးဦးသိန်းလွင်. . ခင်ဗျားဆန္ဒတော့ ပြည့်သွားပြီ"

အောက်ဘက်ရှိ မျောက်သေကြီးများကို မီးထိုးကြည့်ရင်း ဒိန်က ပြောလိုက်သဖြင့် လှမ်းကြည့်လိုက်တော့ တွေ့လိုက်ရတာက အနက်ရောင်များနဲ့ မျောက်ထီးကြီးဖြစ်သည်။ ကျန်နှစ်ကောင်က နည်းနည်းငယ်သည့် အမများပင် ဖြစ်ဟန်တူသည်။

ဖယောင်းတိုင် မီးရောင်ကြောင့် လင့်ထက်တွင် တစ်ဦးမျက်နှာ တစ်ဦးမြင်နေကြရသည်။ စိုးရိမ်ထိတ်လန့်မှုအသွင်များကို ဆောင်နေကြသည်မို့. .

"တို့ ဒီရန်က အေးပါ့မလား။ ဒီည ဆက်ပြီး ရန်ရှာဖို့ ရနိုင်သေးသလား"

ကျွန်တော့်အမေးကြောင့် ဒိန်က. .

"မျောက်ညိုအုပ်ဆိုတော့ မပြောတတ်ဘူး။ အငြိုးအတေးကြီးပြီး ကလဲ့စားချေတတ်တယ်"

ဒိန်အပြောက မှန်ပေသည်။ မျောက်များထဲတွင် မျောက်ညိုအုပ်စုသည် အကောင်လည်းကြီးသည်။ လက်စားချေမှုကိုလည်း ပြုတတ်သည်။ အုပ်စုနဲ့ တန်ပြန်တိုက်စစ်ကိုလည်း ဆင်တတ်သည့်အလေ့အထနဲ့ အငြိုးအတေးကြီးမားသည်။ သူတို့ရဲ့သွေးနဲ့ ချွေးခါးတို့ကလည်း လူ





တွေအတွက် ဆေးဖက်ဝင်သည်မို့ မျောက်အုပ်ကြီးများကြားတွင် မုဆိုးများက မျောက်ညိုအုပ်များကိုသာ ရွေးပြီး ပစ်ခတ်သတ်ဖြတ်ကြသည်ပဲလား။

"ဒီညတော့ မလာနိုင်တော့ပါဘူး။ သူတို့အုပ်ရဲ့ ခေါင်းဆောင်မျောက်ထီးကြီးလဲ သေပြီမို့ အုပ်ကိုဦးဆောင်မယ့်သူမရှိတော့ဘူး။ မနက်မိုးလင်းရင်တော့ ဘယ်အုပ်နဲ့ပေါင်းပြီး လာမလဲမသိဘူး။ တို့မှာ စစ်မျက်နှာက အောက်မှာတင် မဟုတ်တော့ဘူး။ အပေါ်ကလည်း အချိန်မရွေးပေါ်လာနိုင်တယ်ဆိုတာ သတိထားကြတော့။ သတိမလစ်ကြစေနဲ့"

မှာကြားနေသည်။ ပုလင်းကွဲအစများ ကွဲကြေနေသော ခတ်အုန်းသီးနဲ့ သပြေသီးအပိုင်းအစများကို အောက်သို့ယက်ဖယ်ချလိုက်ရင်း ကျန်ရှိနေသော ပြောင်သားကင်နှင့် အရက်တို့ကို အနည်းငယ်စီသောက်စားလိုက်ကြကာ ဖယောင်းတိုင်မီးကိုမှုတ်လျက် နောက်ထပ်ဖြစ်ပေါ်လာမည့် အခြေအနေများကို စောင့်စားအကဲခတ်နေရုံမှတစ်ပါး အခြားမရှိတော့။

တောကြီးကား ပြန်လည်ဆိတ်ငြိမ်သွားခဲ့သည်ဆိုသော်လည်း ဟိုအနား၊ သည်အနားဆီများမှ ကျားဟိန်းသံ၊ ကျားသစ်ဝမ်းရုတ်သံ၊ ချေးအအော်သံများကို ကြားနေရသလို တောဆင်အုပ်ကြီးများရဲ့ ဝိုင်းဝန်းအော်ဟစ်လိုက်ကြသံများကိုလည်း ကြားနေရသည်။ အချို့အသံများကား လျှိုကြီးအတွင်းမှဖြစ်ပြီး ရင်တုန်စရာပင်။

"ပီစီဒီးဒုတ်၊ . ပီစီဒီးဒုတ်. . ."

ဒီးဒုတ်ငှက်ဖို့ ငှက်မနှစ်ကောင်က ပြောင်သေကြီးများရှိရာ လျှိုကြီးရဲ့ အောက်ပိုင်း ဝါးရုံကိုင်းဖျားထက်ဆီမှ အော်မြည်ဟစ်ကြွေးနေသလို. .

"အိုးဝေ. . ကြိုးခွေ. . . အိုးဝေ. . . ကြိုးခွေ"

သစ်ပင်မြင့်ကြီးများ၏ ထိပ်ဖျားထက်ဆီမှ ဥဒေါင်းတစ်ကောင်နဲ့



www.burmeseclassic.com

www.burmeseclassic.com



မျောက်တစ်ကောင်တို့ရဲ့ တေးဆိုနေသံကို ကြားနေရသလို ခပ်လှမ်းလှမ်းရှိ ကညင်ပင်ကြီးထိပ်ဖျားထက်ဆီမှ. .

''ယောက်ဖခွေးခေါ်. . သူတော်လေးထမ်း. .''

ငှက်ကလေးနှစ်ကောင်ကလည်း လူကဲ့သို့ ပီပီသသ အော်မြည်ဟစ်ကြွေးသံပြိုင်ပေးနေကြတာနဲ့အတူ ဖားပျံကလေးများ အော်မြည်သံ၊ မြွေကြီးများရဲ့ အစာရှာသံများကို ကြားနေရသည်။ ညဥ့်အတော်နက်လာတော့ ကြားနေရသော အသံတို့ ပါးလာသည်။ အဝေးသို့ရောက်ကုန်ကြသည်နှင့်တူ၏။ လျှိုကြီးအတွင်းမှ ဟိန်းသံမာန်ဖီသံတစ်ချက်၊ နှစ်ချက်ကြားနေရသေးသည်။ ဟင်းမျိုးကြီးကား သေနတ်သံများကြောင့် လာမည်မထင်ပေမယ့် ကျွန်တော်တို့မှာ စကားလည်းမပြောရဲသောကြောင့် ငြိမ်ကုပ်၍ နားနဲ့အာရုံကိုဖွင့်ကာ ဆိတ်ငြိမ်စွာနေကြပေမယ့်လည်း စိတ်ကတော့ မချရဲပေ။

'အပြစ်ကြောင့် မချစ်သာပြီ၊
အသစ်ရှာပေါင်းရစ်တော့
ထနောင်းနဲ့ ခအောင်းပင်
ဓားထစ်လို့ရှင်၊
နို့ဗ္ဗာန်ကမ္ဘာ့ဌာန်းဝင်မယ်၊
စခန်းစဉ် ဦးအောင်ပလေး'

နန်းမတော်မမြလေး၏ 'နိဗ္ဗာန္ဘတေးထပ်' တစ်ပိုဒ်နှင့် မောင်တော်ကို စိတ်အခန့်မသင့်၍ တောထွက်လိုကြောင်း ခွင့်ပန်သော တေးသွားပင်။ ဘယ်အဓိပ္ပာယ်ကို ဆောင်နေသည်ကိုတော့ မသိသော သဲ့သဲ့မျှပျံ့လွင့်ထွက်ပေါ်လာသည့် သီချင်းသံမပီတပီကို ကျွန်တော်တို့အားလုံးကကြားနေကြသည်။ အံ့သြစွာနဲ့ တစ်ဦးကိုတစ်ဦး တံတောင်နဲ့တို့ထိ အချက်ပြကြရင်း နားစိုက်နေကြစဉ်အတွင်း သီချင်းသံသည် အတန်ကြာတော့ငြိမ်သွားသည်။ မိန်းမငယ်တစ်ဦး၏ ဆွဲဆောင်အားကောင်းသော အသံပင်။





''ကစ်. . ကစ်. . ကစ်. .''

''ကြားတယ်။ အားလုံးကြားလိုက်တယ်။–ဓားမှောက်ချင်ပြီနဲ့တူတယ်။ အားလုံး သတိနဲ့နေကြ။ ကျည်ပုံ့တွေ ပါကြတယ်မို့လား။ သေနတ်တွေလည်း အသင့်ထည့်ထားကြ''

ဘကြီးကောင်းက တွေးတွေးဆဆပြောနေစဉ်. .

''ကျည်ပုံ့ပါတယ်။ သူတို့ကမှောက်ရင် ကျွန်တော်တို့က လှန်ပစ်မယ်''

ဟု တက်ကြွစွာပြောဆိုရင်း ကိုင်ဆောင်ထားကြသော သေနတ်များအတွင်းမှ ကျည်ဆန်များကိုထုတ်၍ 'ကျည်ပုံ့' များနှင့် အစားထိုးလဲလှယ်လိုက်ကြပေတော့သည်။

ကျည်ပုံ့ဆိုသည်က သားကောင်များကို ပစ်ပြီးအရည်ချ အသားများဖျက်စဉ် သားကောင်၏ကိုယ်ထဲမှ ပြန်လည်ရရှိသော ကျည် (ခဲလုံး)ကို သိမ်းဆည်းထားကြပြီး ကျည်ဆန်အကောင်းမှ ခဲလုံးများနဲ့ လဲလှယ်အစားထိုးထည့်သွင်းထားသော ကျည်များပင်။ (မုဆိုးလက်ဟောင်းကြီးများအဆိုအရ ယခုကဲ့သို့ တောခြောက်ခံရပါက ပစ်လျှင် မကောင်းဆိုးဝါးများ ကြောက်သည်။ နောက်ထပ် မခြောက်ရဲဟု အဆိုရှိသည်။)

''အေး. . မှောက်ရင် လှန်မယ်ကွာ။ တို့ကို စိန်ခေါ်လို့ကတော့ နောင်တရတာ နောက်ကျသွားမယ်''

ဦးသိန်းလွင်ကပါ ဆိုနေပြန်သည်။ တောကြီးခေါင်ခေါင် မှောင်မှောင်မည်းမည်း လင့်စင်အထက်မှ ကျွန်တော်တို့ခြောက်ဦးကား ဘာကိုမဆို ရင်ဆိုင်ကြတော့မည့်သဘောနှင့် အသင့်အနေအထားမျိုးပင်။

''ဗြောင်း. . ဝုန်း. . ဖျော''

မလှမ်းကမ်း လင့်စင်အရှေ့ဆီမှ အလိုလိုနေရင်း သစ်ပင်ကြီးတစ်ပင် ပြိုလဲကျသွားသံက တိတ်ဆိတ်နေသော တောကြီးအတွင်းသယ်ကျယ်လောင်စွာကြားလိုက်ရသလို သစ်ပင်ကြီး ပြိုလဲသံနှင့်အတူ သား



www.burmeseclassic.com

www.burmeseclassic.com



ကောင်များ၏ အလန့်တထိတ်နဲ့ ပြေးလွှားကြသံ၊ တောတိုးကြသံများကိုပါ ကြားလိုက်ကြရသည်နှင့်အတူ လေပြင်းများ တိုက်ခတ်ခံရမှုကြောင့် သစ်ကိုင်း၊ သစ်ရွက်များ ပွတ်တိုက်ထိတွေ့သံ၊ သစ်ပင်သစ်ကိုင်းကြီးများ ယိမ်းယိုင်လှုပ်ရှားသံများကို အဆက်မပြတ် ကြားနေရသည်။ သားကောင်အုပ်ကြီးများ၏ အလန့်တကြားပြေးလွှားသံများကို အဆက်မပြတ် ကြားနေကြသည်။ (ထူးခြားသည်က ကျွန်တော်တို့ လင့်ထက်ထိုင်နေသော သပြေပင်ကြီးနဲ့ ခတ်အုန်းပင်တို့မှာကား ဘာမျှမဖြစ်၊ တုတ်တုတ်မျှ မလှုပ်။)

မကြာမီအချိန်အတွင်း တောပြုမည်ကဲ့သို့ ဆူညံနေသော တောကြီးကား ထူးခြားစွာရုတ်ချည်းဆိတ်ငြိမ်သွားပြန်သည်။ တိတ်ဆိတ်ပြန်တော့လည်း တောပိုးကောင်မွှားကောင်ကလေးများ၏အသံများကိုပင် မကြားရတော့သည်က မသင်္ကာစရာ ကောင်းလှပေတော့သည်။

"ဗျော..ဝရော..ဝရော"

ပြင်းထန်သော တောတိုးသံများနဲ့ ခြေနင်းသံကြီးများကို ကျယ်လောင်စွာ ကြားလိုက်ကြရသလို သားကောင်ကြီးကြီးတစ်ကောင်၏ လျှောက်လှမ်းလာနေသံများကို လျှိုအစပ်ဆီမှ ကြောက်ခမန်းလိလိ တုန်လှုပ်ဖွယ်ရာ ကြားလိုက်ရပြန်သည်။ အောက်ခြေမြေပြင်ရှိ မီးဖိုမှ မီးရောင်လဲ့လဲ့ ရှိနေသေးသော်လည်း မြူဆိုင်း၍ အမှောင်ဖုံးနေသော သည်တောကြီးကို အံတုဖောက်ပြိုင်နိုင်စွမ်းမရှိသဖြင့် ဘာကောင်ကြီးမှန်း အတပ်မသိ။ အမှောင်အတွင်း လင့်စင်ပေါ်မှ ကျွန်တော်တို့အုပ်စု တစ်ဦးနှင့်တစ်ဦး တို့ထိ၍ သတိထားကြရန် အချက်ပြပြီးဖြစ်၍ ငြိမ်ကုပ်၍ အန္တရာယ်ကို ရင်ဆိုင်ကြဖို့က အသင့်အနေအထား။

ခြေသံကြီးများက ပြောင်သေကြီးများအနီးတွင် ရပ်တန့်သွားသည်။ တစ်ဖန် ခြေသံက ကျွန်တော်တို့ရှိနေရာဆီ လင့်စင်ဘက်သို့ တဖျောဖျောတောတိုးနင်းလာနေသံကြီးကို ဆက်တိုက်ကြားလိုက်ကြရသဖြင့် ဖသနတ်များကို ပြောင်းခင်း၍ အသင့်ချိန်ရွယ်ကာ 'ဒိန်' ကို





လက်တို့၍ မီးထို ခိုင်းလိုက်မိပေတော့သည်။ သုံးတောင့်ထိုး ဓာတ်ခဲမီး ခလုတ်ကို ရှေ့တွန်းပို့၍ မီးအလင်းတန်းက ပြောင်သေကြီးများရှိရာဆီသို့ စူးစူးရှရှ အမှောင်ထုအတွင်း ထိုးဖောက်သွားသဖြင့် မီးအလင်းတန်းကြီးအောက်တွင် တွေ့မြင်လိုက်ကြရသော မြင်ကွင်းများက ကျွန်တော်တို့၏ နှလုံးသားများကို ရုတ်တရက် ပြုတ်ထွက်သွားစေတော့မည့်နှယ်ပင်။ သွေးခုန်နှုန်းများ ရုတ်တရက်မြန်သွားသလို တဒုန်းဒုန်းခုန်နေသော ရင်နှင့်အတူ တစ်ကိုယ်လုံး ကြက်သီးများ ဖြန်းဖြန်းထကာ ခေါင်းမှဆံပင်များပင် ထိုးထိုးထောင်ထောင် ဖြစ်သွားကြပေတော့သည်။

ကျွန်တော်တို့တွေ့မြင်လိုက်ကြရသော အရာများကား မီးရောင်အောက်တွင် ထိုင်လျက်တစ်မျိုး၊ ထလျက်တစ်ဖုံ ကျွန်တော်တို့ရှိရာကို ရှုစိုက်ကြည့်နေကြသော နွားကိုယ်နှင့် ကျားခေါင်းသတ္တဝါ၊ ဆင်ကိုယ်နှင့် ယုန်ခေါင်းသတ္တဝါ၊ သမင်ခေါင်းနှင့် မျောက်ကိုယ်သတ္တဝါ၊ ပြောင်ကိုယ်လုံးနှင့် စံပုစလွှခေါင်းသတ္တဝါကြီးတို့ဖြင့် ကြောက်စရာအသွင်အပြင်မျိုးဖြင့် ရဲရဲနီနေသောမျက်လုံးများ၊ စိမ်းနေသောမျက်လုံးများအပြင် ကြီးမားသောငုတ်ကြီးတစ်ခု ခြေထောက်များသဏ္ဌာန်ရှိနေသော အမြစ်များပေါ်တွင် ရပ်နေပြီး သစ်ငုတ်ကြီး၏အလယ်တွင် ထွက်ပေါ်နေသော သစ်ကိုင်းခြောက်တစ်ခုက လှုပ်လှုပ်ရှားရှား ဟိုယမ်းသည်ယမ်းနှင့် ကျွန်တော်တို့ရှိရာဆီသို့ လက်ညှိုးထိုး ညွှန်ပြနေသည့်ပုံသဏ္ဌာန်ကို တွေ့မြင်လိုက်ကြရပြီး ကျန်အစွယ်သောကြီးများက လမ်းညွှန်နေမှုကို နာခံနေကြသည့်အသွင်မျိုး။

"ဒိန်း..ဒိန်း..ဒိန်း..ဒိန်း..ဒိန်း.."

ကျွန်တော်တို့၏လက်များမှ ကိုင်ဆောင်ထားကြသော သေနတ်များမှ ပေါက်ကွဲသံကြီးများအဆုံး ဓာတ်မီးရောင်အောက်တွင် တွေ့မြင်နေရသော ထိတ်လန့်ဖွယ်ရာ အကောင်ကြီးများမှာ ဘေးတိုက်တစ်မျိုး၊ နောက်သို့လန်၍တစ်သွယ်၊ ခွေခေါက်၍တစ်နည်း လဲကျသွားကြပြီး သစ်ငုတ်ကြီးမှာ နောက်သို့လှည့်၍ တောကြီးအတွင်းဆီသို့ ပြေးဝင်ပျောက်



www.burmeseclassic.com

www.burmeseclassic.com



ကွယ်သွားကြသည်နှင့်အတူ ကျွန်သတ္တဝါကြီးများမှာ မြေပြင်တွင် ကြောက်မက်ဖွယ်ရာအသံကြီးများကို နက်ကျောကျယ်လောင် ရူးရှူးစွာ အော်ဟစ်ညည်းတွားလိုက်ကြရင်း တောချုံပင်ကြီးများအတွင်း လိုမ့်၍ ဝင်ရောက်ပျောက်ကွယ်သွားကြပေတော့သည်ကို အံ့ဩထိတ်လန့်ဖွယ်ရာ မြင်လိုက်ကြရပေတော့သည်။

"အဖြစ်အပျက်နဲ့ မြင်ကွင်းတွေက မယုံနိုင်စရာဗျာ။ အဖြစ်မှန်ကို ကျိန်တွယ်ပြောပြရင်တောင် ယုံမယ့်သူ ရှိပါ့မလား။ ဆော်ထည့်လိုက်ရတာ အရသာကို ရှိသွားတာပဲ။ မှတ်ကရော။ နောက်ထပ် လာရဲကြတော့မှာ မဟုတ်တော့ဘူးဗျ"

ညာဏ်ကျယ့်အသံက အားပါးတရ ထွက်ပေါ်လာသည်။ သူပြောသလို နောက်ထပ် လာဖို့ မလာဖို့ကတော့ ကျည်ပုံ့ရဲ့အတွေ့အကြုံများ မရှိကြသေး၍ မှန်းမမှန်ကိုတော့ မသိ။

လင့်ထက်တွင် သေနတ်များကို ကန့်လန့်ဖြတ် ပေါင်ပေါ်တင်ထားကြရင်းမှ ငြိမ်သက်စွာ နောက်ထပ်ပေါ်လာမည့်အခြေအနေကို စောင့်စားနေလိုက်မိသည်။ တစ်နာရီလောက်အထိ ထူးခြားမှုက ရှိမလာ။ ပျင်းရိငြီးငွေ့ဖွယ်ရာအချိန်များ အိမ်မြန်ကုန်ဆုံး၍ မိုးလင်းသွားစေရန် ဆုတောင်းနေမိလေသည်။ ထိုစဉ် ပါးစပ်အတွင်းမှ ခံတွင်းချဉ်လာသဖြင့် ဆေးလိပ်သောက်ရန် ကြံစည်မိသော်လည်း မသောက်သင့်သေးဟု စဉ်းစားမိလိုက်သဖြင့် သပြေရွက်ကြီးများပေါ်ရှိ ပြောင်သားကင်ကို ဝါးရန်အတွက် လှမ်းယူလိုက်မိရာ မှောင်မှောင်မည်းမည်း မမြင်မစမ်း လှမ်းယူလိုက်မိ၍ လက်နှင့်တိုက်မိပြီး အရှိန်လွန်ကာ အောက်ဘက်ရှိ မီးဖိုအတွင်း မီးကျီးခဲများဆီသို့ တန်းတန်းမတ်မတ် ရောက်သွားပေတော့သည်။

"ကျွတ်.."

နူတ်ဖျားမှ သည်ဖြစ်ရပ်အပေါ် စိတ်မရှည်စွာနှင့် စုတ်သပ်လိုက်သံက ပေါ်ထွက်လာသည်။ ဘာမျှလုပ်လို့မရသလို ပြော၍ကလည်း





မရ။ သည်အတိုင်း ကြည့်နေရုံမှတစ်ပါး မရှိတော့။ ပြောင်သားစုံကြီးများမှာ မီးဖိုအတွင်းမှ မီးကျီးခဲများ၏ အပူရှိန်ကြောင့် မကြာမီ တဖျစ်ဖျစ်နှင့် လောင်မြိုက်စပြုပြီး သင်းပျံ့ပျံ့အနံ့က ထွက်ပေါ်လာသည်။

သင်းပျံ့ပျံ့..။ တကယ်ပဲ သင်းပျံ့ပျံ့ရယ်ပါ။ နောက်..တူးခါးခါးအနံ့သို့ ပြောင်းသွားပေပြီ။ တကယ်ပဲ တူးတူးခါးခါးရယ်ပါ။ သည်အနံ့များကပင် အန္တရာယ်များကို လက်ယပ်ခေါ်နေပြီဆိုတာ နောင်မှ သိခဲ့ရပေတော့သည်။ အမှတ်မထင် သည်ဖြစ်ရပ်ကား အန္တရာယ်များကို ဖိတ်ခေါ်လိုက်ခြင်းပင်။

"အောက်အီးအီးအွတ်..အောက်အီးအီးအွတ်.."

ဝါးရုံများထိပ်များဆီမှ တောကြက်ဖငယ်များ၏ တွန်သံများကို ကြားလိုက်ရသည်မို့ နာရီကိုကြည့်လိုက်တော့ အရုဏ်သို့ပင် ရောက်ရှိနေပြီး အခြေအနေများက မထူးခြားတော့သည်မို့ မျက်စိကိုအသာမှေး၍ ခေတ္တမှိန်းလိုက်မည်ပြုစဉ် တိတ်ဆိတ်သောညဉ့်ကို လှုပ်နှိုးလိုက်သလို အသံတစ်ခုကို ကြားလိုက်ကြရသည်။ မလှမ်းမကမ်းမှဖြစ်သဖြင့် အသိတရားတို့ကို အနီးစပ်ဆုံး မြောင်နူတ်ခမ်းရှိ ပြောင်သေကြီးများဆီသို့ အကြည့်များကို ပို့လွှတ်လိုက်မိသည်။ ဆိတ်ငြိမ်မှုကို တောတောင်၏ မသဲမကွဲအသံမျိုး။ အသက်ကို ပြင်းပြင်းရှူသံက လွှမ်းမိုးလာရာမှ ပြန်လည်တိတ်ဆိတ်သွားပြန်သည်။

နာရီဝက်ခန့်ကြာမည်။

"တရိန်..တရိန်.."

နီးနီးကပ်ကပ် ဆတ်တစ်သံကို ရူးရူးရှရှကြားလိုက်ရသည်။ ကျွန်တော်တို့သည် သမ္ဘာရင့်မုဆိုးများနှင့် နီးစပ်ကြသည်မို့ ယခုအသံသည် ဆတ်တစ်သံအစစ်မဟုတ်ဘဲ ကျားတစ်သံမှန်းကို အားလုံးသိလိုက်ကြသည်။

"အဟွတ်..အဟွတ်..အဟွတ်.."



www.burmeseclassic.com

www.burmeseclassic.com



လူတစ်ဦးချောင်းဆိုးသံက သည့်နေရာမှပင် ထွက်ပေါ်လာပြန်သည်။ တကယ့်လူတစ်ဦးပမာပင်။ ဟင်းကောင်သည် ကျွန်တော်တို့ကို လှည့်ဖြားနေပြီဆိုသည်က အမှန်ပင်။ အရာအားလုံးသည် ခေတ္တငြိမ်သွားပြီး လျှိုကြီးအတွင်း တောချုံများဆီမှ ချုံတိုးသံသဲ့သဲ့ကို ကြားလိုက်ရသလိုရှိသည်။ အပင်ငယ်များကို တိုးဝှေ့လိုက်သလိုပင်။ သစ်ရွက်သစ်ခက်များ ပွတ်တိုက်သံများကို ဆက်လက်ကြားနေရပြန်သည်။ သေနတ်ပစ်လိုက်သံများကြောင့် အစာရှိရာသို့ မဝင်ဘဲ လှည့်ပတ်ချောင်းမြောင်းနေပုံပင်။ မီးဖိုကြီးအတွင်း ကျနေသော ပြောင်သားနံ့က တူးတူးခါးခါး ထွက်ပေါ်ပျံ့လွင့်နေသည်ကလည်း ပါးနပ်လှသော ဟင်းကောင်ကြီးအဖို့ သံသယပွားစရာပင်။ နံနက်ခင်း အရုဏ်ပင်တက်ခဲ့သော်လည်း နှင်းမြူများကြောင့် အမှောင်ထုက ကြီးစိုးနေသဖြင့် အသီကိုသာ နားစွင့်နေကြရသည်။

တောချုံအတွင်းမှ ဟင်းကောင်က ဖြန်းခနဲခုန်ဝင်လာသည်နှင့်အတူ ဝေါခနဲ ယင်မမည်းရိုင်းအုပ်ကြီးများက ထပျံသန်းသွားလိုက်ကြသံများကြောင့် ပြောင်သေကြီး၏ အသားများကို ကိုက်ဆွဲသွားသံကြားလိုက်ရသလို အစာကိုကိုက်၍ ချုံအတွင်းသို့ ခုန်ဝင်သွားသံကိုပါ ကြားနေရသည်။

အမှောင်ထုကြီးအတွင်း ဟင်းကောင်၏ ပါးနပ်လိမ္မာမှုကို ရင်တလှပ်လှပ်နှင့် စောင့်စားရင်း အချိန်တို့သည် ကုန်နိုင်ခဲ့လှကြောင်း လက်တွေ့ပင်ဖြစ်တော့သည်။ မတတ်နိုင်။ စိတ်ရှည်ရှည်နှင့် သည်းခံစောင့်စားရပေမည်။

ထိုစဉ်မှာပင် လျှိုကြီးအောက်ပိုင်း ဝါးရုံတောများဆီ ပြောင်သေကြီးများဆီမှ ဝေါခနဲ ဝေါခနဲ ယင်မမည်းရိုင်းအုပ်ကြီးတို့က ရုတ်တရက်ပျံသန်းလိုက်ကြသော အသံကြီးများကြောင့် တောကြီးမှာ လှုပ်အန္တီးခံလိုက်ရသကဲ့သို့ပင်။





ဟင်းကောင်ကြီးများသည် လျှိုအခြေ ပြောင်သေကြီးများဆီမှ အောက်ဘက်ရှိ ပြောင်သေကြီးနှစ်ကောင်ဆီသို့ ရောက်သွားကြဟန်တူသည်။ မကြာမီအချိန်အတွင်းမှာပင် ဝေါခနဲ ဖျောခနဲ တရွတ်တိုက်ဆွဲချသွားသော အသံကြီးများကို ကြားလိုက်ရပြီး မြောင်အစပ် ပြောင်သေများဆီမှလည်း ဟဲခနဲ ဟဲခနဲ မာန်သွင်းနေသော ဟင်းကောင်ကြီးနှစ်ကောင်၏ အသံကြီးများကိုပါ ကြားလိုက်ကြရပြန်သည်။

အဘကောင်းက ကျွန်တော့်ကို ပုခက်ပေါ်မှ လက်ကုတ်ပြီး နားနားသို့ကပ်၍ လေသံနှင့် . .

"တစ်ကောင်တည်းမဟုတ်ဘူး။ အနည်းဆုံး သုံးလေးကောင်ဖြစ်မယ်။ မီးထိုးပြီး ပစ်လိုက်ကြရအောင်။ အားလုံးကို လက်တို့ပြီး အဆင်သင့်ပြင်ထားနိုင်းလိုက်"

ဒိန်ကိုင်ဆောင်ထားသော သုံးခဲထိုးမီးတန်းက မြောင်အစပ် ပြောင်သေကြီးများဆီသို့ စူးစူးရှရှတိုးထွက်သွားသည်။ ချုံပုတ်ကြီးများကို ဦးစွာမြင်ရသည်။ မီးကို ဝှေ့ဝိုက်လှည့်ပတ်ရှာလိုက်ရာ ရှုပ်ထွေးလှသော ချုံပုတ်များအကြားတွင် ရဲရဲတောက်နေသော မျက်လုံးကြီးများကို ကြောက်မက်ဖွယ် တွေ့မြင်လိုက်ကြရသည်။ ဝပ်လျက် အသားတုံးကြီးများကို ကိုက်ဖဲ့စားနေရင်း မီးရောင်ကို မော့၍ ရဲရဲဝံ့ဝံ့ပင် ပြန်ကြည့်နေသည်။ ပြီးတော့ အစာကို ဆက်စားနေကြပြန်သည်။

သေနတ်များ၏ ရှေ့ချိန်သီးများကို ဟင်းကောင်ကြီးများ၏ သေတွင်းများဆီသို့ ချိန်ရွယ်ကြလျက် အသက်အောင့်၍ သေနတ်မောင်းခလုတ်များကို ညင်ညင်သာသာပင် ဆွဲညှစ်လိုက်ကြပေတော့သည်။ သေနတ်သံကြီးများနှင့်အတူ . .

နေရာတွင်ပင် ဟင်းမျိုးနှစ်ကောင်က မလှုပ်မယှက် ငြိမ်၍ ခေါင်းစိုက်ကျသွားသည်။ တစ်ကောင်က ခုနစ်ပေလောက်ခြောက်တက်သွားပြီး ပြန်အကျတွင် ယက်ကန်ယက်ကန်နှင့် ဖြစ်နေသလို ကျန်တစ်



www.burmeseclassic.com

www.burmeseclassic.com



ကောင်က တောချုံများရှိ သစ်ရွက်သစ်ကိုင်းများကို ကြမ်းတမ်းစွာတိုး ဝှေ့လျက် ရှေ့တွင်ရှိနေသော ပေါင်လုံးခန့် 'ဖက်သမ်း' ပင်စည်လုံးကြီး အား ကျားနာခဲ ခဲရင်း သွင်သွင်ကျိုးအောင် ကိုက်ဖဲ့ပစ်လိုက်ချိန်. .

"ဒိန်း. . ဒိန်း. . ဒိန်း. ."

ဘကြီးကောင်း၊ ဦးသိန်းလွင်နှင့် အာလူးတို့က စခန်းသိမ်း လိုက်မှုကြောင့် ငြိမ်ကျသွားပေတော့သည်။

ချောက်ချားစရာကောင်းသော တောကြီးကား ယမ်းနံ့ သွေးညှီနံ့ တို့ဖြင့် ရောထွေးလျက် ငြိမ်သက်သွားပြန်သည်။ အရာခပ်သိမ်းတို့သည် သူနှင့်မဆိုင်တော့သလို ဣန္ဒြေသိက္ခာအပြည့်နှင့် တောင်ပံတဖြန်းဖြန်းခတ် လျက် တောကြက်တွန်သံများ၊ ဒေါင်းအော်သံများနှင့် မျောက်အော်သံ များကို ဟိုအဝေးဆီမှပင် ကြားနေရပေပြီ။ နှင်းငွေ့နှင်းစက်များဒဏ် ကြောင့် ချမ်းအေးနေကြပြီဖြစ်သည့်အတွက် အရက်ကိုမော့နေစဉ်အတွင်း ဦးသိန်းလွင်က. .

"ကျည်အား တော်တော်များများ ကျန်ကြသေးလားဟေ့"

"ကျွန်တော့်မှာတော့ ငါးတောင့်ပြောင်း နှစ်တောင့်၊ ကျည် ခုနစ်တောင့်ပဲ ကျန်တော့တယ်"

ညာဏ်ကျယ်က ဆိုသည်။

"ငါ့မှာ တော်တော်များများရှိသေးတယ်။ သေနတ်ချင်းက တခြားစီမို့ အဆင်မပြေဘူး။ အရမ်းလျှောက်မပစ်ကြနဲ့။ ချွေသုံးကြ။ စခန်းအရောက်ပြန်ကြဖို့က ရှိသေးတယ်။ လမ်းမှာ. . လမ်းမှာ. ."

"အူဝူ. . အူဝူ. . အူဝူ. . ဂီး. . ဂစ်. ."

ဦးသိန်းလွင်စကားပင် မဆုံးလိုက်။ အရှေ့ဆီမှ မျောက်ညို အုပ်ကြီးများ၏ အော်သံများကို ကြားလိုက်ကြရသည်။

"ဝု. . ဝု. . အူဝူ. . အူဝူ. ."

ခပ်လှမ်းလှမ်း သစ်ပင်မြင့်ကြီးများအထက်ဆီမှ မျောက်ညို





အုပ်များ၏ အသံများကို ထပ်မံကြားလိုက်ရပြန်သည်။ မျောက်အော်သံ များကို ခန့်မှန်း၍ ဘကြီးကောင်းနှင့် ဦးသိန်းလွင်တို့မှာ မျက်နှာပျက် နေချေပြီ။

"ကဲ. . လင့်စင်အောက်ကို အမြန်ဆင်းကြမယ်။ တို့ကို ကလဲ့ စားချေ တိုက်ခိုက်ဖို့ မျောက်ညိုအုပ်တွေ စုပြီးလာနေကြပြီ။ တို့ ရှောင်ကြ မှ ဖြစ်မယ်။ မလွဲသာလို့ ပစ်ရင် အထီးကိုပဲပစ်။ အမတွေမှာ ဗီးတွေနဲ့။ ကျည်မဖြုန်းကြနဲ့။ သက်စောင့်ထား. . ။ ဒိန်အရင်ဆင်း။ ရိုက်တံကောင်း အဆစ်ပိတ်ဝါးခြောက်ချောင်း အရင်ခုတ်။ တစ်ယောက်တစ်ချောင်းစီ ကိုင်ထား။ တုတ်နဲ့ဆော်လို့ရရင် ဆော်ပစ်"

ဘကြီးကောင်း၏ မိန့်မှာချက်ကို ဒိန်က သဘောပေါက်သည့် အလား ရိုင်ဖယ်ကို စလွယ်သိုင်း၍ ခတ်အုန်းပင်မှတစ်ဆင့် လျှောတိုက် ဆင်းသွားသလို ကျွန်တော်တို့အားလုံး အောက်ရောက်တော့ ရိုက်တံ ကောင်းဝါးလုံးများ တစ်ယောက်တစ်ချောင်းစီ ကိုင်လျက်။

"အူဝူ. . အူဝူ. . အူ. . အူ. ."

မဝေးတော့သော တောင်ဘက်ဆီမှ မျောက်ညိုအုပ်ကြီး၏ အော်သံများ၊ သစ်ကိုင်းသစ်ခက်များ တိုးသံ၊ ချိုးသံများကိုပင် ကြား နေရပြီ။ မျောက်အုပ်ကား အရှေ့၊ အနောက်၊ တောင်ဘက်တို့မှ အုပ်စုခွဲပြီး တိုက်ခိုက်ကလဲ့စားချေတော့မည့်ပုံပင်။

"ကဲ. . ဒိန်. . ။ အနီးဆုံးလမ်းကို ဦးတည်ပြီး တို့ထွက်ပေါက် အရင်ရှာ။ ကိုယ်ယောင်ဖျောက် စခန်းအရောက်နှင့်ဖို့ ဦးဆောင်ပေတော့"

သစ်ကိုင်းသစ်ခက်များ ခါယမ်းလှုပ်ရှားမှုများနှင့်အတူ တချီးချီး တကွကွနှင့် သစ်ကိုင်းကြီးကို အားကုန်လှုပ်ခါရင်း ရှည်လျားသောသွား များကိုဖြဲ၍ သစ်ကိုင်းထက်မှ ခြိမ်းခြောက်နေသော မျောက်ညိုအုပ်စု များထဲမှ မျောက်ထီးကြီးများကို ချိန်ရွယ်၍ ဦးသိန်းလွင်က ဆက်တိုက် ပစ်ချလိုက်ပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မျောက်ထီးကြီးများမှာ သေနတ်ဒဏ်ရာများကြောင့် သစ်ပင်မြင့်ကြီးများထက်မှ ကားခနဲပြုတ်ကျသွားကြပြီး မြေပြင်နှင့် ပြင်းထန်စွာဆောင့်မိကာ ယက်ကန်ယက်ကန်ဖြစ်နေရာမှ အတန်ကြာတွင် ငြိမ်ကျသွားပေသည်။ ကျန်မျောက်များကား သေနတ်သံကြောင့် ကြောက်ရွံ့ထိတ်လန့်စွာ ပြေးလွှားပုန်းရှောင်ကုန်ကြသလို ကျွန်တော်တို့ကလည်း ခြောက်လှန့်ပစ်ခတ်လိုက်ကြပေတော့သည်။ သည့်နောက်တွင်တော့. .

ရှာခံမုဆိုး ဒိန်ကား မြေပြင်တွင် အသက်ပျောက်နေပြီဖြစ်သော မျောက်ထီးကြီးတစ်ကောင်ကို ပြေးကောက်ကာ ပခုံးပေါ်ထမ်းလျက် ချုံကြိုချုံကြား၊ တောကြိုတောင်ကြားမှ လျင်မြန်သွက်လက်စွာ ပျောက်လှမ်းနေသလို ကျွန်တော်တို့တစ်စုကလည်း သူ့နောက်မှ ကပ်လိုက်လာကြရင်း စခန်းရှိရာ မြေပြန့်ဆီသို့ ချောမောစွာရောက်ရှိကြပေတော့သည်။

❖



www.burmeseclassic.com

www.burmeseclassic.com

# တောတို့၏အန္တရာယ်

မုဆိုးတစ်ယောက်အဖို့ မိမိပစ်ခတ်တော့မည့်တောကို ဝင်ရောက်မပစ်ခတ်မီ မှရမြေသဘာဝ သားကောင်များ၊ သီးပင်စားပင်နှင့် အခြားပေါက်ရောက်ရာ သဘာဝပေါက်ပင်များနှင့် အထက်ရှင်း အောက်ရှုပ်က နေထိုင်ကျက်စားရေ သားကောင်တို့၏ စရိုက်သဘာဝနှင့် အောက်ရှင်း အထက်ရှုပ်က ကျက်စားကြရာ သားကောင်တစ်မျိုးချင်း၏ လှုပ်ရှားပုံမျိုးကို အကြမ်းအားဖြင့် မသိဘူးဆိုလျှင် မရတာကအမှန်။

နောက်တစ်ဖန် မြေပေါ်ပျံသွား ကျေးငှက်များနှင့် မြေပြင်သွားသားကောင်တို့၏ ပတ်သက်ဆက်နွယ်မှုအကြောင်းတို့ကလည်း ရှိနေကြပြန်ရာ ကျေးငှက်သာရကာတို့၏ သဘာဝအရ အော်မြည်သံတို့ကလည်း သားကောင်တို့နှင့်ပတ်သက်၍ အထိုက်အလျောက်သိရှိထားဖို့က အမှန်ပင်လိုအပ်လှပေသည်။ ယခုပင် ကြည့်လေ. . ။

လက်စွဲတော်နှစ်လုံးပြူးသေနတ်ကို ကိုင်ဆွဲလျက် နောက်ကျောဘက်ဆီရှိ ရိုးမတောကြီးအတွင်းမှ လူသွားလမ်းကလေးအတိုင်း သတိနှင့် လျှောက်လှမ်းနေလိုက်မိသည်။ နှင်းမြူတို့အကြားမှ ပြာလဲ့လဲ့မိုး





ကောင်းကင်ကြီးကို လျှောက်လှမ်းနေလိုက်ရင်းမှ မော့ကြည့်လိုက်သည်။

နံနက်ခင်း၏ နှင်းစက်ကလေးများက ရွက်ဖားဝေဝေတို့အပေါ်တွင် ဆွတ်ဖျန်းထားခံရမှုကြောင့် တလဲ့လဲ့ဖြစ်ပေါ်နေသော စိမ်းစိုလန်းဆန်းနေသည့် ဂနိုင်တစ်ခွင်တစ်ပြင်လုံးကြီး၏ လင်းအရုဏ်နံနက်ခင်းပိုင်းကို ကျွန်တော်ခြုံငုံကြည့်လိုက်မိပေသည်။ ကျွန်တော်၏စိတ်အစဉ်တို့မှာ လှမ်း၍မြင်တွေ့လိုက်ရသော ရွက်ဖားစိမ်းစိမ်းကြီးများကဲ့သို့နွယ်လန်းဆန်းမြူးကြွသွားခဲ့ပေသည်။ ကြည်နူးရိပ်သမ်းသောစိတ်နှင့် နံနက်ခင်းဆွတ်ဖျန်းလိုက်သော နှင်းပွင့်နှင်းစက်ကလေးတို့၏ ဆော့ကစားလိုက်မှုကြောင့် မြေသင်းနံ့လေးများ၏ အငွေ့အသက်တို့ကို အထိုက်အလျောက်ရနေပေသည်။ ဒီလိုရှူရှိုက်လိုက်ရသော မြေသင်းနံ့ကလေးများအပေါ် လက်စွဲတော်နှစ်လုံးပြူးသေနတ်ကို ကိုင်ဆွဲရင်း ကြွကြွရွရွကလေး လျှောက်လှမ်းနေရတာကိုပဲ ကျွန်တော်က အနှစ်သက်ဆုံးဖြစ်သည်။

တိတ်ဆိတ်သောဝန်းကျင်ဝယ် ပီတိဖြာလျှက် လျှောက်လှမ်းနေရင်းမှ ကျေးငှက်များတစာစာအော်မြည်သံများ ကြားရာဆီသို့ သေနတ်ဒင်အသေးပိုင်းအား ပြောင်းပြန်ဆုပ်ကိုင်လိုက်ရင်း ညာဘက်ပခုံးပေါ်သို့တင်ကာ ငေးမျှော်ကြည့်နေလိုက်မိပေသည်။

အပင်ကား ညောင်ချပ်ပင်။ အသီးများကား မှည့်ရွဲနေသည်။ ကျေးငှက်များ တပျော်တပါးစားသောက်နေကြခြင်းဖြစ်သည်။ သွားလက်စခြေလှမ်းတို့ကို ရပ်တန့်လိုက်ရင်းမှ သာယာနာပျော်ဖွယ်ကောင်းလှသော ကျေးငှက်သံတစာစာတို့၏ အော်ဟစ်လိုက်ကြသံများကို နားထောင်ရင်းမှ အတွေးတို့ကလည်း ကျေးငှက်နှင့် သားကောင်တို့၏ အော်သံများမှာ အဆန်းတကြယ်ရှိကြပုံ၊ တောတွင်းအတွေ့အကြုံနည်းပါးကြသော တောလိုက်မုဆိုးများအဖို့ မှောက်မှားတတ်စရာများကို စဉ်းစားနေလိုက်မိပေသည်။

ကျား (ခ) ဟင်းမျိုးတို့၏ ‘တရိမ်. . တရိမ်. . ’ နှင့် ဆင့်သံတစ်သံ



www.burmeseclassic.com

www.burmeseclassic.com



မျိုး။ ကြက်ပေါက်စလေးများ အော်ဟစ်သံမျိုး။ လူ့ဝစ်ယောက် ချောင်းဆိုးသံမျိုး။ ကျားသစ် (ခ) မျောက်တို့၏ ဝက်ဝံကြီးများလို 'ဂူးဂဲဂူးဂဲ' ဝမ်းရုတ်သံမျိုး။ တောဆင်ရိုင်းကြီးတို့၏ 'ရှမ်း' ဟု ပြင်းထန်သော လေချွန်သံမျိုး။ မျောက်တို့၏ 'ကြိုးခွေ' ဟု အော်လိုက်သံမျိုးအပြင် ဥဒေါင်းငှက်နှင့် အပြန်အလှန်အော်ကြသည့် 'အိုးဝေ. . ကြိုးခွေ' အသံမျိုး။

ရှဉ့်နီပေါက်လေးများ၏အန္တရာယ်တွေ့နိုင်က 'ကတောက်' သံညံ့အောင်ပေးမှုများ။

ဖြူကောင်တို့၏ ကျားကြီးများကဲ့သို့ မာန်နှင့်ခြောက်လှန့်သံမျိုး။

သင်းခွေချပ်တို့၏ အသံမျိုးစုံ အတုခိုး လိုက်လံပြောဆို အော်ဟစ်သံမျိုး။

မြွေကြီးများ၏ 'ဖြီ. . ဖြီ. .' အစာရှာသံမျိုး။

ဗီးစောင့်ငှက်ကလေးတို့၏ 'ကြက်၊ ဝက် ခြောက်ကောင်' အော်သံမျိုး။

ပိန်းတူးမ (ခ) ရုံးပတီ (ခ) ငှက်နွေးတို့၏ 'ဝပ်ထရိန်း' ဟု နွားတွန်သံမျိုး။

ဘုတ်ငှက် (ခ) ငှက်ရင်ကြားလေးတို့၏ 'အီ. . အီ. . အီ. .' ဟု ကြောက်စရာ လူညည်းသံမျိုး။ 'ရေကြီးပြည့်တော့မယ်ဆို' လူကဲ့သို့ ပီပီသသပြောသံမျိုးနှင့် လေချွန်သံများ။

ပြည့်ကျိုးငှက်ငယ်လေး၏ 'ရှေ့ကြည့်' အော်လိုက်သံများ။

မိုးဒည်းငှက်ကလေးများ၏ ကြားလိုက်ရသူ မျာလောင်ခတ်သွားနိုင်သည့် အသံမျိုး။

ငှက်ဝါလို ကြားလိုက်ရသူများ ထိုင်ငိုရတော့မည့် အသံမျိုး။

ငှက်ပန်းထိမ်လို အဆက်မပြတ် တူထုနေသည့်အသံမျိုး။

သစ်တောက်ငှက်လို သစ်ပင်ကြီးခုတ်ဖြတ်လှဲနေသည့်အသံမျိုး။

ဖီးကွက်ကြီးများလို အုန်းမောင်းခေါက်နေသံမျိုး။





ဖားပျံလေးတို့၏ ပုစဉ်းရင်ကွဲကောင်များလို အော်လိုက်ကြသံမျိုး။

ငှက်တော်ကလေးတို့၏ ကြားရသောအသံကို အတုခိုးပြောသံနှင့် လေချွန်သံအမျိုးမျိုးတို့က တကယ်ပင်ဖြစ်နေကြလေတော့ မယုံကြည်လို့က မရ။ တောတွင်းအတွေ့အကြုံ အတော်အတန်မရှိကြသူများအဖို့ မှောက်မှားစရာဖြစ်သလို ချောက်ချားစရာလည်းအလွန်ကောင်းသည်မို့ အတွေ့အကြုံနည်းပါက မုဆိုးလုပ်လို့မရသည်က အမှန်။

ယခုလည်းပဲ. .

ပြောင်ထီးကြီးတစ်ကောင်နောက်ကို ခြေရာခံလိုက်ကြရင်းမှ မနေ့ညနေပိုင်းမှ စခန်းသိမ်းကာ ဗုန်းဗုန်းလဲကျ သေဆုံးသွားခဲ့သဖြင့် ပီသသာချိန်ငါးရာနီးပါးမို့ စခန်းရှိရာဆီသို့ ပြန်မသယ်ဆောင်နိုင်ကြတော့ဘဲ သစ်ပင်ကြီးတစ်ပင်ပေါ်တွင် လင့်ထိုးလျက် ဖြစ်သလိုအိပ်လိုက်ကြပြီးမှ မနက်မိုးလင်းတော့ ပြောင်သေကြီးကို ဝိုင်း၍အရေချ၊ ခုတ်ထစ်ပိုင်းဖြတ်နေကြသည်ကို ငြီးငွေ့စွာထိုင်ကြည့်နေရင်း စိတ်ပျက်စပြုလာသည်မို့ သေနတ်ကိုကိုင်ဆွဲပြီး ထွက်လာခဲ့ခြင်း ဖြစ်ပေတော့သည်။

"ကတောက်. . ကတောက်. . ကတောက်. ."

အမှတ်မထင်ပင် 'လိပ်ရိုး' ပင်ထက် ကိုင်းဖျားပေါ်မှ ရှဉ့်ဘေးကြားတစ်ကောင်က ကျေးငှက်တို့၏အသံများကြားမှ ထိုးဖောက်လျက် စူးစူးဝါးဝါး ကတောက်သံ ညံ့အောင်ပေးရင်းမှ မြေပြင်ဆီသို့ ငုံ့ကြည့်လိုက်၊ ထခုန်လိုက် လုပ်နေရင်းမှ ခုန်ဆွခုန်ဆွလုပ်နေသည်ကို လှမ်း၍ တွေ့မြင်လိုက်ရသည်။ တိတ်ဆိတ်သောဝန်းကျင်ဝယ် အတွေးတို့ဖြင့် ပီတိဖြာလျက်ဖြစ်နေရာမှ တစ်စုံတစ်ရာသော ထူးခြားမှုအရိပ်အယောင်အဖြစ် တောတွင်းသတ္တဝါတို့၏ အန္တရာယ်တစ်ခုခု ကျရောက်လာတော့မည်ဖြစ်ကြောင်း နိမိတ်လက္ခဏာမျိုးမို့ သတိထားရန်အတွက် ကျွန်တော် ရိပ်စားလိုက်မိပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



လှုပ်တစ်ပြက်ပင် မြေပြင်သို့ကပ်၍ နားစွင့်လိုက်မိသည်။ သေချာပေပြီ။ လူကိုအန္တရာယ်ပေးနိုင်လောက်သော သားကောင်ကြီးတစ်ကောင်၏ ခြေသံမျိုးပင်။ သို့အတွက် ရှဉ့်ဘေားကြားကလေးက သစ်ကိုင်းကြီးပေါ်မှ ခုန်ဆွခုန်ဆွလုပ်ရင်း ကတောက်သံ ညံအောင်ပေးနေသည် မဟုတ်ပါလား။

ရှေ့သို့သွားရာလမ်း၏ လက်ဝဲဘက် အနီးကပ်ဆုံး သပွတ်သိမ်ပင် နွယ်ကိုင်းကြီးအောက် ချုံပုတ်ကြီးအတွင်းသို့ တိုးဝင်လိုက်ကာ ပုန်းခိုလိုက်ရင်းမှ ပစ်ခတ်တော့ရန် စောင့်စားနေလိုက်မိပေတော့သည်။

ထိုစဉ်မှာပင် မျောခနဲ တောတိုးသံကြီးတစ်ခုနှင့်အတူ သစ်ကိုင်းများယိမ်းထိုးလှုပ်ယမ်းသွားသည်ကို မြင်လိုက်ရပြီး ကျွန်တော့်အထက်ရှိ သပွတ်သိမ်ပင်ကြီးမှာ သိမ့်ခနဲ လှုပ်ယမ်းသွားကာ အသီးများကြွကျလာသလို အပင်ထက်ရှိ ပိန်းတူးမ (ခ) ရုံးပတီ (ခ) ငှက်ငွေားများ အသီးများကို စားသောက်နေရင်းမှ တထိတ်တလန့်နှင့် ပျံပြေးထွက်သွားကြပေတော့သည်။

အသံကြီးကြားလိုက်ရာဆီသို့ လှမ်းအကြည့် တွေ့မြင်လိုက်ရသည်က နီညိုညိုအသွေးနှင့် ကြီးမားသော တောဆင်ရိုင်းကြီးတစ်ကောင်ပင်။

နွယ်ပင်များ ယှက်ဖြာနေသော ဝါးကိုင်းတစ်ကိုင်းကို သူ၏နှာမောင်းကြီးဖြင့် လှမ်းဆွဲလျက် ကျွန်တော့်ကို ကျောခိုင်းကာ ကိုက်ဝါးစားနေသည်ကို တွေ့လိုက်ရပေတော့သည်။

"ဟိုက်. . ဗုဒ္ဓေါ. . စွယ်နီကြီးပါလား"

အမြင်အာရုံမဝေဝါးဘဲ နောက်ခိုင်းအနေအထားနှင့် အနီးကပ်တွေ့မြင်လိုက်ရသော တောဆင်ရိုင်းကြီးတစ်ကောင်ကြောင့် နဖူးမှ ဇောချွေးများ အလိုလိုကျလာကာ အတုန်တုန်အချည့်ချည့်နှင့် ခေါင်းမွေးများ ထောင်ထလာရင်းမှ သေနတ်ကိုကိုင်ဆွဲရင်း တောဆင်ရိုင်းကြီးနှင့်ဝေး





ရာ နောက်ကျောတောကြီးအတွင်းသို့ ပြေးဝင်လိုက်မိပေတော့သည်။

"ကျည်. . ကျောင်း. . ရွှမ်း. ."

ပြေးနေရင်းမှ နောက်ကျော တောဆင်ရိုင်းကြီးရှိရာဆီမှ ကျွန်တော့်ကို မြင်တွေ့သွားသဖြင့် ပြင်းထန်သောအသံကြီးကိုပြုလျက် မြေတုန်ခမန်း အော်ဟစ်လိုက်ရင်းက ကျွန်တော့်နောက်သို့ လိုက်လာပြီ အထင်ရှိသည်မို့ မလွှတ်နိုင်သည့်အတွက် မထူးတော့ပြီမို့ လှည့်၍ပစ်ခတ်တော့ရန် သေနတ်နှင့် နောက်ဆီသို့ လှည့်၍ချိန်လိုက်မိပေတော့သည်။

ကျွန်တော်ဝင်ရောက်ပုန်းခိုရာ မြေပြန့်ဆီတွင် ဆင်ကြီးက နောက်သို့ ပြေးလွှားပြီး မလိုက်ဘဲ နှာမောင်းကြီးကိုမြှောက်လျက် သူ့ဦးကင်းဆီတွင် ကပ်ကာ. .

"ကျည်. . ရွှမ်း. ."

နှုတ်ဖျားမှ ကျယ်လောင်စွာအော်ဟစ်နေရင်းမှ ရပ်တန့်နေသော တောဆင်ရိုင်းကြီးကို အံ့ဩဖွယ်တွေ့မြင်လိုက်ရသဖြင့် အဖွဲ့သားများရှိရာဆီသို့ လျင်မြန်သောအဟုန်နှင့် ပြေးလွှားလိုက်မိပေတော့သည်။

ရင်ဆိုင်ကြုံတွေ့ခဲ့ရသော အခြေအနေနှင့် အဖြစ်အပျက်တို့ကို ပြောပြလိုက်တော့ အဖွဲ့သားအားလုံးက တအံ့တဩနှင့် မျှင်လုံးပြူးနေကြသော်လည်း ဘကြီးကောင်းတစ်ယောက်က ခပ်အေးအေးပင်။ ပြော



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပုံကလည်း. .

"ကျွန်တော်တို့တစ်တွေ မိတ်ဆွေတွေ ဖြစ်သွားကြပြီလေဗျာ။ ဘိုလေးက သူ့ကိုမသိပေမယ့် သူက မိတ်ဆွေဖြစ်ကြောင်း လုပ်ရပ်နဲ့ သက်သေပြလိုက်တာပဲဗျ"

"ဗျာ. . ဘယ်လို. . ဘယ်လို. . သူက ကျွန်တော်တို့ကို မိတ်ဆွေဖွဲ့တယ်. . ဟုတ်လား"

"ဟုတ်ရဲ့ ဘယ်ကမလဲ။ အသိအမှတ်လည်း ပြုလိုက်တယ်ဗျာ"

"ဟုတ်လား. .။ ဘယ်လိုအသိအမှတ်ပြုတာလဲ အဘကောင်းရဲ့"

အဘကောင်းကား ကျွန်တော်တို့ထက် တောတွင်းအတွေ့အကြုံ ပိုမိုရင့်ကျက်သူတစ်ဦးမို့ မေးမြန်းလိုက်ခြင်းဖြစ်ပေသည်။

"အမှန်ကတော့ စွယ်နီဟာ ဟိုင်းဆင်ကြီးတစ်ကောင်ပဲဗျာ။ သူ့ဆင်အုပ်ကြီးကို ထိန်းသိမ်းစောင့်ရှောက်ဖို့က သူ့ရဲ့အဓိကတာဝန်ပေပဲ။ ဒီလောက် သူ့အနားနီးကပ်နေတဲ့ လူတစ်ယောက်ကို မမြင်ရလောက်အောင် ခပ်ချာချာဆင်မျိုးအဖြစ်နဲ့ ဟိုင်းဘင်ဘွဲ့ကို ဘယ်ရပါ့မလဲ။ ဘိုလေးအနံ့ကို သူရမယ်။ အနီးကပ်ကြည့်မယ်။ ပြီးတော့မှ ရန်လုပ်ရမယ့်သူမျိုး မဟုတ်တဲ့အတွက် သူရှိနေကြောင်းကို အသံပေးပြီး မမြင်ချင်ယောင်ဆောင်နေတာမို့လား။ ခင်ဗျား ကြောက်ပြီး စွတ်ပြေးတော့ အသံပေးလှည့်ကြည့်ခိုင်းပြီး ဆလံတောင် ပေးလိုက်သေးတယ် မဟုတ်လား။ အဲဒါပဲပေါ့ဗျ"

အဘကောင်းပြောနေသည်မှာ ဟုတ်လောက်သလိုရှိသည်။ ယခုကဲ့သို့ တောဆင်ရိုင်းမျိုးကြီးများကား လူကိုတွေ့မြင်လိုက်ပါက အတင်းထိုး၊ အတင်းလိုက်၊ အတင်းနင်းခြေသတ်ဖြတ်တတ်သည်ချည်း မဟုတ်ပါလား။ သို့အတွက် စွယ်နီ့အကြောင်းကို စဉ်းစားနေလိုက်မိပေတော့သည်။





ပဲခွးရိုးမကြီးတစ်ကြော စိန်တောင်ကြီးနှင့် မဟူရာချောင်းဖျားတို့သည်မှာဘက်ကြောတွင် ကျက်စားနေကြသော တောဆင်ရိုင်းအုပ်စုများစွာထဲမှ အကောင်ရေငါးဆယ်ကျော် ဆင်တစ်အုပ်ကို စွယ်နီဦးဆောင်လျက် ကျက်စားပျော်မြူးနေခဲ့သည်မှာ ကြာခဲ့ပေပြီ။

တောဆင်အုပ်ကြီးတစ်အုပ်တွင် နယ်လှည့်ဟိုင်းဆင်တစ်ကောင်၏ ဦးဆောင်ကွပ်ကဲမှု ခွာစိုက်ပန်းဆင်နှစ်ကောင်သုံးကောင်နှင့် တယ်ဆင်၊ ဟန်ဆင်တို့၏ အနီးကပ်ကြီးကြပ်မှုတို့အကြားမှာ ဆင်အုပ်က ရှိနေကြပေရာ စွယ်နီသည် ထိုဆင်အုပ်ကြီး၏ ဟိုင်းဆင်ကြီးတစ်ကောင်အဖြစ် တာဝန်ယူထားရသော ဆင်ကြီးတစ်ကောင်ဖြစ်ပေသည်။

တောဆင်အုပ်ကြီးအတွင်းတွင်လည်း သူ့အတန်းအစားများနှင့်သူ ကြက်နင်း၊ ဟန်ကုတ်၊ တယ်၊ သားထိန်း အမျိုးအစားများ ရှိနေပြန်ရာ ထိုအုပ်စုများအတွင်း စွယ်နီကဲ့သို့ ဆင်ဆိုးမျိုးလည်း ရှိတတ်ကြပြန်လေရာ ယခုတလော ထိုတောဆင်အုပ်တွင် စွယ်နီဟိုင်းဆင်ကြီး၏ရန်က မသေးလှ။ မည်းမည်းမြင်လေတိုင်း လိုက်နင်း၊ လိုက်ထိုးသတ်ဖြတ်ပစ်တတ်သည်။ တောသူတောင်သားများ၊ တောထဲတွင် လုပ်ကိုင်စားသောက်နေကြရသူများအဖို့ စွယ်နီ၏ရန်ကို ကြောက်နေကြရသည်။ ယခုတလောအဖို့ စွယ်နီကလည်း လူမပြောနှင့်၊ ခွေးပင် ပြေးလို့ကမလွတ်။ ရိပ်ခနဲတွေ့လိုက်တာနှင့် စွယ်နီ၏အစွယ်နှင့် ခြေထောက်အောက်တို့တွင် အသက်ပျောက်သွားရသည်ချည်းပင်။

စွယ်နီ ယခုကဲ့သို့ အဘယ့်ကြောင့်ဆိုးသွမ်းရသနည်းဆိုသော် ဆင်အုပ်ကြီးတစ်အုပ်လုံးကို တာဝန်ယူ ထိန်းသိမ်းစောင့်ရှောက်နေရသည့် တာဝန်အပြင် တစ်နပ်စားဆင်ပစ်သမားများ၏ လက်ချက်ကြောင့် ဖြစ်ပေသည်။

အမည်သညာအားဖြင့်သာ စွယ်နီဟု အများကခေါ်ကြသော်လည်း သူ၏အစွယ်မှာ လုံးဝအနီရဲရဲကြီးတော့ဖြင့် မဟုတ်။ အနီရောင်



www.burmeseclassic.com

www.burmeseclassic.com



သမ်းနေပြီး သူ၏နာမောင်းကြီးတစ်ဖက်ခြမ်းချက်စီတွင် ကွေ့ဝိုက်၍ 'ပ' ပစောက်ပုံနှင့် အပြင်သို့ ငါးပေခန့်ရှည်ထွက်နေသော ကြီးမားတုတ်ခိုင်လှသည့် အစွယ်ရှည်ကြီးနှစ်ချောင်းကပင် သူ့ကို ဒုက္ခလှလှပြန်ပေးနေခဲ့သည်။ ရိုးမကြီးအတွင်း အမှတ်မထင် တွေ့မြင်လိုက်ကြရသူအားလုံးက စွယ်နီကို သဘောကျသည်။ သူ့ကို ချစ်လို့တော့ဖြင့် မဟုတ်၊ အစွယ်ကြီးနှစ်ချောင်းကို လိုချင်တပ်မက်ကြ၍သာ။

စွယ်နီသည် သူ့တာဝန်နှင့် အဆင့်အတန်းအရသာ ဟိုင်းဆင်ကြီးတစ်ကောင်အဖြစ် လက်အောက်ငယ်သားအဆင့်ဆင့်နှင့် တောဆင်အုပ်ကြီးကို နိုင်နင်းစွာအုပ်ချုပ်ခဲ့ပြီး လူတွေကိုတွေ့လျှင် ရန်မလုပ်။ ကွေ့ရှောင်၍များပင် သွားသေးသည်။ ရိုးမကြီးအတွင်း ရှာဖွေစားသောက်ကြရသူများအဖို့ စွယ်နီကို သဘောကျကြသည်။ လူ့ကို ရန်မလုပ်၊ ဒုက္ခမပေးသဖြင့် လူချစ်လူခင်ပေါ်သည်။ သူကပင် ရှောင်သည်၊ တိမ်းသည်။ သူ့နောက်ကို တကောက်ကောက်လိုက်လံဟောင်နေကြသော ခွေးများကိုပင် နှာမောင်းနှင့် ရေကိုစုပ်ယူပြီး ချုံကြားထဲမှ ရုတ်တရက် မှုတ်ထုတ်ပြီး ခြောက်လှန့်မောင်းထုတ် ကျီစယ်ခဲ့ဖူးသည့် သာဓကများစွာအပြင် တောသူတောင်သားများက ကြံပင်များ သူ့အနီးသို့ တိုးကပ်ကျွေးမွေးသည်ကိုပင် ယူငင်စားသောက်သည်ဟု ပြောဆိုနေကြသည်။

ယခုအချိန်မှာတော့ စွယ်နီကား ယခင်ကလို သဘောကောင်း၊ အန္တရာယ်မပြုတတ်သော တောဆင်ရိုင်းကြီးတစ်ကောင် မဟုတ်တော့။ အဘယ်ကြောင့်ဆိုသော် စီးပွားရေးတစ်နပ်စား လူသားမှဆိုးများ၏ သေနတ်ဒဏ်ရာများကြောင့်ပင်။ ဦးကင်းနှင့် လက်ပြင်တို့တွင် ယခုထက်တိုင် မကျက်နိုင်သေးသော သေနတ်ဒဏ်ရာများက သက်သေခံ၍နေပေသည်။

လူသားမှဆိုးတွေကို နာကျည်းမုန်းတီးရသော တောဆင်ရိုင်းကြီးတစ်ကောင်အဖို့ သည့်လောက်တော့ နာကျည်းမုန်းတီးစရာတွေ





ရှိနေပေပေါ့။

အချိန်မှာ မွန်းလွဲနေပြီ။ ဖျက်ထားသော ပြောင်သားတုံးကြီးများကို ကျပ်တင်မီးမြှိုက်ပြီးသည့်အတွက် ရက်လုပ်ပြီးသား ဝါးခြင်းတောင်းကြီးများအတွင်းသို့ထည့်ကာ စခန်းသို့ အချိန်မီရောက်ရှိနိုင်ကြရေးအတွက် ပြန်ကြရပေဦးမည်မို့. .

"အဘကောင်း. . တောထဲမှာ ဆင်အုပ်ရှိနေတယ်။ ဘယ်လိုသွားကြမလဲ"

"ရှောင်သွားကြတာပေါ့ဗျာ။ ထိပ်တိုက်တွေ့လို့ အန္တရာယ်ပေးရင်လည်း ကာကွယ်ကြရမှာပေါ့။ စွယ်နီရှိနေတော့ မဖြစ်တန်ကောင်းပါဘူး"

အဘကောင်းပြန်ပြောလိုက်သလိုပင် ကျွန်တော်တို့အဖွဲ့ ပြောင်သားတုံးကြီးများကို ခြင်းတောင်းကြီးများဖြင့် သပ်လျှိုထမ်းပိုးကြလျက် တောဆင်ကြီးများ ဝင်ရောက်စားသောက်နေကြရာကို ရှောင်ရှားလာကြရင်း စခန်းဆီသို့ ပြန်ဝင်ရောက်ကြတော့ အတော်ပင်မိုးချုပ်သွားခဲ့ပေပြီ။

ထမင်းများပင် ကျက်နေပြီဖြစ်သည့်အတွက် အရက်ကို လက်စသိမ်းသောက်လိုက်ကြပြီး တဲတစ်လုံးပေါ်တွင် အသင့်ပြင်ဆင်ထားပြီးဖြစ်သော ထမင်းကို ပြောင်သားဟင်း၊ ဖက်သန်းသီးပြုတ်၊ ငါးပိကင်တို့နှင့် မြိန်ရှက်စွာ စားသောက်လိုက်ကြပေတော့သည်။ မကြာမီအချိန် ထမင်းများစားသောက်ပြီးနောက် တဲများရှေ့ မီးဖိုကြီးဘေးတွင် ဝိုင်းထိုင်လိုက်ကြပြီး ညှိနှိုင်းတိုင်ပင်နေကြပေသည်။

ညသည် မှောင်မိုက်လွှမ်းလှသည်။ တစ်ချက်တစ်ချက် ပိုးစုန်းကြူးလေးများက ဟိုသည်တို့တွင် လင်းခနဲ လက်ခနဲဖြစ်နေသည်တို့မှအပ ဘာကိုမှ မမြင်ရ။ တဲသုံးလုံးရှေ့ မီးဖိုကြီးသုံးခုမှ အလျှံတညီးညီးတောက်လောင်နေသော မီးညွန့်တို့မှ အလင်းရောင်တို့ကြောင့်သာ အမှောင်ထုကို အားပြိုင်ပြီး အလင်းရောင်ကို အထိုက်အလျောက်ရနိုင်



www.burmeseclassic.com

www.burmeseclassic.com



ပေသည်။

"တရိန်. . တရိန်. ."

ဆတ်တစ်သံတချို့ကို ချောင်းမကြီးဆီမှ ကြားလိုက်ရသည်။ အမှောင်ထုကြီးကား ဂနိုင်ကြီးတစ်ခွင်လုံး ကြီးစိုးမင်းမူထားနေသည်မို့ မိုးကောင်းကင်ထက်ဝယ် ကြယ်တာရာကလေးများမှလွဲပြီး 'ယမ' စခန်းကလေးတွင် အလင်းရောင်တို့က မရှိ။ စခန်းဆိုသည့်အတိုင်း တဲကလေးများမှာ တစ်ဖက်ရပ်တဲသုံးလုံးသာရှိသည်။ ပုံသေ လူမနေဘဲ တောင်ခြေအောက်အရပ်များမှ တောကြီးအတွင်းသို့ဝင်ကာ သစ်၊ ဝါး၊ လံထင်းနှင့် မီးသွေးဖုတ်ကြသူများ ခေတ္တအမောဖြေစခန်းချကြသော နေရာကလေးတစ်ခုသာဖြစ်ပေသည်။ ညအိပ် စခန်းချပါကလည်း တဲကလေးများ၏ ရှေ့မျက်နှာစာ မီးဖိုကြီးများတွင် ဝါးစိမ်းများကို တစ်ဆစ်ချင်းဖြတ်၍ မပြတ်တမ်း မီးဖိုကြီးများအတွင်းသို့ ထည့်ထားကြရသဖြင့် 'ဖောင်း. . ဖောင်း. .' နှင့် ဝါးဆစ်ပေါက်ကွဲသံတို့က အဆက်မပြတ်ပင် ကြားနေရလေ့ရှိသည်။ တကယ်တော့လည်း 'ယမ' တွင် ညစဉ် သည်အသံမျိုးက မဆန်းတော့။ အဘယ်ကြောင့်ဆိုသော် ထိုစခန်းအနီးပတ်ဝန်းကျင်တို့တွင် တောဆင်ရိုင်းအုပ်ကြီးများ ပေါများပြီး ကျက်စားပျော်ရွှင်နေလေ့ ရှိကြသောကြောင့်ပင်။

ကျွန်တော်တို့ သည်တောကိုလာရသည့် အဓိကရည်ရွယ်ချက်က ပြောင်များပစ်ခတ်ကြဖို့ပင်။ ရည်ရွယ်ချက်အတိုင်း ပြောင်အုပ်နောက်ကို လိုက်ကြပြန်ငေတာ့လည်း နောက်ဆုံး ပြောင်ကြီးတစ်ကောင်ကို စခန်းသိမ်းပစ်ခတ်ရရှိချိန်သည် နေပင်အတော်စောင်းနေသည်မို့ ကျွန်တော်တို့အုပ်စု စခန်းကိုလည်း မပြန်နိုင်ကြ။ ပြောင်ကြီးကိုလည်း သယ်မ,လို့မရ။ အချိန်မီ အရေချွ။ အသားဖျက်ဖို့ကလည်း အချိန်မရကြသည်မို့ သစ်ပင်ကြီးတစ်ပင်ပေါ်တွင် ယာယီလင့်ထိုးလျက် နားနေလိုက်ပြီး မိုးစင်စင်လင်းခါမှ အသားများကိုဖျက်၊ ကျပ်တင်ကာ သယ်ဆောင်





လာခဲ့ကြရပြီး မိုးချုပ်မှပင် စခန်းသို့ဝင်ရောက်နိုင်ခဲ့ကြသည်မို့ ပင်ပန်းလွန်းလှကြသဖြင့် မှိန်းစက်အနားယူနေရင်းမှ စွယ်နီကို သတိတရရှိနေလိုက်မိပေသည်။ အဘကောင်းပြောလိုက်သော စကားတို့ကိုလည်း ပြန်လည်ကြားယောင်နေလိုက်မိပေသည်။

"ကျွန်တော်တို့တစ်တွေ မိတ်ဆွေဖြစ်သွားကြပြီလေဗျာ။ ဘိုလေးက သူ့ကိုမသိပေမဲ့ သူက မိတ်ဆွေဖြစ်ကြောင်း လုပ်ရပ်နဲ့ သက်သေပြသွားတာပဲဗျာ". . တဲ့။

အမှန်ကလည်း အဘကောင်းပြောခဲ့သလို ဖြစ်နိုင်သော ကိစ္စတစ်ခုပင်။ အမှတ်မထင် ဧတာဆင်ရိုင်းကြီးတစ်ကောင်၏ အသက်ကို အတတ်နိုင်ဆုံး ကူညီပေးလိုက်မှု၏ ရလဒ်များပင် မဟုတ်ပါလား။

ပြောင်အုပ်နောက်ကို လိုက်လံပစ်ခတ်ကြရန်အတွက် ကျွန်တော်တို့အဖွဲ့သည် ရိုးမတောကြီးအတွင်း အထိုင်ချမည့်စခန်းကို ရောက်ရှိကြတော့ သုံးနာရီပင် ကျော်ခဲ့ပေပြီ။ သားကောင်တို့၏ အခြေအနေများကို မေးမြန်းဇလှလာရန်အတွက် ယနေ့ည အနားယူလိုက်ကြရင်း ချက်ပြုတ်စားသောက်နေကြစဉ်. .

"ကျည်. . ကျည်. . ကျည်. ."

နက်ကျောကျယ်လောင်စွာနှင့် ချောင်းမကြီးဆီမှ တောဆင်ရိုင်းကြီးတစ်ကောင်၏ စူးစူးဝါးဝါးအော်ဟစ်လိုက်သံကြီးကို ကျွန်တော်တို့ ကြားလိုက်ရသည်မို့. .

"ဆင်ရိုင်းအုပ်ဆီက အော်လှချည်လား။ ဆင်တွေ ဘာဖြစ်ကြတာလဲ မသိဘူး"

ရှာခံမုဆိုး ကိုလှမြင့်က ပြောလာသည်မို့ အာလူးက. .

"ဆင်ရိုင်းအုပ်ရဲ့ အော်သံမျိုး မဟုတ်ဘူးဗျ။ တစ်ကောင်တည်း အော်နေတဲ့ အသံမျိုးပဲ"

"အေး. . ဟုတ်သားပဲ၊ ဝမ်းခေါင်းသံကြီးနဲ့ ညစ်အော်နေတာ။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခု အန္တရာယ်ကြုံနေလို့ အကူအညီတောင်းနေတဲ့ အသံမျိုးနဲ့တူတယ်"

ဉာဏ်ကျယ်က ပြောလိုက်သည်။ ဟုတ်လည်းဟုတ်လောက်သည်မို့ ကျွန်တော်က. .

"နေပါဦး ကိုလှမြင့်ရဲ့။ ဒီဆင်အုပ်ကြီးက ဒီဘက်ကို ကျွံဝင်မလာဘူးလား"

"မဝင်နိုင်ဘူးခင်ဗျ။ ချောင်းမကြီး ဟိုမှာဘက်ကမ်းမှာပဲ သူတို့ကျက်စားကြတယ်။ ဒီဘက်ကို လာချင်ရင် ဟိုမဟူရာဘက်က ဝင်ကြရမယ်။ ချောင်းထဲ ဆင်းဖြတ်ဖို့ကလည်း ကမ်းပါးယံကြီးက ဆင်းလို့ရဦးတော့ ချောင်းကိုဖြတ်ရင် နွံနစ်မှာမို့ သူတို့ ဒီဘက်ကို မဖြတ်ကြဘူးဗျ။ သိပ်ပါးတဲ့အကောင်တွေ"

"ဩ. . ဩ. . ဩ"

ကျွန်တော်တို့ ပြောဆိုနေကြစဉ် တောဆင်ရိုင်းကြီးများ၏ အော်ဟစ်လိုက်ကြသံကြီးများကို ထပ်မံ၍ အနီးကပ်ကြားလိုက်ရပြန်သည်။ အာလူးပြောသလိုပင် အော်လိုက်သံက တစ်ကောင်တည်း၏ အော်လိုက်သံမို့ ကျွန်တော်က. .

"အေးဗျ ကိုလှမြင့်ရဲ့။ ချောင်းမကြီးဆီ သွားကြည့်လိုက်ကြဖို့ ကောင်းတယ်။ ဒီအော်လိုက်သံမျိုးက ရိုးရိုးမဟုတ်ဘူးဗျ။ တစ်ခုခုတော့ တစ်ခုခုပဲ"

ကျွန်တော့်စကားအဆုံး မောင်ယဉ်ကြိုင်က သေနတ်တစ်လက်ကိုဆွဲလျက် ထွက်ခွာသွားပေသည်။ တောဆင်ရိုင်းကြီး၏ ဆက်ကာဆက်ကာ အော်လိုက်သံများကို နားထောင်နေကြရင်းမှ မောင်ယဉ်ကြိုင်အပြန်ကို စောင့်စားနေလိုက်မိလေသည်။

နာရီဝက်ခန့်အကြာတွင် သေနတ်ကိုထမ်းလျက် အပြေးအလွှားနှင့် ရောက်ရှိလာသော မောင်ယဉ်ကြိုင်က. .





"တောဆင်ကြီးတစ်ကောင် ကမ်းပါးယံက ချော်ကျပြီး ချောင်းထဲမှာ နွံနစ်နေတယ်ဗျ"

"ဟုတ်လား။ အခြေအနေကကော ဘယ်လိုရှိလဲကွ"

"အခြေအနေကတော့ ဆင်ကြီးကိုယ်လုံး သုံးပုံနှစ်ပုံ နွံထဲမှာ နစ်ဝင်နေတယ်။ ရှေ့လက်ပြင်ပိုင်းလောက်သာ ပေါ်တယ်။ ဆက်ရုန်းရင် ပိုနစ်မှာစိုးလို့နဲ့ တူတယ်။ ငြိမ်နေပြီး အော်ဟစ်အကူအညီတောင်းနေတဲ့ ပုံမျိုးပဲ။ ကြာရင်တော့ သေမယ်ထင်တယ်"

"ဟော. ."

မောင်ယဉ်ကြိုင်ပြောလိုက်သော စကားတို့ကြောင့် အံ့သြကြရသူများက ကျွန်တော်တို့ပင်။ မတွေ့ဘူး၊ မမြင်ဘူး၊ မကြုံဆုံခဲ့ကြဘူးသူများမို့ ရတောင့်ရခဲ၊ မြင်ရခဲသော ကိစ္စမျိုးအပြင် အကူအညီပေးလို့ရကပေးနိုင်ရန်ဆန္ဒများ ပေါ်ပေါက်လာခဲ့သည်မို့ အဘကောင်းနှင့် အစ်ကိုကြီးဦးသိန်းလွင်တို့ကို ကြည့်လိုက်ကာ မေးငေါ့ပြလိုက်မိတော့. .

"ကဲ. . ကိုလှမြင့်၊ တင်သိန်း၊ တင်စိုးနဲ့ ယဉ်ကြိုင်တို့က လွှ၊ ပုဆိန်နဲ့ ဓားတွေ ယူခဲ့ကြ။ ကျန်လူတွေက သေနတ်တွေ ယူခဲ့ကြပေါ့။ ကျည်ကြီးတွေ ထည့်ထား။ သွားလိုက်ကြရအောင်"

အဘကောင်းစကားအဆုံးတွင် အားလုံး တစ်ပြိုင်တည်း ထလိုက်ကြပြီး မိမိယူဆောင်ကြရမည့် ပစ္စည်းများကိုယူလျက် ချောင်းမကြီးဆီသို့ ထွက်ခွာလာခဲ့ကြပေသည်။ အဘကောင်း ယူဆောင်ခိုင်းသောလွှ၊ ဓားနှင့် ပုဆိန်တို့ ဘာကြောင့်အယူခိုင်းလိုက်သည် ဆိုသည်ကိုတော့ ကျွန်တော့်တွင် ပဟေဠိဆန်နေပေမယ့် မမေးသာ၍ မမေးမိတော့။ ကိုယ်က သည်ပွဲမှာ ပွဲကြည့်ပရိသတ်ပေပဲကိုး။

ချောင်းရိုးအကျယ်ကား ဝါးလေးရိုက်စာခန့် ကျယ်သည်။ နှစ်ဖက်ကမ်းပါးယံကြီးများနှင့် နက်စောက်သော ချောင်းမကြီးကား နှိမ့်မကြီးကို ဟိုမှာဘက်နှင့် သည်မှာဘက်ကို စည်းရိုးအဖြစ် ကာဆီးထား



www.burmeseclassic.com

www.burmeseclassic.com



လေဟာန်။

သည်မှာဘက် ကမ်းပါးယံသို့ ရောက်လုတွင် ဟိုမှာဘက် ကမ်းပါးယံပေါ်မှ တောဆင်ရိုင်းကြီးများ အော်လိုက်ကြသံများနှင့် တဝုန်းဝုန်း၊ တဖြောဖြော ပြေးလွှားကြသံများနှင့် သစ်ကိုင်းကြီးများကို ချိုးဖဲ့သံတို့ကို အတိုင်းသား ကြားနေရပေသည်။ ကျွန်တော်တို့သည် သေနတ်များကို မောင်းတင်လိုက်ကြပြီး တောချုံပုတ်ကြီးများအကြားမှ တိုးလျက် အခြေအနေကို လှမ်း၍ကြည့်ရှု အကဲခတ်နေလိုက်ကြပေတော့သည်။

တွေ့မြင်လိုက်ရသော မြင်ကွင်းက အံ့သြစရာနှင့် မယုံကြည်နိုင်စရာပင်။ ချောင်းမကြီး၏ ဟိုမှာဘက် ကမ်းပါးယံဆီတွင် ဆင်ရိုင်းဆယ်ကောင်သည် ကမ်းပါးယံများတွင် ဒူးတုပ်ရင်းထိုင်လျက် အောက်ကိုငုံ့ကြည့်နေကြသည်။ ရွံ့နှံ့အတွင်း နစ်မြုပ်လုနီးပါးဖြစ်နေသော တောဆင်ရိုင်းကြီးကို သူတို့၏ နှာမောင်းအဖျားတွင် ရှိနေကြသော ငှက်ပျောသီးမှည့်များသီးနေသော အခိုင်များပါသည့် ငှက်ပျောပင်ကြီးများကိုလည်းကောင်း၊ ကြံပင်များကိုလည်းကောင်း၊ အခြားသော သစ်သီးများကို စားသောက်နိုင်စေရန်အတွက် ပစ်ချပေးနေပြီး၊ အခြားဆင်များက လူတစ်ကိုယ်စာခန့်ရှိ အတန်ငယ်ကြီးမားသော သစ်လုံး၊ သစ်ကိုင်းကြီးများကို ချိုးဖဲ့ယူငင်၍ နွံနစ်နေသော တောဆင်ရိုင်းကြီးနံဘေး ပတ်လည်ဆီသို့ သူ့ထက်ငါ အလုအယက် သစ်တုံးကြီးများကို ပစ်ချပေးနေကြသည့် မြင်ကွင်းကြောင့်ပင်။ တောဆင်ရိုင်းအုပ်စုသည် ဆင်တစ်ကောင် ကမ်းပါးယံမှ နွံအိုင်ကြီးအတွင်းသို့ ထိုးကျသွားခဲ့သည်ကို မူလက မသိရှိကြဘဲယခု အော်ဟစ်လိုက်သံကြီးကြောင့် သိရှိလိုက်ကြရပြီး သူတို့အပေါင်းအဖော်အား နွံအိုင်တွင်းမှာ အသက်မသေစေရေးအတွက် ဝိုင်းဝန်းကယ်တင်နေကြသည့် အသွင်သဏ္ဌာန်မျိုးမို့ ကြည့်နေကြရသော ကျွန်တော်တို့အဖို့ တအံ့တသြပင် ရှိနေကြပေတော့သည်။

"ကဲ. . ဘိုလေး၊ အဘကောင်းနဲ့ အစ်ကိုကြီးဦးသိန်းလွင်. . ။





အဖြစ်အပျက်ကတော့ မြင်ကြရတဲ့အတိုင်းပါပဲ။ ဘာဆက်လုပ်ကြမလဲ"

မေးလာသူက ရွာခံမုဆိုး ကိုလှမြင့်အသံပင်။ အဘကောင်းက. .

"အဲ. . ဟိုသစ်ပင် ချောင်းထဲကို ယိုင်နေတယ်။ အဲဒီအပင်အရင်းကခုတ်ပြီး လှဲချပေးလိုက်ရင် သူ့နှာမောင်းနဲ့ ပင်စည်ကို ဆွဲတက်လာနိုင်လိမ့်မယ် ထင်တယ်ကွ"

အဘကောင်းပြောလိုက်သောကြောင့် သူလက်ညှိုးထိုးပြရာအပင်ကို ကြည့်လိုက်တော့ ကမ်းပါးယံထိပ်တွင် ချောင်းအတွင်းသို့ ငိုက်၍ပေါက်နေသော လူနှစ်ဖက်စာခန့် ကုက္ကိုပင်ကြီးတစ်ပင်။

"ကောင်းတယ် အဘ။ အပင်ကို ချောင်းအတွင်းလှဲချလိုက်ရင် ဖက်ပြီးတက်လာလို့လည်း ရတယ်။ ဆာရင် အရွက်ကိုလည်း စားလို့ရတာပေါ့"

ကျွန်တော့်စကားဆုံးတော့ ကိုလှမြင့်၊ တင်သိန်း၊ တင်စိုးနှင့် ယဉ်ကြိုင်တို့မှာ လွှ၊ ပုဆိန်၊ ဓားများကိုယ်စီနှင့် ပုန်းခိုနေသော တောချုံပုတ်ပင်ကြီးအောက်မှထွက်၍ ကုက္ကိုပင်ကြီးဆီ ဖြတ်တောက်ဖို့ သွားနေပေသည်။

နွံအတွင်း နစ်ဝင်နေသော တောဆင်ရိုင်းကြီးအသက်ကို ကယ်တင်နိုင်ရေးအတွက် သစ်တုံးများချပေးနေသော ဟိုမှာဘက် ကမ်းပါးယံအထက်မှ တောဆင်ရိုင်းကြီးများသည် အမှတ်မထင် တစ်ဖက်ကမ်းဆီမှ လူသားလေးဦးကို တွေ့မြင်လိုက်ကြရသဖြင့် တထိတ်တလန့်နှင့် ဝိုင်းဝန်းအော်ဟစ်လိုက်ကြရင်း သူတို့၏နှာမောင်းကြီးများတွင် သယ်ပိုးလာကြသော သစ်ကိုင်းကြီးများနှင့် လှမ်း၍ပစ်ပေါက်နေကြသည်။ သို့သော်သူတို့ပစ်ပေါက်ချက်များကား အရာမရောက်။ အချည်းနှီးပင်။

ကိုလှမြင့်နှင့် တင်သိန်းတို့က အပင်အရင်းမှ လွှဖြင့်တိုက်ဖြတ်သလို တင်စိုးနှင့်ယဉ်ကြိုင်တို့ကလည်း ပုဆိန်နှင့်ဓားများဖြင့်ပိုးမှုကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ခရီးရောက်သလိုရှိပေသည်။ တောဆင်ရိုင်းအုပ်စုမှာ တစ်ဖက်မှ တဝုန်းဝုန်း ဖြစ်နေရင်းမှ သည်လူသားများကား သူတို့ထင်ထားသလို အန္တရာယ်ပေးကြမည့်လူများ မဟုတ်ဘဲ ကူညီကြသည့်လူများအဖြစ် အထင်ရှိသွားကြဟန်မို့ အတန်ငယ်ငြိမ်သက်သွားကြသော်လည်း တချို့အကောင်များကခဲများကောက်၍ လှမ်းပစ်နေကြသေးသည်။

"ကျည်. . ကြောင်း. ."

ဆင်အုပ်များအတွင်းမှ ဆင်ကြီးတစ်ကောင်၏ အော်ဟစ်လိုက်သံကို မိုးခြိမ်းသံကြီးပမာ ကြားလိုက်ရသည်။ ထိုအသံကြီးကို ကြားလိုက်ရပြီးနောက် သစ်လုံးသစ်ကိုင်းများကို ဆွဲယူလာခဲ့ကြသော ဆင်အုပ်သည် ကျွန်တော်တို့ထံသို့ မပစ်ပေါက်ကြတော့ဘဲ နွံနစ်နေသော တောဆင်ရိုင်းကြီးနံဘေးသို့ ပစ်ချနေကြသည်ကို တွေ့မြင်လိုက်ရတော့သဖြင့် ချုံပုတ်ကြီးအောက်မှ ကျွန်တော်တို့ တိုးထွက်လိုက်ကာ ဆင်ကြီးများကို လှုလုံးပြလိုက်ကြပေတော့သည်။ ကျွန်တော်တို့ကိုလည်း မူလမြင်ပြီးသား လူလေးဦးကဲ့သို့ သူတို့အခက်အခဲကို အကူအညီပေးကြမည့်လူများအဖြစ် အထင်ရှိသွားကြသည်မို့ တောဆင်ရိုင်းအုပ်ကြီးက ရန်ဆက်မမူတော့သလို ကုက္ကိုပင်ကြီးမှာ တဖျစ်ဖျစ်အသံကြီးမြည်လျက် ချောင်းအတွင်းသို့ လဲပြိုဆင်းသွားပေတော့သည်။

"ကျည်. . ကျွည်. ."

"ဘိုလေး. . ဟိုမှာ ဈွယ်နီက ကျွန်တော်တို့ကို အသံပေးပြီး ကျေးဇူးတင်ကြောင်း ပြောနေတယ်"

ဘကြီးကောင်းပြောသလို ချောင်း၏ဟိုမှာဘက်ကမ်းပါးယံပေါ်မှ ဆင်အုပ်ကြီးကို လှမ်းကြည့်လိုက်တော့ ထိပ်ဆုံးတွင် တခြားဆင်များနှင့် ပိုမိုတုတ်ခိုင်သန်စွမ်းလျက် နီကြင်ကြင်ကွေ့ဝိုက်နေသော အစွယ်ရှည်ရှည်ကြီးနှစ်ချောင်းအကြားမှာ သူ၏တုတ်ခိုင်သောနှာမောင်းကြီးကို သူ၏ဦးကင်းတွင်ကပ်လျက် ကျေးဇူးတင်ရှိကြောင်း ပုံစံမျိုးနှင့် တွေ့မြင်လိုက်ရ





သော ဈွယ်နီကြီးကို မြင်တွေ့လိုက်ရပေတော့သည်။

တောတိုင်းသည် အန္တရာယ်ရှိသည်ဆိုသော်လည်း အမှတ်မထင်သည်ဖြစ်ရပ်မျိုးနှင့်ကျပြန်တော့လည်း မှန်ကန်သည်ဟု ယူဆ၍မရသည်ကဖြင့် ကိုယ်တွေ့မှိုပင်။ ။

❖

www.burmeseclassic.com

www.burmeseclassic.com




## မုဆိုးနဲ့သားကောင်

မုဆိုးအလုပ်ဆိုသည်က အိမ်မှာမွေးထားတဲ့ အိပ်တန်းတက်နေတဲ့ကြက်ကို ရိုက်ချက်စားလိုက်တာလောက် လွယ်ကူသည့်အလုပ်မျိုး မဟုတ်။ တောကြီးအတွင်းဆီသို့ ဝင်ရောက်ပြီး အမဲသားကောင်များကို ပစ်ခတ်တော့မည့် မုဆိုးတစ်ယောက်အဖို့ တောတွင်းရှိ သားကောင်တစ်မျိုးချင်းတို့၏ သဘာဝစရိုက်၊ နေထိုင်စားသောက်တတ်ကြပုံ၊ လှုပ်ရှားသွားလာပုံ၊ အော်မြည်ဟစ်ကြွေးတတ်ကြပုံတို့အပြင် ထိုသားကောင်တို့၏ အသံများတို့သည် မိမိလုပ်ငန်းနှင့် မည်ကဲ့သို့ဆက်နွယ်ပတ်သက်လျက်ရှိသည်ကို မသိလို့က မရ။ ရေမြေသဘာဝတို့နှင့် သီးပင်စားပင်တို့အကြောင်းကိုလည်း အကြမ်းအားဖြင့်မှ မသိရှိထားလို့က မရ။

နောက်တစ်ချက်က သားကောင်တစ်မျိုးချင်းစီ၏ လှုပ်ရှားသွားလာစားသောက်တတ်မှု၊ မည်သည့်အချိန် မည်သည့်အပင်သီးသည်ကို မည်သည့်သားကောင်တို့က စားသောက်တတ်ကြသည်ကို မသိပါက သားကောင်ပစ်ခတ်ဖို့ဆိုသည်မှာ လွယ်ကူသောအလုပ် မဟုတ်ချေ။

ယခုလည်းပဲ. .

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် တော်တော်များများ တောတွင်းရှိ သားကောင်များတို့၏ အတွေ့အကြုံကို ရယူထားသူဖြစ်ပါလျက် ကြမ္မာငင်တော့မည့် အရေးနှင့် ကြုံတွေ့လိုက်ရသော်လည်း တတ်သိနားလည်ထားသောပညာရပ်က ကိုယ့်ဘက်ဆီမှ ရပ်တည်လိုက်သောကြောင့် အသိတရားတို့ကို ရှုတ်ခြည်းစုစည်းလိုက်ကာ အနိုင်ပြန်လည်ရယူလိုက်ရခြင်းပင်။

သင်းကွဲပြောင်ကြီးတစ်ကောင်ကို နှစ်ရက်တိုင်တိုင် ခြေရာလိုက်ကောက်ပြီးပါမှ နောက်ဆုံးစခန်းသိမ်း ပစ်ခတ်လိုက်နိုင်ခဲ့သည်။ သားကောင်နောက် ဖောနှင့်လိုက်ကြရင်း ပစ်ခတ်လို့ရလိုက်ပြန်တော့လည်း အပြန်ခရီးက ဝေးကွာလွန်းလှသလို လှည်း၊ မြောင်တို့နှင့် စမ်းများတို့ကို ဖြတ်ကျော်သယ်ဆောင်ကြရမည်မို့ အခက်အခဲနှင့်တွေ့ကြရာ ထိုနေရာတွင်ပင် သားကောင်ကြီးကို အရေချွ၊ အသားတို့ကို ကျပ်တိုက်ပြီး နိုင်သလောက် ထမ်းပိုးသယ်ဆောင်သွားကြမှ ရမည့်အရေးမို့ မည်ကဲ့သို့ ဆောင်ရွက်ကြမည်ကို ဘကြီးကောင်းနှင့် လူငယ်အဖွဲ့သားတို့ စုပေါင်းတိုင်ပင်နေကြစဉ် ကျွန်တော်က အိတ်ကပ်အတွင်းမှ ရှမ်းဖက်လိပ်တိုကို မီးတို့ဖွာရှိုက်ရင်း အုန်းဖင်ကြီးအခြေရှိ မြစ်ဆုံတွင် ထိုင်၍စောင့်စားကာ အတွေးများတို့ကိုလည်း ဖြန့်ထုတ်နေလိုက်မိသည်။

အတွေးတို့ကား မုဆိုးတစ်ယောက်အဖို့ တောတွင်းနေသားကောင်တို့၏ သဘာဝအော်မြည်လိုက်ကြသံများ၊ ဥပါယ်တံမျဉ်လုပ်ကြံအော်လိုက်ကြသံများဗီဇတို့ကို သိရှိနားလည်ထားသင့်ပုံများကို တွေးတောနေလိုက်မိရင်း အမှန်တကယ်အံ့ဩစရာကောင်းပုံများတို့ကိုလည်း တွေးတောနေလိုက်မိပေသည်။

– ငှက်ငန္ဓား (ခ) ပိန်းထူးမ (ခ) ရုံးပတီငှက်တို့၏ 'တဘူးဘူး' နှင့် အော်သံမျိုးအပြင် 'ဝပ်. . ထရိမ်း' ဟု နွားသိုးကြီးများ တွန်သံမျိုး။

– မြည်ကျိုးငှက်ကလေးတို့၏ 'ရှေ့ကြည့်' ဟု အော်လိုက်သံမျိုး။

– ဘုတ်ငှက် (ခ) ငှက်ရင်ကြားလေးတို့၏ 'ရေကြီးပြည့်တော့





မယ်ဆို' ဟူသည့် လူကဲ့သို့ ပီပီသသပြောလိုက်သံမျိုး၊ တအီးအီးနှင့် လူညည်းသံလိုမျိုး၊ လေချွန်သံအမျိုးမျိုး၊ အခြားငှက်သံများကို အတုခိုးလိုက်အော်သံအမျိုးမျိုး။

– ငှငှက် (ခြေစိမ်း၊ ခြေနီ) ငှက်တို့ 'မယ်ဇက်ကယ်ဆို ဈေးရောင်းလိုက်ပါဦး၊ တစ်ခွက်ဖိုး' ဟူသည့် အသံများ။

– တောလုံငှက် (ခ) ကျားနှင်ငှက်မျိုးလို 'ငပျောက်. . ထွက်ဟ. . ဦး. . ဖွဖွ' ဟု အော်လိုက်ကြသံမျိုး။

– ဒိုးစောင့်ငှက်များတို့လို 'ကြက်၊ ဝက် ခြောက်ကောင်' အော်လိုက်ကြသံမျိုး။

– မျောက်နှင့် ဒေါင်းတို့ အပြန်အလှန် 'အိုးဝေ. . ကြိုးခွေ' အသံများ။

– ငှက်ပန်းထိမ်လေးများတို့ကဲ့သို့ 'တတုံတုံ' နှင့် တူထုသံမျိုး။

– သစ်တောက်မငှက်အသံလို 'တဒုတ်ဒုတ်' နှင့် သစ်ပင်ခုတ်ဖြတ်နေသံမျိုး။

– မိုးမည်းငှက်ငယ်ကလေးတို့လို သူ့အသံကို ကြားလိုက်ရသူတိုင်း ပျာလောင်ခတ်သွားစေသည့်အသံမျိုး။

– ငှက်ဝါကလေးတို့၏ အသံလို ခံစားချက်နှင့် ကြားလိုက်ရသူအပေါင်း ထိုင်ငိုရတော့မည့် အသံမျိုး။

– ဖားပျံ၊ ကျောက်ဖားငယ်ကလေးတို့၏ ပုစဉ်းရင်ကွဲများကဲ့သို့ အော်သံမျိုး။

– နွားတို (ခ) မြွေတို့၏ 'တပျီပျီ' အသံမျိုး။

– ရှဉ့်နီပေါ်တို့၏ ကတောက်သံမျိုး။

– နွားရှည် (ခ) တောဆင်ရိုင်းကြီးများတို့၏ 'ဖြောင်း. . ရွှမ်း' ဟု ပြင်းထန်သော လက်ကောက်မှုတ်သံမျိုး။

– ငပျောက် (ခ) သစ်ဆင် (ခ) ကျားသစ်တို့၏ 'ဝူးခဲ့. . ဝူးဂဲ'



www.burmeseclassic.com

www.burmeseclassic.com



ဝံကြီးတို့ကဲ့သို့ ဝမ်းရုပ်လိုက်သံမျိုး။

– ဟင်းမျိုး (ခ) ကျားတို့၏ 'တရှိန်ရှိန်' နှင့် ဆတ်တစ်လိုက်သံမျိုး၊ လူကြီးတစ်ဦး ချောင်းဆိုးလိုက်သံမျိုး၊ တောကြက်ပေါက်စလေးတို့၏ အသံမျိုး။

– ချေ (ဟောက်)၊ ဒရယ် (ဖို့ ပျူ)၊ ဆတ် (တစ်) သံတို့က တကယ်ပင်ရှိနေကြပြန်တော့ မယုံကြည်လို့က မရ။ တောတောင်များတို့အတွင်း သားကောင်တို့၏ အသံတို့ကို အတော်အတန်သိမထားက အခက် တွေ့ကြရသည်။

"ဝုန်း . . ဝေါ . . ဝေါ . . ဝေါ . ."

ဘေးတိုက်လဲကျ အသက်ပျောက်နေပြီဖြစ်သော ပြောင်သေကြီးထံမှ ထွက်ကျလာသော သွေးညှီနံ့များတို့ကြောင့် မြေပြင်ရှိ သွေးကွက်ကြီးများတို့နှင့် သားကောင်ကြီး၏ သေနတ်ဒဏ်ရာအပေါက်ကြီးများတို့ဆီတွင် ဘယ်ကဘယ်လို ရောက်ရှိလာကြမှန်းမသိသော ယင်မမည်းရိုင်းကောင်အုပ်ကြီးတို့၏ ရုတ်တရက် ထပျံသန်းလိုက်၊ ပြန်နားပြီး အသားများကို စားသောက်နေကြသော အသံကြီးများတို့ကြောင့် ကျွန်တော့်စိတ်အစဉ်ဝယ် အတန်ပင်မွန်းကျပ်လာမိသည်မို့ သက်ပြင်းမောတို့ကို အခါခါပင် ချနေလိုက်မိသည်။ သည်အတိုင်းဆိုလျှင် သားကောင်ကြီးကို မဖျက်ပါက တစ်ခဏအတွင်း လောက်ကောင်များ တဖွားဖွားတက်ပေတော့မည်။

(မှတ်ချက် – ယခုကဲ့သို့ ပြောင်ကိုပစ်ခတ်ရရှိပါက ယင်မမည်းရိုင်းတို့၏ ဘဝကူးကောင်းမှု ပဋ္ဌာန်းဆက်တို့ကြောင့် စားမရတော့လောက်အောင် လောက်များ တက်သည်။ အသားတို့ကို စားနေရင်းမှ အုချသည်။ ထိုဥသည် မကြာမီအချိန်အတွင်း လောက်ကောင်ဖြစ်သွားသည်။)

တကယ်တော့လည်း မုဆိုးလုပ်ကြသူများတို့အဖို့ သားကောင်





တိုင်းကို တွေ့တော့လည်း ပစ်ခတ်ချင်ကြသည်။ ပစ်ခတ်လို့ ရလိုက်ပြန်တော့လည်း နောက်ဆက်တွဲပြဿနာတို့က မသေးလှ။ ယခုတွင်ပဲ လက်ဝယ်ပိုင်ပိုင် ပစ်ခတ်လို့ရရှိထားသော ပြောင်ထီးကောင် (သင်းကွဲပြောင်) ကြီးမှာ ပိဿာချိန်တစ်ရာထက်မအောက်။ ထိုသားကောင်ကြီးကို စခန်းဆီသို့ အရောက်သယ်ဆောင်သွားဖို့က အခက်။ ထိုနေရာတွင်ပင် အရေချပြီး အသားတုံးကြီးများကို လှီးဖြတ်ဖို့က အမဲလိုက်ဓားမြှောင်များတို့လောက်သာ ပါရှိလာကြသည်။ ပြောင်ရိုးကြီးများတို့ကို ခုတ်ထစ်ပိုင်းဖြတ်ဖို့က ရဲတင်း၊ ပေါက်ဆိန်တို့က ပါမလာ။ အသားများ မပုပ်သိုးအောင် ဆားနှင့်ယမ်းစိမ်းတို့ကလည်း မပါ။ အချိန်မီ လှီးဖြတ်ကျပ်တင်နိုင်မှ။ ကျပ်တင်ဖို့ဆိုသည်ကလည်း စင်ကို ဆောက်လုပ်ရမည်။ လောက်သေရွက်ရှာရဦးမည်။ စင်အောက်မှ မီးအပူရန်အတွက် ထင်းကိုလည်း ရှာကြရပေဦးမည်။ တောကြီးစိမ်းစိမ်းအတွင်း ပြောင်သားများတို့ကို ကျပ်တင်ပါက ထွက်ပေါ်လာသော အနံ့အသက်တို့ကြောင့် အခြားပေါ်ပေါက်လာမည့် အန္တရာယ်တို့ကိုပါ ထည့်သွင်းမတွက်ချက်လို့က မရ။ တွေးတောနေလိုက်ရင်း စိတ်မောသွားသည်မို့ သက်ပြင်းမောတို့ကိုသာ ချနေလိုက်မိသည်။

အတွေ့အကြုံလည်း ရင့်ကျက်၊ အသက်လည်း အကြီးဆုံးဖြစ်သည့် မုဆိုးကြီး ဘကြီးကောင်း၏ စီမံခန့်ခွဲမှုအရ လူငယ်မုဆိုးများဖြစ်ကြသည့် ဉာဏ်ကျယ်၊ မွန်၊ အာလူးတို့က ပြောင်သေကြီးကို အရေချ၊ အသားများ လှီးဖြတ်ကြမည်။ ကုလားကြီးသန်းညွန့်က ကျပ်စင်ဆောက်ရန် ဝါးခုတ်မည်။ ဆောက်မည်။ အစ်ကိုကြီးဦးသိန်းလွင်နှင့် တင်စိုးတို့က လောက်သေရွက်နှင့် ထင်းများ ရှာကြမည်မို့ သူတို့တာဝန်ပိုင်းများကို ထမ်းဆောင်နေကြသည်ကို ကြည့်နေရင်းမှ အနီးအနား ဝန်းကျင်တစ်ဝိုက်ဆီသို့ လှည့်ပတ်အကဲခတ်ရန် သေနတ်ကိုဆွဲလျက် နေရာမှ ထလိုက်မိပေသည်။



www.burmeseclassic.com

www.burmeseclassic.com



နွေခေါင်ခေါင်မို့ တောအုပ်တောတန်းတစ်လျှောက် သစ်ရွက်တွေက ကြွေကျထားပြီးနေပေပြီ။ သစ်ရိုင်းပင်ကြီးများတို့တွင် ရိုးတံသက်သက်ချည်းဖြင့် နွေသရုပ်အတိုင်း။ လျှောက်လှမ်းမည့် တောလမ်းကားသစ်ရွက်ခြောက်တို့က ဖုံးချင်တိုင်းဖုံးနေကြသည်မို့ လမ်းကိုလျှောက်လှမ်းလိုက်သည့်အခါတိုင်း ခြေနင်းသံတို့နှင့် အပြည့်။ အချို့သောနေရာများတို့တွင် တောမီးတို့က ကွက်ကြားလောင်ထားပြီးမို့ ပြာတို့ဖြင့် အပြည့်။ သည်တောကြီးအတွင်း ယုန်၊ ကြောင်၊ တောဝက်၊ ဒရယ်နှင့် ဆတ်တို့ကိုအချိန်မရွေး ပစ်ခတ်လို့ ရရှိနိုင်သော နေရာမျိုးပင်။

စိတ်တို့က မွန်းကျပ်လွန်းနေသဖြင့် ကျွန်တော်က စိတ်ပြေရာပြေကြောင်း ပတ်ဝန်းကျင် တောတောင်သဘာဝ၊ ပသာဒတို့ ကြည့်ရှုခံစားရင်း လျှောက်လှမ်းလာခဲ့သည်။ ဝဲဘက်အတွင်းပိုင်း တောကြီးအတွင်းဆီသို့ လျှောက်လှမ်းလိုက်လျှင် လျှိုကြီးလျှိုငယ် မြောင်အသွယ်သွယ်တို့ကရှိနေသလို သားကောင်ကြီးငယ်တို့ကိုလည်း ပစ်ခတ်လို့က ရမည်။ သို့သော်ပြောင်ကြီးတစ်ကောင်လုံး ရရှိထားပြီးဖြစ်သည့်အတွက် သားကောင်များတို့ကို နောက်ထပ်ပစ်ခတ်ရရှိဖို့အရေး အဓိကမကျ။ လတ်တစ်လောမွန်းကျပ်နေသောစိတ်ကို ဖြေသိမ့်နိုင်ဖို့အရေးကသာ အဓိက။ သို့အတွက်ဝန်းကျင်အလှကို ကြည့်ရှုခံစားရင်း ကွက်သာများရှိရာဘက်များတို့ဆီသို့လျှောက်လှမ်းဖို့ စိတ်ကူးနှင့်အတူ လျှောက်လှမ်း နေလိုက်မိခြင်းပင်။

တောင်ကုန်းဆီင်ခြေလျောအတိုင်း သစ်ရိပ်များတို့ကို အကာအကွယ်ယူလျက် လျှောက်လှမ်းခဲ့စဉ် တောင်ခါးပန်းတစ်ခုအနီး ကြက်ချမ်းပင်ချည်းများတို့သာ ကွက်၍ပေါက်ရောက်နေသော တောတန်းကို တွေ့မြင်လိုက်ရသဖြင့် ထိုအပင်များတို့ဝန်းကျင်တွင် တောကြက်အုပ်များတို့နှင့်ရစ်အုပ်များ ရှိနိုင်ကြောင်းကို တွေးတောနေလိုက်မိသည်။

ကြက်ချမ်းသီးဆိုသည်က အပင်၏ခြေရင်းတွင် တွယ်ကပ်သီးသော အနီရဲရဲအသီးမျိုးပင်။ ခွဲလိုက်လျှင် အထဲတွင် ဆန်စေ့ကလေးများ





အတိုင်း အဆံကလေးတွေနှင့်မို့ ကြက်၊ ရစ်နှင့် အခြားငှက်တို့ ကြိုက်သော အသီးမျိုးပင်။

ထိုအပင်များရှိရာဆီသို့ လျှောက်လှမ်းရင်း အခြေအနေကိုအကဲခတ်ကြည့်ရှုလိုက်မိရာ ကြက်နှင့်ရစ်တို့၏ အသံကို မကြားရသလိုဘွတ်ကလုံငှက်တို့နှင့် အခြားနံပြည်စုပ်ငှက်ငယ်ကလေးများကိုသာ တွေ့ရပြီး လေတိုးသံတို့ကိုပါ ကြားနေသည်။ ရှေ့ဘက်ဆီသို့ ဆက်လက်လျှောက်လှမ်းလိုက်ရင်း တောင်ကုန်းအောက်ခြေသို့အရောက် ဟိုမှာဘက်ဆီတွင် ကြီးမားသော စွပ်ကြောင်းကြီးတစ်ခုကို မြေပြင်တွင် အမှတ်မထင်တွေ့မြင်လိုက်ရပေသည်။

တောင်ခြေရင်းရှိ ကုန်းမြေပြောင်ပြောင်တွင် တစ်ပေနီးပါးမျှကျယ်ပြန့်သော စွပ်ကြောင်းရာကြီးမို့ တအံ့တသြပင် ဖြစ်သွားလိုက်မိသည်နှင့်အတူ ကိုင်ဆောင်ထားမိသော သေနတ်ကို ကျည်သေးများကိုထုတ်လျက် ကျည်ကြီးများတို့နှင့် အစားထိုးလဲလှယ်လိုက်ရင်း ထပ်မံကြည့်လိုက်မိသည်။ စွပ်ကြောင်းကြီးကား တောင်ကုန်းပေါ်သို့ တန်းလျက်တက်သွားပြီး တောင်လယ်လောက်တွင် ဘေးဘက်ရှိ တောချုံကြီးများအတွင်းဆီသို့ တိုးဝင်သွားသည့်ပုံ။ မြွေကြီးတစ်ကောင်၏ စွပ်ကြောင်းရာမျိုးပင်။ သေချာစေရန်အတွက် ကုန်းပြောင်ပြောင်ရှိ စွပ်ကြောင်းရာကို သေချာစွာငုံ့ကြည့်လိုက်သည်။ စွပ်ကြောင်းရာ၏ ဘေးတစ်ဖက်စီတို့တွင်လည်း လက်သည်းရာများကို ထပ်မံမြင်တွေ့လိုက်ရသဖြင့် မြွေကြီးတစ်ကောင်မဖြစ်နိုင်မှန်းကိုတော့ သိလိုက်သည်။ သို့သော် ဘာကောင်ဖြစ်မည့်မှန်းကိုတော့ မသိ။ စွပ်ကြောင်းဘေးတွင် လက်သည်းရာများတို့ကို တွေ့မြင်နေရခြင်းအားဖြင့် သင်းခွေချပ်လိုအကောင်မျိုးထဲက ဖြစ်နိုင်သည်ဟုတော့ ထင်လိုက်မိသည်။

သေချာစွာသုံးသပ်ဆင်ခြင်နိုင်ရန်အတွက် မြေပြင်တွင် ဒူးလျားမှောက်ကာ စွပ်ကြောင်းအလယ်ဆီတွင် နားကိုကပ်ရင်း အကြား



www.burmeseclassic.com

www.burmeseclassic.com



အာရုံကို ဖွင့်လိုက်မိတော့..

"ဗျော..ဗျော..ဝရော..ရှဲ..ရှဲ..ရှဲ.."

သေချာပေပြီ။ စွပ်ကြောင်းကြီးအရ လက်သည်းရာတို့နှင့်အတူ လူကိုအန္တရာယ်ပြုနိုင်မည့် သားကောင်ကြီးတစ်ကောင်၏ အသံမျိုးပင်။ ဖြစ်နိုင်ခြေရှိသည်တို့ကို တွေးတောရင်း မျက်လုံးအစုံက လွတ်လမ်းကို ရှာဖွေမိသည်။

တောင်ကုန်းထက် သားကောင်ကြီးသွားထားရာ လမ်းဘေးဆင်ခြေလျှောတွင် အနီးကပ်ဆုံး တောင်ဇိန်းပင်နှင့် သပွတ်သိမ်ချုံနွယ်ပင်ကြီးတို့အောက် ချုံနွယ်တောအုပ်ကြီးဆီသို့ အမြန်လှမ်းလိုက်ရင်း ငုံ့၍ တိုးဝင်လိုက်ကာ ပုန်းခိုရင်း နေရာယူထားလိုက်မိပေသည်။

"ရှဲရှဲရှဲ..ဗျော..ကျလိ..ကျလိ..ကျလိ.."

ကြားနေရသော အသံကြီးက တဖြည်းဖြည်းချင်း ပိုမိုနီးကပ်လာသလို ပိုမို၍လည်း ကျယ်လောင်လာသည်ကို သတိထားမိလိုက်သည်။ ကျွန်တော်က သေချာစွာပင်ကြားနေရသော အသံကြီးကို နားစွင့်လိုက်မိသော်လည်း ဘယ်လိုသားကောင်မျိုး၏ အသံဖြစ်မှန်း ဝေခွဲမရတတ်အောင် ဖြစ်နေသည်။ သစ်ရွက်ခြောက်များတို့အပေါ် နင်းခြေလာသံက စောစောကထက် ပိုမိုပီပြင်လာသည်။ အကောင်ကို လုံးဝမတွေ့ရသေးဘဲ နီးကပ်လာသော တောတိုးသံကြီးကြောင့် ကျွန်တော့်စိတ်တို့က စောစောကနှင့် မတူတော့။ တုန်လှုပ်ချောက်ချားစ ပြုလာသည်နှင့်အတူ နဖူးမှ ချွေးများတို့ကို သပ်ချလိုက်မိသည်။ အမဲလိုက်အတွေ့အကြုံများ ခဲ့ပြီဖြစ်သော်လည်း တစ်ခါဖူးမျှ သည်ကဲ့သို့ တောတိုးသံမျိုးကို မကြားမိခဲ့ဖူးသည်က အမှန်။

တောတိုးသံကြီးမှာ တောတို့၏သဘာဝ သားကောင်ကြီးများတို့၏ တောတိုးသံမျိုး မဟုတ်မှန်းကိုတော့ သိနေသည်။ 'တဝေါဝေါ တဗျောဗျော' နှင့် အဆက်မပြတ်သောအသံက သစ်ရွက်ခြောက်များကို





ခြေချထားသည့် မြေပြင်တွင် တရွတ်တိုက်ပြေးဆွဲနေသည့် အသံမျိုးလို အစဉ်တစိုက်ထွက်ပေါ်နေသည်က သော့သောည်နေသည်။ အတန်ကြာတော့ ကျွန်တော်ရှိရာနှင့် အထက် ဝါးတစ်ရိုက်ခန့်အကွာတွင် အသံတို့က ငြိမ်သွားသည်။

ကျွန်တော်က သစ်ကိုင်းသစ်ရွက်တို့အကြိုအကြားမှ သားကောင်ကြီးဆင်းလာမည့် တောင်ပေါ်ဆီသို့ အာရုံထက်သန်စွာနှင့် စူးစမ်းကြည့်နေမိသည်။ ကိုင်ဆောင်ထားသော သေနတ်မောင်းထိန်းခလုတ်ကို ရှေ့ဆီသို့ တွန်းပို့ထားပြီးမို့ ပစ်ခတ်ရန်က အသင့်။

ထိုစဉ် နောက်ကျောအထက်ဘက်ဆီမှ..

"ဗျော..ဗျော..ဘုန်း.."

သစ်ရွက်တိုးသံကြီးများနှင့်အတူ ကျွန်တော်ဝင်ရောက်ပုန်းခိုနေရာ၏ နောက်ဘက်ကပ်ဆီရှိ သပွတ်သိန်ပင်နွယ်ကိုင်းကြီးတစ်ခုက သိမ့်ခနဲ လှုပ်ရှားခါယမ်းသွားသည်ကို တွေ့မြင်လိုက်သည်နှင့်အတူ သပွတ်သိန်သီးမှည့်တို့မှာလည်း မြေပြင်ဆီသို့ တဖြုတ်ဖြုတ်ကြွေကျလာသည်။ အပင်ထက်ရှိ ငှက်ငန္နား (ခ) ပိန်းတူမ (ခ) ရုံးပတီငှက်အုပ်မှာ ဝေါခနဲ တထိတ်တလန့်ပျံပြေးထွက်သွားကြသည်ကိုလည်း တွေ့မြင်လိုက်ရပေသည်။ အသံကြီးကြားလိုက်ရာဆီသို့ တထိတ်တလန့်အသွင်နှင့် မော့အကြည့် ရိပ်ခနဲ သစ်ရွက်တို့အကြိုအကြားမှ တွေ့မြင်လိုက်ရသော နီညိုညိုအကောင်ကြီးကို လျှပ်တစ်ပြက်ပစ်ထည့်လိုက်ပြီးလည်း ဖြစ်ပေသည်။

'ဒိုင်း' ခနဲ မြည်ဟိန်းပေါက်ကွဲလိုက်သော အသံကြီးက တောင်ခြေတစ်ဝိုက် တော်လဲလိုက်သံကြီးပမာနယ် ဖုံးလွှမ်းသွားသည်နှင့်အတူ အောက်ခြေမြေပြင်ဆီသို့ 'ဘုန်း' ဟူသော အသံကြီးနှင့် ပစ်ကျသွားသော အကောင်ကြီးတစ်ကောင်နှင့် မြေပြင်ပေါ်ရှိ သစ်ရွက်ခြောက်များတို့အလေ ယက်ကန်ယက်ကန်ဖြစ်နေပုံကို လှမ်းကြည့်လိုက်တော့ မြင်လိုက်ရသည်



www.burmeseclassic.com

www.burmeseclassic.com



က ကြီးမားသည့် တောကင်းကြီးတစ်ကောင်။

သစ်ပင်ထက်မှ ကျလာသော တောကင်း (ကင်းခြေများ) ကြီးသည် ကျွန်တော်ပစ်ခတ်လိုက်သော (၆) လုံးကျည်ခဲလုံးတို့က ခါးလယ်မှဖြတ်ဖောက်သွားခြင်းကို ခံလိုက်ရသဖြင့် ခါးဆစ်ရိုးကျိုးသွားကာ သူ၏ရှေ့ပိုင်းနှင့် နောက်ပိုင်းတို့ရှိ များပြားလှသော ခြေချောင်း၊ လက်ချောင်းတို့မှ ဒေါသတကြီး ရုန်းကန်လှုပ်ရှား လူးလိမ့်နေရင်း အငြိုးကြီးစွာနှင့် ကျွန်တော့်ထံ အတင်းတိုးလာဖို့ ကြိုးစားနေသည်။ သူ၏နှုတ်ဖျားဆီမှလည်း နာကျည်းရန်လို ဒေါသသံမျိုးနှင့် 'ကျစ်. . ကျစ်. . ကျစ်. . ကျလိ. . ကျလိ. . ကျလိ. .' အသံမျိုးနှင့် ကျယ်လောင်စွာအော်ဟစ်နေသလို ဂုံညင်းဒိုးနီးပါး ကြီးမားလှသည့် နီရဲနေသော မျက်လုံးကြီးနှစ်လုံးအောက်ဘက် ဝဲကြွင်ကြွင်သွားစွယ်ကြီးတို့အောက်မှ ပါးစပ်ကြီးအတွင်းဆီမှ နီညိုရောင်အရည်များက အထွေးလိုက်အထွေးလိုက် အန်ထွက်နေသည့်အခြေအနေမျိုးနှင့်ပင် ကျွန်တော့်ကို အတင်းထိုးဟပ်ကိုက်ခဲဖို့ ကြိုးပမ်းနေပေမယ့် ခါးဆစ်ရိုးသွင်သွင်ကျိုးသွားသည့်မို့ နေရာကသိပ်မရွေ့။ ကျွန်တော့်ကို ပြေးဝင်ကိုက်ခဲဖို့ အရာမရောက်။

အလျားခုနစ်ပေခန့်နှင့် အနံတစ်ပေသာသာခန့်ရှိသော ကင်းခြေများကောင်ကြီး၏ တလန်းလန်းတလူးလူးနှင့် အသည်းယားဖွယ်ရာ ထိတ်လန့်ဖို့ကောင်းသောမြင်ကွင်းကို မင်တက်မိစွာနှင့် ကြည့်နေလိုက်မိသော ကျွန်တော့်အဖို့ အခြေအနေကို စဉ်းစားလိုက်မိတော့ တောင်ထက်ဆီမှ ကျွန်တော့်ကို ကြုံတင်မြင်တွေ့သွားသော တောကင်းကြီးသည် သူကိုက်ခဲစားသောက်ရမည့် သားကောင်အထင်နှင့် ပြေးလွှားလာခဲ့ရင်းမှ တောချုံပင်ကြီးများနောက်ကွယ်ရှိ တောင်ဖိန်းပင်ကြီးပေါ်ဆီသို့ တက်ရောက်ပြီး ထိုအပင်ကြီးကို တွယ်ကပ်ပေါက်နေသည့် သပွတ်သိမ်နွယ်ကိုင်းကြီးဆီရောက်မှ အောက်တွင်ရှိနေသော ချုံတောကြီးအတွင်းမှ တောင်ပေါ်သို့ လှမ်းမျှော်ကြည့်နေသော ကျွန်တော့်ကို သစ်ပင်ထက်





မှ ဖြုတ်ချကိုက်ခဲလို့ရမည်မှန်းကို သိရှိသဖြင့် ကျွန်တော်နှင့်တည့်တည့်ရှိ သပွတ်သိမ်ပင် နွယ်ကိုင်းကြီးဆီသို့ လှမ်းအကူးတွင် ကြီးမားလွန်းသောသူ၏ခန္ဓာကိုယ်ကြီးအား မနိုင်မနင်းဖြစ်သွားသော နွယ်ကိုင်းကြီးက အောက်သို့လျှောကျသွားသဖြင့် တောကင်းကြီးမှာ ဟန်ချက်ပျက်သွားပြီး ဗျောခနဲ အောက်ပိုင်းဆီသို့ နွယ်တန်းကြီးနှင့် ပြုတ်ကျ တွဲလောင်းကြီးဖြစ်နေစဉ် လျှပ်တစ်ပြက် ကျွန်တော်ပစ်ခတ်ခြင်းကို ခံလိုက်ရခြင်းပင်။

'ဩော်. . အဟိတ်တိရစ္ဆာန်တွေပဲလေ၊ လူသားတွေလောက် အသိဉာဏ်ပညာနှင့် ဦးနှောက်ကို ဘယ်မီပါ့မလဲ' ဟူ၍ တွေးဆနေလိုက်မိပေသည်။

မုဆိုးအလုပ်ဆိုတာကလည်း အခက်သားကလား။ ကိုယ်ကချည်း သူများအသက်ကို သတ်နေချင်လို့က မရ၊ တစ်ခါတစ်ရံတွင် မိမိကိုယ်တိုင် သားကောင်တို့၏ သားကောင်အဖြစ်ကို ပြန်လည်ရောက်ရှိသွားတတ်ကြသည်မှာ ယခုပင် လက်တွေ့ပင်။ အသည်းယား ထိတ်လန့်တုန်လှုပ်ဖွယ်ရာ တောကင်းကြီးကို ကျွန်တော်ရပ်ကြည့်နေရင်းမှ ပြန်ကလဲ့စားချေဖို့ ကြိုးစားနေခြင်းများတို့က အရာမရောက်ဖြစ်နေသည်ကို မသိရှာလေသော တောကင်းကြီးကို သေနတ်အတွင်း ကျန်ရှိနေသော ကျည်တစ်တောင့်ဖြင့် လှပသေသပ်စွာ စခန်းသိမ်းပေးလိုက်မိပေတော့သည်။

နောက်ထပ် သားကောင်များကို မပစ်ခတ်ချင်သဖြင့် သားကောင်တို့နှင့် ထိပ်တိုက်မတိုးအောင် ရှောင်ကွင်းနေပါလျက် မထင်မှတ်သော မကြုံဆုံခဲ့ဘူးသေးသော ယခုကဲ့သို့ တောကင်း (ကင်းခြေများ) ကြီးကြီးမျိုးလည်း မြန်မာနိုင်ငံတောတောင်များတို့အတွင်း တကယ်ပင်ရှိနေကြပါကလား။ ယခုတစ်ကြိမ်မှသာ ထိပ်တိုက်ရင်ဆိုင် တွေ့ကြုံလိုက်မိသည့် အလွန်ရှားပါးလှသည့် တောကင်းကြီးအတွက် စိတ်မကောင်းဖြစ်မိသည်ကလွဲ၍ မတတ်နိုင်တော့။

သေနတ်ပစ်လိုက်သံကြောင့် မကြာမီ အဖွဲ့သားများလိုက်လာ



www.burmeseclassic.com

www.burmeseclassic.com



မည်ကို ကြိုသိနေသော ကျွန်တော်က ထိုနေရာအနီးတွင်ပင် အိတ်ထဲမှ ရှမ်းဖက်လိပ်ကို မီးတို့ဖွာရှိုက်လိုက်ရင်း စောင့်စားနေလိုက်မိပေတော့သည်။ ။

❖



www.burmeseclassic.com

www.burmeseclassic.com

# ကျားတို့ပရိယာယ်

ရေနက်ကြီးစခန်းမှာ သိပ်ဝေးလှသည်တော့မဟုတ်။ ပဲခူးရိုးမ ထဲသို့ဝင်ပြီး သားကောင်များပစ်ခတ်ကြတော့မည့် မုဆိုးများအဖို့ တစ်ထောက်နားစခန်းဖြစ်သည်။ ထိုစခန်းပတ်ဝန်းကျင်တွင်လည်း သားရဲ ပေါသလို ကျေးငှက်တို့ ပေါများသောနေရာ ဖြစ်သည်ကအမှန်။

အိမ်ခြေသုံးဆယ်ခန့်ဖြစ်သည့်အတွက် တောဝင်တောထွက် ပစ္စည်းများ စုံလင်စွာရနိုင်သောနေရာမို့ စီးပွားရေးအချက်အချာလည်း ကျပေမည်။ ထိုမှတစ်ဆင့် အထက်ကိုဆက်တက်လျှင် ငရုတ်ကောင်း၊ ဆင်စွယ်ပတ္တလား၊ နမြဲ၊ တောင်ထန်းပုံ၊ ညောင်ပင်ပွင့်၊ မဟာမြိုင်ကို လျှောက်ကွဲမှတစ်ဆင့် စိန်တောင်အောက်ခြေ တောနက်ကြီးအတွင်းပိုင်းဆီသို့။

အမှန်က မဟာမြိုင်ဟုခေါ်ဆိုလိုက်လျှင် လုံလောက်မှု ပြည့်စုံမှု ရှိသော်လည်း ထိုဝန်းကျင်ရှိလူများက နံနက်လင်းအရုဏ်တွင် ပေါ်ထွက် လာသော နေမင်း၏အလင်းရောင်ကြောင့် စိန်တောင်ကြီးတွင် ကပ်ငြိနေ သော မြိုင်စိန်များက ပြိုးပြိုးပြက်ပြက်နှင့် ပြန်လည်၍ရောင်ပြန်ဟပ်မှု ကြောင့် ထာဝစဉ်မြင်တွေ့နေကြရသော တောသူတောင်သားတို့က စိန်





တောင်ဟု အမည်သညာမှည့်လိုက်သည့်အတွက် ထိုအမည်တွင်သွားရ ခြင်းပင်။

ရေနက်ကြီးစခန်းမှ စိန်တောင်ရှိရာဆီသို့ တစ်ပြန့်တစ်ပြော ကျယ်ဝန်းနက်ရှိုင်းလှသော ပဲခူးရိုးမတောကြီးဖြစ်သည်မို့ ထိုရိုးမအတွင်း သစ်ရိုင်းပင်တို့ကလည်း မသေးလှ။

ကျွန်း၊ ပျဉ်းကတိုး၊ သစ်ရာ၊ အင်ကြင်း၊ ကညင်၊ ဘန့်ပွေး၊ နဘဲ၊ သစ်မွှေးနှင့် အခြားအမည်ပေါင်းများစွာသော အပင်ကြီးတို့အပြင် တောငှက်ပျောပင်တို့ကလည်း ပေါက်ရောက်နေကြသဖြင့် သားကောင် တို့မှာ ပေါချင်းတိုင်းပေါများနေကြသည်။

ကြွက်နွယ်တော၊ ဒေါင့်ဒလောင်တော၊ ထမသိုင်းတော၊ ဗီးဇတ် တော၊ ကပ်စေးနဲ့တော၊ နဘူးတော၊ ဒမငယ်၊ နွယ်ပေါက်၊ ရေငန်း၊ ကိုင်းတောကြီးတို့ကလည်း သားကောင်များ ပုန်းခိုနားနေ၊ အိပ်စက်အနား ယူရန် အားဖြည့်ထားပြီး ဝါးပိုးဝါးတော၊ ဝါးနွယ်၊ ကြခတ်၊ ဝါးဖယောင်း၊ ထီးရိုး၊ တစ်ပင်တိုင်၊ ဝါးယား၊ ကြသောင်းနှင့် ဝါးသပွတ်တောတို့က လည်း ထပ်မံပြီး နက်ရှိုင်းသော တောကြီး၏သဘာဝအလှကို ပီပြင်ရန် အားဖြည့်ပေးထားပြန်သေးသည်။

နက်ရှိုင်းကျယ်ဝန်းလှသော ရိုးမကြီးအတွင်း မှီတင်းနေထိုင် ကြသော သားကောင်ပေါင်းစုံတို့အတွက် သောက်သုံးရေကလည်း ကျောက်ပြန့်အိုင်ကြီးများထဲတွင် ရှိနေကြပြန်သေးသည်။ တောနေ သတ္တဝါများအဖို့ စားစရာ၊ အိပ်စက်နားခိုစရာနှင့် သောက်စရာများ ပြည့်စုံနေလျှင် လုံလောက်ပြီမို့ ထိုနေရာတွင် ပေါချင်တိုင်းပေါများနေသည် က အဆန်းတော့မဟုတ်ပေ။

ကျွန်တော်က ပန်းကန်ပြားအတွင်းမှ ငှက်ငန်းကြော်နှင့်ယှဉ် ဝါးစားနေရင်းမှ အဖန်ရည်ကို မော့ချလိုက်သည်။ နွေ၏နံနက်ခင်းဆိုပေ မယ့် ရိုးမကြီးအတွင်းမို့ အအေးဓာတ်တို့က လွှမ်းမိုးဆဲ။ ပတ်ဝန်းကျင်



www.burmeseclassic.com

www.burmeseclassic.com



မှ ချေဟောက်သံအချို့၊ တောကြက်တွန်သံ၊ မျောက်အော်သံ၊ ဘုတ်အိ
သံများကို ကြားနေရသည်။ ကျေးငှက်များကလည်း သူ့အုပ်စုနှင့်သူ
စားပင်များရှိရာဆီသို့ ပျံသန်းသွားလာနေကြသည်။

ကျွန်တော့်အကြည့်တို့က ညပိုင်း မီးထိုး၍ ရှာဖွေပစ်ခတ်ရရှိ
ထားကြသော ဆတ်ကြီးနှစ်ကောင်၊ ဒရယ်တစ်ကောင်နှင့် ချေသုံးကောင်
တို့ကို ဘောင်းဘီတိုကလေးများနှင့် အရေချွံ ခုတ်ထစ်လှီးဖြတ်နေကြ
သော အဖွဲ့သားများထံအရောက်. .

"ဒီတောကို ပိုင်ဆိုင်တဲ့ အဘိုးတို့များ သားသမီးတွေကိုချစ်တော့
အပေးအကမ်း အားကြီးရက်ရောတာပဲနော် ဘိုလေး"

ဘုတ်ကျယ်က အရက်ခွက်ကိုမော့ပြီး ငှက်ကြော်ကိုစားနေရင်း
မှ ဆိုလာသည်။ ဘာကိုမှ ပြန်မပြောမိ၊ ညဘက် နှစ်ဆိုင်းခွဲလျက်
မီးထိုးရှာရင်း ပစ်ခတ်ကြသဖြင့် ယခုရရှိထားပြီးသော အကောင်များ
မှာ သူတို့အဖွဲ့ရှာဖွေပစ်ခတ်ထားကြသော အကောင်များပင် ဖြစ်သည်။

ငှက်ဖျားအခံကလည်းရှိနေပြီး ရုံးလုပ်ငန်းများနှင့် အတန်
ငယ် ပင်ပန်းလာသဖြင့် ညဘက်မီးထိုးပြီး အမဲလည်ပစ်သည့်ကိစ္စကို
ကျွန်တော်က မလိုက်။ စခန်းတွင်သာ အနားယူနေလိုက်ပြီး နံနက်
မိုးသောက်အလင်းရောက်သည့်အခါမှသာ တောပုန်းချောင်းပစ်ခြင်း ပြု
လုပ်မည်မို့ ယခုရရှိထားပြီးသော သားကောင်တို့၏ အခြေအနေနှင့်
အတွေ့အကြုံကို ကျွန်တော်မသိ။

သားကောင်တို့ကို အရေချွံ ခုတ်ထစ်လှီးဖြတ်၍ ဆားနှင့်ယမ်း
စိမ်းများနှင့် နယ်ကာ နေလှန်းနိုင်ရေး၊ ချေးခါးထုတ်ယူနိုင်ရေးတို့ကို
ဘကြီးကောင်းကိုယ်တိုင် ဦးစီး၍ အဖွဲ့သားများ၊ ရွာခံများနှင့် တက်ညီ
လက်ညီ လှုပ်ရှားဆောင်ရွက်နေမှုများကို ငြိမ့်ငြိမ့်ရှုထိုင်ကြည့်နေရင်းမှ
လက်ဖွဲ့တော်နှစ်လုံးပြူးသေနတ်ကို ဆွဲယူလိုက်ကာ စခန်း၏နောက်ကျော
ဘက်ဆီရှိ လူသွားလမ်းကျဉ်းကလေးအတိုင်း မရမ်းချောင်းဘက်ရှိ ရောင်





၏စိုက်ခင်းများဆီသို့ လျှောက်လှမ်းလိုက်မိပေတော့သည်။

(ရောင်ဆိုသည့် သျှောင်ကြီးဖွဲ့နှင့် ရွာခံမုဆိုးတစ်ဦးပင်။)

☯ ☯ ☯

ကြည်လဲ့ပြာစင်သည့် ကောင်းကင်အောက်မှ ရိုးမကြီး၏ နံနက်
ခင်း။

နံနက်ခင်း၏ နှင်းစက်ကြွင်းကလေးများနှင့် တလဲ့လဲ့ဖြစ်ပေါ်
နေသော စိမ်းစိုလန်းဆန်းနေသည့် ပဲခူးရိုးမအတွင်း ရေနက်ကြီးတစ်ခွင်
တစ်ပြင်လုံး စိမ်းစိုတောင်တန်းကြီးကို ခြုံငုံကြည့်နေလိုက်ရင်းမှ မြေညီ
လမ်းကျဉ်းကလေးအတိုင်း ဆက်၍လျှောက်လှမ်းနေလိုက်မိသည်။

ကျွန်တော်၏စိတ်အစဉ်တွင် ရွှေ့၍လှမ်း၍တွေ့မြင်နေရသော
တစ်ပြန့်တစ်ပြော သစ်ရွက်စိမ်းစိမ်းကြီးများကဲ့သို့ လန်းဆန်းမြူးကြွသွားခဲ့
သည်။ ကြည်နူးရိပ်သမ်းသော နှင်းစက်ကလေးများ၏ အတို့အထိကြောင့်
လည်း ဖြစ်သလို မြေသင်းနံ့ကလေးတို့၏ ရနံ့များကိုလည်း အထိုက်
အလျောက်ရနေပေသည်။ ယခုကဲ့သို့ ရရှိခံစားနေရသော မြေသင်းနံ့
ကလေးအပေါ် လက်စွဲတော် နှစ်လုံးပြူးသေနတ်ကိုကိုင်ရင်း ကြွကြွရွရွ
ကလေး လျှောက်လှမ်းနေရသည်ကိုပဲ ကျွန်တော်က အနှစ်သက်ဆုံးဖြစ်
သည်။

စခန်းကထွက်ခဲ့ပြီး လေးဆယ့်ငါးမိနစ်သာသာခန့်ကြာမှ ရောင်
၏ပန်းခင်ကြောတစ်ခုဆီ ရောက်လာခဲ့သည်။ ရှေ့တွင် အင်ကြင်းတော



www.burmeseclassic.com

www.burmeseclassic.com



ပြုန်းကို လှမ်းတွေ့နေရသည်။ ရှေ့သို့ ဆက်မသွားသေးဘဲ အသာရပ်လျက် တောဏ်အခြေအနေနှင့် သားကောင်၏ အခြေအနေတို့ကို လှမ်းမျှော်အကဲခတ်လိုက်သည်။

မြေပြင်တွင် ဆတ်နှင့် ဝက်တို့၏ ခြေရာများအပြင် ယုန်ချေးများကိုလည်း လတ်လတ်ဆတ်ဆတ် တွေ့မြင်နေရပြီ မဟုတ်လား။

ကျွန်တော်က အသင့်ကိုင်ဆောင်ထားသော သေနတ်၏ မောင်းထိန်းခလုတ်ကို လက်မနှင့်အသာဖိ၍ ရှေ့သို့တွန်းပို့လိုက်ပြီး တွေ့မြင်ရပါက အသင့်ပစ်ခတ်တော့မည် အနေအထားမျိုးနှင့် ရှေ့ဆီတွင် လှမ်းမြင်နေရသော အင်တိုင်းတောပြုန်းကလေးဆီသို့ မျက်စိလျှင်လျှင်၊ နားပါးပါးထားရင်း တစ်လှမ်းချင်းတိုးကပ်လိုက်မိသည်။

တောသည် ဆိတ်ငြိမ်လျက်ရှိ၏။- ခါတွန်သံ၊ ချေဟောက်သံ၊ ဒရယ်သံတို့အပြင် ကျေးငှက်သာရကာတို့၏ အသံများကိုပင် မကြားရ။ ပကတိငြိမ်သက်လျက်ရှိသော်လည်း လက်ယာဘက်ဝါးကောက်တောကြီး၏ အလယ်လောက်ဆီမှ သံပြတ်နှင့် တွန်သံပေးနေကြသော တောကြက်ဖတစ်ကောင်၏ အသံသည်သာ ပြတ်တောင်းပြတ်တောင်း ထွက်ပေါ်နေသည်။

ကျွန်တော်က သေနတ်ကို အသင့်ကိုင်ဆောင်ရင်း လူသွားလမ်းကျဉ်းကလေးအတိုင်း တစ်လှမ်းချင်းလျှောက်လှမ်းနေရင်း လူနဲ့ရသွားသဖြင့် ရှောင်ထွက်သွားခဲ့ပြီးသော ခြေရာပိုင်းပိုင်းကလေးကို သစ်လွင်လတ်ဆတ်စွာ ထပ်မံတွေ့မြင်လိုက်ရပြန်သည်။ ထိုခြေရာကို ကောက်လိုက်လျက်လိုက်သွားရာ ဝါးတစ်ရိုက်ခန့်အကွာအရောက်တွင် ခေတ္တရပ်နားလိုက်ကာ ပတ်ဝန်းကျင်ကို ထပ်မံလေ့လာအကဲခတ်လိုက်မိပြန်သည်။ အရှေ့ဆီတွင် သစ်ခုတ်သမားများ၏လက်ချက်ကြောင့် ခုတ်ဖြတ်ထားပြီး သစ်ကိုင်း၊ သစ်ခက်များ စုပြုံလျက်ရှိပြီး သစ်ရွက်ခြောက်တို့ စုပုံလျက် ဆူးရစ်ချုံနွယ်များနှင့် ရှုပ်ထွေးနေကာ ဘေးဘက်တွင် တောချုံတန်းပါး





ကလေးများနှင့်အတူ မင်းကတော်ညှပ်ကြီးပင်များ၊ ထိကရုံးပင်များနှင့် မြက်ခင်းတို့က ဟိုတစ်ကွက်၊ သည်တစ်ကွက်တွေ့ မြင်နေရသည်။

သားကောင်ခြေရာကိုသာ ကောက်၍ လိုက်လာခဲ့ရသည်။ ယခုအချိန်အထိတိုင် ဘာကိုမှပင် မမြင်မတွေ့ရသေး။ ကျွန်တော်က သွားလက်စကို ခေတ္တရပ်နားလိုက်ရင်း အနီးစပ်ဆုံးရှိ ကျစ်တာခဲတစ်လုံးကို ကောက်ယူ၍ ရှေ့တူရူရှိ ချုံတောကြီးအတွင်းဆီသို့ ပစ်ပေါက်ကြည့်လိုက်သည်။ အစာကောက်နေသော တောကြက်မတစ်ကောင်က ကတော်သံညံအောင်ပေးရင်း တထိတ်တလန့်ပျံသန်းပြေးထွက်သွားသည်မှအပ တောသည်လှုပ်ရှားမှုမရှိ။ ပကတိအေးဆေးငြိမ်သက်စွာ။

တိတ်ဆိတ်နေသောဝန်းကျင်ဝယ် သားကောင်အမှန်ပင်ရှိနေနိုင်ကြောင်းကို တွေ့မြင်ခဲ့ရသော ခြေရာအရ အသိတရားနှင့် ပီတိဖြာလျက် ရှေ့ကိုအာရုံစိုက်ပြီး တစ်လှမ်းချင်းလှမ်းနေရာမှ. .

"ရှေ့ကြည့်. . ရှေ့ကြည့်. ."

မလွှပင်ကြီး၏ ကိုင်းဖျားထက်ဆီမှ ပြည့်ကျိုးငှက်ငယ်တစ်ကောင်၏ အမှတ်မထင်အော်ဟစ်လိုက်သံကြောင့် တစ်စုံတစ်ရာထူးခြားမှုက ရှိလာတော့မည်ဟူသော အသိတစ်ရပ်က တတ်သိနားလည်ထားသော မုဆိုးပညာရပ်နှင့်ပေါင်းကာ သိလိုက်မိပေသည်။

အန္တရာယ်ပေးနိုင်လောက်သည့် သားကောင်ကြီးတစ်ကောင်ကောင်နှင့် မကြာမီရင်ဆိုင်ကြုံတွေ့ရတော့မည့်အငွေ့အသက်နှင့် အတိတ်နိမိတ်တို့ ပြသနေသယောင်။

ထိုစဉ်. .

"ပီညှပ်. . ပီညှပ်. . ပီညှပ်. ."

တောကြက်ပေါက်စလေးတစ်ကောင်က မိခင်ကြက်မကြီးနှင့် ကွဲကွာသွားသဖြင့် အသံပေးလျှင် မိခင်ပျောက်ရှာဖွေနေသော အော်သံကို အတိုင်းသားကြားလိုက်ရသည်။ အသံကြားလိုက်ရာဆီသို့ လှမ်းကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်တော့ အကောင်ကိုမတွေ့မမြင်ရသော်လည်း သစ်ကိုင်းသစ်ရွက်တို့ စုပုံထားသော သစ်ရွက်ခြောက်များအောက်မှ ပုန်းခိုရင်း မိခင်ပျောက်၍ အသံပေးရှာနေသည့်ပုံမျိုး။ မိခင်ကြက်မမှာ သူတို့အနီးဆီသို့ တောတော ပိုင်းက လူသားရန်သူရောက်လာသဖြင့် ရင်သွေးငယ်ကို ထားခဲ့ကာ ဘေးလွတ်ရာ အဝေးဆီသို့ ပြေးလွှားရှောင်ပုန်းသွားခဲ့သည်ဟု အထင်ရှိခဲ့သော ကျွန်တော်က တောကြက်ပေါက်ကလေး၏ အော်မြည်သံကို သိပ်ဂရုမထားတော့ဘဲ လူကိုအန္တရာယ်ပေးမည့် သားကောင်ကြီးကိုသာ အရအမိ လိုက်လံရှာဖွေနေလိုက်မိသည်။

"ရှပ်. . ရှပ်. . ရှပ်. ."

သစ်ရွက်ခြောက်များအား ဖွနင်းလာသံသဲ့သဲ့ကို သင်ဂနူပင်ကြီးအောက်ခြေပိုင်း သပွတ်သိမ်အရှုပ်တောချုံကြီး၏နောက်ကွယ်မှ ကြားလိုက်ရသဖြင့် အမှတ်မထင် အသံကြားရာဆီသို့ လျှင်မြန်စွာကြည့်လိုက်မိသည်နှင့်အတူ ရိပ်ခနဲတွေ့လိုက်ရသောအရာအား ဒိုင်းခနဲပစ်ခတ်လိုက်ပြီး ဖြစ်သွားပေတော့သည်။

အမှတ်မထင်တွေ့လိုက်ရသော သားကောင်မှာ သေနတ်သံကြီးနှင့်အတူ ဝေါင်းခနဲမြည်ဟည်းမတတ် နက်ကျောကျယ်လောင်စွာ တစ်ချက်ဟိန်းလိုက်ပြီး ခါးတစ်ပိုင်းကို လူးလွန့်ရင်း နောက်ကျွမ်းပစ်လျက် အင်တိုင်းတောပြုန်းကို အကာအကွယ်ယူကာ နောက်ကျောဘက်ဆီသို့ ပြေးလွှားရှောင်ပုန်းပျောက်ကွယ်သွားပေတော့သည်။

ရုတ်တရက်တွေ့မြင်လိုက်ရသော သားကောင်ကို လျှပ်တစ်ပြက်ထိုးပစ်ပစ်လိုက်ရသည်မို့ ထိချက်က ပိုင်နိုင်တိကျမှု သိပ်မရှိလှ။ သေနတ်သံကြီးကိုသာ တောကြီးတစ်ခွင်လုံး ဖုံးလွှမ်းသွားပေသည်။ အမှတ်မထင်တွေ့မြင်လိုက်ရသော သားကောင်မှာ အဝါရောင်တွင် နက်မှောင်နေသော အစင်းတန်းကြီးများ ရောထွေးထားသည့်အပြင် ကြောက်ခမန်းလိလိ ကျယ်လောင်စွာဟိန်းလိုက်သံကြီးကြောင့် ဟင်းမျိုး (ခ) ကျားကြီးတစ်





ကောင်မှန်း သိလိုက်ရသည်။

တောသည် ချောက်ချားဖွယ်ရာကောင်းလောက်အောင် ပြန်လည်ငြိမ်သက်သွားခဲ့ပြန်သည်။ သစ်ရွက်သစ်ခက်အချို့ကို လေညင်းကလေးတို့က ပွတ်သပ်ငွေ့ယမ်းလိုက်ကြသဖြင့် တိုးတိုးလေး တေးဆိုနေကြသယောင် ရှိနေသည်။

ကြောက်စိတ်တို့ကြောင့် နဖူးပြင်မှ အလိုလိုထွက်ပေါ်လာသော ဇောချွေးတို့ကို ညာလက်ခုံနှင့် သပ်ချလိုက်ရင်း ပြေးထွက်သွားပြီဖြစ်သော သားကောင်ကြီးနောက်သို့ ချုံနွယ်တောကြီးအတွင်းမှ တိုးထွက်ကာ ကြည့်လိုက်မိသည်။ အရေပျော့သော ကျားလိုသတ္တဝါမျိုးအဖို့ ယခုပစ်လိုက်သော ခြောက်လုံးကျည်ကြီးအား ပစ်ခတ်လိုက်ရသည့်နေရာတွင် အနည်းငယ်ယိုင်နဲ့သွားမှုကြောင့် ထိမှန်သွားခဲ့ပုံရသည်။ သို့သော် တစောင်းအနေအထားမျိုးကို ပစ်ခတ်လိုက်ရခြင်းဖြစ်၍ ထိချက်ပိုင်မပိုင်ကို သံသယဖြစ်ရသည်။ လက်ပြင်နောက်ဆိုလျှင် နှလုံးသားဖြတ်ဖောက်သွားနိုင်သည်။

သေနတ်တွင်းမှ ပစ်ပြီးသား ကျည်ခွံကိုထုတ်၍ ကျည်သစ်တစ်တောင့်ကို ပြောင်းရင်းသို့ ထိုးထည့်လိုက်ပြီး ဖက်ကိုစေ့၍ မောင်းထိန်းခလုတ်ကို ရှေ့သို့တွန်းပို့ကာ အခြေအနေကို စောင့်ဆိုင်းကြည့်နေလိုက်မိသည်။

ပြီးတော့မှ သားကောင်ကြီး၏ အခြေအနေကို ဆက်လက်လေ့လာရပေဦးမည်။

"ဝူး. . ဝူး. . အူး"

နောက်ကျောဘက်ဆီမှ အဖွဲ့သားတို့၏ အချက်ပေးခေါ်သံကြားသဖြင့် လှည့်ကြည့်လိုက်တော့ မြင်လိုက်ရသည်က မုဆိုးကြီး ဦးကောင်းအပြင် ရွာခံမုဆိုးများဖြစ်ကြသော ကိုဦး၊ ယဉ်ကြိုင်နှင့် အေးသောင်းတို့လေးဦး သေနတ်များကိုယ်စီကိုင်ဆွဲလျက် သေနတ်သံကြားမိ



www.burmeseclassic.com

www.burmeseclassic.com



ကတည်းက စိတ်မချသဖြင့် လိုက်လာခဲ့ကြသည့်ပုံ။ သူတို့မျက်နှာများက လည်း ဘာကောင်ကို ပစ်လိုက်တာတုန်းဟူသော အမေးမျိုးဖြင့် သိလို စိတ် ပြင်းပြနေသည့်ပုံစံမျိုး။

ကျွန်တော်က နှုတ်ခမ်းတွင် လက်ညှိုးနှင့်တို့ပြလိုက်ရင်း စကား မပြောကြရန် အချက်ပြလိုက်တော့ အားလုံးသဘောပေါက်ပြီမို့ သူတို့ အကြည့်များက လက်ညှိုးညွှန်ပြထားရာဆီသို့။

မုဆိုးလုပ်ငန်းဆိုတာကလည်း သားကောင်များကို ပစ်ခတ်ပြီး တိုင်း သားကောင်၏အနေအထား၊ ပစ်မှတ်၊ ထိချက်၊ ကျည်သွားရာလမ်း ကြောင်းတို့ကို ကြည့်ရှုသုံးသပ်ဆင်ခြင်ရမှာက ထုံးစံ။

ဒီအချက်ကိုလည်း အဖွဲ့သားအားလုံးက သဘောပေါက်ထား ကြပြီး မဟုတ်ပါလား။

ယခုပင် ကျွန်တော်ပစ်ခတ်ရသော သားကောင်က နေရာတွင် ပုံမသွားသည့်အတွက် ပစ်ခတ်လိုက်ရမှု၊ သားကောင်ဒဏ်ရာရရှိမှု၊ မရှိ မှုအခြေအနေတို့ကို တိကျစွာ ဆုံးဖြတ်နိုင်ရေးအတွက် လေ့လာကြရ ပေဦးမည်ဆိုတာကို အဖွဲ့သားတို့က သိရှိထားပြီးကြသည်မို့ ယခုရှောင် တိမ်းသွားခဲ့သော သားကောင်ကြီး ပုန်းခိုရာသို့ အသင့်ပစ်ခတ်ကြတော့ ရန် အနေအထားမျိုးနှင့် ရင်ဘောင်တန်းလျက် တစ်လှမ်းချင်း တိုးကပ် သွားနေကြရာမှ ရုတ်တရက် လှမ်းလက်စခြေလှမ်းများကို ပြန်လည်ရုတ် သိမ်းလိုက်ကြမိပေသည်။

တွေ့မြင်လိုက်ကြရသော မြင်ကွင်းတွင် နီစွေးသောအစွန်းအစက် များက ဟိုတွင်တစ်စက် ဒီတွင်တစ်စက်။ လက်ညှိုးနှင့်တို့သပ်ကြည့်လိုက် တော့ လက်ဆတ်သော သွေးနီစတို့တွင် အမြှုပ်များ ရောထွေးလျက်။ ကျည်ခဲလုံးများက အသားပျော့ကို ဖောက်ထွင်းသွားပြီးလျှင် အဆုတ်ကို ဖြတ်ဖောက်သွားပုံရသည်။ သွေးနီစအစက်အပြောက်တို့က ကုန်းနိမ့်ပိုင်း လျှိုဖောင်းဘက်ဆီသို့ လမ်းညွှန်ပြနေ၏။ ကျွန်တော်တို့ငါးဦးသား သွေးနီစ





များရှိရာ ဂူဝကို လှမ်း၍ အကဲခတ်နေလိုက်စဉ်တွင်. .

"ဥုံ. . ဖွဖွ၊ ဥုံ. . ဖွဖွ"

လူအော်လိုက်သံမျိုးကဲ့သို့ ပီသစွာဖြင့်တောလုံငှက်ငယ်တစ် ကောင်က ဝါးသပွတ်ချုံနွယ်တောကြီးအတွင်းဆီမှ တိုးထွက်၍ တထိတ် တလန့်အသွင်မျိုးနှင့် ပျံသန်းပြေးထွက်အော်မြည်သံကြီးနှင့်အတူ မြေပြင် တွင် အသိုက်ဝင်သော တစ်တီတူးမောင်နှံတို့ကလည်း 'တစ်တီတူး. . တစ်တီတူး' ဟုရူညံစွာ အော်မြည်သံပေးရင်း အဝေးဆီသို့ ပျံသန်းသွား ပေသည်။

ကျွန်တော်တို့က သားကောင်ကြီးဝင်ရောက်သွားရာ ဂူပေါက်ကို စူးစိုက်ကြည့်နေကြရင်းမှ ဒဏ်ရာရရှိထားပြီးကြသော သားကောင်တို့ မည်သည့် ကြီးသည်ငယ်သည်မဟူ လူကို ပြန်လည်တုံ့ပြန်မှုပေးနိုင်သည့် အန္တရာယ်ကို ပိုမိုသတိထားကြရန် ကျွန်တော်က အဖွဲ့သားတို့ကို ပြော ပြနေမိသည်။ သားကောင်ခိုအောင်းရာ ဂူပေါက်ရှေ့ပတ်လည်ကုန်းမြင့်ပိုင်း တွင် ကျွန်တော်တို့ငါးဦးက အသင့်ပစ်ခတ်ကြတော့ရန် အနေအထားမျိုး နှင့် ဝိုင်းပတ်လျက် မုဆိုးဒူးထောက် နေရာယူလိုက်ကြပြီး ဂူကြီးအတွင်း ဆီမှ သားကောင်၏ လှုပ်ရှားမှုအခြေအနေကို ငံ့လင့်နေလိုက်ကြပေ သည်။

"အဟွတ်. . အဟွတ်. . အဟွတ်. ."

"တရိန်. . တရိန်. ."

တိတ်ဆိတ်ငြိမ်သက်နေသော ဝန်းကျင်နှင့် ကျွန်တော်တို့ ဦးနှောက်ကို အလုပ်ပေးလိုက်သည်က လူတစ်ဦးချောင်းဆိုးသံမျိုးနှင့် မရှေးမနှောင်း ထပ်ဆင့်ထွက်ပေါ်လာသည့် ဆတ်တစ်သံတို့ပင်။ အသံ လာရာဆီကို မှျော်မှန်းကြည့်လိုက်တော့ ဂူအတွင်းဆီမှဖြစ်နေကြောင်း ခန့်မှန်းလိုက်မိသလို ကျွန်တော်၏အတွေးများလည်း ထွေပြားသွားပြန် သည်။ ကျွန်တော် လျှပ်တစ်ပြက်ပစ်ခတ်လိုက်ရသော သားကောင်မှာ



www.burmeseclassic.com

www.burmeseclassic.com



ဟင်းမျိုး (ခ) ကျားသတ္တဝါမှန်း အမြင်ရော၊ ဟိန်းဟောက်လိုက်သော အသံအရပါ အမှန်ပင်။ ယခု ဒဏ်ရာရသားကောင်ကြီးကို သွေးစက်ခံလိုက်ခဲ့ကြရာ ဂူကြီးအတွင်းသို့ ဝင်ရောက်ပုန်းအောင်းနေသည်ကလည်း အသေအချာပင်။ ယခု ဂူကြီးအတွင်းဆီမှ ထွက်ပေါ်လာနေသည့်အသံက လူတစ်ဦးချောင်းဆိုးသံမျိုးနှင့် မရေးမနှောင်း ဆတ်တစ်သံ။

အသိတရားတို့ ဝေဝေဝါးဝါးမို့ ကွဲပြားစွာသိရှိနိုင်စေရန် ဘကြီးကောင်းထံ လှမ်းကြည့်ရင်း အဖြေကိုရှာလိုက်တော့ အသံမပေးရန်နှင့် အသင့်ပစ်ခတ်ရန် အချက်ပြနေသဖြင့် သေနတ်ဒင်ကို ပခုံးတွင်ကောက်ရင်း စောင့်စားနေလိုက်မိပေသည်။

ငါးမိနစ်. .

ဆယ်မိနစ်. .

ဆယ့်ငါးမိနစ်. .

ထူးခြားမှုမရှိသည့်အပြင် ဂူဝ၏ဟိုမှာဘက် အရှုပ်တောချုံပုတ်ကြီးအတွင်းဆီမှ တောကြက်ဖငယ်တစ်ကောင်က သွဲ့ပျောင်းသောအသံနှင့် တွန်သံပေး၍များပင် နေသေးသည်။

ရှာခံမုဆိုး ကိုဦး၏ မောင်ယဉ်ကြိုင်ကို လှမ်းကြည့်လိုက်ပြီး မျက်စိမှိတ်၍ မေးဆတ်ပြလိုက်တော့ မောင်ယဉ်ကြိုင်က အနီးစပ်ဆုံး ဂဝံကျစ်စာခဲတစ်လုံးကို ကောက်ယူ၍ ဂူပေါက်ကြီးအတွင်းဆီသို့ အားကုန်ပစ်သွင်းလိုက်ပေတော့သည်။ ခဲလုံးကြီးသည် ဂူပေါက်ကြီးအတွင်း တန်းဝင်၍ ကွဲကြေသွားသံများတို့နှင့်အတူ. .

"အာဝူး. . ဝေါင်း. ."

ဝမ်းခေါင်းသံကြီးပေးလျက် ဂူပြင်သို့တိုးထွက်လာပြီး တွေ့မြင်လိုက်ရသော လူသားမုဆိုးငါးဦးထဲမှ မည်သူ့ကို အရင်ဆုံး စတင်ကိုက်ခဲကလဲ့စားချေရမည်ကို ချိန်ဆနေစဉ်အတွင်း. .

"ဒိုင်း. . . ဒိုင်း. . ဒိုင်း. . ဒိုင်း. ."





သေနတ်ပေါက်ကွဲသံက တိတ်ဆိတ်ငြိမ်သက်လျက်ရှိသော တောကြီးတစ်ခွင်လုံးကို ဖုံးလွှမ်းသွားပေတော့သည်။ သေနတ်သံတို့ကြောင့် တွန်သံပေးနေသောတောကြက်ဖငယ်ပင် အဝေးဆီသို့ တထိတ်တလန့် ပျံပြေးထွက်သွားပေတော့သည်။

ဟင်းမျိုးကြီးမှာ သေနတ်ဒဏ်ရာများကြောင့် မြေပြင်သို့ပစ်ကျသွားပြီး လူးကာလွန့်ကာနှင့် ကျုံးဆလိုက်ကာ လျှပ်တစ်ပြက် အနီးကပ် လူသားရန်သူကို တန်ပြန်တိုက်ခိုက် ကလဲ့စားချေသွားရန်အတွက် ဂူအတွင်းသို့ ခဲနှင့်ပစ်လိုက်ပြီး ဟင်းမျိုးကြီးထွက်အလာတွင် ငေးကြောင်လျက် ရပ်ကြည့်နေသော မောင်ယဉ်ကြိုင်ကို ခုန်အုပ်ကိုက်ခဲလိုက်သည်မို့ သူကိုင်ဆောင်ထားသော နှစ်လုံးပြူး၏ (၉) လုံးကျည်က ဒိုင်းခနဲ မြည်ဟိန်းပေါက်ကွဲသွားသည်။ မာန်စွယ်အဖွေးသားပေါ်အောင် ဖြဲထားသော ပါးစပ်ကြီးအတွင်းမှ မြေတုန်ဟည်းမတတ် ညည်းတွားအော်ဟစ်လိုက်ရင်း မြေပြင်တွင် ဘေးတိုက်အသွင်မျိုးနှင့် တဆတ်ဆတ်အကြောဆွဲကာ သူ၏လျှာကြီးကို တစောင်းကိုက်ရင်း ငြိမ်သက်သွားပေတော့သည်။

"ဟူး. . ပစ်လှချည်လား။ ဘာကောင်မို့ ဒီလောက် မညာမတာ ဝိုင်းပစ်နေကြတာလဲ။ လွန်လွန်းအားကြီးတယ်"

နောက်ကျောဆီမှ သေနတ်များကိုယ်စီကိုင်လျက် ကျွန်တော်တို့ထံ ပြေးလိုက်လာကြသော အဖွဲ့သားများအတွင်းမှ ဉာဏ်ကျယ်၏ ကျယ်လောင်သောအသံ။

သေနတ်ကို ခါးချိုးလျက် ပစ်ခတ်ပြီးသောကျည်ခွံများကိုထုတ်ကာ အသစ်ထည့်နေသော အေးသောင်း၏နောက်ဘက်သို့ လှည့်ကြည့်လိုက်ရင်း ပြန်ဖြေကြားလိုက်ပုံက. .

"ဒီမှာ နှင့်ပထွေးက ဒဏ်ရာကြီးနဲ့ ဂူထဲဝင်ပုန်းနေပြီး ငြိမ်ငြိမ်မနေဘဲ တို့ကို ချောင်းဆိုးသံ၊ ဆတ်တစ်သံနဲ့ မျှားခေါ်နေလို့ ဝိုင်းပြီးသမ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ကြရတယ်။ ဒီကြားထဲ မောင်ယဉ်ကြိုင်တောင် ကံကြီးပေလို့ကွ''

အေးသောင်းက ဉာဏ်ကျယ်ကို ပြန်နှက်လိုက်သည်။ ပြူးပြူး ပျာပျာအသွင်တို့နှင့် အနီးသို့ရောက်လာကြသော အစ်ကိုကြီးဦးသိန်းလွင်၊ ဉာဏ်ကျယ်၊ မွန်၊ အာလူးနှင့် ကုလားကြီးသန်းညွန့်တို့ ငါးဦးသားမှာ အသက်ကင်းမဲ့နေပြီဖြစ်သော ကျားကြီး၏ ကြောက်မက်ဖွယ်ရာမျက်လုံး ကြီးများ၊ ချွန်ထက်သောသွားစွယ်ကြီးများနှင့် လျှာကြီးကို တစောင်းကိုက် ခဲထားသော ပါးစပ်ကြီး၊ တုတ်ခိုင်သန်မာသောကိုယ်လုံး၊ တုတ်ခိုင်သန် စွမ်းသော ခြေနှင့်လက်တို့ကို ကြည့်လိုက်သလို တဆတ်ဆတ်နှင့် ကြောက် ဒူးတုန်ပြီး ငူငူကြီးရပ်နေသော မောင်ယဉ်ကြိုင်ကို အပြန်အလှန် အထူး အဆန်းသဖွယ် ဝိုင်းကြည့်နေလိုက်ကြရင်း လတ်တလောတွေ့မြင်လိုက် ရသောမြင်ကွင်းအပေါ် ဟိုက်ခနဲ အာမေဋိတ်သံ ပြိုင်တူထွက်သွားကြ ပေတော့သည်။

ထိုမြင်ကွင်းကြောင့် ကျွန်တော့်တွင် အတွေးတို့က ဝင်လာ မိ၏။ ဉာဏ်ကျယ်ပြောလိုက်သော စကားတို့ကိုလည်း ပြန်လည်ကြား ယောင်နေလိုက်မိပေတော့သည်။

''ဒီတောကို ပိုင်ဆိုင်တဲ့ အဘိုးတို့များ သားသမီးတွေကိုချစ် တော့ အပေးအကမ်းအားကြီးရက်ရောတာပဲနော် ဘိုလေး''. . တဲ့။ ။

**(မှတ်ချက်– ထိုအရပ်တွင် သားကောင်သည် လျှာတစောင်းကိုက် ပြီး အသက်ပျောက်ပါက နောက်ထပ် သားကောင်များများရဦးမည့် အတိတ်နိမိတ်ဟု ယူဆကြသည်။ အမှန်လည်း ထိုနိမိတ်ပြအတိုင်း ရခဲ့ပေသည်။)**

❖



www.burmeseclassic.com

www.burmeseclassic.com

# ခရစ်စမတ်နေ့လေး အမှတ်ရသေး

ရှေ့တွင် လှမ်းမြင်တွေ့နေရသော မြေပြောင်ပြောင်ကွက်သာ နေရာကလေးသည် သားကောင်တို့၏ ခြေရာခြေကြောင်းများအရ ဝင်လမ်း၊ ထွက်လမ်း ဖြစ်နိုင်ခြေရှိသည်။ ပစ်ခတ်ရန်ကလည်း သေနတ်တစ်ကမ်းအတွင်း ရှိနေသည်မို့ ရှည်းစောင့်ရန်ကား အမှန်ပင်ကောင်းမွန်နေပေသည်။

တောမောင်း (တောခြောက်) သမားအသံများကို မကြားရသေးခင် သေနတ်သမားတို့၏ထုံးစံ သားကောင်တို့၏ ဝင်လမ်း၊ ထွက်လမ်း၊ ပြေးလမ်းတို့ကို ရှာ၍ နေရာယူရသည်။ မြေပြောင်ပြောင် ဖြတ်လမ်းတွင် ယခု စိတ်ကြိုက်နေရာကို တွေ့နေပြီမို့ ခေတ္တအထိုင်ချရန်အတွက် ကိုင်ဆောင်ထားသော လက်စွဲတော် နှစ်လုံးပြူးသေနတ်ကို ဆေးငရုတ်ပင်ကြီး၏ ပင်စည်လုံးတွင် ပြောင်းပြန်ထောင်လိုက်ရင်း အိတ်ကပ်ထဲမှ ဆေးပေါ့လိပ်နှင့်မီးခြစ်ကို ထုတ်ယူပြီး မီးတို့ဖွာရှိုက်နေလိုက်ချိန်မှာပင် . .

"ဟေးဟေး . . ဝါးဟားဟား . . ထွက်ဟာထွက်ဟ . . ဒေါက် . . ဒေါက် . . "





တစ်ဖက်တောစပ်ဆီမှ ရှာခံတောမောင်းသမားများ၏ အော်ဟစ်ခြောက်လှန့်လိုက်သံများကို သဲ့သဲ့မျှကြားလိုက်ရသည်။ သောက်လက်စဆေးပေါ့လိပ်တိုကို အငမ်းမရ သုံးလေးကြိမ်ဆက်တိုက် ကမန်းကတန်းဖွာရှိုက်လိုက်ပြီး ဝါးဆစ်ပိုင်းအတွင်း သွင်း၍ အိတ်ကပ်ထဲထိုးသွင်းလိုက်ရင်း ထောင်ထားသောသေနတ်ကို အလျှင်အမြန် ဆွဲယူကောက်ကိုင်လိုက်မိချိန် ကတော်သံ ညံအောင်ပေးပြီး အစာကောက်နေကြသော တောကြက်တစ်အုပ်က တထိတ်တလန့် ပျံပြေးထွက်သွားကြပေသည်။

"ဝုတ်ဝုတ် . . ဝုတ်ဝုတ် . . ဝေါင်း . . ဝေါင်း . . "

အမဲလိုက်ခွေးများ၏ အသံများကိုပါ ထပ်မံကြားလိုက်ရသည်မို့ သားကောင်ကိုတွေ့၍ နောက်ကလိုက်ကြပေပြီဆိုတာက မုချအမှန်။ မကြာမီအချိန်အတွင်း ခွေးများ၏ အနံ့ခံလိုက်လံကိုက်ခဲမှုဘေးမှ လွတ်အောင်ရှောင်ပြေးပုန်းကွယ်ရတော့မည့် သားကောင်သည် ကျွန်တော်စောင့်ဆိုင်းသောနေရာ ဝင်လမ်းမှ အခြားတောဆီသို့ ပြေးလွှားရှောင်ထွက်သွားတော့မှာက အမှန်ပင်ဖြစ်နိုင်ခြေရှိနေသည်မို့ ကိုင်ဆောင်ထားသောသေနတ်၏ မောင်းထိန်းခလုတ်ကို အသာကျိတ်၍ ရှေ့သို့တွန်းပို့လိုက်ရင်း သားကောင်ထွက်ရာ လမ်းကြောင်းဆီသို့ ပြောင်းကို တန်းထားလိုက်မိပေသည်။

အမဲလိုက်ခွေးများ၏ အသံများက စောစောကထက် ပိုမိုဆူညံစွာ ထွက်ပေါ်လာပြီး ပိုမို၍လည်း နီးကပ်လာသည်။ တောခြောက်သမားများနှင့်အတူ ပါသွားကြသော ခွေးသုံးကောင်တို့၏ အသံများက ကျွန်တော်စောင့်ရာဘက်ဆီသို့ ဦးတည်နေပြီမို့ မကြာမီ ကျွန်တော့်ရှေ့ရှိ ဖြတ်လမ်းသို့ ရောက်လာမည်ကို သေချာနေပြီ။ မလှုပ်ရှားရဲ၊ အသာငြိမ်ပြီး စောင့်စားနေလိုက်ချိန် ရှေ့တူရူ တောချုံပုတ်ကြီးများအတွင်းမှ 'ဝေါ . . ဖျော . . ' ခနဲ ချုံတိုးသံကြီးကို ကြားလိုက်ရသည်။ ရိပ်ခနဲတွေ့မြင်လိုက်ရသော သားကောင်သည် လွတ်ကင်းရာ ဟိုမှာဘက်တောဆီ



www.burmeseclassic.com

www.burmeseclassic.com



သို့ တစ်ရှိန်ထိုးကူးဖြတ်မသွားဘဲ ချုံကြီးများအတွင်းမှ တိုးထွက်လာပြီး တစ်ဖက်တောသို့ ပြေးဝင်ရန်အတွက် သူဖြတ်သန်းမည့်လမ်းကြောင်းသည် ဘေးကင်းမှုရှိမရှိ၊ ရန်သူရှိမရှိကို ကြည့်ရှုရန်အတွက် တစ်ရှိန်ထိုးပြေးနေရင်းမှ တုံ့ခနဲရပ်တန့်လိုက်ကာ အခြေအနေအရပ်ရပ်ကို သူ၏ဦးခေါင်းဖြင့် တောင်မြောက်လေးပါး လှည့်ပတ်၍ ဟိုသည်ကို ကြည့်နေလိုက်စဉ်အတွင်း. .

"ဒိုင်း. ."

ကျွန်တော်ကိုင်ဆောင်ထားသော နှစ်လုံးပြူး၏ ညာဘက်ပြောင်း (၉) လုံးကျည်တစ်တောင့်က မြည်ဟိန်းပေါက်ကွဲသံကြီး ထွက်ပေါ်လာသည်နှင့်အတူ တုံ့ခနဲရပ်နေသော သားကောင်မှာ မြေပြင်သို့ ဟပ်ထိုးလဲကျသွားပြီး လိမ့်ပြန်ရင်း ယက်ကန်ယက်ကန်နှင့် ကုန်းထပြေးထွက်သွားရန် ပြင်ဆင်အားယူနေစဉ်အတွင်းမှာပင်. .

"ဒိုင်း. . ."

ဘယ်ပြောင်း (၉) လုံးကျည်က ရုန်းထပြေးထွက်သွားဖို့ ကြိုးစားနေသော သားကောင်ကြီး၏ လည်တိုင်ရင်းဆီသို့ တိကျအရှိန်ပြင်းစွာ တိုးထွက်နေရာယူလိုက်ပေတော့သည်။

သေနတ်သံများကြောင့် ခွေးများကား အားတက်သရော ပြေးလွှားရောက်ရှိလာကြပြီး မြေပြင်တွင် ဘေးတိုက်လဲကျနေသော သားကောင်ကြီးကို 'ကဲ. . မှတ်ပြီလားကွ' ဟူသော်သဘောမျိုးနှင့် အံသံများပေးရင်း ခုန်ပျံကိုက်ဆွဲနေကြသည်မှာ တစ်တောလုံးဆူညံ၍သွားပေတော့သည်။

သားကောင်ကြီးမှာ နီညိုရောင်ဆတ်ကျွဲကြီးဖြစ်ပြီး အလေးချိန်မှာ (၆၀) ထက်မအောက်မှန်း သိလိုက်သည်။ ဆေးပေါ့လိပ်မှကို ထုတ်၍ မီးတို့ဖွာရှိုက်လိုက်သည်။ အဖွဲ့သားများနှင့် တောမောင်းသမားများကို စောင့်ရင်း လူပြန်စုကြရဦးမည် မဟုတ်ပါကလား။





တစ်တောခြောက် တစ်ကောင်ရသည်မို့ သည်တောကား ကျွန်တော်တို့မုဆိုးများအတွက် လမိုင်းကပ်သော တောပင်။ ယခုရရှိထားပြီးသော ဆတ်ကြီးကို အရေချ၊ ဝမ်းတွင်းသားများထုတ်၊ ရှေ့လက်နှင့်နောက်ပေါင်သားများကို မီးကင်၍ ယနေ့ည ခရစ်စမတ်အကြိုမီးပုံပွဲကို အဖွဲ့သားများနှင့် တပျော်တပါး ကျင်းပကြရဦးမည် မဟုတ်ပါလား။

ဦးရွှေမောင်ကား မွေးနီကျေးရွာ ရွာခံမုဆိုးဟောင်းကြီးတစ်ဦး ဖြစ်သည်။ ယခုအချိန်တွင် အသက်အားဖြင့် (၇၅) နှစ်ကျော် ရှိနေပြီဖြစ်သည့်အတွက် တောလိုက်ခြင်းလုပ်ငန်းများကို မလုပ်နိုင်သော်လည်း သူ၏သားများဖြစ်ကြသည့် တင်စိုး၊ ယောင်ကြီးတို့ကို မုဆိုးပညာများ လက်ထပ်သင်ပေးထားခဲ့သဖြင့် သားဖြစ်သူများကလည်း ဖခင်ခြေရာကို နိုင်နင်းသူချည်းများပင်။

သည်တောတောင်ရေမြေနှင့် သီးပင်စားပင်၊ တောတွင်းရှိ တိရစ္ဆာန်များ အခြေအနေများကို သူ၏သား မုဆိုးလေးများကား ဖခင်နည်းတူ မသိတာမရှိ။ စိတ်ချရသည့်အဆင့်တွင် ရှိနေသော်လည်း သူ့မှာ ယခုအချိန်အထိ သားများကို စိတ်မချနိုင်သေး။

မွေးနီဆိုတာက ပဲခူးရိုးမကြီး၏ အတွင်းပိုင်းကျသောနေရာ၊ သားကောင်များ ပေါများစုံလင်သောနေရာ။ တံစို့ထိုးထားပြီးသော ဆတ်သားတုံးကြီးများတို့ကို မီးဖိုကြီးဘေးတွင် လေးဖက်လေးတန် ခွလျက်



www.burmeseclassic.com

www.burmeseclassic.com



အပေါ်ပိုင်းဆီမှ အစွန်းထွက်နေသော ဝါးလေးချောင်း၏ ထိပ်ဖျားများကို စုစည်း၍ မီးကင်ထားသည်။ ဝမ်းတွင်းသားများကို ချက်ထားသဖြင့် အရက်များနှင့် တပျော်တပါးစားသောက်နေကြရင်းမှ ထုံးစံအတိုင်း ဉာဏ်ကျယ်က အသက်အကြီးဆုံး ဘကြီးကောင်းကို စနောက်နေသည်။ အဘိုးကြီးကလည်း ဒေါသနှင့် ပြန်လည်တုတ်ဆဲနေသည်။

ဩော်. . ယခုကဲ့သို့ လွတ်လပ်ပျော်ပါးချင်ကြလို့ လူသူမနီးတဲ့ တောထဲတောင်ထဲကို ရောက်လာခဲ့ကြပေပြီပဲ။ ဒီလောက်ကတော့ ရှိနိုင်ကြမှပေါ့။

"မင်းတို့ တောတင်ဖို့ အရက် သီးသန့်ဖယ်ထားကြသေးလား"

အဘဦးရွှေမောင်က လှမ်းမေးလိုက်သဖြင့် ကိုထင်ကျော်က. .

"ဟုတ်ကဲ့. .။ သပ်သပ်ဖယ်ထားတာ ရှိပါတယ်။ လွယ်အိတ်ထဲမှာ"

"အေး. . မင်းတို့လူငယ်တွေကို ငါမှာရဦးမယ်။ ခု မီးကင်နေတဲ့ ဆတ်သားကို မတင်မြှောက် မပသရသေးခင် ဘယ်သူမှ မစားမိကြစေနဲ့။ တင်မြှောက်ပြီးမှ စားကြ။ ကြားလား. ."

လူကြီးပီပီ အမြော်အမြင်နှင့် မမှားတန်တာ မမှားကြစေရန် စေတနာနှင့် ပြောကြားနေခြင်းကို အသိအမှတ်ပြုကြသည့်အနေနှင့် အားလုံးကပင် စိတ်ချပါရန် ကတိပြုလိုက်ကြပေတော့သည်။

ဆတ်သားကင်ကြီးများကလည်း မကျက်သေး။ အရက်နှင့် ဆတ်ဝမ်းတွင်းသားချက်ကလည်း လိုက်ဖက်ညီလှသဖြင့် သောက်လိုက် စားလိုက်ကြနှင့်မို့ အတော်ကလေး အရှိန်က ရနေကြပေပြီ။ စိတ်ဆိုးသွားခဲ့သော ဘကြီးကောင်းပင် ဟိုလူသွားပေးတာကို မော့လိုက်၊ သည်လူသွားပေးတာကို မော့လိုက်နှင့်မို့ ထွေထွေကလေး ဖြစ်နေသည်။ ကျွန်တော်တို့နှင့် ရွာခံလူများက ဝိုင်း၍တောင်းဆိုကြသဖြင့် ငြင်းနေရင်းကြားမှ ဘကြီးကောင်း မနေသာပြီမို့ ထကရချေပြီ၊ အမှန်ကလည်း အဘိုးကြီး





အကကောင်းမှန်း သိရှိထားကြသူများ မဟုတ်ပါလား။

ကျွန်တော်တို့အုပ်စုလူကုန် မီးဖိုကြီးကို ဝိုင်းပတ်နေရာယူလိုက်ကြပြီး တတ်ခဲနှင့်ဖွင့်ရသော ကက်ဆက်ကို ခလုတ်နှိပ်လိုက်တော့ 'အိတုံ' ၏ 'ရှမ်းရိုးမကအိုးစည်သံ' ဟူသော တေးသွားတီးလုံးက မြိုင်မြိုင်ဆိုင်ဆိုင်ကလေး ပေါ်ထွက်လာသည်နှင့်အတူ ကျွန်တော်တို့၏ ညီညာသော လက်ခုပ်သံများကြားဝယ် ဘားနှစ်လက်ကို တစ်ဖက်တစ်ချောင်းစီ ကျင်လည်စွာဆုပ်ကိုင်ရင်း စည်းချက်ညီညီနှင့် သေသပ်ပိရိ လှပစွာ ကပြနေသည်ကို ရွာခံများက ဟာအံ့တသြတွေ့မြင်လိုက်ကြရပေတော့သည်။ ပြီးဆုံးသွားသည့်အခါ လက်ခုပ်သံတဖြောင်းဖြောင်းနှင့် နောက်ထပ် ရွာခံများက ပွဲတောင်းနေကြသဖြင့် တစ်ပြန်ကျော့လိုက်ရင်း စခန်းသိမ်းလိုက်ကြပေတော့သည်။

မြေပြောင်ပြောင်တွင် ခင်းထားသော စားပွဲဝိုင်းပေါ်တွင် တောဘင်ရန် ဖယ်ထားသောအရက်ကို ဖန်ခွက်အတွင်း လောင်းထည့်လိုက်ပြီး ဆတ်သားကင်ကို တင်မြှောက်ပသရန်အတွက် အတုံးငယ်ကလေးများဖြစ်အောင် ကိုထင်ကျော်က ငါးဖယ်ခုံဓားဖြင့် လှီးဖြတ်နေစဉ်အတွင်း ဆတ်သားကင်တစ်တုံးက စင်၍ မြေပြင်သို့ကျရောက်သွားသည်ကို အားလုံးကပင် လှမ်း၍မြင်တွေ့လိုက်ကြရသည်။

"ဟိုက်. . နမြောစရာကြီးကွာ"

ပြောပြောဆိုဆိုနှင့် အဘဦးရွှေမောင်၏ မြေးဖြစ်သူ ရွာခံပြူးကျယ်က လှမ်းကောက်ယူလိုက်ရင်း သူ၏ပုဆိုးနှင့် အသားဖတ်တွင်ကပ်နေသော သဲများကို သုတ်၍ သူ၏ပါးစပ်အတွင်းသို့ ပစ်ထည့်လိုက်ပြီး ဝါးစားနေသည်ကိုလည်း အားလုံးက မြင်လိုက်ကြရသည်။ ဘယ်သူက ဘာစကားမျှ မပြောကြသဖြင့် တင်စိုးက တင်မြှောက်ပသလိုက်အပြီးတွင် ကျွန်တော်တို့အုပ်စုမှာ စားလိုက်၊ သောက်လိုက်၊ ကလိုက်၊ မီးပုံကြီးကို ခုန်ပျံကျော်လွှားလိုက်လုပ်ကြရင်း တဝါးဝါးတဟားဟားနှင့် အတော်



www.burmeseclassic.com

www.burmeseclassic.com



ကြီး ညဥ့်နက်မှ ပွဲသိမ်းလိုက်ကြပေတော့သည်။

☯ ☯ ☯

လဆုတ်ရက်မို့ သန်းခေါင်ကျော်မှ လထွက်မည်။ ကျွန်တော်တို့အုပ်စုသည် လုပ်ငန်းတာဝန်များပြားကြသူများမို့ ယခုလို ခရစ်စမတ်ရုံးပိတ်ရက်အပြင် စနေ၊ တနင်္ဂနွေလိုရက်မျိုးကို အားကိုး၍ ဝါသနာပါရာ အမဲပစ်လုပ်ငန်းကို လုပ်ကိုင်နေကြသူများဖြစ်သည်။

မနေ့ညက ခရစ်စမတ်မီးပုံအပျော်ပွဲကလေးကြောင့် အပျော်လွန်သွားခဲ့ကြသော ကျွန်တော်တို့မှာ ယခုနံနက်ပိုင်း ထမင်းစားချိန်တွင်ပင် မည်သူမျှ အိပ်ရာမထနိုင်ကြသေး။

"ကဲ. . ဘိုလေး. . ရော့. . မောနင်းပက်လေး ထပ်လုပ်လိုက်ဦး"

"ဟာ. . အဘရယ်။ ခေါင်းတွေကိုက်လွန်းလို့ ထပ်သောက်ဖို့ မပြောနဲ့။ အသံတောင် မကြားချင်ဘူး"

"လုပ်လိုက်စမ်းပါ။ တန့်ပြန့်တဲ့ သဘောပဲ၊ မကြာခင် လူကောင်းဖြစ်သွားမှာ။ ရော့. . ထပ်ချလိုက်"

ခေါင်းများကိုက်လွန်းနေသဖြင့် မသောက်လိုတာက အမှန်ပင်။ ငြင်းလို့ရမှာမဟုတ်သလို လူကြီးတစ်ယောက်၏ စေတနာကို ရိုင်းပျစော်ကားရာကျမှာစိုးသဖြင့် သေချင်လည်းသေပစေတော့ဟူသောစိတ်နှင့် လှမ်းယူလိုက်ပြီး ငွပ်ခနဲမော့ချလိုက်မိသည်။

မကြာလိုက်. .။ သိပ်မကြာလိုက်. .။ ခေါင်းထဲတွင် ကိုက်ခဲ





နေကြသော အစိုင်အခဲတို့က ဘယ်ကိုရောက်ရှိသွားကြမှန်းမသိ။ ပေါ့ပါးလန်းဆန်းလာခဲ့သလို ဖြစ်ပျက်ခဲ့ပြီးသော အရာအားလုံးတို့သည် ကိုယ်နှင့်မဆိုင်သလိုမျိုးပင်။

ဘကြီးကောင်း၊ ဦးသိန်းလွင်၊ ကိုထင်ကျော်တို့နှင့် လူငယ်များသည်လည်း ကျွန်တော့်ကဲ့သို့ပင် ပြန်လည်လန်းဆန်း နိုးထလာကြသည်။

"ကဲ. . လူရုံကုန်း မင်းတို့ကို ငါစကားပြောချင်တယ်။ ငါပြောတဲ့စကားတွေဟာ စေတနာစကားတွေပဲ၊ မင်းတို့အုပ်စု ဒီကနေ့ သေနတ်ကိုင်ကြဖို့ လုံးဝမကြိုးစားကြနဲ့"

"ခင်ဗျာ. . ဘာပြုလို့လဲ အဘ"

ဘကြီးကောင်းအမေး. .။

"မင်းတို့ ညက ဘာတွေမှားလဲ"

"ကျွန်တော်တို့ အမှားတစ်ခုမှ မလုပ်ခဲ့ကြပါလား"

"သေချာရဲ့လား. .။ ပြန်စဉ်းစားကြည့်ပါဦး"

"သေချာပါတယ်။ ဘာတစ်ခုကိုမှ အမှားအယွင်းမလုပ်မိကြတာ အမှန်ပါပဲ"

"ကဲ. . ဒါဆို ငါပြောမယ်။ ညက တင်ဖို့ မြှောက်ဖို့ ဆတ်သားကင်လိုးရင်း အောက်ကျတဲ့ အသားတုံးကို ဘယ်သူစားလဲ။ ငါ ကြိုပြီး မင်းတို့ကို ဘာမှာထားခဲ့သလဲ"

"ဟိုက်. . ဟုတ်ပါ့ဗျာ။ ပြုံးကျယ် ကောက်စားတယ်။ သူတို့အတွက် ရည်မှန်းထားတဲ့ အသားကင်တွေကလည်း အများကြီးရှိနေပြီး ခုလို အောက်ပြုတ်ကျသွားလို့ လွှင့်ပစ်ရမယ့်အတူတူ ကိစ္စမရှိဘူးထင်ပြီး ကြည့်နေလိုက်ကြတာ"

"အေး. . အဲဒါ အမှားပဲ။ ငါပြောတာ မယုံရင် မင်းတို့ စဉ်းကြည့်နိုင်တယ်။ မင်းတို့ရဲ့အသက်ကို မနှမြောရင်ပေါ့လေ"

အဘဦးရွှေမောင်အပြောက သည်လောက်ပင်။ သူ့စကားဆုံး



www.burmeseclassic.com

www.burmeseclassic.com



တော့ ကိုင်းခုတ်ဓားလေးကို ခါးတွင်ပြောင်းပြန်ထိုး၍ ကြိမ်နီခုတ် ဂုန်ဆိုပြီး ထွက်ခွာသွားသည်။ သူ၏လုံးတီးကျောပြင်ကြီးကို ငေးမောကြည့်လိုက်ကြရင်း ကျွန်တော်တို့မှာ အတွေးများကိုယ်စီနှင့် ကျန်ခဲ့ကြပေတော့သည်။

☯ ☯ ☯

"တရိန်. . တရိန်. . တရိန်. ."

ပီပီပြင်ပြင်နှင့် ဆတ်တစ်သံက သိပ်မဝေးလှသောနေရာဆီမှ ကြားလိုက်ရသည်။ ချောင်းစမှပင် ဖြစ်နိုင်သည်။ အကြောင်းက မိုးအခါတွင် တောင်ကျရေများ တိုးလျှိုပေါက် ဒလဟောစီးဆင်းသော ဝါးချောင်းသည် ယခုကဲ့သို့ ဆောင်းဦးကာလမျိုးတွင် စီးဆင်းရန် မိုးရေက မရှိတော့သဖြင့် ချောင်းကောအဖြစ် တည်ရှိကာ ချောင်း၏ဟိုမှာသည်မှာ တစ်ဖက်စီတွင် တစ်ပြန့်တစ်ပြောကျန်ရစ်ခဲ့သော သဲသောင်ခုံကြီးများပေါ်တွင် ရွာခံများက စီးပွားဖြစ် မြေပဲ၊ ပြောင်း၊ နှမ်း၊ ဖရဲ၊ သခွား၊ ရေတ် စိုက်ခင်းများ၏ အညွန့်အစာက်အရွက်တို့ကို ဝင်ရောက်စားသောက်ရင်း တစ်သံပေးနေခြင်းဖြစ်သည်။

"တရိန်. . တရိန်. . တရိန်. ."

ထူးထူးခြားခြားပင်။ ဆတ်တစ်နေပုံက ညဘက်မဟုတ်ဘဲ ညနေခင်းဖြစ်နေခြင်းပင်။ မှောင်ရီပင် မပျိုး။ ရွာအနီးစိုက်ခင်းများဆီ ရဲတင်းစွာ ဝင်ရောက်စားသောက်ပြီး တစ်သံပေးနေခြင်းပင်။ အဘဦးရွှေမောင်က 'မင်းတို့ ငါပြောတာ မယုံရင် စမ်းကြည့်နိုင်တယ်။ မင်းတို့ရဲ့





အသက်ကို မနမြောရင်ပေါ့လေ' ဟု အပြတ်ပြောထားပြီးမှ ဆတ်တစ်သံကို နားစွင့်ကြရင်း မချင့်မရဲနှင့် တစ်ဦးမျက်နှာကို တစ်ဦး 'ကဲ. . ဘာလုပ်ကြမှာတုံး' ဟူသော အကြည့်မျိုးနှင့် အပြန်အလှန် ကြည့်နေလိုက်မိကြသည်။ လူငယ်များကား သွားရောက်ပစ်ခတ်လိုကြ၍ ရွစိရွစိဖြစ်နေကြသော်လည်း ကျွန်တော်တို့လူကြီးတွေ မလှုပ်သဖြင့် ငြိမ်ကုပ်နေကြသည်။ ကျွန်တော်ကိုယ်တိုင် သည်စိုက်ခင်းများထဲသို့ ဝင်ရောက်စားသောက်နေကြသော သားကောင်များကို အပိုင်ပစ်ခတ်ခဲ့ဖူးသည်။ သွားရမည့်လမ်းကြောင်းကိုလည်း သိရှိထားခဲ့သူမို့ သားကောင်ကို လက်လွှတ်လိုက်ရမှာ နှမြောနေကြသည်။ မှဆိုးအခေါ် အပိုင်ပစ်ခတ်လို့ရရှိမည့် 'ပဲလှော် (သို့မဟုတ်) မုဆိုးခရမ်းချဉ်' ပင် မဟုတ်ပါလား။

"ကဲ. . အဘကောင်း၊ အစ်ကိုကြီးဦးသိန်းလွင်၊ ကိုထင်ကျော်. . ဘာလုပ်ကြမှာလဲ"

"ညဥ့်တော့ မလည်ကြတော့ဘူးလေ။ ခုကိစ္စလေးတော့ နီးနီးလေးမို့ လူကြီးတွေချည်း အခြေအနေလေး သွားကြည့်လိုက်ကြရအောင်"

အဘကောင်းက ကျွန်တော့်ကုလားဖန်ထိုးပြီး နှပ်ကြောင်းပေးလိုက်သည့်အတိုင်း ချိုးချလိုက်သည်မို့ တန်းဝင်လာသည်။ သူ့စကားအဆုံးတွင် ကျွန်တော်နှင့် ဦးသိန်းလွင်တို့မှာ ဂုန်းခနဲထရပ်ရင်း သေနတ်များကိုယ်စီဆွဲလိုက်ကြရင်း ကျည်ခါးပတ်များကို ခါးတွင်ပတ်လိုက်ကြပေတော့သည်။

"အဘကောင်းက သေနတ်မယူနဲ့။ ဓားနဲ့ ဓာတ်မီးပဲ ယူခဲ့"

ကျွန်တော်တို့ အသက်ကြီးသူများချည်းသာ တိုင်ပင်၍ လှုပ်ရှားနေကြပုံကို အဘဦးရွှေမောင်၏ သားများဖြစ်ကြသော တင်စိုးနှင့် ယောင်ကြီးတို့အပြင် အဖွဲ့ဝင်လူငယ်များပါ ဘာတစ်ခွန်းမှ မပြောကြဘဲ ငေးကြောင်ကြည့်နေကြသည်။ မပြောရဲကြ၍သာ ဖြစ်ဟန်တူသည်။

လူသွားလမ်းကျဉ်းကလေးသည် နှင်းငွေ့များရိုက်ခတ်ထားသော



www.burmeseclassic.com

www.burmeseclassic.com



သစ်ရွက်ခြောက်များနှင့်မို့ အသံမကြားရအောင် ဖွနင်းလျှောက်လှမ်းနေကြသော်လည်း တရုပ်ရုပ်နှင့်တော့ မြည်နေသေးသည်။

ခင်တန်း၏ဟိုမှာဘက် ကျူပင်ရိုင်းကြီးများကို မျက်ကွယ်ပြု၍ လူသွားလမ်းကလေးအတိုင်း ဆတ်တစ်သံကြားရသော နေရာဘက်ဆီသို့ မျက်ကွယ်ပြု၍ ချဉ်းကပ်လာခဲ့ကြခြင်းဖြစ်သဖြင့် သဲသောင်ခုံကြီး၏ သည်မှာဘက် ဧရာတ်ခင်း၊ မြေပဲခင်းနှင့် ဟိုမှာဘက် နှမ်း၊ ပြောင်း၊ ဖရဲခင်းများဆီသို့ သုံးဦးသား ချဉ်းကပ်ရင်း သေနတ်များကို ကျိတ်၍ မောင်းတင်လိုက်ကြကာ ထိုင်လိုက်ကြရင်း ရှေ့ဆီတွင် လူတစ်ထိုင်စာ ခန့်ရှိသော ခြတောင်ပို့ကို အကာအကွယ်ယူ၍ အနီးသို့ တိုးကပ်ကာ သားကောင်ကို ရှာဖွေနေလိုက်မိကြသည်။ နှင်းမြူငွေ့များကြောင့် အရာရာသည် ပီပြင်သဲကွဲမှုက မရှိလှ။

အဘကောင်း ကျွန်တော်တို့နှစ်ဦးနောက်မှ လက်ညှိုးညွှန်ပြနေသော သဲသောင်ခုံ၏ ဟိုမှာဘက် မြေပဲခင်း၊ နှမ်းခင်းနှင့် ကိုင်းပင်များအစပ်တွင် တစ်သံပေးနေသော ဆတ်ကြီးတစ်ကောင်သည် တည်ငြိမ်စွာ မြေပဲပင်များ၏ အညွန့်အတက်များကို စားနေသည်။ ဆတ်ကြီးမှာ အညိုရင့်ရောင်ဖြစ်ပြီး ဦးချိုချထားသည်။ ဦးခေါင်းတစ်ဖက်တစ်ချက်စီတွင် တစ်မိုက်ခန့်ထောင်ထနေသော ဆတ်ချိုနုငုတ်ကလေးနှင့်မို့ ချိုနုပါ ရနိုင်သည်။ ဆတ်ကြီးမှာ တည်ငြိမ်အေးဆေးစွာ ငုံ့၍ မြေပဲညွှန့်များကို စားသောက်နေရင်း ဦးခေါင်းကြီးကို ရုတ်တရက်ထောင်ပြီး မျက်လုံးဝိုင်းကြီးများက တောင်မြောက်လေးပါးကို လိုက်လံကြည့်ရှုနေသလို အမြီးတိုကလေးကလည်း အပေါ်အောက် တဆတ်ဆတ်လှုပ်ရှားနေသည်။ ဦးခေါင်းထက်ရှိ နားရွက်နှစ်ဖက်ကလည်း ရှေ့တိုးနောက်လှန်လုပ်ရင်း ဟိုဟိုသည်သည် ရွေ့လျားနေပြန်သည်။

နီညိုရောင်ဆတ်ကြီးက အတန်ကြာသောအခါ ပတ်ဝန်းကျင်ကို စိတ်ချသွားဟန်နှင့် ဘေးတိုက်အသွင်သို့ပြောင်း၍ ကန့်လန့်ခံပြီး မြေပဲခင်း





ကို လိုက်လံကိုက်ဖြတ် စားသောက်နေပြီမို့ အစ်ကိုကြီးဦးသိန်းလွင်အား တံတောင်နှင့် တို့ထိသတိပေး အချက်ပစ်ခိုင်းလိုက်သည်။ သူကိုင်ဆောင်ထားသောသေနတ်က ၃၀. ဝဖ်စပရင်းဖီးလ် ဝင်ချက်စတာရိုင်ဖယ် ယမ်းအား ဂရမ် ၂၂၀ ထိပ်ဖူးပျော့ခဲသီး ကပ်ကျည်တစ်တောင့် ပြောင်းရင်းသို့ သွင်းထားပြီး မောင်းထိန်းခလုတ်ကို ရှေ့သို့အသာတွန်းပို့ကာ ခြတောင်ပို့ကလေးပေါ်တင်၍ ပြောင်းခင်းရင်း နောက်ချိန်ခွက်၊ ရှေ့ချိန်သီးနှင့် သားကောင်တို့၏ ရှေ့လက်ပတ်ကိုချိန်၍ မောင်းတံ့ကလေးကို အသာလက်ညှိုးနှင့် ဖိချလိုက်သည်။

"ချောက်. ."

ထင်မှတ်ထားသလို ရိုင်ဖယ်ကျည်က ကျယ်လောင်စွာမြည်ဟိန်းပေါက်ကွဲသံကြီးက ထွက်ပေါ်မလာခဲ့သဖြင့် ကျွန်တော်က ကိုင်ဆောင်ထားသောနှစ်လုံးပြူးနှင့် ဆက်တိုက်ပစ်ခတ်ချလိုက်မိပေတော့သည်။

"ချောက်. . ချောက်. ."

ဘယ်ညာနှစ်ဖက်စလုံး ပေါက်ကွဲသံကြီးများအစား တချောက်ချောက်အသံများကသာ ဝင်ရောက်နေရာယူနေကြသည်မို့ နှစ်လုံးပြူးဖက်ကို အမြန်ချိုး၍ လျင်မြန်စွာ 'ကျည်အ' နှစ်တောင့်လုံးကို ဆွဲထုတ်ပြီး ခြတောင်ပို့ဟိုမှာဘက်ဆီ ပစ်ချလိုက်ရင်း အသစ်နှစ်တောင့်ကို ထိုးသွင်းလိုက်ပြီး ပစ်ခတ်ချလိုက်ပြန်သည်။

"ချောက်. . ချောက်. ."

သေနတ်သံက ထွက်ပေါ်မလာသည်မို့ စိတ်မရှည်စွာနှင့် 'ကျွတ်' ဟု စုတ်သပ်လိုက်ရင်း သေနတ်ဖက်ကို ပြန်ချိုးကာ 'ကျည်အ' နှစ်တောင့်ကို ဆွဲထုတ်၍ ရှေ့နည်းအတိုင်း တောင်ပို့၏ဟိုမှာဘက်ဆီ ပစ်ချလိုက်ပြီး အစားကျည်နှစ်တောင့် ပြန်သွင်းတော့မည်အလုပ်. .

"ဂျလောက်. . ဂျလက်. ."

အစ်ကိုကြီးဦးသိန်းလွင် ကိုင်ဆောင်ထားသော သေနတ်က



www.burmeseclassic.com

www.burmeseclassic.com



ဘိုးလ်အက်ရှင်မှ မှုလပစ်ခတ်ပြီးသား 'ကျည်အ' က မြောက်တက်သွားပြီး ပြောင်းရင်းအတွင်းသို့ ကျည်သစ်တစ်တောင့်က ဝင်ရောက်နေရာယူ အစားထိုး ဇမောင်းတင်လိုက်သံကြီးကြောင့် အစာကို ငုံ့ရှုစားသောက်နေသော ဆတ်ကြီးမှာ သူ၏နောက်ကျောဘက်ရှိ ကိုင်းတောကြီးရှိရာအတွင်းသို့ ဦးလှည့်ပြီး 'ဝေါ..ဗျော..' ဟူသော တောတိုးသံကြီးနှင့်အတူ ဝင်ရောက်ပျောက်ကွယ်သွားသည်ကို မချင့်မရဲနှင့် ကျွန်တော်တို့ လိုက်လံကြည့်ရှုနေလိုက်ကြစဉ်အတွင်း..

"ဒိုင်း..:ဒိုင်း.."

ဘယ်လိုမှမျှော်လင့်ထင်မှတ်မထားသော ခြတောင်ပို့ကလေးဟိုမှာဘက်ဆီမှ အနီးကပ်ပေါက်ကွဲလိုက်သံကြီးနှစ်ချက်ကို တထိတ်တလန့်ကြားလိုက်ကြရသည်နှင့်အတူ ကျွန်တော်တို့သုံးဦးမှာ ဖက်တွယ်ရင်း မြေပြင်တွင် လျှပ်တစ်ပြက်ဝပ်ချလိုက်ကြပေတော့သည်။ ခြတောင်ပို့မှ မြေစိုင်မြေခဲတို့သည် ကျွန်တော်တို့၏ ကိုယ်များပေါ်တွင် ဖုံးလွှမ်းသွားကြသလို တောင်ပို့အတွင်း ရှိနေကြသော ခြကောင်ငယ်များကလည်း ကျွန်တော်တို့၏ ကိုယ်ခန္ဓာများပေါ်တွင် ရှုစိရှုစိဖြစ်နေကြပေတော့သည်။

အနီးကပ်ပေါက်ကွဲလိုက်သံကြီးများကြောင့် ဖောရွှေးများပြန်လျက် အဟုန်တုန်အချည့်ချည့် ဖြစ်နေကြပေမယ့် ထတော့ မထရဲကြသေး။ မျက်နှာများတွင် ဖွာလန်ကြဲနေသော ခြတောင်ပို့ မြေစိုင်မြေခဲများအပြင် ခြကောင်ငယ်ကလေးများကလည်း တစစ်စစ်နှင့် နာကျင်စွာကိုက်ခဲနေကြပြီမို့ ဖုန်၊ သဲများကို သိပ်ချလိုက်ကြရင်း ထထိုင်လိုက်ကြပေတော့သည်။ ပထမဦးဆုံး တွေ့မြင်လိုက်ရတာက သေနတ်များ မေးတင်၍ပစ်ခတ်ခဲ့သော ခြတောင်ပို့ကလေးသည် မှုလပုံစံအတိုင်း မဟုတ်တော့ဘဲ ခါးလယ်မှပြတ်ပြီး စဉ်ထွက်သွားသည့် မြင်ကွင်းကို တွေ့လိုက်ကြရပေတော့သည်။ တစ်ဦးမျက်နှာ တစ်ဦးကြည့်လိုက်ကြရင်း..

"ဒါ..ဘယ်လိုဖြစ်တာလဲ အဘနဲ့ အစ်ကိုကြီး"





"အေး..ငါလည်း ဒါပဲစဉ်းစားနေတာ။ အခြေအနေကြည့်ရတာတော့ ကျည်ဆန် 'ကက်ယမ်း' မီးကူးနှေးတယ်နဲ့ တူတယ်။ ကျည်ထုတ်နေတုန်း ထမပေါက်လိုက်တာ သိပ်ကံကောင်းသွားကြတယ်။ အခုလည်း တောင်ပို့ရှေ့ကမခံရင် အဘဦးရွှေမောင်ပြောခဲ့သလို ဖြစ်ကြတော့မလို့"

အဘကောင်းစကားအဆုံးတွင် ကျည်မပေါက်သော နှစ်လုံးပြူးကျည်ဆန်များရှိရာ ထက်ပိုင်းဖြတ်နေသော တောင်ပို့ကလေး၏ ဟိုမှာဘက်ဆီ လှမ်းကြည့်လိုက်ရာ တစ်နေရာစီဖြစ်နေသော 'ကျည်အ' နှစ်တောင့်၊ ကျည်ချွန်တစ်တောင့်ကိုသာ တွေ့မြင်လိုက်ပြီး ပေါက်ကွဲခဲ့ပြီးသော နှစ်တောင့်မှာ ကာဗိုက်တစ်ချပ်နှစ်ချပ်နှင့်စက္ကူစအချို့ကိုသာ တွေ့လိုက်ရသည်။

"ကက်ယမ်းမီးမကူးတာကလည်း အဘရယ်..ကျည်ငါးတောင့်စလုံးဆိုတော့ မလွန်လွန်းဘူးလား"

"အေး..အဘဦးရွှေမောင်ပြောခဲ့တဲ့ စကားတွေနဲ့ ချိန်ပြီးစဉ်းစားစရာတွေတော့ ရှိတယ်ကွ"

ဦးသိန်းလွင်၏ စကားများကြောင့်ပင် ကျွန်တော့်အတွေးများကား..

ကျွန်တော်တို့ အမဲပစ်သမားများအဖို့ အမဲပစ်နိုင်ဖို့ အဆင့်ဆင့်လျှောက်ထားရသည်။ တစ်နှစ်လျှင် ကျည်ဆန် (စက္ကူပတ်) ၂၃ တောင့် ထုတ်ခွင့်ရခဲ့သည်။

ထိုသို့ လျှောက်ထားထုတ်ယူကြသော ကျည်ဆန်များသည် ကာလရှည်ကြာစွာ ထိန်းသိမ်းထားခဲ့ကြရသည်မို့ Partly Damage အဆင့်သို့ ရောက်ရှိနေကြပြီး မပေါက်ကွဲကြတော့ဘဲ 'ကျည်အ' များဖြစ်နေကြသည်ကများသည်မို့ ဝယ်ယူရရှိခဲ့သော ကျည်များကိုဖွင့်၍ ခဲ၊ ကာဗိုက်၊ ယန်း၊ ကက်ယမ်းတို့ကို ပြန်လည်ပြုပြင်မွမ်းမံပြီး စိတ်တိုင်းကျ

www.burmeseclassic.com



အောင် ပြင်ဆင်ကြရသည်။

အဘယ်ကြောင့်ဆိုသော် မြန်မာပြည်ကာစ်နံ့တစ်လျှားရှိ သစ်တောကြီးများအတွင်းဝယ် သားကောင်များပေါသည့်ဆိုသော်လည်း အာဖရိကတောကြီးများကဲ့သို့ ပေါများခြင်းမျိုး မဟုတ်။ တစ်ခါတစ်ရံ မုဆိုးများအဖို့ လေးငါးရက်ဆက်ရှာလျှင်ပင် တစ်ကောင်တစ်မြီးမှ မမြင်တွေ့ကြရသော အကြိမ်ပေါင်းက များပြားစွာရှိနေသည်မို့ ရှားရှားပါးပါးတွေ့မြင်လိုက်ရချိန် အပိုင်ယမ်ခတ်ရရှိနိုင်ဖို့အခံရေးအတွက် 'ကျည်အ' များဖြစ်မသွားဖို့က အရေးကြီးသည့်ကိစ္စရပ်မို့ ယခုပင် အပိုင်ပစ်ခတ်ခဲ့ရသော ဆတ်ကြီးကို သေနတ်နှစ်လက်၊ ကျည်နှစ်မျိုးစလုံးက မပေါက်ကွဲရခြင်းကို ဘဝင်မကျ၊ မကျေနပ်သည်က အမှန်။

ထိုမပေါက်ကွဲခဲ့သောကျည်များကို ကောက်ယူ၍ ကျွန်တော်တို့ နှစ်ဦး သေနတ်ပြောင်းရင်းများသို့ ထိုးသွင်းလိုက်ရင်း စိတ်တိုစွာနှင့် မိုးပေါ်ကိုထောင်၍ ဖောက်ကြည့်လိုက်တော့..

''ဒိန်း..ဒိန်း..ဒိန်း..''

ပေါက်ကွဲသံကြီးများကား ဟိန်းထွက်လာပြီး ချောင်းရိုးတစ်လျှောက် ဖြစ်ပေါ်သွားသော လိုဏ်သံကြီးကြောင့် အိပ်တန်းဝင်ကျေးငှက်များပင် ကထိတ်တလန့် တစာစာအော်ရင်း ပျံပြေးထွက်သွားကြပေတော့သည်။

ကျွန်တော်တို့သုံးဦးကား ကိုယ်တွင်ကပ်နေသော ဖုန်များကို ခါချကာ စခန်းဆီသို့ပြန်ရုံမှတစ်ပါး အခြားအကြောင်းက မရှိတော့။ စခန်းတွင် ကျန်ရစ်သူများကတော့ ယခုလို အောင်မြင်စွာထွက်ပေါ်လာခဲ့သော သေနတ်သံကြီးများကြောင့် သားကောင်ကို အပိုင်ပစ်ခတ် စခန်းသိမ်းနေချေပြီဟု တွေးထင်နေကောင်း နေမည်။

ကျွန်တော်တို့ကား တွေ့ကြုံခဲ့ရသောဖြစ်ရပ်ကို တအံ့တဩနှင့် ပြောပြလိုက်လျှင် အဘဦးရွှေမောင်က..





"မင်းတို့ လူကြီးတွေလုပ်နေကြပြီး ခေါင်းကြောမာကြလှချည်လားကွ။ လူမိုက်ကြီးတွေပဲ၊ ကံကောင်းကြလို့ပေါ့။ ဒီ သေသေချာချာ မှာထားပါလျက်နဲ့"

ဟု ပြောကြားခံရတော့မည်ကို တွေးတောရင်း ချည့်နဲ့စွာပြန်ခဲ့ မိကြပေတော့သည်။

ဪ.. တစ်ချိန်က ခရစ္စမတ်ရက်ကလေးတစ်ခုသည် ကျွန်တော်တို့မုဆိုးတစ်စုအတွက် မမေ့နိုင်စရာ ရက်ကလေးတစ်ရက်ရယ်သာ လို့..။ ။

❖